
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စီစဉ်သူ
မယမင်းလတ်

ဖြန့်ချိရေး
ရွှေမင်းနီစာပေ
အမှတ် ၂၈၊ ၆-လွှာ(B)၊ ၁၀၉-လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

13 DEC 2012

ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး။
စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကို မှီခို၍ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင် ရှိရေး။

လူမှုရေးဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။




www.burmeseclassic.com

www.burmeseclassic.com

# ရှင်မိထယ်

## ကြယ်တစ်ပွင့်ပုံပြင်

စီစဉ်သူ - မယမင်းလတ်

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၈၁၉၀၈၁၀

အဖုံးခွင့်ပြုချက်အမှတ် – ၅၀၁၁၆၃၁၀၁၀

ထုတ်ဝေသူ – ဦးကိုကိုမြင့် (သိန်းမင်းစာပေ)
အမှတ်(၆၃)၊ ညြဘာလမ်း၊ တာမွေမြို့နယ်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ – ဦးကျော်ရင် (၀၅၄၁၇) (ရွှေခြသေ့်ပုံနှိပ်တိုက်)
အမှတ် ၁၂၊ သရဖီလမ်း၊ အလုံမြို့နယ်။

ထုတ်ဝေသည့်အကြိမ် – ပထမအကြိမ်၊
၂၀၁၁၊ အောက်တိုဘာလ

အုပ်ရေ/ တန်ဖိုး – ၅၀၀ အုပ်/ ၁၅၀ ကျပ်

၈၉၅.၈၃

ရှင်မိထယ်
ကြယ်တစ်ပွင့်ပုံပြင် / ရှင်မိထယ် ။ ရန်ကုန်
သိန်းမင်းစာပေ ၊ ၂၀၁၁ ။
၂၃၈ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) ကြယ်တစ်ပွင့်ပုံပြင်

ဟော…ဟိုမြောက်ဘက် ထီးထီးအရပ်မှာ
ရှုံ့ကြယ်ကြီး အပြုံလင်းလက်တောက်ပနေလို့
သူ့မှာ ပူပင်သောကမရှိဘူး မထင်ပါနဲ့မောင်…။
သူလည်း မျက်ရည်ကျပြီး ငိုတတ်ပါသေးတယ်။



www.burmeseclassic.com



ကမ္ဘာလောကကြီးမှာ
နေမင်းကြီး
လင်းလင်းတောက်ပပြီး
နွေးထွေးချိုမြိန်ခဲ့ပေမယ့်
ကျွန်တော့်ရင်ဘတ်ထဲက
နှလုံးသားကတော့
ကြယ်တာရာလေးလို
လင်းလက်အား မရှိတော့သလို
နွေးထွေးချိုမြိန်မှုတွေလည်း
မရှိတော့ပါဘူး။





www.burmeseclassic.com

www.burmeseclassic.com





## ( ၁ )

ရက္ခ မြင်တွေ့လိုက်ရသည့် နက္ခမျက်နှာက အရင်နေ့တွေနှင့် ဘာမှမဆိုင်အောင် ခက်ထန်မှုတွေနှင့် စိမ်းလွန်းလှတာမို့ ရက္ခက နက္ခကိုကြည့်ပြီး လှမ်းလက်စခြေလှမ်းတွေတောင် တုံ့ခနဲ ရပ်တန့်သွားရလေသည်။

ရက္ခ ခြေလှမ်းကလေးတွေ ရပ်တန့်သွားသလို သူ သူမအနားကို မရောက်ခင်မှာဘဲ နက္ခ မျက်နှာမှ မျက်နှာမောင်းကြီးကို မနှစ်မြို့စွာဖြင့် လှမ်းမေးမိသွားရလေသည်။

"ဟဲ့ နက္ခ ... နင့်မျက်နှာ ဘာဖြစ်လာတာလဲ၊ ဘယ်သူနဲ့ ရန်ဖြစ်လာလို့လဲ"

"ကျွတ် ... နင် ဒီထက်မြန်ပြီး လျှောက်လာလို့မရတော့ဘူး



www.burmeseclassic.com

www.burmeseclassic.com



လား၊ ငါ နောက်ထပ် နင့်ကို ဆယ်စက္ကန့်အပြင် ပိုမစောင့်တော့ဘူး''

ရက္ခစကားတွေကို လုံးဝဂရုမစိုက်ဘဲ သူပြောချင်ရာ စွတ်ပြောပြီး ရက္ခကို မြင်မြင်ချင်းရန်မူလိုက်သည့် နက္ခကို ရက္ခက မျက်မှောင်နှစ်ခု တွန့်သွားသည်အထိ စိတ်ကွက်သွားရသည်။

''နေစမ်းပါဦး နက္ခရဲ့ ... နင်က လူကိုတွေ့လိုက်တာနဲ့ အမိန့်ပေး ဆရာလုပ်ဖို့ ကြည့်နေတာ၊ ငါ့ကိုလာကြိုတယ်ဆိုပြီး ဆရာကြီးတော့ လာမလုပ်နဲ့၊ ဒီမှာ ငါ့ကို လာကြို့လာပို့ချင်တဲ့သူတွေ ရိုက်သတ်လို့တောင် မကုန်ဘူးဟဲ့ ... မှတ်ထား''

''အေး ... မှန်ပါတယ်၊ မှတ်ပါတယ်၊ မှတ်လို့လည်း တောက် ... နင်နဲ့ငါ ပြဿနာရှင်းစရာရှိတယ် ရက္ခ၊ နင် ငါ့ကို ဘာစကားတစ်ခွန်းမှ ထပ်မပြောတော့နဲ့''

''ဟင်''

ပြောပြောဆိုဆို ရက္ခလက်တစ်ဖက်ကို ဆတ်ခနဲ ဆောင့်ဆွဲပြီး သူ့ကားထဲသို့ အကြမ်းပတမ်း ဆွဲသွင်းလိုက်သည့် နက္ခရဲ့အရှုလက္ခဏာကြီးကို ရက္ခက ဘာမှပြန်မပြောမိတော့ဘဲ ဒီအတိုင်းပဲ စိုက်ကြည့်နေလိုက်သည်။

တစ်ခါ တစ်ခါမှာ နက္ခ စိတ်ကြွရူးသွပ်ဆေးစားသလို စိတ်ကြွတတ်တာ သိထားသည့် ရက္ခက သည်းခံပြီးပဲ သူ တရကြမ်းမောင်းထွက်လာသည့် ကားပေါ်မှာ အတောင့်လိုက်ကလေး ပါလာရ[illegible]သည်။





အခုလို သူ ဒေါသထွက်နေချိန်မျိုးမှာ ရက္ခ ကိုယ်လုံးကလေး မလှုပ်၊ ရေငုံနှုတ်ပိတ်နေလို့ မဖြစ်။ နက္ခက တစ်ရှူးထိုး တဖောက်ကန်းဆန်သည့်နေရာမှာ ဘယ်ယောကျ်ားလေးနှင့်မှ မတူအောင် ပြောင်မြောက်သူမို့ ရက္ခမှာ ရင်ထဲက ပြောချင်သည့်စကားတွေ၊ ရန်တွေ့ချင်သည့် စကားတွေကို ကျိတ်မျိုချလိုက်ရသည်။

အဲဒီလို ရက္ခက ဘာမှမပြောဘဲ မျက်စိစုံလုံးမှိတ်ပြီး အသက်ကိုမျှင်းမျှင်းရှူကာ လိုက်ပါလာသည့် ခဏအတွင်းမှာပဲ ကားက 'ဝုန်း' ခနဲ ထိုးရပ်လိုက်သဖြင့် ရက္ခတော့ သွားပြီ၊ ကား Accident ဖြစ်ပြီလို့တွက်ပြီး ပါးစပ်က ကြောက်လန့်တကြား 'အား'ခနဲ အော်ပစ်လိုက်ကာ မျက်လုံးကိုလည်း အလန့်တကြား ဖွင့်ကြည့်လိုက်မိသည်။

''နက္ခ ... ဘာ ... ဘာဖြစ်တာလဲ''

လို့လည်း ကြောက်အားလန့်အား အော်မေးလိုက်မိသည်။

''ဘာမှမဖြစ်ဘူး ... ကားရပ်တာ''

ရက္ခ အကြောက်လွန်သွားတာကို သူက တစ်စက်မှ ဂရုစိုက်။ ပမာမခန့်မျက်လုံးတွေနှင့် မေးဆတ်သရော်လိုက်ပြန်သဖြင့် ရက္ခ့ရင်ထဲ ဒေါသတွေက 'ဝုန်း'ခနဲ ပွင့်ထွက်သွားတော့သည်။

''နက္ခ ... နင်လုပ်တာ ပုံစံမကျတော့ဘူး။ သက်သက်မသာ သေမယ့်ကိန်းဖြစ်အောင် လုပ်နေတာ၊ ဖယ် ဖယ် ... နင်မမောင်းနဲ့၊ [illegible]မောင်းမယ်၊ ဘာဖြစ်နေမှန်းကို မသိဘူး၊ အရူးချေးပန်းကို ဖြစ်နေ [illegible]



www.burmeseclassic.com

www.burmeseclassic.com



"အရှုးချေးပန်းဖြစ်တာ ငါ မဟုတ်ဘူး . . . နင် . . . နင် . . . ရက္ခမေရဲ့"

"ဟင် . . . ငါက ဘာလုပ်ထားလို့ အရှုးချေးပန်းဖြစ်ရမှာလဲ ပြော"

ရက္ခကလည်း သူ့ကို တစ်ခွန်းမခံ ပြန်အော်လိုက်တော့ သူက ပိုပြီး ဒေါသပွင့်ထွက်သွားလေသည်။

"ဟာ . . . ဘာတွေ လာပြောနေတာလဲ နက္ခ၊ နင် ဘာတွေ အရှုးမီးဝိုင်း ဖြစ်နေတာလဲ၊ ဒီမှာ . . . နင် ငါ့ကို လာမကြိုမပို့ရင်နေ၊ ငါ စိတ်အနှောင့်အယှက် အဖြစ်မခံနိုင်ဘူး"

"ဩော် . . . နင်က အခုတော့ ငါ့ကို စုံလုံးပစ်ကန်ပြီပေါ့၊ နင့်ကို လာကြို၊လိုက်ပို့ချင်တဲ့ ယောကျ်ားတွေက အောလော ဖောလော ဖြစ်နေတာကိုး"

"နက္ခ"

ရက္ခကို ရင့်ရင့်သီးသီး ပြောလာသည့် နက္ခကို ရက္ခ အံ့သြမယုံနိုင်သည့် ခံစားချက်တွေနှင့် ရင်ပွင့်သွားကာ တနင့်တနဲ ဝိတ်အော်လိုက်တော့မှ နက္ခ ငြိမ်ကျသွားတော့သည်။

အဲဒီလို ငြိမ်ကျသွားပေမယ့် အကြည့်တွေကတော့ ရက္ခကို အထင်သေးလွန်းစွာ ပျော်ဝင်ကူးခတ်နေခဲ့သည်။ ဒီအချိန်ခဏအတွင်းမှာပဲ သူ့အကြည့်တွေကို ရက္ခ စက်ဆုပ်လွန်းလို့ မခံမရပ်နိုင်အောင် ရင်ဖွင့်သွားတော့သည်။





"နက္ခ . . . ပြောစမ်း၊ ကြိုက်သလောက် ပြောစမ်း၊ ငါက ဘာတွေဖြစ်နေလို့လဲ၊ ငါက ဘာတွေလုပ်နေလို့လဲ၊ နင့်မှာ နှမ,မရှိတိုင်း နင် မိန်းမတစ်ယောက်ရဲ့ဘဝကို ပန်းကောင်းအညွှန့်ကျိုးစကား မပြောပါနဲ့"

"အေး . . . နင့်လိပ်ပြာ နင်လုံခြုံပြီး ငါ့ကို လိမ်ညာဖုံးကာ နေခဲ့ပေမယ့် ငါက နင့်အကြောင်းကို အကုန် ခရေစေ့တွင်းကျ သိပြီးသား။ မရှက်စတမ်း နင် ငါ့ကို လိမ်ညာဖုံးကွယ်လို့ မရဘူး"

နက္ခ စကားတွေက အတိုင်းအတာတစ်ခုအထိ လွန်မြောက်သွားခဲ့ပါပြီ။ အဲဒီလို ဘောင်ကျော်အောင်ပြောလိုက်သည့် သူ့ကို ဘာကြောင့်ပြောတယ်ဆိုတာ မသိရသေးသည့် ရက္ခက သူ့မျက်နှာကို ဒေါသတကြီး လက်ညှိုးထိုးပြီး ရန်တွေ့လိုက်မိတော့သည်။

"နက္ခ . . . နင် တော်တော့၊ တော်တော့၊ ဆက်မပြောတော့နဲ့ ငါ သည်းမခံနိုင်တော့ဘူး၊ ငါက ဘာတွေလုပ်ခဲ့လို့လဲ၊ ငါပြောတာ အမှန်တွေပဲ၊ ငါ့ဘော်ဒါတွေက ငါ့ကို ကားအပို့အကြို လုပ်ပေးဖို့ အဆင်သင့်ပဲ၊ တစ်ယောက်တည်းလည်း မဟုတ်ဘူး . . . အများကြီးပဲ၊ ဒီအထဲမှာ ငါနဲ့မျိုးနွယ်တူ မိန်းမတွေလည်း ပါပါတယ် နက္ခရဲ့"

ရက္ခ ဘယ်လိုဝမ်းနည်းမှန်း မသိလို့ မျက်ရည်တွေတောင် ဝဲကျသွားရသည်။

ပြောရက်လွန်းတဲ့ နက္ခကိုလည်း ဖြစ်နိုင်ရင် ဆွဲလွဲရိုက်ပစ်ချင်စိတ်တွေကို ကျိတ်မျိုချလိုက်ပြီး မျက်နှာလေးကို မာန်အထည်ဆိုး

www.burmeseclassic.com



ပင့်မော့ကာ . . .

"ငါ သိပါတယ် နကွရဲ့၊ လောကကြီးတစ်ခုလုံး ရက္ခမေဆိုတဲ့ မိန်းမကို အပြစ်တွေ တနင့်တပိုးနဲ့ ဖိသတ်နေတာ၊ အထူးသဖြင့် နင်က ငါ့ကို အနီးကပ် အပြစ်တင် ကဲ့ရဲ့မှုတွေနဲ့ ငါ့ဂုဏ်သိက္ခာကို ချိုးဖဲ့နေတာ၊ ဒီမှာ နကွ . . . ငါကလည်း ကြေညာလိုက်မယ်၊ ဒီလောကမှာ ငါ ဂရုစိုက်ရမယ့်သူ ဘယ်သူမှမရှိသေးဘူး"

ရက္ခစကားကို နကွက မခိုးမခန့် ပြုံးသွားကာ ပခုံးတွန့်လိုက်သေးသည်။

"နင်က ဘယ်ဂရုစိုက်ပါ့မလဲ၊ ကိုယ်လုပ်ချင်တဲ့အရာကို လုပ်နေတဲ့ မိန်းတစ်ယောက်က ဘယ်တော့မှ ဘယ်သူ့ကိုမှ ဂရုမစိုက်ဘူး၊ အေး . . . နင် ဘယ်သူ့ကိုမှ ဂရုမစိုက်လည်း ငါကတော့ ယောကျ်ားတွေ ပါးစပ်ဖျားမှာ ရေပန်းစားနေတဲ့ နင့်ကို သူငယ်ချင်း တစ်ယောက်အနေနဲ့ တားဆီးပိတ်ပင်ရမှာပဲ"

"နကွ"

ရက္ခ အသံက အော်ရင်းနှင့် တိမ်ဝင်သွားပြီး ဝမ်းနည်းလွန်းလို့ မျက်ရည်တွေ တပေါက်ပေါက် စီးကျသွားသည်။

ရက္ခ မျက်ရည်တွေကို သူက ဂရုမစိုက်ဘဲ ဆက်ပြီးပြောလာခဲ့သည်မှာ . . .

"နင်ဟာ အရှက်မရှိဘဲ အရေထူခဲ့ပေမယ့် ငါကတော့ နင်နဲ့ ပတ်သက်ပြီး အခု ဒီကိုမလာခင် ယောကျ်ားတစ်ယောက်ရဲ့ပါးစပ်နဲ့





အစော်ကားခံလိုက်ရတဲ့ စကားလုံးကို တစ်သက် ဘယ်တော့မှ မမေ့တော့ဘူး"

"ဟာ . . . ဘာတွေလဲ၊ ဘယ်ကောင်က နင့်ကို ဘာတွေ ပြောလွှတ်လိုက်လို့ နင်က တစ်သက် မမေ့တာတွေ, နှစ်သက်မမေ့တာတွေ လုပ်နေတာလဲ"

"ရက္ခ . . . စကားကို လေးလေးနက်နက်ပြော၊ ပေါ့ရွှတ်ရွှတ် ဗလပ် ဗလပ် မပြောနဲ့"

ရက္ခစကားကို သူက ဆရာကြီးလုပ်ပြီး ကျားဟိန်းသလို ဟိန်းဟောက်လိုက်ပြန်ပြီမို့ ရက္ခ ဘာစကားမှမပြောတော့ဘဲ နှုတ်ခမ်းသားကို ပြတ်ထွက်မတတ်ကိုက်ကာ ကားပြတင်းအပြင်ကို အသက်မဲ့သလို ငေးကြည့်လိုက်မိသည်။

ရက္ခ ငေးကြည့်နေသည့်ခဏအတွင်းမှာပဲ ရက္ခနားအာရုံက ကြားလိုက်ရသည့်စကားက ရက္ခရဲ့ မိန်းမမာနတွေကို ရိုက်ချိုးလိုက်သလို ခံစားလိုက်ရပါသည်။

"နင့်ရဲ့ ဘယ်နှယောက်မြောက်ကောင်လဲတော့ မသိဘူး၊ ငါ့ကို ရန်စလာတာလေ၊ ငါ့ကို ရက္ခမေရဲ့ အယောင်ဆောင် ပါတနာတဲ့၊ သူကတော့ ရက္ခမေရဲ့ စပါယ်ရှယ်ပါတနာပါတဲ့၊ ပြောသွားခဲ့တာ ကောင်းသေးရဲ့လား"

ရက္ခ မျက်လုံးတွေ ပြာဝေမှုးမိုက်သွားချိန်မှာ သူပြောသည့် စကားတွေက နားမဆံ့တော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . နှင် ဘာလုံးလုံး ဖြစ်သွားပြီလဲ၊ နင့်ကြောင့် ငါ့ရဲ့ ဂုဏ်သိက္ခာတွေ ရစရာမရှိတော့ဘူး။ ငါ့မှာ ကုန်းကောက်စရာ ဘာဂုဏ်သိက္ခာမှ မရှိတော့ဘူးကွ . . . နားလည်လား၊ ငါက ဘာမဟုတ်တဲ့ကောင်ရဲ့ ပြိုင်ဘက်ဖြစ်သွားပြီ၊ အဲဒါ ငါ မကျေနပ်ဆုံးပဲ"

"ဟာ . . . အဓိပ္ပာယ်မရှိတာ၊ လုံးဝအဓိပ္ပာယ်မရှိလိုက်တာ၊ တောက် . . . အဲဒါ ငါ့သိက္ခာကိုပဲ့တာ၊ အဲဒီလိုပြောတဲ့ကောင်က ဘယ်သူလဲ၊ ငါ သွားပြီး ပြဿနာရှာပစ်မယ်"

ရက္ခ တစ်ခဏအတွင်း ရှူးသွားသလို လက်ကလေးမြှောက်ပြီး ယမ်းတမ်းတမ်းပြောလိုက်တာကို နက္ခက ဘာမှမပြောဘဲ ဒီအတိုင်း လက်ပိုက်ကြည့်နေတာတော့ မျက်စိထဲမှာ မြင်လိုက်ရသေးသည်။

ကျန်တာ ရက္ခ ဘာမှမမြင်ရတော့။ ရက္ခရင်ထဲမှာ ရက္ခကို မထင်မှတ်ဘဲ အခုလို ဘော်ဒါထဲက ပါးစပ်သရမ်းလာခဲ့တာကို ဟုတ်မှဟုတ်ရဲ့လားလို့တောင် မယုံမကြည် ဖြစ်မိသေးသည်။

သို့သော် သူ့ကို စော်ကားခံလိုက်ရပြီမို့ ရက္ခ မယုံချင်ဘဲ ယုံကြည်လက်ခံလိုက်ရတော့သည်။

"အဲဒီကောင်က ဘယ်သူလဲ"

ရက္ခအမေးကို နက္ခကို မဖိုးမခန့်ရယ်ပြီး မျက်နှာ ဆတ်ခနဲ ပွဲပစ်လိုက်ကာ . . .

"နင့်ရဲ့ Boy friend တွေထဲက တစ်ယောက်ပေါ့၊ ငါ မသိ





ဘူး။ နင်က Boy friend ပေါတယ်မဟုတ်လား။ အေး . . . ငါကလည်း ငါခံလိုက်ရတဲ့ စော်ကားမှုတစ်ခုနဲ့ နင့်ကို အနေအထိုင်ဆင်ခြင်ဖို့ ကြိုသတိပေးထားတာ၊ ဒါကို နင် လက်မခံတာ, လက်ခံတာက နင့်အပိုင်း။ ပတ်ဝန်းကျင်မှာ နင့်သတင်းကတော့ လန်နေတာ အမှန်ပဲ"

ရက္ခ သူ့ကို ဘာမှပြန်ဖြေရှင်းစရာ စကားလုံးမရှိတော့။ ဒီလို ရက္ခသူငယ်ချင်းတွေထဲမှာ ရက္ခကို အခုလို ပြောခဲ့လိမ့်မယ်လို့ မထင်ထားခဲ့မိတာ ရက္ခ အမှားကြီးမှားသွားခဲ့ပြီ ဖြစ်သည်။

ရက္ခ အမှားတွေကို ပြင်ဆင်လို့မရ ဖြစ်သွားရပြီ ဖြစ်သည်။ အဲဒီလို ပြင်ဆင်လို့မရတဲ့ အမှားတွေကိုပဲ နက္ခက အထင်သေးသွားခဲ့လေပြီဖြစ်သည်။

အထင်သေးလို့လည်း ရက္ခကို အခုလို မတန်စေး မတန်ရာ ဆိုလာခဲ့တာပေါ့လေ။

"ငါကလည်း နားနဲ့ကောင်ပါကွ၊ ငါမပြောချင်လို့ မျိုသိပ်ထားခဲ့တယ်၊ အခုဟာက ဘယ်လိုမှ မျိုသိပ်ထားလို့မရလို့ ပြောခဲ့တာ၊ နင် လက်မခံရင်နေလေ၊ ဂရုမစိုက်ရင်လည်း ရတယ်၊ အေး . . . ဒါပေမဲ့ နင် ငါ့ကို ဂရုမစိုက်ဘူး၊ ငါ့စကားကို လက်မခံဘူးဆိုရင်တော့ ငါ နင့်ကို အရမ်းခင်တွယ်တဲ့ သူငယ်ချင်းအဖြစ်ကနေ စွန့်ပစ်ရမှာပဲ၊ နင့်ရဲ့ Boy friend ယောကျ်ားတွေထဲက ယောကျ်ားတစ်ယောက်အဖြစ် ငါ့ကို နင် ဘယ်တော့မှ သတ်မှတ်လို့မရဘူး၊ အဲဒါ နင် မှတ်ထား"



www.burmeseclassic.com

www.burmeseclassic.com



ရက္ခ မျက်နှာကို ခပ်ပြင်းပြင်းရိုက်လိုက်တာထက် နာသည့် နက္ခစကားတွေက ရက္ခရင်ကို ကွက်လပ်အတိ ဖြစ်သွားတော့သည်။

အို . . . ပြောရက်လိုက်တာ နက္ခရယ်။ နင် ငါ့ဘဝကို အညွန့်ချိုး စော်ကားလိုက်တာပေါ့။

"ဟော့ . . . ကြားတယ်နော် ရက္ခ၊ နင် ဆင်ခြင်ရင် ဆင်ခြင်၊ မဆင်ခြင်ရင် ငါနဲ့အပြတ်ပဲ"

ရက္ခရဲ့ခံစားရတဲ့ရင်ကို ဂရုမစိုက်ဘဲ သူ ပြောချင်ရာ စွတ်ပြောချလိုက်သည့် နက္ခကို ရက္ခကလည်း မာနနှင့်တင်းမာသွားရပါပြီ။

နက္ခ မျက်နှာကို ခပ်စိန်းစိန်းစိုက်ကြည့်ပြီး ရင်ထဲက မာနသံနှင့် တစ်လုံးချင်း ပြန်ပြောလိုက်သည်။

"ကောင်းပြီလေ၊ နင် ငါ့ကို စပြီး လက်ဖျောက်တီးလိုက်တာပေါ့၊ ရတယ် နက္ခ . . . ငါ တစ်ခုတော့ ပြောချင်တယ်၊ ငါ့ရဲ့မိန်းမကိုယ်ကျင့်သိက္ခာပိုင်းဆိုင်ရာနဲ့တော့ ငါ့ဘဝမှာ ဘယ်တော့မှ အညွန့်ချိုး မခံခဲ့ရဘူး၊ ငါ့မှာ Boyfriend တွေ ရှိတာမှန်တယ်၊ ဒါပေမဲ့ အားလုံး ရိုးသားတဲ့သူတွေချည်းပဲ"

ရက္ခက ပြောရင်းနှင့် ရင်ထဲမှာ နာလာတာကို တံတွေးတစ်ချက် မသိမသာ မျိုချပြီး မျက်နှာလွှဲကာ သူ့ကို အပြတ်သားဆုံးအသံနှင့် ဆက်ပြောချလိုက်သည်။

"ဒီမှာ နက္ခ . . . ငါ့ရဲ့ မိန်းမကိုယ်ကျင့်သိက္ခာကို ပထမဦးဆုံး စကားနဲ့ အညွန့်ချိုးခဲ့တာ နင်ပဲ၊ ငါကလည်း နင့်ကို ဘယ်တော့မှ





မကျေနပ်ဘူး၊ ရတယ်၊ နင်ဟာ ငါ့ဘဝထဲက အခင်ဆုံးသူငယ်ချင်း ဘယ်တော့မှ မဖြစ်တော့ဘူး။ အဲဒါ ငါ့ရဲ့စွန့်လွှတ်မှုပဲ"

သူ့ကို အနိုင်ပိုင်ကာ ခပ်ပြတ်ပြတ်ပြောပြီး ရက္ခ ကားတံခါးကို 'ဝုန်း'ခနဲ ဆွဲဖွင့်ကာ ကားပေါ်မှ ခပ်သွက်သွက် ဆင်းလိုက်သည်။

အခုချိန်ကစပြီး ငါဟာ တစ်ယောက်တည်း ထီးထီးပြန်ဖြစ်သွားပြီ။ (အခင်တွယ်ဆုံးသူငယ်ချင်းဆိုတာလည်း မရှိတော့ . . .)

ဘာဖြစ်သလဲ . . . ကွယ်။

လောကမှာ နဂိုကတည်းက ရက္ခမေဟာ တစ်ယောက်တည်းရပ်တည်လာတာပဲ။ ရက္ခ မမှုပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



## ၂

"ငါ့ အခင်တွယ်ဆုံး ယောကျ်ားတစ်ယောက်က ငါ့ကို ဟက်ပက်စက်စက် အထင်သေး ရှုတ်ချခဲ့တာ အနာဆုံးပဲ၊ ငါ့ဘဝမှာ အရှုံးပေးခဲ့ရတဲ့ ယောကျ်ားတစ်ယောက်ဟာ နက္ခကလွဲပြီး နောက်ထပ် ဘယ်သူမှ မရှိစေရတော့ဘူး"

ဒီကမ္ဘာလောကမှာ အခင်တွယ်ဆုံးလူတွေကနေ အမုန်းဆုံး ဖြစ်ခဲ့ကြတာက ဓမ္မတာပါပဲ။

လူတစ်ယောက်ကို အတွင်းကျကျ နင့်နင့်နဲနဲ ခင်လာခဲ့ပြီဆိုရင် အမုန်းတွေကလည်း ကပ်ငြိပါခဲ့ရပြီဖြစ်သည်။

အခုလည်းပဲ အခင်တွယ်ဆုံး ယောကျ်ားတစ်ယောက်က ကိုယ့်ကို ကျောခိုင်းသွားသည့်အဖြစ်တွေကို ရက္ခ ဖြေမဆည်နိုင်





ကာ ဝမ်းနည်းခဲ့မိပေမယ့် ရက္ခဟာ နက္ခကို ဘယ်တော့မှ အောက်ကျနောက်ကျ အရှုံးမပေးချင်ခဲ့တာက ရက္ခကို အလွမ်းဝေဒနာတွေ တိုးစေခဲ့သည်။

ဒီအချိန်မှာ နက္ခကတော့ ရက္ခကို လျစ်လျူပြုကျောခိုင်းနိုင်ခဲ့ပြီး ရက္ခရဲ့ဖုန်းကို တိတ်တဆိတ် မျှော်လင့်ကောင်း မျှော်လင့်နေလောက်မည် ထင်သည်။

သူကတော့ အရင်ဆက်ဖို့ စိတ်ကူးထဲတောင် ထည့်ထားဖော်ရသည့် နက္ခရဲ့ လျစ်လျူပြု ကျောခိုင်းနိုင်မှုတွေကို ရက္ခ တစ်လတိတိ မာနနဲ့ တင်းခံနိုင်ခဲ့ပေမယ့် တစ်လပြည့်တဲ့နေ့မှာ ရက္ခ မာနတွေ သူ့အရှေ့မှာ ခဝါချပစ်ဖို့ ဆုံးဖြတ်ချက်ဖြင့် သူ့ဆီသို့ ဖုန်းဆက်မိပြီးသား ဖြစ်သွားရသည်။

သူ့ hand phone ကို ခေါ်လိုက်သည် ဆိုရင်ပဲ ရက္ခရင်တွေ တဒိတ်ဒိတ်ခုန်က စိတ်တွေ ကတိမ်းကပါးကြီး ဖြစ်သွားရသည်။

ဒီအချိန်မှာ တစ်ဖက်မှ "ဟယ်လို" ဆိုပြီး ထူးလိုက်သည့် အသံမာမာက သူ့မေမေအသံဆိုတာ သိလိုက်ရသည့် ရက္ခက ချက်ချင်း မျက်နှာလေးရှုံ့မဲ့သွားရကာ သူ့မေမေကို မဖြစ်မနေ စကားပြောလိုက်ရပါတော့သည်။

"အန်တီ ... ရက္ခပါ"

"ဩော် ... အေး ... ရက္ခ ဘာပြောစရာရှိလို့လဲ"

အန်တီ့အသံက ရက္ခမှန်းသိတော့ ပိုပြီးမာထန်သွားလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒါဟာ ဘာသဘောလဲ။ ရက္ခက သူ့သားနဲ့ မပတ်သက်နိုင်လောက်ရအောင် ဘာတွေစာရိတ္တပျက်နေလို့လဲ။

"ဟယ်လို . . . ရက္ခ ဘာပြောစရာရှိလို့လဲ"

အခုနောက်ပိုင်းမှာ အန်တီ့စကားသံတိုင်းဟာ ရိုးသားမှုမရှိတော့ဘူးဆိုတာ သိထားသည့် ရက္ခက ခဏကြာ ဝမ်းနည်းသွားတာကို အန်တီက အရေးမစိုက်ဘဲ ခပ်မာမာပဲ မေးလာခဲ့ပြန်သည်။

ဒီတစ်ခါတော့ ရက္ခကလည်း လူသားပါပဲ။ ကြိတ်မှိတ်ပြီးတော့ သည်းမခံနိုင်တော့ဘဲ ခပ်မှန်မှန်ပင် အန်တီ့ကို ပြန်မေးလိုက်မိသည်။

"အန်တီ့သားရှိလားဟင်"

"မရှိဘူး . . . သား အပြင်ထွက်သွားတယ်၊ ဒါပဲမဟုတ်လား . . . အန်တီ ဖုန်းပိတ်လိုက်မယ်"

ဆိုပြီး ချက်ချင်းကြီး အားမနာလျှာမကျိုး ဖုန်းပိတ်သွားသည့် အန်တီ့လုပ်ရပ်တွေဟာ အန်တီမှဟုတ်ရဲ့လားလို့ ရက္ခ သံသယနှင့် ထင်ယောင်ထင်မှား ဖြစ်သွားခဲ့ရသည်။

ဟိုတစ်ချိန်တုန်းက အန်တီက ရက္ခကို ချစ်လိုက်တာ။ လက်ပေါ်က မချစတမ်း ပွေ့ချီခဲ့သည့် အန်တီ့ပုံရိပ်များက အခုလို သူစိမ်းဆန်လွန်းတဲ့ အပြုအမူအောက်မှာ ရက္ခနှင့် အစိမ်းဆုံး စည်းခြားသွားသလို ခံစားလိုက်ရသည်။

ဩော် . . . သံသရာဘဝတစ်ကွေ့ဆိုတာ နီးနီးလေးပါလား





ဆိုတာကိုလည်း ရက္ခ နာကျင်စွာ သိရှိပြီးဖြစ်သည်။

ဒီဘဝမှာ လောကဓံအတွေ့အကြုံများစွာကို ကြုံတွေ့သိလိုက်ရပြီမို့ ရက္ခ ဘယ်သူ့စိတ် ဘယ်လိုရှိတယ်ဆိုတာကိုလည်း အားလုံး အလုံးစုံ သိလိုက်ရပြီဖြစ်သည်။

အဲဒီလိုသိခဲ့သလို အရင်းနှီးဆုံးသူတွေက မိဘတွေရဲ့အကျင့်စာရိတ္တ ပျက်ယွင်းဖောက်ပြန်မှုကြောင့် အစိမ်းဆုံးသူစိမ်းတွေလို ဖြစ်သွားခဲ့ရတာကိုလည်း ရက္ခ အန်တီနဲ့တင် သင်ခန်းစာရသည်။

ဒီသင်ခန်းစာတွေက ရက္ခအတွက် ဘဝတစ်သက်တာ မှတ်လောက်သားလောက်ဖြစ်ခဲ့ပေမယ့် ရက္ခ မမှတ်နိုင်ခဲ့ဘဲ နက္ခကို ခင်တွယ်မိသည့် ရင်ထဲကဆန္ဒတွေက အန်တီရှိသည့်အရိပ် နက္ခဆီရောက်သွားခဲ့ရသည်မှာ ရက္ခ အန်တီကို အသားလွတ်အရှုံးပေးပြီးသား ဖြစ်သွားခဲ့ရသည်။

ရက္ခ အန်တီတို့သားအမိအိမ်ကို ရောက်သွားသည့်အချိန်မှာတော့ သားအမိနှစ်ယောက်သား ရက္ခအကြောင်းကို အတင်းအုပ်ပြီး ဆိုဖာတွေမှာထိုင်နေချိန်မှာ ပက်ပင်းတိုးသွားတာဖြစ်သည်။

အဲဒီအချိန်မှာ အန်တီက ရက္ခကို မတည်မပြုံး မျက်နှာထားနှင့် ခေါင်းတစ်ချက်ဆတ် နှုတ်ဆက်ပြီး ညှိခန်းက ထထွက်သွားလေသည်။

အန်တီ ထထွက်သွားသည်နှင့်တစ်ပြိုင်နက် သူကလည်း ဆိုဖာကြီးမှာ ထိုင်နေရာမှ ဆတ်ခနဲ ထရပ်လိုက်သည်တွင် ရက္ခ



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲက ခံစားချက်တွေ ပွင့်ထွက်သွားတော့သည်။

''နက္ခ . . . နင်က ဒါ ဘာအချိုး ချိုးတာလဲ၊ နင်တို့က ငါ့ကို စကားမပြောချင်ရအောင် ငါက ဝိုင်းအပယ်ခံရတဲ့ အနူမ မဟုတ်ပါဘူး''

ပြောရင်းနှင့် ရက္ခ မျက်ရည်ကျသွားရပြန်ပြီ။ ဒီတစ်ခါလည်း ရက္ခ နက္ခကို မျက်ရည်ကျ အရှုံးပေးလိုက်မိပြီဖြစ်သည်။

ရက္ခ မျက်ရည်ကျ ငိုရှိုက်လိုက်တော့မှ သူက နှုတ်ခမ်းကို တင်းတင်းစေ့ပြီး ရက္ခပခုံးကို ဆတ်ခနဲကိုင်ကာ သူထိုင်သည့် ဆိုဖာကြီးမှာ ဆောင့်ထိုင်ချစေလိုက်သည်။

အဲဒီနောက် ရက္ခကို အခဲမကျေသည့်အကြည့်တွေနှင့် စိုက်ကြည့်ကာ လက်ညှိုးတစ်ချောင်း မြှောက်ထောင်ပြီး အံကြိတ်သံကြီးနှင့် . . .

''ငါ နင့်ကို မကျေနပ်တာ ရက္ခ၊ နင် အခုမှလာပြီး ပတ်ချွဲနပ်ချွဲ လာမလုပ်နဲ့''

''နင် ငါ့ကို ပစ်စလက်ခတ် မပြောပါနဲ့၊ နင် ငါ့ကို အထင်လွဲနေတာ၊ ငါ ကျိန်ဆို ကျိန်ပြပါ့မယ်၊ ငါ နင်ကလွဲပြီး ဘယ်သူ့ကိုမှ မခင်တွယ်ဘူး၊ ဒါကြောင့် ငါအရှုံးသမားဘဝနဲ့ နင့်ဆီ ရောက်လာခဲ့တာပေါ့ နက္ခရဲ့၊ ဒီတစ်လလုံးလုံး ငါ နင့်ကို အရမ်းလွမ်းတာပဲ . . . သိလား''

''ငါ မယုံဘူး ရက္ခ၊ နင် ငါ့ကို လေသံပျော့နဲ့ လာနှူးမနေနဲ့၊ ငါ နင့်ကို လုံးဝမကျေနပ်ဘူး၊ အေး . . . တစ်ယောက်နဲ့တစ်ယောက် စကားမပြောဘဲ မနေနိုင်ကြလို့ ပြန်စကားပြောရပေမယ့် အဲဒီကိစ္စနဲ့ပတ်သက်ပြီး ငါ တစ်သက်လုံး မကျေဘူး''

''အဲဒါ နင် ငါ့ကို အထင်လွဲနေတာ နက္ခ၊ နင် ငါ့ကို ဘာလို့ အထင်သေးနေရတာလဲ နက္ခရဲ့၊ ငါဟာ ဘယ်လိုမိန်းမစားလဲဆိုတာ နင် မသိဘူးလား၊ ငါ့မှာ မဟုတ်မခံချင်တဲ့စိတ်နဲ့ လူတွေအပေါ် အရွဲ့တိုက်ချင်တာ တစ်ခုတည်းပဲရှိတယ်၊ နင် အဲဒီလို ထင်နေတာကိုက ငါ အခံရခက်နေတာ၊ အဲဒီလို အခံရခက်လေ ပိုပြီးအရွဲ့တိုက်လေပဲ . . . သိလား နက္ခ''

''အရွဲ့တိုက်တာ . . . ဟုတ်လား''

သူ့မျက်လုံးတွေ ပြူးကြောင်ပြီး မေးလာတာကို ရက္ခ စိတ်ပျက်လက်ပျက် စိုက်ကြည့်ပြီး သူ့ကို ဆတ်ခနဲ ကျောခိုင်းပစ်လိုက်သည်။

''ဟာ . . . တော်ပြီ တော်ပြီ နက္ခ . . . နင် ငါ့ကို ဘာမှဆက်မပြောတော့နဲ့၊ ရှုပ်တယ်''

ရက္ခ နက္ခကို ကျောခိုင်းပြီး ဧည့်ခန်းထဲက လှည့်ထွက်ကာ ဧည့်ခန်းအရှေ့က ဗီရိုထဲက အအေးပုလင်းတွေ စီထားတာကို စိုက်ကြည့်ပြီး ရင်ထဲမှာ ဘယ်လိုကြီး ခံစားလိုက်ရမှန်းမသိအောင် ဝမ်းနည်းသွားရပြန်သည်။

အို . . . ဘာကြောင့်များ ရက္ခဟာ ဝမ်းနည်းခြင်းခံစားမှုတွေ







www.burmeseclassic.com

www.burmeseclassic.com



ကို ဆက်တိုက်ခံစားချက် သွင်းချင်နေမှန်းမသိ။

တစ်ခုတော့ သိနားလည်ထားသည်မှာ ဟိုအရင်တုန်းက ရုက္ခ ဒီအိမ်ကြီးမှာ ဒီအအေးပုလင်းလေးကိုကိုင်ပြီး ကိုယ်တိုင်အအေး ဖျော်သောက်ခဲ့ဖူးသလို ထမင်းလက်စုံလည်း စားခဲ့ဖူးပါသည်။

ပြီးတော့ ဒီအိမ်ကြီးအနှံ့ အခန်းတိုင်းကို ဝင်ချင်တိုင်းဝင်၊ ထွက်ချင်တိုင်းထွက်နှင့် အခွင့်အရေး ရခဲ့သည်။

အခုတော့ ဒီအခွင့်အရေးမျိုး မပြောနဲ့ . . . အန်တီက ရုက္ခ ကို အိမ်လာတာတောင် မကြိုက်တော့ဘဲ ရုက္ခကို ရှောင်နေခဲ့တာ ရုက္ခ ရင်နာမိသလို ကိုယ့်ဘဝ၊ ကိုယ့်အဖြစ်ကိုလည်း ဝမ်းနည်းခံစား လိုက်ရသည်။

ဝမ်းနည်းလွန်းလို့ အအေးပုလင်းကြီးကိုကိုင်ပြီး နှုတ်ခမ်းသားကို တင်းတင်းစေ့ထားသည့် အချိန်မှာပဲ အနောက်ဘက်ဆီက ခြေသံရှပ်ရှပ်နဲ့အတူ ရုက္ခပခုံးတစ်ဖက်ကို ခပ်ဖွဖွ သိုင်းဖက်လာသည့် အသိက နက္ခပဲဆိုတာ သိလိုက်သည်နှင့်တစ်ပြိုင်နက် ရုက္ခ နက္ခ ရင်ခွင်မှာ ကိုယ်လုံးလေးကို ခပ်ဖျော့ဖျော့မှီချပစ်လိုက်ပါတော့သည်။

အတန်ကြာ မှီချပြီးမှ မျက်နှာလေးကို ပင့်မော့ကာ လက်ထဲ က အအေးပုလင်းကို ဆန့်ထုတ်ပြပြီး ရင်နာကြေကွဲသံအက်အက်ဖြင့် ဆိုလိုက်မိသည်။

''ဟိုအရင်တုန်းကဆို ဒီနေရာက အအေးပုလင်းတွေကို ငါ ကိုယ်တိုင် ဖျော်ပြီးသောက်ခွင့် ရှိခဲ့တယ်''





ရုက္ခ စကားကို သူက မျက်နှာတစ်ချက် ပျက်သွားပြီးမှ သက်ပြင်းတစ်ချက် မသိမသာရှိုက်ကာ ခေါင်းဆတ်ပြီး . . .

''အခုလည်း သောက်ခွင့်ရှိပါတယ်''

''တော်ပါဟာ၊ အိမ်ကိုလာတာ မကြိုက်လို့ ထရှောင်သွားတဲ့ အန်တီရဲ့ပြောင်းလဲမှုကို ငါတော့ တော်တော်အံ့ဩသွားတယ်၊ ဪ . . . လူတွေ လူတွေ . . . ဟိုအရင်တုန်းက ရုက္ခမေကို နက္ခ ရွှေနဲ့ တစ်လတည်း, တစ်ချိန်တည်းမွေးခဲ့လို့ နာမည်ကိုတောင် သမီးနဲ့မခြား ဆင်တူ နက္ခရွှေနဲ့ ရုက္ခမေလို့ ပေးခဲ့တာ၊ အခုတော့ လည်း အပြောင်းအလဲ မြန်လိုက်တာ အံ့ဩပါရဲ့''

''ဒါတွေက ဘာကြောင့်လဲဆိုတာ နင့်ကိုယ်နင် ပြန်ဆန်းစစ်၊ သူများကို လက်ညှိုးထိုးပြမနေနဲ့၊ နင့်ကိုယ်နင် လက်ညှိုးထိုး''

''ဟုတ်ပါတယ်၊ ငါ့ကိုယ်ငါပဲ လက်ညှိုးထိုးပါတယ်၊ ရုက္ခမေ ဟာ အကျင့်စာရိတ္တပျက်ယွင်းတဲ့သမီး ဖြစ်နေလို့, ရုက္ခမေဟာ ယောက်ျားလေးတွေနဲ့ တသောသော တဝေါဝေါနေတတ်တဲ့ မိန်းမ တစ်ယောက်မို့လို့ နင့်မေမေ လက်မခံနိုင်တာ၊ ဟုတ်တယ် . . . နင့် မေမေလမ်းစဉ်က အမှန်ပါ၊ ငါ့လမ်းစဉ်က အမှားပါ''

''အမှားမှန်းသိရင် ပြင်ပေါ့၊ နင့်လုပ်ရပ်တွေကို အခုမှ ခင်တဲ့ ယောက်ျားလေးဆို ငါ နင့်ကို လှည့်တောင်ကြည့်စရာ မရှိဘူး၊ ငယ် ငယ်ကတည်းက ခင်ခဲ့တဲ့ ငယ်သူငယ်ချင်းဖြစ်ခဲ့လို့ ငါ ဒီလောက်အထိ ဆက်သင့်ပြန်ခံတာ''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ဟုတ်ပါတယ် ... ငါက နင်တို့ နှင်မထုတ်တာကိုပဲ ကျေးဇူးတင်လှပါတယ်"

"ရက္ခ ... မင်း စကားကို ထွေသလို ဝေ့သလို မပြောစမ်းနဲ့"

နက္ခ ဒေါသသံကြီးနှင့် ပြောလိုက်တာကို ရက္ခ ဂရုစိုက်လို့ ငြိမ်သွားတာ မဟုတ်၊ ရက္ခ ရင်ထဲမှာ ပြောစရာစကားမရှိတော့အောင် ဝမ်းနည်းသွားလို့ ငြိမ်သွားခဲ့တာဖြစ်သည်။

ရင်ထဲမှာ ဝမ်းနည်းလွန်းလို့ နက္ခကို ဘာစကားမှ မပြောမိတော့သလို တစ်ချိန်တုန်းက မိတနှစ်ပါးကိုလည်း ပြေးမြင်ယောင်သွားခဲ့သည်။

အဲဒီတုန်းက ရက္ခ ဆယ်နှစ်ပြည့်မွေးနေ့ လုပ်တဲ့နေ့ပေါ့။ အခင်ဆုံးသူငယ်ချင်းတွေ၊ သူငယ်ချင်းမိဘတွေနှင့် ပျော်ခဲ့ကြသည့် အထဲမှာ နက္ခမေမေက ရက္ခကို အချစ်အသည်းဆုံးဖြစ်ခဲ့သည်။

မွေးနေ့မှာ ပန်းနုရောင်ဂါဝန်ကလေးနှင့် တောက်ပသစ်လွင်ပြီး ချောမောလွန်းသည့် ရက္ခမျက်နှာလေးကို တရှုပ်ရှုပ် ငုံ့ပြီးနမ်းမွှေးကာ ပြောခဲ့သည့်စကားက ဆယ်နှစ်သမီးလေးရင်ကို စွဲငြိသွားခဲ့ရလေတော့သည်။

"အန်တီ့သမီးလေးက နုမှုန်ပြီး ချောလိုက်တာလေးကွယ်၊ အန်တီ ချစ်လိုက်တာ၊ အန်တီ့အသည်းစား ရက္ခလေး ကြီးလာရင် အန်တီ့သား နက္ခနဲ့ကို ပေးစားရမယ်၊ ဆယ်နှစ်စိမ်းကိန်း၊ ဆယ်နှစ်





စိမ်းကိန်းနော် မော်"

ဆိုပြီး သားရှင်ပီပီ ကလေးအရွယ် ရက္ခအသည်းထဲကို စူးနစ်ဝင်သွားအောင် ပြောခဲ့သည့် နက္ခမေမေစကားတွေက အခုတော့ လေပဲရှိတော့သည်။

အခုတော့ ကမ္ဘာခြားသွားသလို အရာအားလုံး ပြောင်းပြန်ဖြစ်သွားခဲ့ရပါပြီ။

အဲဒီ ဆယ်နှစ်တာကာလကို ဖြတ်ပြီးနောက် လေးနှစ်အကြာ ရက္ခ ရှစ်တန်းနှစ်မှာ ရက္ခတို့ရဲ့မိသားစုဘဝလေး ပျက်စီးခဲ့ရလေတော့သည်။

အကြောင်းဖန်လာတော့လည်း ကွဲကွာရတာယ်။ သေကွဲမကွဲ၊ ရှင်ကွဲကွဲဆိုသည့် စကားက ရက္ခတို့မိသားစု အချစ်ကမ္ဘာကြီးကို ရှင်ကွဲဖြင့် ဖျက်ခဲ့တာ။ အဲဒီနေ့က ရက္ခ အသည်းကွဲသည့်နေ့၊ ရက္ခ ရူးမတတ် ခံစားရသည့်နေ့၊ အသည်းပျက်ခဲ့သည့်နေ့ ဖြစ်ခဲ့သည်။

ရက္ခ ကျောင်းကနေ အိမ်ကိုပြန်ရောက်လာသည့်အချိန်မှာတော့ ဘွားဘွားက ရက္ခကိုဖက်ပြီး ...

"ငါ့မြေး ... ငါ့မြေးလေးမိဘတွေ ငါ့သားနဲ့ ငါ့ချွေးမ မိုက်လိုက်တာ၊ မိုက်လိုက်တာ၊ ငါ့မြေးလေး သူတို့ကြောင့် မျက်နှာငယ်ရတဲ့ဘဝကို ရောက်ခဲ့ရပြီ၊ လူပုံအလယ်မှာ ခေါင်းမဖော်ဝံ့အောင် ဖြစ်ခဲ့ရပြီ"

ဆိုပြီး ဖက်ငိုလာတာကို ရက္ခက ဘုမသိ ဘမသိနှင့် ဘွား



www.burmeseclassic.com

www.burmeseclassic.com



ဘွားနှင့် အတူလိုက်ငိုပြီး ငိုမေး မေးခဲ့သည့် ပုံရိပ်များနှင့် စကားသံများက အခုထိမထွက်။ နှလုံးသားကို ရိုက်ခတ်နေခဲ့သည်။

"ဟင် ဘွားဘွား . . . ဖေဖေနဲ့မေမေ ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲ မြေးရဲ့ . . . ဘွားဘွား သေသာပစ်ချင်တယ်၊ သင်းတို့ သင်းတို့ ငါ့မျက်နှာ, ငါ့မြေးမျက်နှာကို မထောက် မယားယူ, လင်ယူ ထပ်လုပ်တာ၊ ငါ ဒီပတ်ဝန်းကျင်မှာ မျက်နှာမပြရဲတော့ဘူး မြေးရဲ့"

ဆိုပြီး ရက္ခကိုဖက်ပြီး ငိုခဲ့သည့် ဘွားဘွားရင်ခွင်မှာလည်း ရက္ခ မျက်ရည်ကျ ကြေကွဲခဲ့ရတာတွေ ထိုစဉ်တုန်းက သနားသလိုလို ဖေးမခဲ့တဲ့ နက္ခမေမေရဲ့စကားသံတွေက အခုတော့ ရက္ခကို ရှုံးသွပ် ကြေကွဲခြင်းအခြေကို ဆိုက်ခဲ့ရပြီဖြစ်သည်။

ဒီအကြောင်းတွေကို ပြန်မတွေးချင်ပါဘူးဆိုပြီး မေ့ထားခဲ့ခါမှ ပြန်မတွေးလို့မရသည့် ခံစားချက် ရင်က တနင့်တပိုး ကြေကွဲသွားကာ နက္ခကို ကျောခိုင်းပြီးပြန်ဖို့ ခြေလှမ်းလိုက်မိပါတော့သည်။

အဲဒီလို နက္ခကို နှုတ်မဆက်ဘဲ ကျောခိုင်းထွက်လာတဲ့ အချိန်မှာ နက္ခကလည်း ဘာစကားမှ ဆိုမလာခဲ့တာက ရက္ခကို တော်တော်အံ့ဩကြေကွဲခဲ့ရပါသည်။

အဲဒီလောက်အထိ ငါ့ကို မုန်းနေတာလား နက္ခရယ်လို့တော့ မေးပစ်လိုက်ချင်သည်။

ဒါပေမဲ့ ဒီစကားကို ရင်ထဲမှာ သိမ်းဆည်းလိုက်တာက





အကောင်းဆုံးပင် ဖြစ်ပါလိမ့်မည်။

သြော် . . . နက္ခ . . . နက္ခ နင်ကလည်း နင့်မေမေလိုပဲ အပေါ်ယံရွှေမှုန်ကြဲတတ်တာပါလား။

www.burmeseclassic.com

www.burmeseclassic.com



## ၂

နိုင်မာမြဲမြဲသည့် သံယောဉ်ထက် ကျော်လွန်သည့် အချစ်တွေက သူ့ရင်ထဲကို တစ်ဟုန်ထိုး စီးဆင်းဝင်ရောက်သွားချိန်တွင် သူ ရက္ခကို တစ်နေ့မတွေ့ရ မနေနိုင်အောင် အရူးအမူး ဖြစ်သွားခဲ့ပါသည်။

သူငယ်ချင်းဆိုသည့် ခင်တွယ်မှုထက် ဘောင်ကျော်သည့် ရင်ထဲက အချစ်တွေက သူမအပြစ်တွေ ဘယ်လောက်လုပ်ခဲ့ လုပ်ခဲ့ အလိုလို နားလည်ပေးခဲ့မိသည်အထိ ဖြစ်သွားခဲ့သည်မှာ သူ့ကိုယ်သူ တောင် အံ့ဩသွားခဲ့ရသည်။

တကယ် အံ့ဩမိပါသည်။

သူလို လူတကာအပေါ် သည်းမခံတတ်တဲ့သူက ရက္ခရဲ့





ပတ်ချွဲနပ်ချွဲစကားတွေကို အာရုံကျ သနားပြီး သူမကို ခွင့်လွှတ်နားလည်ပေးကာ သူမကို ရုံးသွား ရုံးကြို ပြန်ပြီး အခစားဝင်မိပြီတဲ့လေ။

အခုလည်း ရက္ခဆီသွားဖို့ တက်ကြွသည့် ခြေလှမ်းတွေနှင့် သူ့အခန်းထဲက လှမ်းအထွက် . . .

"သား . . . ခဏ ဧည့်ခန်းမှာထိုင်ဦး၊ သားကို မေမေ စကားပြောစရာရှိတယ်"

"ဟင်"

တက်ကြွစွာ လှမ်းထွက်ခဲ့သည့် သူ့ခြေလှမ်းတွေက ဧည့်ခန်းဆိုဖာမှာ မင့်မင့်ကြီးထိုင်ပြီး သူ့ကို အမိန့်ဆန်စွာ လှမ်းပြောလိုက်သည့် မေမေ့စကားသံအောက်မှာ ကျရှုံးသွားရလေသည်။

ချက်ချင်းပင် လေးလံထိုင်းမှိုင်းသည့် ခြေလှမ်းတွေအဖြစ် ကူးပြောင်းကာ မေမေနှင့် မျက်နှာချင်းဆိုင်ဆိုဖာကြီးမှာ ဝင်ထိုင်လိုက်ပြီး မေမေ့ကို ဘာမှမဖြစ်သလို လုံခြုံစွာ မော့ကြည့်လိုက်သည်။

"ဘာများလဲ မေမေ . . . အရေးမကြီးရင် နောက်မှပြောပါလား၊ ကျွန်တော် အပြင်သွားမလို့"

မေမေပြောမယ့်စကားကို သိလို့ သူက ရှောင်လွှဲလိုက်တော့ မေမေက သူ့ကို တစ်ချက်စူးစူးကြည့်ကာ . . .

"အရေးကြီးတယ် သား၊ မေမေ့ဘဝမှာ သားနှစ်ယောက်ရှိတယ်၊ အကြီးဆုံးသားက သူ့ဘာသာ နိုင်ငံခြားမှာနေပေမယ့် မေမေ လိုရာကို ပံ့သွင်းလို့ရတဲ့သူကို လက်ထပ်သွားတဲ့အတွက် မေမေ စိတ်



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာတယ်၊ ဒအား . . . သားအငယ်ကျမှ မေမေ့ရဲ့စိတ်ဓာတ်တွေ မနာကျင်ပါစေနဲ့သား''

မေမေ ဘာကိုဆိုလိုလိုက်တယ်ဆိုတာ တန်းသဘောပေါက်သည့် သူက ရက္ခမျက်နှာလေးကို မြင်ယောင်ပြီး စိတ်မကောင်းဖြစ်သွားရသည်။

မေမေပြောမယ့် စကားတွေအတွက်လည်း ကြိုတင်ကာကွယ်လိုက်မိသည်။

''မေမေ ဘာကိုဆိုလိုတာလဲဟင် . . . ကျွန်တော် မေမေ့ကို ဘယ်တုန်းကမှ နာကျင်အောင် မလုပ်ခဲ့ဖူးပါဘူး''

''သား မေမေ့ကို နာကျင်အောင် မနှိပ်စက်ခဲ့ဖူးပေမယ့် မေမေမနှစ်သက်နိုင်တဲ့ မိန်းကလေးကို အခုထိ မစွန့်လွှတ်ရဲသေးဘူး မဟုတ်လား၊ မေမေ သားသမီးချင်း ကိုယ်ချင်းမစာလို့ ပြောတာမဟုတ်ဘူး၊ ရက္ခမေကို မေမေ မနှစ်မြို့နိုင်တာ အသေအချာပဲ သား''

ရက္ခမှာ မေမေပြောသလောက်ကြီး အပြစ်မရှိခဲ့တာကို သူ မေမေ့ကို အစီရင်ခံဖို့ မေမေ့ကို တောင်းပန်သည့်မျက်လုံးတွေနှင့် မော့ကြည့်လိုက်ပါသည်။

သူ့အကြည့်တွေကို မေမေက ဆတ်ခနဲ မျက်နှာလွှဲသွားလျှင် သူ စိတ်မကောင်းဖြစ်သွားပြီး ရင်ထဲကလာသည့် အသံကြီးနှင့် . . .

''ရက္ခကို မေမေ အထင်လွဲနေတာပါ မေမေရယ်၊ ရက္ခက မေမေပြောသလို မဟုတ်ပါဘူး၊ သူက ပတ်ဝန်းကျင်ရဲ့ ကဲ့ရဲ့မှုအောက်





မှာ ကြီးပြင်းရတဲ့သူဆိုတော့ ပတ်ဝန်းကျင်ကို အကောင်းမမြင်ရာကနေ အရွဲ့တိုက်တာ ဖြစ်သွားတာပါ၊ တကယ်တော့ ရက္ခစိတ်အမှန်က ရိုးသားပါတယ် မေမေ''

ဖျတ်ခနဲ ကြည့်လာသည့် မေမေ့မျက်လုံးတစ်စုံက သူ့ကို ပြာဖြစ်သွားသလား အောက်မေ့ရသည်။

ဒီပုံအတိုင်းဆို သူ ရက္ခကို အစီရင်ခံစာတင်တာ အဆင်ပြေလိမ့်မယ် မထင်တော့ပါ။

ထင်သည့်အတိုင်းပင် မေမေက ဒေါနဲ့မောနဲ့ ပြောလာခဲ့သည်မှာ . . .

''ရိုးသားတယ်၊ ဒီလောက် ယောက်ျားတကာရဲ့ ပါးစပ်ဖျားမှာ ရေပန်းစားနေတဲ့ မိန်းမတစ်ယောက်မှာ ရိုးသားမှုဆိုတာ ရှိမလားသားရဲ့၊ အဓိကကြီးဖြစ်တဲ့ မိဘနှစ်ယောက်က ဗီဇမကောင်းထားမှတော့ ဒီသမီးကရော ဗီဇကောင်းနိုင်ပါဦးမလား၊ ဖအေက မယားကြီးဘတ်တုတ်ကြီးနဲ့ နောက်မိန်းမ ကောက်ယူပြီး ဘယ်အရပ် ဘယ်ဒေသရောက်နေမှန်း မသိခင် မအေက နောက်ယောက်ျားယူပြီး နိုင်ငံခြားကိုထွက်သွားတယ်လေ''

မေမေပြောနေတာတွေက တစ်လုံးမကျန် ဟုတ်နေတာမို့ သူ ဘာမှမပြောသာတော့ပါ။

မေမေ့စကားတွေကိုပဲ ခေါင်းကြီးငုံ့လျက် နားထောင်နေလိုက်မိသည်။

www.burmeseclassic.com



"ကဲ ... ကောင်းသေးရဲ့လား၊ သူတို့မှာ သားသမီးကို ချစ်ဖို့ ခင်ဖို့ ကြင်နာဖို့ စိတ်လည်းမရှိဘူး။ ဘယ်ကြင်နာပါ့မလဲ ... သူတို့ကိုယ်တိုင်က အပျော်ရှာနေကြတာကိုး၊ သူ့အမေက နဂိုကတည်းက အနံ့က ခပ်ထွက်ထွက်ရယ်၊ ဒါကြောင့် သူ့ယောက်ျား သူ့ကို ကျော်လွှားသွားတာ မဆန်းပါဘူး ...၊

အခု သူတို့သမီးကိုလည်း ကြည့်လေ ... မိခင်ဗီဇဆိုတာ သမီးမှာ အများဆုံးပါတယ် သား၊ ဘယ့်နှယ် ... ရုပ်ကလေးက လှပန္နးညှို့သလောက် စိတ်ဓာတ်က ရင့်ရော်ညစ်ထွေးလိုက်တာ"

"မေမေရာ ... ရက္ခကို အဲဒီလောက်ထိ မတရားမပြောပါနဲ့၊ အဲဒီရက္ခက မေမေ သမီးတစ်ယောက်လိုချစ်ခဲ့တဲ့, မေမေကိုယ်တိုင် ကျွန်တော့်နာမည်နဲ့ ဆင်တူအောင်ပေးခဲ့တဲ့ မေမေ့အသည်းစား, မေမေ တစ်ချိန်ကျ ချွေးမ,တော်မယ်လို့ မကြာခဏ ပြောခဲ့ဖူးတဲ့ မိန်းကလေးပါ"

"နက္ခရွှေ ... မင်းက ငါ့ကို ထောက်ပြတာလား"

"ထောက်ပြတာ မဟုတ်ပါဘူး"

"ထောက်ပြတာမဟုတ်ရင် မင်းပါးစပ်ပေါက် ပိတ်ထား ငါက မကောင်းတဲ့ အခုသမိုင်းကို ပြောပြနေတာ၊ အရင်က ဖာတ်လမ်းကို ငါ ပြန်ခေါက်တဲ့မိန်းမ မဟုတ်ဘူး၊ မင်းက ရက္ခမေကိုယ်စား ဆတ်ဆတ်ထိမခံဖြစ်နေတာ ငါ လုံးဝကြည့်မရဘူး၊ အေး ... ငါနဲ့ ရက္ခမေ ပြဿနာအကြီးအကျယ် မဖြစ်ချင်ရင် မင်း အနေအထိုင်





ဆင်ခြင်၊ ငါ ကြိုသတိပေးထားတာနော် နက္ခရွှေ"

သွားပါပြီ။

သူ့မှာ ရက္ခနဲ့ပတ်သက်ပြီး မေမေ့ထံမှ အကောင်းဆုံးစကားတွေ ဘာမှမျှော်လင့်စရာ မရှိတော့ပါ။

မျှော်လင့်စရာမရှိတော့တဲ့ ရက္ခဆီကိုပဲ သူ ဒီနေ့ သွားဖို့ ဆုံးဖြတ်လိုက်ပြီလားမသိ။ နိုင်သည့်ခြေလှမ်းတွေက ညှော်ခန်းထဲကနေ ထထွက်လာခဲ့ပြီး အောက်ထပ်ဆီသို့ပဲ ဆင်းလျှောက်မိလျက်သား ဖြစ်သွားရပါတော့သည်။

ဒါဟာ ရက္ခအပေါ်ထားသည့် သူ့ရဲ့ နိုင်မာမြဲမြံသည့် ချစ်ခြင်းမေတ္တာ နွေးထွေးမှုတွေပဲလားတော့ မသိပါ။

❁

အိမ်ကနေ စိတ်ညစ်ညစ်နှင့် ကားကို တရကြမ်းမောင်းထွက်လာခဲ့သည့် သူ့ကားအနားကို ယှဉ်မောင်းပြီး အော်လာသည့် သူနှင့် ပြဿနာဖြစ်ခဲ့သည့်ကောင်ရဲ့အသံက သူ့ကို စိတ်အနှောင့်အယှက် ကြီးစွာ ဖြစ်သွားခဲ့ရတော့သည်။

"ဟိုင်း ... ရက္ခမေရဲ့ သူငယ်ချင်း၊ ကိုယ် ရက္ခမေအကြောင်း ကို အတွင်းကျကျ သိချင်တယ်၊ ကိုယ်တို့ ဟိုရှေ့က အအေးဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ကလေးမှာ စကားပြောကြရအောင်လား''

အိမ်ကနေ စိတ်ညစ်ညစ်နှင့် ထွက်လာခဲ့သည့်အချိန်မှာပဲ ပြဿနာက ဆင့်ပွားဖြစ်ချင်တော့ သူ့ကို လက်ဖက်ရည်ဆိုင်မှာ စိန်ခေါ်ခဲ့သည့်ကောင်က ကားချင်းယှဉ်ပြီး ထပ်စိန်ခေါ်လိုက်ပြန်သည်။

အခုလို သူနဲ့လုံးဝမသိသည့် ယောကျ်ားတစ်ယောက်က သူနှင့်ပတ်သက်သည့် မိန်းကလေးကြောင့် **အခုလို** အယှဉ်ပြိုင်ခံနေရတာ ဒီတစ်ခါတော့ သူ ရုက္ခကို စိတ်ထဲ**က တေးပစ်**လိုက်မိတော့သည်။ တောက် ... တွေ့ကြသေးတာပေါ့ **ရုက္ခရယ်**။ နင့်ကြောင့် ငါ သိက္ခာကျပေါင်း မနည်းတော့ဘူး။

ဒါကြောင့် မေမေကလည်း သူ့ကို သူ**မနှင့်မပတ်**သက်ဖို့ ခါးခါးသီးသီး ကန့်ကွက်လာခဲ့တာပဲဖြစ်သည်။

ဩော် ... ရုက္ခ ... ရုက္ခ ... မင်းဟာ **အတော်ရှုပ်တဲ့** မိန်းကလေးပါလား။

သူ့အတွေးတွေက ရုက္ခကို ချက်ချင်းကြီး ကိုင်ဆော**င့်**... ချင်လောက်အောင် အခံရခက်ခက်ဖြစ်သွားချိန် ထပ်ဆင့်ကြား**လိုက်** ရသည့် သူ့ပြိုင်ဘက်အသံက သူ့ဒေါသကို ပိုပြီးမြှင့်တင်ပေး**လိုက်** သလို ခံစားလိုက်ရသည်။

''ဘယ်လိုလဲ သူငယ်ချင်း ... ကောင်မလေးနဲ့ပတ်သက်ပြီး မဆွေးနွေးရဲလောက်အောင် ဖြစ်ခဲ့ရပြီလား''

''ဘာကွ ... မင်း ဘာကောင်လဲ''





သူ့ရင်ဘတ်ကိုထိသည့် စကားက သူ့ကို နာလုံးပေါက်သွားကာ အိတီတီနှင့်ကြည့်လာသည့် ရုက္ခသူငယ်ချင်းထဲက တစ်ယောက်ကို ခပ်စူးစူး စိုက်ကြည့်ကာ မာထန်ထန်ကြီးမေးလိုက်မိသည်။

သူ့အမေးကို ရုက္ခ Body friend ကလည်း မခေစွာဖြင့် ပခုံးတစ်ဖက်တွန့်ပြီး မခိုးမခန့် ဖြေလာခဲ့သည်မှာ ...

''အအေးဆိုင်မှာ အေးဆေးပြောမယ်လေကွာ၊ မင်းကရော ရုက္ခနဲ့ ဘာပတ်သက်လို့လဲ၊ သူငယ်ချင်းလား''

''အိုကေ ... ရုက္ခမေဟာ ငါနဲ့ ဘယ်လိုပတ်သက်လဲဆိုတာ မင်း သိစေရမယ်၊ အရှေ့က အအေးဆိုင်လေးရှေ့မှာ ကားရပ်လိုက်ကြစို့''

ချက်ချင်းပင် သူ့ရင်ထဲက ယောကျ်ားမာနနှင့် မခံချင်စိတ်တွေက ကြွတက်သွားကာ လက်ဖျစ်တီးပြီး အအေးဆိုင်ရှေ့မှာ ကားနှစ်စီး ယှဉ်ရပ်ပ...လိုက်သည်။

အဲဒီနောက် သူက ကားတံခါးကို အားပါပါဖွင့်ပြီး အားပါသည့်ခြေလှမ်းတွေနှင့် အအေးဆိုင်ထဲကို ခပ်သွက်သွက် လှမ်းဝင်လိုက်ပြီး ဆိုင်အဝင်ဝ ထိုင်ခုံမှာပဲ ရန်စလာသည့်ကောင်ထက် ဦးအောင်ဆတ်ခနဲ ထိုင်ချလိုက်ကာ ပြိုင်ဘက်ကို မေးတစ်ချက် ဆတ်ပြလိုက်သည်။

''ကဲ သူငယ်ချင်း ... မင်း ရုက္ခနဲ့ပတ်သက်ပြီး ငါ့ကို အတွင်းကျကျ ဘာမေးချင်သလဲ ... ပြော''



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးအိုက်တင်ဖြင့် သူက ခြေတစ်ချောင်းထပ်ချိတ်ထိုင်ကာ ဒူးနှံ့ပြီး စီးကရက်မီးညှိဖွာရှိုက်လိုက်တော့ ထိုကောင်က ပိုပြီး အခံရခက်သွားသည်ထင်သည်။

သူ့အရှေ့က မှာထားသည့် အအေးပုလင်းကို လက်တစ်ဖက်နှင့် ကွဲမတတ်ဆုပ်ကိုင်ပြီး ရင်ထဲက အခံရခက်နေသည့် အသံကြီးနှင့်

"ရက္ခမေရဲ့သူငယ်ချင်း . . . ကိုယ်တို့ အေးအေးဆေးဆေး အအေးသောက်ရင်းနဲ့ စကားပြောကြတာပေါ့"

အခုထိ သူ့ကို ရက္ခမေရဲ့သူငယ်ချင်း**အဖြစ် တွက်**ထားသည့် ဒီကောင်ကို တစ်ကွက်ကြော့ရဖို့ သူ့ရင်ထဲ**မှာ အဆန်း**ဆုံးစကားလုံး တစ်ခု ဖြတ်ပြေးသွားတော့သည်။

ဒီတစ်ချီတော့ သူ ဒီကောင့်**ကိုနိုင်မှာ** သေချာပေါက် သေချာသွားပြီမို့ ခပ်သာသာပင် **စီးကရက်ခဲလျက်**က စီးကရက်ခဲသံနှင့် . . .

"ငါ့ကို ရက္ခရဲ့သူငယ်ချင်းလို့ မင်း တွက်ဆထားရင် မင်း အများကြီး မှားသွားပြီပေါ့၊ မင်း တော်တော်ညံ့တာပဲ၊ ဟော့ကောင် . . . ကဲ မင်းသိချင်တဲ့ ရက္ခရဲ့အကြောင်းကို အလုံးစုံ မေးလို့ရပြီ၊ ကြားရတာ တစ်ခါတည်းနဲ့ အဆင်မပြေတော့လည်း Request ထပ် လုပ်လို့ရတယ် . . . အားမနာနဲ့"

သူ ပိုပိုသာသာကလေး ကလိလိုက်တာကို ဒီကောင်က အခံရခက်သွားပုံဖြင့် သူ့အကြည့်တွေကို ဆတ်ခနဲ မျက်နှာကြီး လွှဲပစ်လိုက်ကာ ရင်ထဲက လိပ်ခဲတည်းလည်းအသံကြီးနှင့် . . .





"အိုကေ . . . ကိုယ့်နာမည် လင်းထန် . . . မှတ်ထားနော်၊ ရက္ခ မေနဲ့ နောက်လည်း ပတ်သက်ရမယ့်သူတစ်ဦးအနေနဲ့ပေါ့၊ ဒါနဲ့ မင်းနာမည်က"

သူက သူ့နာမည်ကို ချက်ချင်းမဖြေဘဲ စီးကရက်တစ်ရှိုက် ဖွာကာ အကြာထုတ်ပြီးမှ တကယ့် မဟာဆရာကြီးအိုက်တင်ဖြင့် ခေါင်း တစ်ချက် ဆတ်ကာ . . .

"ရက္ခက သူ့ချစ်သူရဲ့နာမည်ကိုတောင် ပြောပြမထားဘူး လား၊ မင်းနဲ့ ရက္ခက သူငယ်ချင်းတွေလား၊ ဒါမှမဟုတ် ရက္ခကို Propose လုပ်ဖို့ ကြိုးစားနေတာလား၊ Propose လုပ်ဖို့ ကြိုးစားနေ ရင်တော့ မင်းကို ကိုယ် အကောင်းဆုံးအကြံတစ်ခု ပေးချင်တယ်၊ မင်း ရှက်တတ်မယ်ဆိုရင် ချစ်သူရှိပြီးသား မိန်းမတစ်ယောက်ရဲ့ ကပ် ပါးအဖြစ် အမည်မခံချင်ပါနဲ့ကွာ . . . နော်၊ ယောကျ်ားအချင်းချင်း မေတ္တာနဲ့ပြောတာ ... ဆေးကျပါတယ်ကွာ"

"ဘာကွ . . . မင်း လူပါးဝလှချည်လား"

လင်းထန်က သူ့လက်ထဲက အအေးပုလင်းကို စားပွဲနှင့် လွှဲရိုက်ချပစ်လိုက်ပြီး သူ့ကို လက်ညှိုးငေါက်ငေါက်ထိုးကာ ထိုင်နေရာမှ ဝုန်းခနဲ ထရပ်ကာ ကြိမ်းဝါးလိုက်ပြန်သည်။

"မင်း သိပ်ပြီးလူပါးဝဖို့ မကြိုးစားနဲ့၊ အဲဒီ ရက္ခမေဟာ မင်းနဲ့မှ ဆိုင်တာလို့ မင်း သတ်မှတ်ထားသလား"

"ဒါတွေ ငါ မသိချင်ဘူး၊ မင်း သိချင်တယ်ဆိုလို့ ငါပြော



www.burmeseclassic.com

www.burmeseclassic.com



တာနော်၊ ဟော့ကောင် . . . ငါ ကြော်ငြာဝင်တာ မဟုတ်ဘူးနော့"

"မင်း ကြော်ငြာဝင်လည်း ငါက လုံးဝဂရုမစိုက်ဘူး"

"ဟား ဟား . . . ဂရုမစိုက်ဘူးတော့ မလုပ်ပါနဲ့ကွာ၊ ငါနဲ့ မကြာခင်လက်ထပ်မယ့် ငါ့ရဲ့ဖနီးလောင်းကိုတော့ မင်း နှောင့်ယှက်ဖို့ မကြိုးစားနဲ့နော်၊ မင်းကို ကိုယ်ထပ်ပြီး အကြံပေးချင်တယ် . . . မင်း အေးအေးဆေးဆေး နောက်ဆုတ်လိုက်ပါကွာ"

သူ လင်းထန်ကို ကျေနပ်အောင်ပြောပြီး စားပွဲမှထရပ်ကာ ကားဆီသို့ ခြေလှမ်းကျဲကြီးတွေနှင့် မာန်ပါပါ စတိုင်လ်အပြည့်ဖြင့် ပေါင်ကို တဖတ်ဖတ်ရိုက်ပြီး လျှောက်သွားလိုက်သည်။

အဲဒီအချိန်မှာပဲ သူ့ပခုံးတစ်ဖက်ကို ဖတ်ခနဲ လှမ်းပုတ်လိုက်သံနှင့်အတူ . . .

"ဟိတ်ကောင် နေဦး . . . မင်း မှတ်ထားလိုက်ပါ၊ မင်းချစ်သူ ရက္ခမေက ငါ့ချစ်သူ ရက္ခမေ ဖြစ်လာဦးမယ်ဆိုတာ မကြာစေရဘူး။ မင်း စောင့်ကြည့်နေလိုက်"

"ဟား ဟား . . . ကြောင်တောင်လုချင်သေးတယ်ပေါ့ . . . ဟုတ်လား"

"လုသင့်ရင် လုရမှာပဲလေ၊ ဒီကမ္ဘာပေါ်မှာ မိန်းမတစ်ယောက်ကို ယောက်ျားဘယ်နှယောက်ချစ်ချစ် ချစ်ပိုင်ခွင့်ရှိသလို ယောက်ျားတွေကိုလည်း မိန်းမတစ်ယောက်က တစ်ယောက်တည်းပဲ ချစ်ရမယ်လို့ ကန့်သတ်ချက်မရှိပါဘူးကွ၊ ကိုယ့်စိတ်ကြိုက် Choice လုပ်ခွင့်ရှိ





တယ်၊ ဒီမှာဟော့ကောင် . . . မင်း မြဲမြဲမှတ်ထားလိုက် . . . မင်းချစ်သူ ရက္ခမေကို မင်း နိုင်အောင်ထိန်းနိုင်မလား၊ ငါ့ရင်ခွင်ထဲ ရောက်လာမလား၊ မင်း စောင့်သာကြည့်လိုက်၊ ကဲ . . . မင်း သွားလို့ရပြီ"

သူ့ပခုံးကို တွန်းတွန်းလွှတ်လွှတ်လုပ်လိုက်သည့် ဒီကောင့်မျက်နှာကို စုတ်ပြတ်သွားအောင် ထိုးလိုက်ချင်စိတ်တွေက ပြဿနာဖြစ်မှာစိုးလို့ လက်သီးကိုပဲ အားနဲ့တင်းတင်းဆုပ်ပစ်လိုက်ရသည်။

တောက် . . . လုပ်ထည့်လိုက်ရရင် အခွက် အေးဆေးပြုတ်ထွက်နိုင်တယ်။

လို့ပဲ စိတ်ထဲကကြိမ်းဝါးရင်း သူ့ကိုကျောခိုင်းပြီး ကားထဲဝင်သွားပြီဖြစ်တဲ့ ရက္ခသူငယ်ချင်းကို သူကလည်း မာန်ပါပါပင် ကားထဲကနေ လှမ်းသရော်ပစ်လိုက်သည်။

"သူများချစ်သူကို လုချင်တဲ့ကောင် . . . မင်း မကြာခင် ရူးတော့မယ်၊ ဟော့ . . . မင်းမင်းမိဘတွေကို စိတ်ကျန်းမာရေးဆေးရုံ လိုက်ပို့ပေးဖို့ ကြိုတင်ပူဆာထားလိုက်ဦး၊ မင်း မကြာခင် ရူးတော့မှာကွ၊ အရူးတောင်မှ တဏှာရူး . . . ဟား ဟား"

သူကလည်း လူပါးပီပီ ကားမှန်တွေ အကုန်ချပြီး လော့ချကာ ကားကို တရကြမ်း မောင်းထွက်ခဲ့တော့သည်။

ဒီအချိန်မှာ ဟိုကောင်ကတော့ သူ့စကားကို အထိနာသွားပြီး ယောင်ကန်းကန်းကြီးပဲ ကျန်ခဲ့မလား၊ ဒါမှမဟုတ် သူ့ကားနောက်ကနေ လိုက်လာပြီး သူ့ကားကို လိုက်တိုက်ဖို့ ကြိုးစားမလား မသိ။



www.burmeseclassic.com

www.burmeseclassic.com



သူကတော့ ကားကို မိုင်နှုန်းမြှင့်ပြီး တရကြမ်း မောင်းချလိုက်တော့သည်။

သူ ဦးတည်လိုက်သည့် နေရာကတော့ . . .။

❁

''ဒီကောင် ငါ့ကို အသားလွတ်ကြောခဲ့တာ၊ ငါ လုံးဝ လုံးဝ နင့်ကို မကျေနပ်ဘူး ရက္ခ''

ရက္ခ ဒီရက် ဒီလအတွင်းမှာ နက္ခရဲ့အထင်လွဲမှုတွေကို ဆက်တိုက်ချည်း ခံနေခဲ့ရတာမို့ အရေထူပြီး သူ့ကို ဘာစကားမှ ပြန်မပြောမိတော့ဘဲ သူပြောတာကိုပဲ ခပ်ငေးငေး စိုက်ကြည့်နားထောင်နေလိုက်သည်။

နင် ကျေနပ်သလောက် ပြောပစ်စမ်းပါ နက္ခရယ်။ ငါ ခေါင်းငုံ့ခံပါ့မယ်။

''ငါ့ဘဝမှာ နင်နဲ့ပတ်သက်ပြီး ဘယ်သူ့ကိုမှ မယှဉ်ပြိုင်ချင်ပေမယ့် ငါ ဒီကောင်ကို ယှဉ်ပြိုင်စိန်ခေါ်လိုက်ပြီ ရက္ခ၊ နင်ဟာ ငါနဲ့ မကြာခင် လက်ထပ်မယ့် ငါ့ချစ်သူလို့ ငါ သူ့ကို ပြောလိုက်တယ်၊ ငါ အဲဒီလိုလည်းပြောလိုက်ရော ဒီကောင့်မျက်နှာ တစ္ဆေကြီးကြီး အခြောက်ခံလိုက်ရသလို လန့်သွားလိုက်တာဟာ . . . ဟား ဟား





. . . တကယ့်ဟာသပဲ''

ရက္ခကိုချစ်သည့် ခံစားချက်နှင့် ပြောနေတာမဟုတ်ဘဲ မခံချင်စိတ်နှင့် ရန်သူကိုအနိုင်လိုချင်လို့ ပြောခဲ့သည့်စကားတွေက ရက္ခကို ရင်ခုန်မှုသက်သက် ဖြစ်မလာခဲ့တော့ပါ။

ရက္ခ သူ့စကားကို ရင်မခုန်ခဲ့မိသလို နှလုံးသားတစ်ခုလုံးလည်း ပူလောင်အက်ရှသွားလေသည်။

ဩော် နက္ခရယ် . . . နင်က ဒီလိုပြောခဲ့တာကို ကျေနပ်နေခဲ့ပေမယ့် ငါ့ရင်ထဲမှာတော့ ကျေနပ်ဖို့ နေနေသာသာ ဝမ်းနည်းမိတယ်ဟာ။

''ဟင် ရက္ခ . . . မင်း ငါ့ကို ချစ်သူအဖြစ် လက်ခံနိုင်တယ်မဟုတ်လား''

ရက္ခ ဘာတွေခံစားနေရတယ်ဆိုတာကို သူက မသိဘဲ မေးလာတော့ ရက္ခ မျက်လုံးတွေ သွေ့ခြောက်သွားလေသည်။ ဒီအချိန်မှာ ရက္ခက 'ငါလိုချင်တာ ဒီလိုချစ်သူဘဝမျိုး မဟုတ်ဘူး' လို့ ပြောခဲ့ပြန်ရင်လည်း သူက လက်ခံမှာမဟုတ်။

လက်မခံတဲ့အတူတူ မပြောဘဲ ရင်ထဲမှာ တိတ်ဆိတ်လျှို့ဝှက်စွာ မျိုသိပ်လိုက်တာပဲ ကောင်းပါသည်။

''ဟင် ရက္ခ . . . ငါ မေးနေတယ်လေဟာ''

သူ့အသံက စိတ်မရှည်စွာ ခပ်ပြတ်ပြတ် ထွက်လာခဲ့သည်။ ဘုင် ရက္ခ လွင့်မြောနေသည့်စိတ်တွေကို စုစည်းပြီး သူ့လက်ဖဝါးထဲ



www.burmeseclassic.com

www.burmeseclassic.com



ကို သူမလက်ဖဝါးလေး ထည့်သွင်းပေးလိုက်ရင်းက ရင်ထဲကလာသည့် ခပ်ဆွေးဆွေးသံလေးနှင့် တစ်လုံးချင်း ပြောလိုက်မိပါတော့သည်။

''နင် ပြိုင်ဘက်ကို စိန်ခေါ်ပြီး အနိုင်ရဖို့ ငါ့ကို ချစ်သူတော်တယ်ဆိုရင်တော့ စိတ်မကောင်းစရာပဲ၊ ဒါမှမဟုတ် နင့်ရင်ထဲက တကယ်ချစ်မြတ်နိုးတဲ့စိတ်နဲ့ ငါ့ကို ချစ်သူတော်ခဲ့တာဆိုရင်တော့ ငါ ကျေနပ်လက်ခံပါတယ် နကွ''

''ဟာ . . . အရူးမ ကျနေတာပဲ၊ ဘာတွေလျှောက်ပြောနေတာလဲ၊ ငါက ပြိုင်ဘက်ကို ယှဉ်ပြိုင်ချင်လို့ ချစ်သူတော်ခဲ့တာမှ မဟုတ်တာ၊ ငါ ငယ်ငယ်လေးကတည်းက နင့်အရှေ့ကနေ သူ့ရဲ့ ကောင်းအဖြစ် ရပ်တည်ပေးခဲ့တာတွေကို နင် မေ့သွားပြီလား ရုက္ခ''

''မမေ့ပါဘူးဟာ . . . ငယ်ငယ်တုန်းက ငါ့ကြောင့် နင် လက်သီးအထိုးခံရတာတွေကို ငါ တစ်သက်လုံး ဘယ်တော့မှမမေ့ဘူး နကွ''

''အေး . . . မမေ့သေးဘူးဆိုရင် ငါ့စကားကို နင့်နှလုံးသားထဲ သွင်းပိုက်လိုက်၊ ငါက နင့်ဘဝအတွက် ချစ်သူ သူ့ရဲကောင်းတစ်ယောက်ပဲ၊ နင့်ရဲ့ချစ်သူ သူ့ရဲကောင်းအဖြစ် ငါ ဒီကောင့်ကို အလဲထိုး အနိုင်ယူလိုက်တာ မဆန်းပါဘူးနော် ရုက္ခ''

မခံချင်စိတ်ဖြင့် ပြောနေသည့် နကွကို ရုက္ခ စိတ်ပျက်လက်ပျက် ငေးကြည့်လိုက်မိသည်။





''ကောင်းပြီ နကွ . . . နင့်ယုံကြည်မှု သက်သေတစ်ခု ငါပေးပါမယ်၊ ငါဟာ သူနဲ့ လုံးဝ လုံးဝ ရှုံးသွားခဲ့ပါတယ်၊ သူဟာ ငါ့သူငယ်ချင်းတစ်ယောက် ဆိုခဲ့ပေမယ့် ငါ့ရဲ့ပိန်းမဘဝကို အနှစ်နာဆုံး ဖြစ်တဲ့စကားနဲ့ စော်ကားခဲ့တဲ့အတွက် ငါ သူ့ကို ပြန်ပြီး စော်ကားချေပ အနိုင်ယူရမယ် နကွ၊ အဲဒီအချိန်မှာ နင် ငါ့ဘက်ကနေ ဝင်ရောက်ကာကွယ်ပေးပါ နကွ၊ ငါ့ဘက်ကနေ မားမားမတ်မတ် ရပ်တည်ပေးတဲ့ ချစ်သူတစ်ယောက်ပေါ့နော်''

ရုက္ခတို့နှစ်ယောက် မမျှော်လင့်၊ မထင်မှတ်ဘဲ ချစ်သူဖြစ်သွားခဲ့တာသည် ယောကျ်ားနှစ်ယောက်ရဲ့ အပြိုင်စိန်ခေါ်မှုတစ်ခုကြောင့် ဖြစ်ခဲ့ရသဖြင့် ရုက္ခ ဒီခံစားချက်ကြီးကို မုန်းတီးခဲ့ရပါသည်။

သို့သော် ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် အခုလို နကွနှင့်တရားဝင်ချစ်သူဖြစ်ခွင့် ရခဲ့တာကိုပဲ ရုက္ခ ကျေနပ်သည်။

ရုက္ခက သူ့ကို ဟိုးငယ်ငယ်ကတည်းက တိတ်တဆိတ် မျှော်လင့်စောင့်ဆိုင်းခဲ့ရတော့လည်း သူ ယခုပေးလာခဲ့သည့် အချစ်တွေက ဘယ်လိုပုံစံပဲဖြစ်ခဲ့ ဖြစ်ခဲ့ ရုက္ခ ရင်ထဲမှာ ကျေနပ်ပျော်ရွှင်ခံစားလို့ကောင်းပါသည်။

အဲဒီလောက်အထိ နကွကို ရုက္ခ ချစ်ခဲ့တာပါလို့၊ ဖြောင့်ဖြောင့်ပြောခဲ့ရင်ရော နကွက ရုက္ခကို ဘယ်လိုထင်သွားမလဲ။

သေချာတာကတော့ ရုက္ခကို အရှက်နည်းတဲ့မိန်းမ နောက်ပိုးလို့ စွပ်စွဲမှာ သေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ ရုက္ခက သူလည်း စိတ်ကျေနပ်၊ ရုက္ခလည်း သိက္ခာရှိမည့် သူ ကြိုက်နှစ်သက်မည့် စကားမျိုးကို နက္ခ လက်နှစ်ဖက်ကို တင်းတင်းဆုပ်ကိုင်ထားရင်း ကတိပေးသလို ရဲရဲဝံ့ဝံ့ ဝန်ခံလိုက်မိပါတော့သည်။

"ငါ ဒီနေ့ကစပြီး ဘယ်ယောက်ျားလေးကိုမှ သူငယ်ချင်းအဖြစ် မပေါင်းတော့ဘူးနော် နက္ခ"

"အင်း . . . အဲဒါ ဘာဖြစ်လို့လဲ ရုက္ခ"

"နင့်အပေါ်မှာ ထားခဲ့တဲ့ ငါ့ရဲ့အချစ်တွေကို သက်သေပြလိုက်တာပေါ့ဟာ၊ နင် ယုံသလားဟင် နက္ခ"

ရုက္ခက အသံနုလေးဖြင့် ခပ်နွဲ့နွဲ့ ပြောလိုက်သည်တွင် နက္ခက ထိုအမူအရာကို ပိုပြီးအသည်းခိုက်သွားသည်လားမသိ။ ရုက္ခ မျက်လုံးတည့်တည့်ကို အတောက်ဆုံး အချစ်ရည်မျက်ဝန်းတွေဖြင့် အကြာကြီး စိုက်ကြည့်ကာ လျှာတစ်ချက်သိမ်းပြီး . . .

"တကယ် သေချာတယ်နော်"

ဟု ဆိုပြီး လက်ညှိုးတစ်ချောင်းထောင်ကာ ချစ်စဖွယ်မေးလာခဲ့သေးသည်။

အဲဒီလိုမေးလိုက်သည့် အမေးကို ရုက္ခက မကျေမနပ် မျက်စောင်းခဲလိုက်ချင်ပေမယ့် ဒီအချိန်မှာ နက္ခရင်ကို အထိဆုံး စကားလုံးလေးနှင့် ပစ်သွင်းချလိုက်ပါတော့သည်။

"အိုး . . . သေချာတာပေါ့ နက္ခရယ်၊ ဘယ်တော့မှ မပြောင်း





လဲဘူး"

"အစဉ်အမြဲနော်"

"အင်း . . . အစဉ်အမြဲပေါ့ကွယ်"

"What a lovely one"

"နက္ခ"

ရုက္ခ အသံတိုးတိုးလေးနှင့် တားမြစ်လိုက်ပေမယ့် အရူးအမူးဖြစ်သွားသည့် နက္ခက အပျော်ရွှင်ဆုံး ခံစားချက်တွေနှင့် ရုက္ခကို သူ့ရင်ခွင်ထဲမှာ ခပ်တင်းတင်း ပွေ့ဖက်ကာ စကားစခန်း သိမ်းပေးလိုက်လေတော့သည်။

ဒီအချိန်မျိုးမှာ နက္ခအပျော်တွေကိုလည်း ရုက္ခ မဖျက်ဆီးရက်သလို ရုက္ခကိုယ်တိုင်ကလည်း နက္ခရင်ခွင်မှာ ပျော်ရွှင်ခိုလှုံခွင့်ရခဲ့တာကို အကျေနပ်ဆုံး ရင်ခုန်မြူးဖျသွားတော့သည်။

အဲဒီလောက်အထိ ငါ နင့်ကို ချစ်ခဲ့တာလို့ဆိုရင် နင် ငါ့ကို အထင်သေးမှာလားဟင်။



www.burmeseclassic.com



# ၄

ထုံးစံအတိုင်း ရက္ခကို သူ ကားနှင့်လာကြိုသည့်အချိန်မှာပဲ ပြဿနာတစ်ခုနှင့် ရင်ဆိုင်လိုက်ရပြန်သည်။

"ဟိုင်း ရက္ခမေ . . . မင်း ဒီနေ့ တော်တော်လှတယ်နော်"

ရက္ခတို့ကားအနားကို ကားတစ်စီး ထိုးရပ်လာပြီး ကားမြ တင်းမှ ပြီတီတီမျက်နှာပေးနှင့် မေးလာသည့် လင်းထန်ကို ဒီတစ်ခါ တော့ ရက္ခ မှတ်လောက်သားလောက် စကားလုံးပစ်ကျွေးဖို့ ဆုံးဖြတ် လိုက်သည်။

ဒါမှ ဒီကောင်က မှတ်လောက်သားလောက် လန့်ထွက်သွား မှာ။ နို့မို့ ဘယ်လောက် ကန်းတက်ဦးမည်မသိ။

"ဟေ့ ရက္ခ . . . ကိုယ် မင်းကို လာကြိုတာနော်၊ ကိုယ်နဲ့





လိုက်ခဲ့ရမယ်"

နက္ခကားနှင့်လိုက်လာမှန်း သိသိကြီးနှင့် တမင်သက်သက် ကို ကားချင်းယှဉ်ပြီး ရန်စလာသည့် လင်းထန်ကို ဖြစ်နိုင်ရင် ကား ပေါ်ကနေဆင်းပြီး ပါးနှစ်ဖက်ကို တဖြန်းဖြန်း လည်ထွက်သွားအောင် ရိုက်ပစ်လိုက်ချင်ပါသည်။

တောက် . . . စိတ်ရှိလက်ရှိ ဆွဲတီးလိုက်ရင် ပြဿနာကတော့ ကြည့်ကောင်းမှာ သေချာသည်။

အဲဒီလိုလည်းလုပ်ဖို့ ရက္ခ ဘယ်လိုမှ အခွင့်အရေး မရှိသလို အနားမှာလည်း နက္ခပါလာတာမို့ ရက္ခ လင်းထန်ကိုပဲ ရှက်ရမ်း ရမ်းလိုက်သည်။

"နေစမ်းပါဦး လင်းထန်ရဲ့ . . . နင့်ကားနဲ့ ဘယ်သူက လိုက် ခဲ့ဖူးလို့ ငါ့ကို လာအနှောင့်အယှက်ပေးနေတာလဲ၊ ဒီမှာ . . . နင့်လို ကောက်ကျစ်စဉ်းလဲတဲ့ ယောကျ်ားမျိုးကို သူငယ်ချင်းစာရင်းသွင်းပြီး စကားပြောခဲ့တဲ့ ငါ့ပါးစပ်တောင် သနတယ် . . . နားလည်လား"

"ဟ . . . ဒီလိုအလှယ်ကလေးနဲ့ တိခနဲဖြတ်လို့ ဘယ်ရမလဲ ရက္ခမေရဲ့၊ မင်း ဘာတွေလိုအပ်လို့ ကိုယ့်ကို အပေါင်းအသင်းလုပ် တာ ကိုယ်သိသလို ကိုယ်လည်း ဘာကိုလိုအပ်လို့ မင်းကို Body Guard လုပ်ပေးခဲ့တယ်ဆိုတာ မင်းသိမှာပါနော် ရက္ခ၊ ကိုယ် သာမန် ယောကျ်ားမဟုတ်ဘူးနော် . . . မင်း သိထား"

ဒီလောက်အထိ ရက္ခကို ဂရုမစိုက်ဘဲ ရင့်ရင့်သီးသီး ပြော



www.burmeseclassic.com

www.burmeseclassic.com



နေတာကို ဒီအတိုင်း ကားရပ်ပြီး နားထောင်နေသည့် နက္ခကို ရက္ခက ဆတ်ခနဲ လှည့်ကြည့်ပစ်လိုက်သည်။

ကိုယ့်ချစ်သူတစ်ယောက်လုံးကို ဒီလောက်အထိ သူစိမ်းယောကျ်ားက စော်ကားမော်ကားပြောတာကို ဒီအတိုင်း လက်ပိုက်ကြည့်ရက်သည့် နက္ခအပေါ် ရက္ခဒေါသတွေက ကူးပြောင်းသွားတော့သည်။

"နက္ခ . . . နင် ဒီအတိုင်းပဲ ကားရပ်ပြီး နားထောင်နေတော့မှာလား၊ ကားမောင်းထွက်တော့လေ၊ ငါ ဒီလောက်မိုက်ရိုင်းစုတ်ပဲ့တဲ့ကောင်စားနဲ့ စကားမပြောချင်ဘူး၊ ကျက်သရေယုတ်လိုက်တာ"

ရက္ခဒေါသတွေက နက္ခအပေါ် စုပြုံကျရောက်သွားလေသည်။ ရက္ခ ရှုံ့မဲ့ မဲ့တာလည်း ပါသည်။

အဲဒီလို ရက္ခ သူ့ကို ရှုံ့မဲ့ မဲ့လိုက်တာကို လင်းထန်က ပို ပြီး မခံချင်ဖြစ်သွားကာ ဒေါသကိုမျိုသိပ်ထားသည့် အံကြိတ်သံကြီးနှင့် . . .

"ရက္ခမေ . . . ရက္ခမေ . . . မင်းစကားတွေ တစ်ဆိတ်ရင့်သီးနေပြီနော်၊ မင်းလိပ်ပြာ မင်းလုံခြုံပြီး ဒီစကားတွေ ထွက်ဝံ့တာ ဟား . . . အံ့သြစရာပဲ၊ ဒီမှာ . . . မင်းဆီမှာ ငါ့ရဲ့ရပိုင်ခွင့်တွေ အများကြီး ရှိခဲ့တယ်ဆိုတာကိုရော မင်း မေ့လိုက်ပြီလား . . .၊

မမေ့နဲ့ . . . မမေ့နဲ့ ရက္ခမေ၊ ငါဆိုတဲ့ လင်းထန်က မင်း လိုအပ်ရင်သုံး, မလိုအပ်ရင် မြောင်းထဲလွှင့်ပစ်ဆိုတဲ့ ယောကျ်ားထဲမှာ





မပါဘူးကွ . . . မှတ်ထား၊ ဒီမှာ . . . မင်းကို ငါပေးထားတဲ့ တန်ဖိုးကြီး လက်ဆောင်တွေ မနည်းဘူးနော်၊ စိန်တောင် ပါလိုက်သေးတယ်၊ အဲဒီလက်ဆောင်တွေနဲ့ တန်အောင် ငါ မင်းဆီက တစ်ခုခုကို ပြန်အရယူရမယ်"

"ဟင် . . . နင် . . . နင် မိုက်ရိုင်းလှချည်လား၊ နင် ဘယ်လိုကောင်လဲ၊ လူစစ်စစ်က မွေးတာမှဟုတ်ရဲ့လား"

ရက္ခ ကျားမလေးကို စူးစူးရဲရဲ သွေးဆူသွားပြီး လင်းထန်ကို ဝါးစားတော့မတတ် စိုက်ကြည့်လိုက်သလို အခုချိန်အထိ ချစ်သူဘက်က တစ်လုံးမှ ဝင်မပါသေးသည့် နက္ခကိုလည်း ဒေါသလှိုင်းထန်စွာ စိုက်ကြည့်ပစ်လိုက်သည်။

ရက္ခ အဲဒီလို သူ့ကို စိုက်ကြည့်လိုက်တော့မှ သူက တစ်ချက်လှုပ်ရှားသွားပြီး လင်းထန်ကို မျက်နှာတည်နှင့် တစ်ချက်ကြည့်ကာ–

"ကဲ ကိုယ့်လူ . . . မင်း ဘာဖြစ်ချင်သလဲ၊ ကိုယ် ယောကျ်ားချင်း စိန်မခေါ်ချင်ဘူးကွာ၊ ရက္ခ . . . လင်းထန်ကို ဟိုရှေ့က လက်ဖက်ရည်ဆိုင်မှာ အေးအေးဆေးဆေးတွေ့ပြီး ဖြေရှင်းလိုက်ပါ၊ သူ ဒီအချိန်မှာ သွေးဆူနေတယ်၊ ပြဿနာဖြစ်နိုင်တယ်၊ ကိုယ်တို့ အေးအေးဆေးဆေး ပြဿနာတစ်ခုကို ဖြေရှင်းကြတာပေါ့ လင်းထန်"

နက္ခ ပြောတဲ့အတိုင်း အရှေ့က လက်ဖက်ရည်ဆိုင်လေးမှာ သူမတို့သုံးယောက် မျက်နှာချင်းဆိုင် ထိုင်လိုက်ကြသည်။

မျက်နှာချင်းဆိုင် ထိုင်လိုက်ပေမယ့် ရန်သူတွေဖြစ်သွားခဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြပြီမို့ သုံးယောက်သား မျက်နှာက တင်းမာခက်ထန်နေသည်မှာ မသမာသူများနဲ့တောင် ပုံစံတူနေမည်လားမသိအောင် ဖြစ်သွားတော့သည်။

အဲဒီတစ်ခဏအတွင်း ဒေါသကြောင့် တိတ်ဆိတ်သွားသည့် စကားဝိုင်းကို ရက္ခက အရင်စပြီး စကားလုံးနှင့် ထိုးနှက်မွှေနှောက် ပစ်လိုက်သည်။

''ကဲ လင်းထန် ... နင်ဖြစ်ချင်တာ ဘာလဲ၊ ယောက်ျား တစ်ယောက်ဖြစ်ပြီး ချစ်သူရှိပြီးသား မိန်းမတစ်ယောက်ကို မျှော်လင့်နေခဲ့တာ တော်တော်အောက်တန်းကျသလို ရှက်စရာလည်း ကောင်းပါတယ်။ ဒီမှာ လင်းထန် ... နင်နဲ့ငါက ဘာဆိုင်ခဲ့လို့ နင်က ဒီလောက်အထိ လိုက်နှောင့်ယှက်နေရတာလဲ။ နင်နဲ့ငါက သူငယ်ချင်းနော်၊ ငါ ရှုပ်ရှုပ်ယှက်ယှက် မကြိုက်ဘူး''

လင်းထန် မျက်နှာကြီး မည်းခနဲပျက်ကျသွားပြီးမှ ရက္ခ စကားကို မခံချင်စိတ် အသီးလိုက်ထသွားကာ မခိုးမခန့်ထရယ်လိုက်ပြီး လက်ခုပ်ကို ဖြောင်းခနဲ ပိတ်တီးပစ်လိုက်ကာ ...

''ဟား ဟား ဟား ... မင်းလိုမိန်းမမျိုးက ရှုပ်ရှုပ်ယှက်ယှက်ကို မကြိုက်ဘူး၊ ခြေမကလိထိုးပြီး ရယ်လိုက်ဦးမယ်ကွာ ... ဟား ဟား ဟား ...၊

ဒီမှာ ရက္ခမေ ... မင်း ငါ့မျက်နှာကို သေချာကြည့်ထား။ ငါဆိုတဲ့ကောင်က မင်းလာကစားတိုင်း လက်သင့်ခံမယ့်ကောင်





မဟုတ်ဘူးဆိုတာ မင်း ကောင်းကောင်းသဘောပေါက်၊ မင်း ကျားကို လာကစားလို့ မရဘူးဆိုတာ တွေ့ရမှာပေါ့ ... ဟုတ်ပြီလား''

ရက္ခမျက်နှာကို ပေါက်ထွက်မတတ် မျက်လုံးတွေနှင့် စိုက်ကြည့်ပြီး ရက္ခတို့အရှေ့ကနေ လေတိုက်သလို လှစ်ခနဲ ပြေးထွက်ပြီး ကားမောင်းထွက်သွားသည့် လင်းထန်ကို ရက္ခ အံကြိတ်ကြည့်နေရင်းမှ မျက်လုံးအိမ်ထဲမှာ မှောင်မိုက်ဝေဝါးသွားတော့သည်။

ဒီတစ်ဆက်တည်းမှာ သိရှိခံစားလိုက်ရသည့် ခံစားမှုကတော့ ယောက်ျားလေးသူငယ်ချင်းကို ကိုယ် မလိုအပ်ဘဲထားခဲ့မိတာ အရှက်ခွဲတာပဲ အဖတ်တင်ပါတယ် ဆိုတာပဲလို့ ကျိတ်အခံရခက်နေတုန်းမှာပဲ နက္ခက အခုမှ တစ်စခန်းထလာခဲ့တော့သည်။

''လင်းထန် ပြောသွားတဲ့စကားထဲက ကိုယ် ဟိုစကားကိုတော့ အကြိုက်ဆုံးပဲ၊ ငါဆိုတဲ့ကောင်က မင်းလာကစားတိုင်း လက်သင့်ခံမယ့်ကောင် မဟုတ်ဘူးဆိုတာ မင်း ကောင်းကောင်းသဘောပေါက်တဲ့၊ ကဲ ... မင်းကရော သဘောပေါက်ရဲ့လား''

''ဟင်''

ရက္ခကို တစ်ဖန်အပြစ်တင် ပုတ်ချလိုက်သည့် အသစ်စက်စက်ချစ်သူကို ရက္ခ အံ့ဩမယုံနိုင်စွာ စိုက်ကြည့်လိုက်မိသည်။

ရင်ထဲမှာ အံ့ဩသလွန်းလို့ အတန်ကြာ ဆွံ့အ,သွားပြီးမှ တံတွေးတစ်ချက်ကို ဂွပ်ခနဲ မျိုချကာ ...

''နက္ခ ... နင်ဟာ ငါ့အတွက် ဘာချစ်သူလဲ၊ ငါ့ကို အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



ကောင်နဲ့အပြိုင် ဇော်ကားရှုတ်ချချင်တဲ့ ချစ်သူလား၊ ဒါမျိုး သူ့ကိုယ်သူ သူရဲကောင်းတဲ့၊ ဒါလား သူရဲကောင်း။ သူရဲကောင်းတော့ မဖြစ်ဘူး။ Coward ပဲ ဖြစ်မယ်''

''အဟတ် ... ဟား ဟား ဟား''

''ဟင်''

နက္ခက ရုတ်တရက်ကြီး ရက္ခမျက်နှာကို စေ့စေ့စိုက်ကြည့်ပြီး ရယ်ချလိုက်တာမို့ နက္ခ ရူးများရူးသွားပြီလားလို့ ရက္ခ အံ့သြဘနန်း ဝေးကြောင်သွားရလေသည်။

သူ့ကိုလည်း ရူးသွားပြီလားလို့ ပါးစပ်က ဖွင့်မေးပြီးသား ဖြစ်သွားရသည်။

''နက္ခ ... နင် ... နင် ရူးသွားပြီလား''

''ရူးမှာက နင်၊ ဟင်း ဟား ... ရယ်စရာကွာ၊ သူရဲကောင်း လုပ်နိုင်းသေးတယ်၊ ဒီမှာ ... မင်းသိထားဖို့က သူရဲကောင်းဆိုတာ နေရာတကာတိုင်း သူရဲကောင်းလုပ်လို့ မရဘူးကွ၊ တခြားကိစ္စ တခြား ပုံစံမျိုးနဲ့သာ ကိုယ် မင်းကို သူရဲကောင်းလုပ်ပေးရင် လုပ်ပေးမယ်၊ အခုကိစ္စကတော့ ကိုယ် ဘယ်လိုမှ သူရဲကောင်းဆန်ကြည့်လို့ မရဘူး ကိုယ့်ကို လင်းထန်က ချစ်သူ Hero ဆိုပြီး လက်ကမ်းကြိုဆိုမှာလည်း မဟုတ်ဘူး၊ ချစ်သူ Hero လုပ်တဲ့ ကိုယ့်ကိုသာ သူ အရိုးတခြား အသားတခြားဖြစ်အောင် ငံပြာရည် လုပ်ပစ်မှာကွ''

''ဟင်''





သူပြောသည့် စကားတွေက အမှန်ချည်းမို့ ရက္ခ သူ့ကို ဘာစကားမှ မပြောမိတော့ဘဲ အဲဒီအတိုင်း ပြူးကြောင်စိုက်ကြည့်နေလိုက်သည်။

အဲဒီအချိန်မှာပဲ သူက ဒေါသသံကျိတ်ကျိတ်နှင့် ဆက်ပြောလာခဲ့သည်မှာ ...

''ဒီကောင် တော်တယ်ကွ၊ ဒေါသကို တော်တော်မျိုသိပ်ထိန်းချုပ်အား ရှိတယ်၊ အင်း ... သူ မင်းကို ခွင့်မလွှတ်နိုင်လောက်အောင် ဒေါသတကြီးဖြစ်ပြီး ပေါက်ကွဲလာရင်တော့ ကိုယ်တော့ စိတ်ကူးထားတယ် ... သူ့ကို မင်းကိုယ်စား ကျေနပ်နားလည်ပေးပါလို့ ကိုယ် ဒူးထောက်တောင်းပန်ရတော့မှာပဲ''

နက္ခစကားတွေက ရက္ခကို တည့်တည့်သရော်လှောင်လိုက်မှန်း အရှင်းဆုံး ပေါ်လွင်သွားသည်။

အို ... ငါ့ချစ်သူက ငါ့ကို အထင်သေး နှိမ့်ချတယ်ပေါ့။

နှိမ့်ချလိုက်စမ်းပါ နက္ခရယ်။ နင် ငါ့ကို နဂိုကတည်းက အထင်သေးနေတယ်ဆိုတာ ငါ သိတယ်။

အခုတော့ ဒီပြဿနာနှင့် တည့်တည့်တိုးသွားပြီဆိုတော့ ရက္ခကို ပိုပြီးသရော်လို့ ကောင်းသွားတာကို ရက္ခ နာကျင်ကြေကွဲသွားပေမယ့် သူသိအောင်တော့ ရင်ထဲကစကားတွေကို ပြောလိုက်မိသေးသည်။

''ငါ နားလည်သွားပါပြီ နက္ခရယ်၊ နင်ဟာ ငါ့အတွက်



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူ သူ့ရဲ့ကောင်း မဖြစ်ခဲ့ပါဘူး''

''ဒီမှာ ရက္ခ . . . မင်း နားလည်စမ်းပါ၊ ဒီလိုကိစ္စမျိုးဆိုတာ သူ့ရဲ့ကောင်း မလုပ်ရဘူး၊ ကိုယ်က သိတတ် နားလည်ရမယ်၊ ဆင်ခြင်ရမယ်၊ ပြီးတော့ သူဟာ ကိုယ့်ရဲ့ပြိုင်ဘက်၊ မင်းရဲ့အချစ်ကို မရခဲ့တဲ့ အရှုံးပေးခဲ့ရတဲ့ သူတစ်ယောက်ပါ၊ ဒီလိုလူမျိုးရှေ့မှာ ကိုယ်ခြေသံ့လုပ်ပြလိုက်ရင် သူ ဘယ်လောက်အထိ ပေါက်ကွဲသွားမယ်လို့ မင်း ထင်သလဲ''

ရက္ခကို မေးလာသည့် ဒီစကားကိုတော့ ရက္ခ ပြန်ဖြေနိုင်သည့်အင်အား မရှိတော့။ ခေါင်းကလေးငုံ့ချလိုက်ပြီးတော့ပဲ သူ့စကားကို ဆက်နားထောင်နေလိုက်သည်။

''ကိုယ်တို့ ယောက်ျားချင်းမာနကို ကိုယ်အသိဆုံးပါ၊ မင်းကို ကိုယ် အကြံတစ်ခုပေးမယ်၊ မင်း အဲဒီကောင်ကို ဘယ်တော့မှ အနိုင်ယူတဲ့စကားလုံးနဲ့ မကိုင်ပေါက်နဲ့၊ သူက မင်းကို အနိုင်ယူတဲ့ စကားလုံးနဲ့ ကိုင်ပေါက်တာကိုပဲ မင်း နားထောင်လိုက်ပါ၊ အဲဒါဆိုရင် ပြဿနာက အေးအေးဆေးဆေး လျှော့ခနဲ ဆင်းသွားမှာ၊ ဘာမှ ပြဿနာမရှိတော့ဘူး၊ ကိုယ်ပြောတာကို လက်ခံနားလည်တယ်နော် ရက္ခ . . . ဟင်''

ရက္ခ သူ့ကို ဘာမှပြန်မပြောဘဲ ဒီအတိုင်း စိုက်ကြည့်နေတာကို သူက မာအုံ့နွေးနွေးဖြစ်သွားပုံဖြင့် ရက္ခပခုံးကို သိုင်းဖက်ပြီး မေးလာခဲ့သည်တွင် ရက္ခ သူ့ကို ခေါင်းညိတ်ပြလိုက်မိသည်လားမသိ။

ရွှေမင်းနီစာပေ



အဲဒီအချိန်မှာ ရက္ခ မျက်ဝန်းထဲက မျက်ရည်ကြည်လေးတွေက ဘယ်သူ့ကို အရှုံးပေးလိုက်ရမှန်းမသိ၊ ပေါက်ခနဲ စီးကျသွားတာကို သူကလည်း နားလည်စွာဖြင့် ရက္ခမျက်နှာလေးကို ပင့်မော့ပြီး ဖြတ်ဖြတ်သားသား အငိုတိတ်ခိုင်းလိုက်ပြန်သည်။

''ဒါ ငိုစရာလားကွာ . . . တိတ်တော့''

ရက္ခ သူ့ကို ဘာစကားမှ ပြောစရာမရှိတော့ဘဲ သူ ဆွဲခေါ်လာသည့် အနောက်ကိုပဲ အနောက်ကနေ ကောက်ကောက်ပါ လိုက်ပါလာခဲ့ရပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## ၅

ရုက္ခ နားလည်သွားခဲ့သည်မှာ မိန်းမတစ်ယောက်သည် လိုအပ်တာထက်ပိုပြီး Boy friend မထားသင့်ခြင်းပဲ ဖြစ်သည်။

တကယ်တော့ မိန်းကလေးတွေ Boy friend ထားတာ ကိုယ့်ချစ်သူနှင့်တည်ပေးသလို ဖြစ်နေတာကို လင်းထန်နဲ့ ပြဿနာဖြစ်ပြီးသည့်နောက်ပိုင်းမှာပဲ ရုက္ခ လက်တွေ့ကျကျ သိလိုက်ရပြီဖြစ်သည်။

အဲဒီလို သူနှင့်ပြဿနာဖြစ်ပြီးသည့်နောက်ပိုင်းမှာ ရုက္ခကို အဆိုးဆုံး ဖုန်းနဲ့တစ်မျိုး၊ လူကိုယ်တိုင်တစ်သွယ် ရန်စထိုးနှက်တိုက်ခိုက်လာသည့် လင်းထန်ကို နက္ခသင်ထားသည့် ငြိမ်းချမ်းရေးတွေနှင့် အရှုံးပေး ပြေအေးလိုက်တော့ ရန်သူ့နှလုံးသား အေးဆေးသက်သာ





သွားကာ နောက်ဆုံးတော့ ရုက္ခကို လက်လျှော့သွားပါတော့သည်။

နောက်ဆုံးမှာ လင်းထန် လက်လျှော့လိုက်ရတာကို ရုက္ခက နက္ခကို ဂုဏ်ယူသည့်မျက်လုံးတွေနှင့် ပြောလိုက်တာကို သူက မခိုးမခန့် ပခုံးတွန့်ပြီး သရော်စကား ဆိုလိုက်သေးသည်။

"အဲဒါပေါ့ကွ . . . မိန်းမတစ်ယောက်ဟာ ကိုယ် ဘာမှမလိုအပ်ဘဲ ယောကျ်ားတွေကို အပေါင်းအသင်း မလုပ်ရဘူး၊ အခု မင်း ထိပြီမဟုတ်လား . . . ကိုယ် မလိုအပ်ဘဲ အပေါင်းအသင်းလုပ်ခဲ့တဲ့ ယောကျ်ားတစ်ယောက်ရဲ့ Response ဟာ ဒါပဲ၊ မင်း နားလည်သင့်ပြီ၊ ဒါတောင် မင်း သူ့ကို အရှုံးပေးခဲ့လို့ သူ မင်းကို ဒီလောက် အရှက်ခွဲတာနဲ့ ကျေနပ်ခဲ့တာ"

နက္ခစကားတွေက ရုက္ခမာနကို တမင်ရိုက်ချိုးလိုက်သလို ဖြစ်သွားတာမို့ ရုက္ခ နက္ခကို ရန်လိုသည့်မျက်လုံးတွေနှင့် မော့ကြည့်လိုက်မိသည်။

ရုက္ခရဲ့အကြည့်ကို သူ သဘောပေါက်စွာဖြင့် ခေါင်းတဆတ်ဆတ်ညိတ် လျှာခေါက်ကြည့်နေတာမို့ ရုက္ခ ပိုပြီး အခံရခက်သွားကာ ရင်ထဲက စကားလုံးတွေ ပွင့်ထွက်သွားတော့သည်။

"သူ မကျေနပ်မှာကို ငါ ဂရုစိုက်လို့ မဟုတ်ပါဘူး၊ နင် မကျေနပ်တာကိုပဲ ငါ ဂရုစိုက်ခဲ့တာ၊ နင်က ငါ့ကို အရှုံးပေးခိုင်းလို့ ငါ သူ့ကို အရှုံးပေးလိုက်တာပါနော် နက္ခ . . . အဲဒါ ဘာဖြစ်လို့လဲ သိလား"



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး"

နက္ခက ပြုံးစိစိမျက်နှာလေးနှင့် ဖွတ်မိုတ်ငြင်းလိုက်သဖြင့် ရက္ခက ချစ်မျက်စောင်းလေးတစ်ချက် ချိတ်လိုက်သည်။

ဒါကို သူက သဘောကျသွားကာ တအစ်အစ်ရယ်နေသေးသည်။

အဲဒီလို သူ ရယ်နေသည့် ရယ်ပုံကို အသည်းယားလွန်းလို့ ရက္ခက သူ့ပခုံးကြီးကို တအားပိတ်တွန်းပစ်လိုက်ပြီး ...

"တကယ် မသိဘူးနော်"

"ဩော် ... တကယ်မသိတာပါဆိုကွာ"

"ပြီးရော .. ဒါဆိုလည်း ပြောမယ်"

"ပြောစေဗျာ ... နက္ခရွှေရဲ့အမိန့်"

"အဟင်း"

နက္ခအပြောလေးကို ရက္ခ ဘယ်လိုခံစားလို့ကောင်းမှန်းမသိ နားဝင်ချိုနေ်သွားချိန်မှာ နက္ခက ရက္ခ ကိုယ်လုံးလေးကို သူ့ရင်ခွင်ထဲ ခပ်တင်းတင်း ဆွဲဖက်လိုက်ပြီး ရက္ခပခုံးပေါ် မေးစေ့ကြီး ဖိထောက်တင်လိုက်ကာ ...

"ပြောကွာ ... အခြေကြီး ပဲများမနေနဲ့"

"အင်း ... အဟင်း ... အဲဒါ နင့်ကို သိပ်ချစ်လို့ပေါ့ နက္ခရယ်၊ ငါ့ဘဝမှာ နင်ဟာ ငါ့ရဲ့အမြတ်နိုးဆုံး တစ်ဦးတည်းသော ချစ်သူတစ်ယောက်ပါပဲ နက္ခ ... ယုံသလားဟင်"





"အင်း ... ယုံသလိုပဲ"

"အမယ် ... ယုံတယ်လို့ ပြောပါ"

"အင်း ... ယုံတယ် ယုံတယ်"

"ယုံတယ်ဆိုရင် ဆက်ပြောမယ်၊ နားထောင်"

"အဟက် ... ဒီပါးစပ်ကလေးတော့ ဆရာလုပ်လိုက်တာကွာ၊ ခဏအနားပေးထားဦးမှ"

ပြောပြောဆိုဆို နက္ခက ရက္ခမျက်နှာကို မေးစေ့ကနေ ပင့်မော့ပြီး အပ်ချပစ်လိုက်တာက ရက္ခ အသည်းနှလုံးကို ကျင်ခနဲ နွေးရှိလှိုက်မော တိတ်ဆိတ်သွားတော့သည်။

ရင်ထဲမှာလည်း ဘယ်လိုကြီး ခံစားလိုက်ရမှန်းမသိအောင် နွေးထွေးရင်ခုန်မှုတွေက ပျံ့နှံ့ပျော်ဝင်သွားချိန် သူက မျက်နှာချင်းဆိုင် ဆတ်ခနဲ ခွာပစ်လိုက်ပြီး လည်အစ်သံကြီးနှင့် ...

"ကဲ ... ပြောစေဗျာ"

"မပြောတော့ဘူး"

"မပြောဘူး ... ဟုတ်လား"

"ဟာ ... ပြောမယ် ပြောမယ် သေနာစုတ်လေးရဲ့၊ ဘယ်လိုဖြစ်နေမှန်းကို မသိဘူး"

"တစ်ခါ တစ်ခါတော့လည်း နှာစေးချောင်းဆိုးချင်တာပေါ့ကွာ ... ရာသီဥတုလေ ရာသီဥတု"

"နက္ခ ... နင် ဘယ်လိုဖြစ်နေတာလဲ၊ ကုပ်ကမြင်းသတိုင်လ်



www.burmeseclassic.com

www.burmeseclassic.com



လာမခင်းပါနဲ့''

''ကုပ်ကမြင်း၊ မင်းက မကြိုက်ဘူးလား''

''မကြိုက်ဘူး''

''ဒါဆို ပြောင်ပြောင်ပဲ ... အဟား၊ ကဲ ပြောပါ ... အလကား စတာ ချစ်ရ၊ ကဲ ပြောစမ်းပါဦး ... မောင့်ကို ဘယ်လောက်ချစ်''

''ဘာ မောင်လဲ ... သိပ်ကို မုန်းဖို့ကောင်းတာပဲ၊ အင်း ... ပြောမယ်၊ ငြိမ်ငြိမ်နားထောင်ကွာ၊ ဒီမှာ ရှင့်ကို ဘယ်လောက်အထိ ကျုပ်ချစ်ခဲ့ရသလဲဆိုရင် အခု လင်းထန်နဲ့ ပြဿနာဖြစ်ခဲ့ရတဲ့ လမ်းစကလည်း ရှင့်ကို သိပ်ချစ်ခဲ့လို့''

''ဘာ ... ဟေ့ ... မဟုတ်တာ ဆွဲမစိနဲ့''

နက္ခ မျက်လုံးမျက်ဆန်ပြူး ထငြင်းတာကို ရက္ခ သဘောကျစွာ တအားအော်ရယ်ပစ်လိုက်ချိန်မှာ သူက ရက္ခနှုတ်ခမ်းလေးကို သူ့လက်ကြီးနှင့် ဆွဲအုပ်လိုက်လေသည်။ ပြီးမှ ရင်ထဲက လိပ်ခဲတည်းလည်း အသံကြီးနှင့် ...

''ဘာဖြစ်တယ် ... လင်းထန်နဲ့ဖြစ်ခဲ့တဲ့ ပြဿနာက ငါ့ကို ချစ်လို့ ... ဟုတ်လား၊ အဓိပ္ပာယ်မရှိတာကွာ''

''မဝေဖန်နဲ့ဦးလေ ... ပြောမှာကို နားထောင်ဦးမှပေါ့၊ အဲဒါ အမှန်ပဲ နက္ခရဲ့၊ နင့်ကို အရင်မေးမယ် ... နင် ငါ့ကို ဘယ်တုန်းက အရင်စချစ်ခဲ့တာလဲ''

ရက္ခရဲ့စကားကို သူက ခံစားချက်ထည့်သလို မျက်လုံး ခဏ





မှိတ်ထားပြီးမှ မျက်လုံးကြီးဖွင့်ကာ ...

''အင်း ... ဘယ်တုန်းက စချစ်တာလဲဆိုတော့ အင်း ... ဘယ်လိုပြောရမလဲ၊ မင်းကို ကောင်လေးတွေ စာလိုက်ပေးတယ်၊ စကားလိုက်ပြောတယ်၊ အင်း ... အဲဒီအချိန် ... ဟုတ်တယ် ဟုတ်တယ် ... အင်း''

''ဟာ ... တအင်းအင်းနဲ့ ဘယ်လိုဖြစ်နေတာလဲ''

''အရှိန်ယူရသေးတယ်လေကွာ၊ အဲ ... အဲဒီကတည်းက မင်းကို သဝန်တိုပြီး ဘယ်အချိန်ကတည်းက စချစ်ခဲ့မှန်းတောင် မသိတော့ပါဘူးကွာ၊ ချစ်တာကတော့ တော်တော်ကြာပြီကွ၊ ကဲ လုပ်စမ်းပါဦး ... လင်းထန်နဲ့ဖြစ်ခဲ့တဲ့ ပြဿနာက ငါ့ကိုချစ်တာနဲ့ ဘာဆိုင်လို့လဲ''

အခုမှ ရက္ခကို သဝန်တိုပြီး မျက်မှောင်ကြီးကုတ်မေးလာသည့် သူ့ကို ရက္ခက ပြုံးစိစိမျက်နှာပေးနှင့် ...

''အိုး ... ဆိုင်တာပေါ့ကွယ်၊ ငါ ယောကျ်ားလေးတွေကို စိတ်ဆွေအပေါင်းအသင်းလုပ်တာ၊ နင့်ကို မခံချင်လို့ အရွဲ့တိုက်တာပဲ၊ နင်နဲ့ငါ မျက်လုံးနဲ့ နားလည်မှုတွေယူပြီး ချစ်နေခဲ့တာ သိရက်သားနဲ့ နင်က ငါ့ကို ဖွင့်မပြောတော့ ငါက ကောင်လေးတွေနဲ့ အရွဲ့တိုက်ပြီး တွဲပြတာပေါ့ ...။

အဲဒီပြဿနာဖြစ်ရတာ နင့်ကို မခံချင်လို့၊ ငါ စိတ်ပါလို့ မဟုတ်ဘူးနော် နက္ခ၊ ငါ့ကို နားလည်လားဟင်''



www.burmeseclassic.com

www.burmeseclassic.com



''ဘာကိုနားလည်ရမှာလဲ ရက္ခ၊ အဲဒီကတည်းက မင်းဗီဇ မကောင်းတာ ပေါ်လွင်နေပြီ ငါ့ကို မခံချင်အောင် မင်း မဆွစမ်းနဲ့ကွာ''

''ဟင် . . . ဘာ နက္ခ၊ နင် . . . နင်က ဘာဗီဇလဲ၊ ဘယ်သူ့ကို ထိနိုက်ပြီး ငါ့ကို ဒီလိုပြောရတာလဲ''

နက္ခ ဘာကိုဆိုလိုတယ်ဆိုတာ တန်းသဘောပေါက်သည့် ရက္ခရင်ထဲမှာ ဝမ်းနည်းလွန်းလို့ ချက်ချင်း မျက်ရည်တွေဝိုင်းသွားတော့သည်။ သူ့ကိုလည်း ဒေါသဖြင့် ပခုံးကို တဘုတ်ဘုတ် ရိုက်ပစ်လိုက်ပြီး အဆက်မပြတ် မေးလိုက်မိတော့သည်။

''ဟင် . . . ဘယ်သူ့ဗီဇလဲ၊ ပြော . . . ပြောစမ်း နက္ခ''

''ဟာ . . . မပြောဘူးကွာ၊ မင်းသိရင် မင်းဆင်ခြင်''

ကြည့်စမ်း . . . လူတွေဟာ သူတစ်ပါးရဲ့ နိမ့်ရာနိမ့်ကွက်ကို ဘာဖြစ်လို့များ ထောက်ပြချင်ရတာလဲ။ ဒီအထဲမှာ ရက္ခ သိပ်ချစ်ရတဲ့ချစ်သူ ပါဝင်ခဲ့တာ။ ရက္ခ ရင်နာမဆုံး ခံစားလိုက်ရပြီး ငိုရှိုက်သံဗလုံးဗထွေးဖြင့် သူ့လက်မောင်းကြီးကို ခါယမ်းကာ ရင်ပွင့်သွားပါတော့သည်။

''နင်ပြောတဲ့ ဗီဇဆိုတာ ဘယ်သူ့ကို ထိနိုက်ပြောတာလဲ၊ မအေ ဖအေ ဗီဇမကောင်းလို့ သမီးကပါ ဗီဇလိုက်တယ်လို့ ဆိုတာလား၊ အဲဒါဆိုရင် နင့်အတွေးအခေါ်တွေ သွားမြောင်းထဲ လွှင့်ပစ်လိုက်၊ ချုံကြိုချုံကြား လွှင့်ပစ်လိုက် . . .၊

ဒီမှာ နက္ခရဲ့ . . . အဲဒီကိစ္စနဲ့ ပတ်သက်ပြီး နင် ငါ့ကို ဘယ်





တော့မှ မစော်ကားနဲ့၊ ငါ ဘယ်တော့မှ သည်းမခံဘူး။ ငါဟာ ငါ့အဖေ အမေက မွေးထားခဲ့တာ မှန်ပေမယ့် ငါ သူတို့နှစ်ယောက်သွေးကို ဘယ်တော့မှ မရောဘူး၊ အဲဒါ နင် မြဲမြဲမှတ်ထားလိုက်ပါ၊ နောက် အဲဒီစကားမျိုး နင် လုံးဝမထွက်နဲ့၊ ငါ လုံးဝခွင့်မလွှတ်ဘူး''

ရက္ခငိုသံတွေက သူ့ရင်ခွင်ထဲမှာပဲ ပျောက်ကွယ်သွားခဲ့ရလေသည်။

အဲဒီနေ့ညက ရက္ခတစ်ယောက်တည်း မျက်စိတွေ ကြောင်ပြီး စိတ်မကောင်းသည့် အတိတ်ကအကြောင်းတွေကိုပဲ ပြန်စဉ်းစားခန်း ဝင်ခဲ့သည်။

အသေအချာတွေးကြည့်ရင်း ရက္ခဘဝဟာ အတော့်ကို နာကျင်ကြေကွဲစရာ ကောင်းပါသည်။

ရက္ခ ရှစ်တန်းနှစ်က ရွှေ့ဆင့်နောက်ဆင့် တစ်ယောက်တစ်တွဲ လင်ယူ မယားယူ လုပ်သွားကြသည့်အဖြစ်တွေကို ကျန်ခဲ့သည့် သမီးနှင့် ဘွားဘွားက ရှက်လွန်းလို့၊ ဝမ်းနည်းခံစားရလွန်းလို့ အရှုံးတစ်ပိုင်း မီးဝိုင်းဖြစ်ကျန်ခဲ့တာကို ဘယ်သူ ကြာရှည်ခံစားနားလည်ပေးနိုင်ခဲ့ပါသလဲ။

ဘယ်သူမှ နားမလည်ခဲ့ကြချေ။

တစ်ခုတော့ ရှိသည် . . .။ အဲဒီနောက်ပိုင်းမှာ ဘွားဘွားနှင့် မြေးအဘွားနှစ်ယောက် လောကကြီးကို ခေါင်းမာမာနှင့် ဆက်လျှောက်ခဲ့ကြပြီး ရက္ခ ဘွဲ့ရပြီးသည့်နှစ်မှာ ဘွားဘွား ဆုံးသွားတုန်းကတော့



www.burmeseclassic.com

www.burmeseclassic.com



ဖေးဖေးမမ ပါးစပ်နှင့် အားပေးနှစ်သိမ့်ခဲ့တာ နက္ခနှင့် နက္ခမေမေပဲ ရှိခဲ့သည်။

"ဒီလိုပဲပေါ့ သမီးရယ် ... လောကကြီးမှာ တစ်ယောက် တည်းကျန်ခဲ့ပေမယ့် ဘာမှဖွဲ့လျှော့စရာ မလိုပါဘူးကွယ်၊ ကိုယ်ကောင်း ရင် ခေါင်းမရွှေ့ပါဘူး၊ သမီးမိဘတွေ မကောင်းတာကိုတွေးပြီး အပြစ်တင်စရာလည်း မလိုဘူးနော် သမီး၊ လောကမှာ မိဘက ဘာပဲ ဖြစ်ဖြစ် သားသမီးက မပြစ်မှားအပ်ဘူး သမီးရဲ့"

ဆိုပြီး ... အားပေးနှစ်သိမ့်လာသည့် နက္ခမေမေ့ကို အဲဒီ တုန်းက လေးစားအားကိုး ခင်တွယ်ခဲ့မိသည့်စိတ်ဖြင့် နက္ခမေမေသာ ငါ့မေမေဖြစ်လိုက်ရင် ဘယ်လောက်ကောင်းမလဲလို့ စိတ်ကူးယဉ်ခဲ့မိ သေးသည်။

သို့သော် လူတွေဟာ အသေအချာ ပေါင်းကြည့်တော့မှပဲ အပြစ်ရှိသည့်သူကို အပြစ်တွေပဲ ပိုင်းဖို့တတ်ကြတယ်ဆိုတာ ရက္ခ တဖြည်းဖြည်း သိမြင်လာခဲ့ရလေသည်။

ဟုတ်တယ်လေ ... နက္ခမေမေကလည်း လူသားထဲက လူသားတစ်ယောက်ပဲ။ တစေ စိတ်ထား ဘယ်မြတ်နိုင်ပါ့မလဲ၊ တစေ ရက္ခအပေါ် ဘယ်အမြင်ကြည်ပါ့မလဲ။

ရက္ခအပေါ် ဘယ်လောက်အထိ အမြင်မကြည်ဖြစ်ပြီး စိတ် ထားပြောင်းလဲသွားသလဲဆိုရင် ရက္ခ သူမတို့အိမ်အလည်သွားရင် တောင် အရင်ကလို လှိုက်လှဲနွေးထွေးမှု မရှိတော့သလို စကားမပြော





ချင်သလို မျက်နှာပေးနှင့် ဆက်ဆံခဲ့လေသည်။

အဲဒီလိုဆက်ဆံပြီး ဒီမိဘကမွေးထားသည့် ဒီသမီးကလည်း ဒီဇီဇတွေပါမှာပဲဆိုတဲ့ မျက်လုံးတွေနှင့် စကားပြောခဲ့ကာ သူ့သားကို ဘယ်လိုစည်းရုံးသိမ်းသွင်းခဲ့သည် မသိ။ သူ့သားစကားလုံးတွေ၊ မျက်လုံးအကြည့်တွေဟာ သူ့အမေနှင့် တစ်ထေရာတည်း ဖြစ်နေတာ အံ့သြစရာကောင်းလှပါသည်။

ဒါပေမဲ့ သူ့သားဟာ သူ့အမေ ဘယ်လိုစည်းရုံးသိမ်းသွင်း ဆွဲဆောင် ဆွဲဆောင် ရက္ခကို အရူးအမူးချစ်ခဲ့သည့် ယောကျ်ားတစ် ယောက်အဖြစ် ရက္ခရှေ့သို့ ခခယယရောက်လာတတ်ခဲ့ပြီး ရက္ခကို အရှုံးပေးတတ်စမြဲပင် ဖြစ်ခဲ့လေသည်။

❋

နက္ခကို အဆက်အသွယ်ဖြတ်ထားခဲ့တာ သုံးရက်မြောက်နေ့ မှာပဲ နက္ခက သည်းမခံနိုင်တော့သည့်စတိုင်လ်ဖြင့် ရှူးရှူးဒိုင်းဒိုင်း ရက္ခဆီကို ရောက်လာခဲ့တော့သည်။

နက္ခ ရောက်လာတဲ့အချိန်မှာ ရက္ခက ညှိခန်းထဲမှာ Baby Doll လေးနှင့် စိတ်အေးလက်အေး အပန်းဖြေနေချိန်မို့ သူ ရောက် လာတာကို လုံးဝဂရုမစိုက်ခဲ့မိတာက သူ့ဒေါသကို ပိုပြီး ခေါင်းစိုက်



www.burmeseclassic.com

www.burmeseclassic.com



စေခဲ့သည်လား မသိ။

ရက္ခဘောက ဆိုဖာကြီးမှာ ဝှန်းခနဲ ဝင်ထိုင်ပြီး ရက္ခလက်ထဲက Baby Doll လေးကို သူ့ဂျင်းဘောင်းဘီဝတ်ထားသည့် ပေါင်လုံးအောက်ကို ဆွဲညှပ်ပစ်လိုက်ကာ ရက္ခဆံပင်တွေကို အနောက်ကနေ ခပ်နာနာလေး ပိတ်ဆွဲလျက် ရက္ခကို ခပ်ကြမ်းကြမ်း မြည်တွန်တောက်တီးလိုက်သည်။

"ဒီအရုပ်ကို ရေးကြီးခွင်ကျယ်လုပ် ဆော့မနေစမ်းပါနဲ့၊ လူလာတာ မတွေ့ဘူးလား"

သုံးရက်လုံးလုံး မတွေ့မမြင်ဘဲ စိတ်ကောက်ခဲ့ကြသည့် ရက္ခတို့နှစ်ယောက်ကြားသို့ ဒီစကားလုံးဖြင့် စကားပြောဖြစ်သွားခဲ့တော့သည်။

အဲဒီလို စကားပြောဖြစ်သွားပေမယ့် သူ့ရဲ့ရိုင်းရိုင်းပျပျ ရက္ခဆံပင်ကို အနောက်ကနေ ဆွဲထားတာက ရက္ခကို ပိုပြီးအခံရခက်သွားစေခဲ့ကာ သူ ဆွဲကိုင်ထားသည့်လက်ကြီးကို ဖြန်းခနဲ ရိုက်ထုတ်ပစ်လိုက်မိသည့်အထိ ဖြစ်သွားရသည်။

"နက္ခ ... နင် ငါ့ကို နိုင်လိုမင်းထက် ဆက်ဆံစရာ မလိုဘူး"

"အောင်မယ် ... နင်က ဘာကောင်မ,မို့လို့လဲ"

"နက္ခ ... နင် မမိုက်ရိုင်းနဲ့၊ ဘယ်လို နှုတ်ကြမ်းလျှာကြမ်းက မွေးထားတဲ့ကောင်လဲ မသိဘူး"





"ရက္ခ ... မင်း ငါ့မိဘတွေကို ထိခိုက်မပြောနဲ့လေ"

သူ့မိဘကိုထိတော့ ဆတ်ဆတ်ခါ နာတတ်သွားတာကို ရက္ခက လက်ပိုက်ပြီး ခပ်သာသာပဲ မဲ့ပြုံးဖြင့် တုံ့ပြန်ပစ်လိုက်သည်။

ရက္ခမဲ့ပြုံးကို သူက အခံရခက်သွားကာ ရှုံးရှုံးရှားရှားဖြစ်သွားပြီး ...

"မင်း ... မင်း ... ငါ့ကိုနော် ... ငါ"

"သြော် ... နင့်မိဘတွေကို ထိခိုက်ပြောတော့ နာတတ်တယ်လား၊ အဲဒါဆိုလည်း ငါ့ကို နောက်တစ်ခါ ထိခိုက်ပြောဖို့ မကြိုးစားနဲ့၊ ငါလည်း နင့်လို ဆတ်ဆတ်ခါ နာတတ်တာပဲ"

"သြော် ... မင်းက ငါ့ကို ကလဲ့စားချေတာပေါ့"

"ဒါပေါ့ ... ငါကလည်း မာနနဲ့မိန်းမပဲ"

"မာန၊ ဟာဟ ... မာနရှိတဲ့ မိန်းမက ဂုဏ်သိက္ခာရှိရတယ်ကွ၊ ဂုဏ်သိက္ခာမရှိသရွေ့ မင်းထားတဲ့မာနက ရွံ့ပုပ်ပဲ၊ ဘာမှ တန်ကြေးမရှိဘူး"

"ဟင် ... နင် ... နင်"

ရက္ခမျက်လုံးတွေ စိမ်းတောက်သွားတာကို သူက ခေါင်းတစ်ချက်ဆတ်ပြီး နှုတ်ခမ်းကိုက်ကာ မဓိုးမခန့် ရယ်လိုက်ရင်းမှ ...

"ဘယ့်နှယ်လဲ ... မင်းထိတော့ မင်းနာသွားပြန်ပြီ မဟုတ်လား၊ တစ်ယောက်တစ်ပြန်ပေါ့ကွာ၊ ကျေပြီ"

"နက္ခ ... နင် ... နင်"



www.burmeseclassic.com

www.burmeseclassic.com



ရက္ခာကို တစ်လုံးမှ အရှုံးမပေးဘဲ ပြန်ပြန်ပြောနေသည့် နက္ခာကို ရက္ခ မနိုင်တော့သည့်အဆုံး ကြံရာမရဖြစ်သွားကာ နောက်ဆုံးမှာ အာခေါင်ခြစ်ပြီး 'အား'ခနဲ အော်ချပစ်လိုက်တော့သည်။

အဲဒီလို အော်လိုက်တော့မှ ရက္ခရင်ထဲက မွန်းကျပ်မှုအလုံးကြီး ပစ်ကျသွားတော့သည်။ ရက္ခ ရင်ထဲကအလုံးကြီး ပြုတ်ကျသွားပေမယ့် နက္ခကတော့ အအံ့သြဆုံးမျက်လုံးတွေနှင့် ရက္ခာကို မျက်လုံးကြီးပြူးကြည့်ကာ လက်ညှိုးထိုးပြီး ...

"မင်း ... မင်း"

ဟု ဆိုပြီး ဘာစကားပြောရမှန်းမသိ ဖြစ်သွားတာကို ရက္ခာက အနိုင်ရရှိသွားသလို ခေါင်းဆတ်ညိတ်လိုက်သည်။

အဲဒီအချိန်မှာပဲ စားပွဲပေါ်က တင်ထားသည့် ရက္ခရဲ့ hand phone လေးက တတူတူမြည်လာခဲ့တာမို့ ရက္ခ ထွက်ပေါက်ရသွားသည်။

ရက္ခာက တတူတူမြည်နေသည့် ဖုန်းကလေးကို ကောက်ကိုင်မလို့ လက်ကိုအလှမ်း သူက ရက္ခထက် အရင်ဦးအောင် ဖုန်းကလေးကို ကောက်ကိုင်လိုက်သဖြင့် ရက္ခ သူ့လက်ထဲက ဖုန်းကလေးကို ရအောင် မနည်းလုယူလိုက်ရသည်။

ဟား ... တော်ပါသေးရဲ့။ ဖုန်းကလေး ပြန်ရလို့။ နို့မို့ တကယ်မလွယ်ကိန်းပဲ။ ပြဿနာအကြီးအကျယ်ဖြစ်မှာ သေချာသွားသလို ...





ဒီဖုန်းဟာ Super Market ပိုင်ရှင် ဦးကိုကိုဇော်ဖုန်းဆိုတာ ချိန်းထားသည့်အချိန်နှင့် ကွက်တိမို့ ရက္ခာက နက္ခာကို မလုံမလဲ တစ်ချက်ခိုးကြည့်ပြီး ဖျတ်ခနဲ ထရပ်ကာ ဖုန်းအသံပြုပြီး ဝရန်တာဆီသို့ ခပ်သွက်သွက် လှမ်းထွက်လာလိုက်သည်။

ဒီအချိန်မှာ ရက္ခ အခက်ကြုံနေတာကို ဦးကိုကိုဇော်က ဘာမှမသိဘဲ ခပ်နုနုအသံဖြင့် ...

"ရက္ခာလား ... ကိုယ် ကိုကိုဇော်ပါ"

"ဟုတ် ... ပြောပါရှင်"

သူကြားမှာစိုးရိမ်ပြီး သူ့ကို လှည့်ကြည့် လှည့်ကြည့် လုပ်နေတုန်းမှာပဲ သူက ရက္ခဆီကို ခြေလှမ်းကျဲတွေနှင့် လျှောက်လာခနေပြီမို့ ... ရက္ခာက စကားကို အမြန်စခန်းသိမ်းဖို့ ဆုံးဖြတ်လိုက်သည်။

"ဩော် ... ဟုတ်ကဲ့၊ ကြားပါတယ်၊ ဩော် ... အဲဒီကိစ္စလား ကျွန်မ စဉ်းစားတုန်းပါပဲ၊ ဟုတ်ကဲ့ ဟုတ်ကဲ့ ... အားနာဖို့ကောင်းလိုက်တာနော် ... ဟုတ် ဟုတ်"

"ဒီမှာဟေ့ ရက္ခ ... မင်း ဖုန်းပိတ်တော့ကွာ၊ ငါနဲ့ စကားပြောနေတာ အရှိန်ပျက်တယ်၊ Do as you're told"

"ဟင် ... ဘာဖြစ်တာလဲ"

ရုတ်တရက်မို့ ရက္ခ ဦးကိုကိုဇော်ကို အရမ်းအားနာသွားရသလို သူ့ကိုလည်း တော်တော်ဒေါသထွက်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါသထွက်လွန်းလို့ ရက္ခ သူ့ကို ဘာတွေပြောလိုက်မှန်း တောင် မသိတော့။

"နှင် ... နှင် လူမှုရေး ခေါင်းပါးလှချည်လား နက္ခ၊ နှင် ... ငါ ဒုက္ခပါပဲ၊ အဲဒါ လူကြီးလူကောင်းဟဲ့၊ နှင့်အသံတွေ အတိုင်းသား ကြားကုန်ပါပြီ"

"ကြားတော့ အထင်လွဲမှာကို ကြောက်တယ်ပေါ့"

နက္ခက တကယ့်ကို ပိုင်စိုးပိုင်နင်းပင် ရက္ခလက်ထဲက ဖုန်းကလေးကို လုယူပြီး ပိတ်ပစ်လိုက်ပြီဖြစ်သည်။

နက္ခရဲ့လုပ်ရပ်ကြီးက နိုင်ထက်စီးနင်းဆန်လွန်းလို့ ရက္ခ ဘာမှပြန်မပြောနိုင်အောင် သူ့ကို ပြူးကြောင်ကြောင်ကြီး ကြည့်နေချိန် သူက ဝတ်ထားသည့် ရှပ်အဖြူကော်လာကို ဟန်ပါပါ တပင့်ပင့် လုပ်ပြီး ရက္ခကို မခံနိုင်အောင် ရိတ္တေ့လာသေးသည်။

"ဟာ ... တစ်ဖက်က ဘိုးတော်ကြီးသိသွားမှာ သိပ်ကြောက်တယ်ပေါ့"

"တော်တော့ နက္ခ ... နှင် လူစကားပြော"

"လူစကားပြောတာပါ ကလေးမရဲ့၊ နင်သာ ငါပြောတဲ့ စကားကို တစ်ဖက်လူ ကြားသွားတာ သိပ်လန့်သွားတယ်ပေါ့၊ ကြားတော့ ဘာဖြစ်သွားမှာမို့လို့လဲ၊ သူက ဘာကောင်မို့လို့လဲ၊ ဒီမှာ ရက္ခ ... မင်းအနားမှာ မင်းချစ်သူတစ်ယောက်လုံး ရှိနေတယ်ဆိုတာကို လည်း မင်း သိထားဦးမှပေါ့ကွာ"





"နှင် ... နှင်"

"သတိထားပါကွာ ... စည်းဆိုတာ နေရာတကာ လွတ်လို့ ကောင်းတာမဟုတ်ဘူး၊ မင်းတို့စကားတွေ မရိုးဘူးဆိုတာ ငါ သိလို့ ဒီလိုလုပ်တာ၊ ဘာလဲ ... မင်းက ငါ့ကို ဘာလုပ်ချင်သေးလို့လဲ"

သူက စိန်ခေါ်လိုက်ပြီမို့ ရက္ခ ရှိရင်းစွဲဒေါသတွေက မိုးမွှန် သွားရလေတော့သည်။

ဒီအချိန်မှာ ရက္ခ သူ့ကို ဘာလုပ်လို့ လုပ်လိုက်မိမှန်း မသိ အောင် အသိစိတ်က လွတ်သွားရပြီ ဖြစ်သည်။

ရက္ခ သတိရသွားသည့်အချိန်မှာတော့ နက္ခနှင့် ရက္ခ လုံး ...ား၊ ထွေးလား နပန်းလုံးနေတာကြီးကို ရက္ခ အရှက်ကြီး ရှက်သွား ...ာ လဲကျနေရာမှ ကုန်းရုန်းထပြီး သူ့ကုပ်ပိုးအကျႌကော်လာကို ...ွဲကာ ...

"ခွေးသာသာရှိတဲ့ အကောင်၊ လူ့အသိမရှိတဲ့ကောင်၊ ...ိစ္ဆာန် ... ခွေး ... ခွေးတိရစ္ဆာန်"

ရက္ခ စကားလုံးတွေက သူ့ရင်ခွင်ထဲမှာပဲ တန့်ရပ်ကျရှုံးသွား ...မှာ သူက ရက္ခ ရုန်းရင်းဆန်ခတ် ရုန်းနေတာကို ရုန်းလို့မရအောင် ...ယ်တင်းတင်း သိမ်းဖက်ပြီး ...

"တော်တော့ကွာ ... ကိုယ် ဘာမှမပြောတော့ဘူး၊ ကိုယ့် ...ိုလည်း မင်း ဘာမှမပြောတော့နဲ့၊ မင်းက မင်းအလှည့်ကျ သိပ် ...ာ်တတ်သွားပြီလား၊ ကိုယ် လင်းထန်ရှေ့မှာ ရစရာမရှိအောင်သိကွာ



www.burmeseclassic.com

www.burmeseclassic.com



ကျခဲ့တာတွေ ပြန်တွေးစမ်းပါဦး''

''သြော် ... နင်က ငါ့ကို ဒါ လက်စားချေတာပေါ့''

ရက္ခ မျက်ရည်တွေက သူ့အင်္ကျီအဖြူမှာ ရွှဲအိုင်သွားရလေပြီဖြစ်သည်။

ရက္ခ နာကျင်စွာဖြင့် သူ့ကို အရှုံးပေးလိုက်ရတာ သိပ်ရှက်မိပေမယ့် အခုချိန်မှာ ရက္ခ ဘာမှမတတ်နိုင်တော့ဘဲ သူ့ရင်ခွင်ထဲမှာ မျက်ရည်နှင့် သူ့ကို အရှုံးပေးလိုက်ရသည့်မိန်းကလေး ဖြစ်သွားတော့သည်။

''တော်တော့ကွာ ... မျက်ရည်မကျစမ်းနဲ့''

ရက္ခ ငိုနေတာကို သူက ရက္ခမျက်နှာကို ဆွဲပင့်ပြီး နူးနူးညံ့ညံ့လေသံဖြင့် ချော့မော့လိုက်တော့ ရက္ခ ပိုပြီး ငိုချင်သွားရသည်။

ဒါပေမဲ့ ရက္ခ မငိုတော့ပါ။ သူ ပြောလာသည့်စကားတွေကိုပဲ ရင်ထဲမှာ အငြိမ်းချမ်းဆုံးထားပြီး နားထောင်လိုက်ပါတော့သည်။

''ရက္ခ ... ကိုယ်ပြောတာကို လက်ခံစမ်းပါကွာနော်၊ ဟင် ... ဟင် ... လက်ခံမယ် မဟုတ်လား''

သူ့ကို ရက္ခ ဘာစကားမှ မပြောမိတော့။ သူ့ရင်ခွင်မှာ မျက်နှာအပ်ပြီး ရက္ခ ငြိမ်သက်ငေးမောသွားရသည်။

အဲဒီအချိန်မှာ သူက အနူးညံ့ဆုံးလေသံတွေနှင့် ဆက်ပြောလာခဲ့သည့် စကားကတော့ ...

''ရက္ခ ... ကိုယ်တို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက်





ဒီလိုနားလည်မှုတွေမရှိဘဲ ခရီးဆက်လို့ မဖြစ်တော့ဘူး၊ ရှေ့လျှောက်ပြဿနာကြီးထွားဖို့ပဲ ရှိတော့တယ် ...၊

ဒီတော့ ကိုယ်တို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် နားလည်မှုရှိမှဖြစ်မယ်၊ ကိုယ် မင်းကို ဒီနေ့ကစပြီး နားလည်ခွင့်လွှတ်နိုင်အောင် ကြိုးစားမယ်၊ မင်းလည်း ကိုယ့်ကို နားလည်ပေးရမယ်၊ ကိုယ်တို့ ချစ်သူဘဝနဲ့ ဒီအတိုင်း ဆက်မလျှောက်ချင်တော့ဘူး ရက္ခ၊ ကိုယ်တို့ လက်ထပ်ကြရအောင် ... နော်''

ဒီအချိန်မှာ ရက္ခ သူ့ကို ဘာစကားမှ တုံ့ပြန်နိုင်သည့်အင်အား မရှိတော့။

အဲဒီလို တုံ့ပြန်နိုင်ခွင့်မရှိအောင်လည်း သူက တားမြစ်ပိတ်ဆင်လိုက်ပြီမို့ ရက္ခ သူ့ရင်ခွင်မှာ သူ့ရဲ့အချစ်မူးမူးတွေဖြင့်ပင် နားလည်ခံစားသိရှိလိုက်ရသည်မှာ ''ငါ သူ့ကို လက်ထပ်မယ်'' ဆိုသည့် စကားမှုတစ်ခုက သူ့ကို ခေါင်းညိတ်အဖြေပေးဖို့ အင်အား ပြည့်သွားပြီသားမသိ။

အဲဒီအခိုက်နှင့် တစ်ပြိုင်နက် သူက ရက္ခနှုတ်ခမ်းကို သူ့နှုတ်ခမ်းကြီးနှင့် ပွေ့အပ်ထားရာမှ ဆတ်ခနဲ ဖယ်ခွာလိုက်ပြီး ရင်ခုန်လှိုက်မောသံကြီးနှင့် ...

''ဟင် ရက္ခ ... မင်း ကိုယ့်ကို လက်ထပ်ခွင့်ပေးမယ်မဟုတ်လားဟင်''

ငါ မငြင်းချင်တော့ပါဘူး နက္ခ။



www.burmeseclassic.com

www.burmeseclassic.com



ငါတို့နှစ်ယောက် ဘဝခရီးဟာ လက်ထပ်ခြင်းနဲ့ အဆုံးသတ်မှာပဲလေ။

အဲဒီတော့ လက်ထပ်လိုက်တာပဲ အကောင်းဆုံးပဲပေါ့။

ငါ နင့်ကို ခေါင်းညိတ် အဖြေပေးပါတယ်။

## ( ၆ )

ရုက္ခနှင့် လက်ထပ်မယ့်အကြောင်းကို မေမေ့ကို ဖွင့်ပြောလိုက်တဲ့အချိန်မှာ ထင်ထားသည့်အတိုင်းပင် မေမေက ဆိုဖာကြီးမှာထိုင်နေရာကနေ 'ဝုန်း'ခနဲ ထရပ်လိုက်သည်အထိ ဒေါသမောင်းထသွားလေတော့သည်။

''နက္ခ . . . မင်း ငါ့ကို ဂရုမစိုက်တော့ဘူးပေါ့ . . . ဟုတ်လား။ ငါ လက်မခံနိုင်ပါဘူးလို့ အကြိမ်ကြိမ် ပြောထားတဲ့မိန်းမကို မင်းက လက်ထပ်မယ် . . . ဟုတ်လား . . . ဟင်''

ဒီလောက်ကြီးအထိ ရုက္ခအပေါ် ခါးခါးသီးသီးဖြစ်နေသည့် မေမေ့ကို သူ ဘာပြောရမှန်းမသိအောင် အတန်ကြာ ဆွံ့အ.သိတ်ဆိတ်သွားပြီးမှ ကြေကွဲမျက်ဝန်းညိုတွေဖြင့် မေမေ့ကို စိုက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ကာ တစ်လုံးချင်း တောင်းပန်စကား ဆိုလိုက်မိပြန်သည်။

"မေမေရယ် ... ကျွန်တော့်မျက်နှာကိုထောက်ပြီး သူ့ကို လက်ခံပေးပါနော်၊ ကျွန်တော် အနူးအညွတ် တောင်းပန်ပါတယ်၊ ရက္ခမှာ ဘာအပြစ်မှ မရှိပါဘူး မေမေရယ်၊ သူက လူတကာကို သွက်သွက်လက်လက် စကားပြောတတ်ပြီး ပွင့်လင်းတာပဲ ရှိပါတယ်၊ တကယ်တော့ သူ့စိတ်ဓာတ်က ဖြူစင်ပါတယ်"

"ဘယ်လို ပြောလိုက်တယ် ... ရက္ခမေရဲ့စိတ်ဓာတ်က ဖြူစင်တယ် ... ဟုတ်လား၊ ဒီမှာ နက္ခ ... မင်းစကားတွေက မေမေ့ နားထဲကို ရာနှုန်းပြည့်ကို လက်ခံနိုင်တဲ့အရည်အချင်း မရှိဘူး၊ မင်းကို မေမေ အစကတည်းက သတိပေးထားတယ်၊ မေမေ စကားအပိုထပ်ပြီး မပြောဘူး နက္ခ ... မင်း နောက်ဆုတ်လိုက်ပါ၊ မင်းကို ရက္ခမေနဲ့ မေမေ လုံးဝသဘောမတူဘူး၊ မင်း ရှေ့ဆက်တိုးမယ်ဆိုရင် ရက္ခမေနဲ့ မေမေ ပြဿနာဖြစ်ပြီပဲ မှတ်ပါ"

သွားပါပြီဗျာ။ သူ မေမေ့ကို ဘာပြန်ပြောရပါ့မလဲ။

သူ့မှာ မျှော်လင့်စရာ မရှိတော့ဘူးဆိုတာ သိရှိလိုက်ရသည်နှင့်တစ်ပြိုင်နက် သူ မေမေ့အရှေ့မှာ ခေါင်းကြီးငိုက်စိုက်ချ ငြိမ်ကျသွားခဲ့ရပါပြီ။

ဒီအချိန်မှာ သူ မေမေ့ကို ဘယ်လိုစကားမျိုးပြောရမလဲ။ တစ်ခုခုတော့ ပြောရမည်။ ထိုတစ်ခုခုဆိုသည့် ရင်ထဲက စကားလုံးကြီးကြီးကတော့ ကိုယ့်ချစ်သူကို သိပ်ချစ်ခဲ့သည့် ယောက်ျားတစ်





ယောက်အဖြစ် မေမေ့ကို သူ သတ္တိအရှိဆုံး ရင်ဆိုင်ဖို့ပဲ ဆုံးဖြတ်ချက်ဖြင့် မေမေ့ကို ရဲရဲဝံ့ဝံ့ ခေါင်းမော့ကြည့်ကာ ...

"မေမေ သူ့ကို သဘောမကျ ဘူးဆိုတာကိုလည်း ကျွန်တော် သဘောပေါက်ပါတယ်၊ ဒါပေမဲ့ ... လောကမှာ မိဘမကောင်းတိုင်း သားသမီးမကောင်းကြဘူးဆိုတာ မရှိပါဘူးမေမေ၊ အဲဒီလို မိဘမှာ အပြစ်ရှိတဲ့ သားသမီးတွေတိုင်းဟာ သူတို့ဘဝကို သူတို့ နာကြည်းခံပြင်းမှုနဲ့ သူတို့မိဘတွေကို မုန်းနေခဲ့ကြတာ၊ သူတို့မိဘဇီဖကို ဘယ်လိုလုပ် ရတော့မှာလဲ မေမေရယ်"

သူ မေမေ့ကို အမျိုးမျိုးလှည့်ပတ်ပြီး စည်းရုံးလိုက်သည်။ အဲဒါကိုပဲ မေမေက ဆတ်ဆတ်ခါသွားကာ သူ့ပခုံးကြီးကို ဆွဲခါပြီး ...

"နက္ခ ... မင်း ငါ့ကို မေမေရယ်လေး ဘာလေးလုပ်ပြီး မစည်းရုံးနဲ့ ... မရဘူး။ ငါက ပြောပြီးသားစကားကို ဘယ်တော့မှ ပြန်ပြင်ရိုးထုံးစံ မရှိဘူး ... မင်း မှတ်ထား"

သူ့စကားကို လုံးဝနားမထောင်တော့ဘဲ ထဘီကြီး တရှမ်းရှမ်းမြည်အောင် ဒေါသတကြီး လှည့်ထွက်သွားသည့် မေမေ့ကို သူ ဘယ်လိုနှလုံးသားမျိုးနှင့် အောက်ကျို့အရှုံးပေးရမလဲဆိုတာ တစ်ခုတော့ သူ ဆုံးဖြတ်လိုက်မိပြီဖြစ်သည်။

ဘာပဲဖြစ်ဖြစ် မင်းအတွက်ဆိုရင် ငါ မေမေ့ကို ဘယ်လိုပဲ တောင်းပန်ရ တောင်းပန်ရ၊ ဘယ်လောက်အထိ မေမေ အဆိုးဆုံး တုံ့ပြန် တုံ့ပြန် ... ငါကတော့ ဖွဲမလျှော့ဘဲ မေမေ စိတ်ကြည်မယ့်



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ကို မျှော်လင့်နေခဲ့မိတယ် ရက္ခ။

❀

ရက္ခကို နက္ခ မေမေက ထူးထူးခြားခြား သူ့အိမ်ကိုလာဖို့ ဖိတ်တယ်ဆိုကတည်းက ရက္ခ ရင်ထဲမှာ တထင့်ထင့်ဖြစ်ခဲ့တာ။ အခု တော့ စိတ်ထဲက ထင်ထားတဲ့အတိုင်း တစ်လုံးမကျန် ဟုတ်မှန်နေခဲ့ တာက ရက္ခရင်ကို အပြင်းဆုံးထိရိုက်သွားခဲ့သည်။

သို့သော် ရက္ခက ဟန်မပျက်ဘဲ နက္ခမေမေရဲ့ စကားလုံး ကြမ်းတွေကို အံတုချေပနိုင်ခဲ့သည်။

''အန်တီ ရက္ခကို ဒီလောက်အထိ စကားလုံးကြမ်းတွေ သုံးစရာမလိုပါဘူး။ အခု . . . ရက္ခက ဘာဖြစ်နေလို့လဲ၊ အန်တီက ဒီစကားပြောရအောင်''

''အေး . . . ငါက သားနဲ့ပတ်သက်လာရင် မင်းကောင်းတဲ့ သူကို မကောင်းပါဘူးလို့ ပြောင်လိမ်ဝေဖန်ရမှာပဲ၊ ညည်းမိဘအသိုင်း အဝိုင်းနဲ့ အန်တီတို့လိုအသိုင်းအဝိုင်းနဲ့ ဘယ်လိုမှ မအပ်စပ်ပါဘူး''

''အန်တီ တော်ပါတော့၊ ရှေ့ဆက်ပြီး ဘာမှမပြောပါတော့ နဲ့၊ ရက္ခ ဘာမှမကြားချင်ဘူး၊ ရက္ခကို ဘာမှဆက်မပြောတော့နဲ့''

ရက္ခ ရူးသွားသလို နက္ခမေမေကို ခေါင်းတယမ်းယမ်းနှင့်





အော်ပြောလိုက်တာကို နက္ခမေမေက ခနိုးခနဲ့ မဲ့ပြုံးတွေနှင့် စိုက် ကြည့်နေတာက ရက္ခကို တကယ် အခံရခက်စေခဲ့သည်။

ပြီးတော့ တစ်သက်လုံး သမီးလေးလို ချစ်ပါတယ်လို့ တဖွဖွ ပြောခဲ့သည့် အန်တီရဲ့ ရက်စက်စိမ်းကားမှုတွေကို ရက္ခ ပိုပြီး နာကျင် ကြေကွဲ ခံစားခဲ့ရပါသည်။

ဒီအချိန်မှာ အန်တီကတော့ ရက္ခ တိတ်တဆိတ် ကျိတ်ခံ နေတာကို အကျေနပ်ဆုံး စိုက်ကြည့်ပြီး နောက်ထပ် အပြင်းထန် စကားလုံးနှင့် ထိုးနှက်ဖို့ ရှာဖွေလိုက်ပြန်လေသည်။

''အန်တီ့စကားကို ခုလောက်ဆိုရင် ရက္ခ နားလည်လောက် ထင်တယ်''

ရက္ခ ခံစားရတဲ့ရင်ကို လုံးဝဂရုမစိုက်ဘဲ ပြောချလိုက်သည့် [illegible]တို့ကိုလည်း ရက္ခက ရဲရဲရင့်ရင့် ရင်ဆိုင်ကြည့်လိုက်သည်။ အဲဒီ [illegible]တ် ရင်ထဲက နာသာခံခက် ဖြစ်ခဲ့ရသမျှကို အနိုင်ယူကာ တစ်လုံး [illegible] ပြောချလိုက်သည်။

''ရက္ခ . . . နက္ခကိုချစ်ခဲ့တာဟာ ဒီလို အိမ်တိုင်ရာရောက် [illegible]ကားခံတဲ့ စကားကို နားထောင်ဖို့မဟုတ်ဘူး အန်တီ၊ ဒီမှာ [illegible] . . . ရက္ခက သူ့ကို သေလောက်အောင် ချစ်နေခဲ့ပါစေ ဘယ် [illegible] လက်မထပ်ဘူး၊ ရက္ခမှာ ပြစ်ချက်တွေရှိတာ မှန်တယ်၊ [illegible]ယ် . . . ဒါပေမဲ့ မိဘရဲ့အရိုပ်မည်းဟာ ရက္ခတဝမှာ ဘယ်တော့ [illegible]ပ်ဟပ်စေရဘူး၊ ဝမ်းနည်းပါတယ် အန်တီ၊ ရက္ခမှာ ယူစရာ



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျား မရှားပါဘူး''

အဲဒီအချိန်မှာ နက္ခမေမေ နှုတ်ခမ်းတွေ မဲ့ကျသွားတာကို ရက္ခက အရသာရှိရှိပင် စိုက်ကြည့်နေလိုက်သည်။

''ဘာပြောဦးမလဲ အန်တီ . . . ရက္ခဆိုတဲ့မိန်းမဟာ အန်တီ့ထက် ပိုပြီး မာနကြီးပါတယ်''

လို့ ရင်ထဲမှာ တိတ်တဆိတ် စိန်ခေါ်နေတုန်းမှာပဲ . . .

''အေး . . . သိတယ်၊ ညည်း အဲဒီလို အညာလွယ်မှန်းသိလို့ ငါကလည်း ငါ့သားနဲ့ . . .''

''မေမေ . . . ကျွန်တော် တောင်းပန်ပါတယ်၊ ကျွန်တော့်ကို မကျေနပ်ရင် ကျွန်တော့်ကိုပဲ ပြောပါမေမေ၊ ရက္ခမှာ ဘာအပြစ်မှ မရှိပါဘူး၊ ရက္ခ . . . မင်းကလည်း မေမေ့ကို ခံမပြောနဲ့လေ၊ မေမေ စိတ်ဆိုးတုန်းခဏ ပြောတဲ့စကားကို မင်းက သည်းခံနားလည်ပေးမှပေါ့''

ရက္ခနှင့် သူ့မေမေ စကားတွေ အလွန်အကျွံဖြစ်နေတာကို သူက အခန်းအပြင်ကနေ အပြေးအလွှား ဝင်ရောက်ဖျန်ဖြေပေးလိုက်ပေမယ့် ရက္ခကတော့ ဘယ်တော့မှ အစာမကြေနိုင်တော့ချေ။

ရက္ခမိဘတွေရဲ့ မကောင်းတဲ့အကျင့်စရိုက်ကို တိုက်ရိုက်ပြီး ပြောတဲ့စကားတွေက ရက္ခနှလုံးအိမ်ထဲမှာ အက်ဆစ်အပက်ဖျန်းခံခဲ့ရသလို ထွန့်ထွန့်လူး ပူလောင်ကျွမ်းမြည့်ခဲ့ရသည်။ အဲဒီပူလောင်သည့် ခံစားမှုဝေဒနာကို မခံစားစေချင်လို့ ရက္ခဘဝမှာ ဘယ်တုန်းကမှ သူတစ်





ဒါးကို အရှုံးပေး သည်းခံမပေးခဲ့သလို အခုလို မိဘရဲ့အရိပ်မည်းကို ထောက်ပြခဲ့သည့် မိသားစုထဲကို ရှူးရှူးမိုက်မိုက် ဝင်ဖို့အထိ မမိုက်ဖို့ ဆုံးဖြတ်ချက်ချလိုက်သည်။

အခုတောင်မှ သူ့ကိုသိပ်ချစ်ခဲ့သည့် မိန်းမတစ်ယောက်အဖြစ် သူ့အိမ်ကိုလာပြီး အပြောခံခဲ့ရသည့် စော်ကားမော်ကား စကားလုံးတွေကို အသည်းနာအောင် ကြားခဲ့ရပြီဖြစ်သည်။

သူနဲ့ပေါင်းစပ်ဖို့ တစ်အိမ်တည်းနေဖို့ ဆိုတာကတော့ ရက္ခအတွက် ရှုံးသွားမတတ် ခံစားရတော့မည်ဖြစ်သည်။

ငါ အဲဒီလောက်အထိ ဘယ်တော့မှမမိုက်ဘူး နက္ခ။ နင့်ကို ငါ စွန့်ပစ်မယ် မှတ်ထား။

''ရက္ခ စိတ်ကို အဖျော့ဆုံး လျှော့ချလိုက်ပါကွာ . . . နော်၊ ကိုယ် . . . ကိုယ် တောင်းပန်ပါတယ်၊ မေမေ ကျွန်တော် ရှိခိုးတောင်းနေပါတယ်၊ ရက္ခကို ခွင့်လွှတ်နားလည်ပေးလိုက်ပါ၊ ရက္ခမှာ ဘာအပြစ်မှ မရှိပါဘူး၊ ရက္ခရဲ့ရိုးသားမှုကို ကျွန်တော် အသိဆုံးပါ၊ ကျွန်တော် ရက္ခကို မခွဲနိုင်ဘူး၊ ကျွန်တော် သူ့ကိုပဲ လက်ထပ်မှာပါ မေမေ''

''ဟင် . . . မင်းက မေမေ သဘောမ . . .''

''မေမေ''

အဲဒီအချိန်မှာ နက္ခက လက်သီးကို တင်းတင်းဆုပ်ပြီး အုတ်နံရံမှာ ခေါင်းကြီးပြေးအပ် ငိုရှိုက်လိုက်သည်က ရက္ခနှင့် သူ့မေမေကို ဘာစကားမှ ပြောစရာမကျန်အောင် ငြိမ်သက်ငေးမော ကြေကွဲသွားတ်



www.burmeseclassic.com

www.burmeseclassic.com



ဆိတ်သွားခဲ့ရလေတော့သည်။

သူ့မေမေကဆို သူ့သားကိုကြည့်ပြီး ဘာစကားမှ မပြောနိုင် အောင် လည်ချောင်းပိတ်သွားရပြီဖြစ်သည်။

ရက္ခကတော့ မာနကို တစ်စက်မှမလျှော့ဘဲ ပြူးကြောင် ကြောင်ကြီး ဖြစ်နေသည့် သူ့မအေကို မျက်လုံးချင်း ပြိုင်စိုက်ကြည့် နေလိုက်သည်။

"ရက္ခမေ ... ညည်း ငါ့ကို ဒီလောက်အထိ မျက်လုံးစိမ်း တွေနဲ့ ပြာဖြစ်မတတ် စိုက်ကြည့်စရာ မလိုပါဘူးအေ"

ရက္ခမျက်လုံးတွေက နက္ခမေမေကို ဘယ်လောက်အထိ စိမ်း နက် ပြာဖြစ်သွားအောင် စိုက်ကြည့်လိုက်မိသည်မသိ။ ဘယ်လို မခံနိုင်တော့သည့် တုန်ယင်ကြေကွဲသံကြီးနှင့် သူ့မအေက ဆိုလာ အသံက ရက္ခကို အကျေနပ်ဆုံး ခံစားလိုက်ရကာ ရက္ခ မျက်လုံး ကြည့်ကို ဖျတ်ခနဲ လွှဲပစ်လိုက်ပြီး အပြတ်သားဆုံးပုံစံဖြင့် နှုတ်ခမ်း ကို တင်းတင်းစေ့ပစ်လိုက်သည်။

အဲဒီနောက် ဆိုဖာမှ ဆတ်ခနဲ ထရပ်ကာ နက္ခနှင့် မျက်နှာ ချင်းဆိုင် ရပ်လိုက်ပြီး အပြတ်သားဆုံး ဆိုလိုက်မိသည်။

"ဒီမှာ နက္ခ ... နင့်ကို သိပ်ချစ်ခဲ့တဲ့ မိန်းမတစ်ယောက် အဖြစ် ငါ နင့်အိမ်ကိုလာပြီး နင့်မေမေရဲ့ စော်ကားနှိမ့်ချတဲ့စကား ခံခဲ့ရပြီ၊ ငါဟာ ဘယ်တော့မှ မိုက်ရူးရဲမဆန်ဘူး နက္ခ၊ ငါ အလိုမ တဲ့ အစားအစာကို ဘယ်လောက်ချိုပြီး အရသာရှိနေနေ ... ငါ





ချဖို့ ဘယ်တော့မှ စိတ်မကူးဘူး။ ထွေးထုတ်ပစ်ရမှာပဲ၊ ငါ မှန်ကန် တဲ့လမ်းကြောင်းမှာ လျှောက်လှမ်းနေသရွေ့ ငါ ဘယ်သူ့ကိုမှ အရှုံး မပေးဘူး"

ရက္ခ ဒီနေရာ ဒီအရိပ် ဒီမျက်နှာတွေရှေ့က ချာခနဲ လှည့် ထွက်လာခဲ့တာပဲ။ ရင်ထဲမှာ ငြိမ်းချမ်းခွင့် ရလိမ့်မည်ထင်သည်။

သို့သော် အဲဒီလို လှည့်ထွက်လာခဲ့တာက ရက္ခကို အပြင်း ဆုံး ခံစားချက် တနင့်တပိုး သယ်ဆောင်လိုက်သလို ခံစားလိုက်ရတာပဲ ဖြစ်သည်။

❀

"ငါတို့ လမ်းခွဲကြစို့ နက္ခ"

"ဘာတွေ ပြောနေတာလဲ ရက္ခ၊ မင်း ရူးနေသလားဟင်၊ ငါတို့ လမ်းခွဲရအောင်၊ ဟာ ... အဲဒီစကား လုံးဝထပ်မပြောတော့နဲ့"

နက္ခမျက်လုံးတွေ ရူးကြောင်နီကြင်သွားတာကို ရက္ခက ခပ်သာသာပဲ စိုက်ကြည့်လိုက်သည်။ ဘာဖြစ်သလဲ။ ရက္ခ ဘာမှမခံ တားရဘူး စတိုင်လ်ပေါ့။ ဟုတ်တယ်လေ၊ ဘာမှ မခံစားရပါဘူးလေ၊

ဒီအချိန်မှာ သူ့ကိုသိပ်ချစ်ခဲ့သည့် နှလုံးသားကို အကြွင်းမဲ့ အပျက်စီးခံပြီး ရက္ခကို အလိုမရှိသည့် အသိုင်းအဝိုင်းထဲကို ဖွတ်တိုး



www.burmeseclassic.com

www.burmeseclassic.com



ဝင်ဖို့ ဆုံးဖြတ်ဖို့ ဘယ်တော့မှ စိတ်မကူးခဲ့ချေ။

အဲဒီ မာနစိတ်က နက္ခကို လုံးဝစွန့်ပစ်ဖို့ ရက္ခကို အစိမ်းဆုံး စည်းခြားလိုက်သလို ခံစားချက်ပြည့်သွားပြီမို့ အခုလို သူ တိုက်ခန်းကို ရောက်ရောက်ချင်းပင် ရက္ခ စတင်ကြေညာလိုက်တာဖြစ်သည်။

ဒါကို သူက လက်မခံနိုင်တော့လည်း ရက္ခက အပြတ်သား ဆုံး ပြောပစ်ဖို့ သူ့ကို မျက်လုံးရိရိတွေနှင့် စိုက်ကြည့်ပစ်လိုက်သည်။

"ငါ အမှန်တွေပြောနေတာ နက္ခ၊ နင်နဲ့ငါ ဘယ်လိုမှ ပေါင်းဆုံလို့ မရနိုင်ဘူး၊ အဲဒီတော့ လမ်းခွဲလိုက်တာ အကောင်းဆုံးပါပဲ"

"တော်တော့ . . . မင်း ထပ်မပြောတော့နဲ့၊ ငါ နားလည်ပြီ၊ နင်ဟာ . . . ဟာ . . . ငါ တော်ပြီ၊ ငါ ဝေဖန်လိုက်ရင်ကွာ တစ်ကွက်မှ ရစရာရှိမှာ မဟုတ်တော့ဘူး"

သူ အစွမ်းကုန် ပေါက်ကွဲစွာ ဝုန်းခနဲ ထရပ်လိုက်တာကို ရက္ခကတော့ သာသာထိုးထိုးပင် စိုက်ကြည့်ပစ်လိုက်သည်။

ပြီးတော့ ပခုံးနှစ်ဖက်ကို ဆတ်ခနဲ တွန့်ပစ်ကာ ပမာမခန့် ပြောလိုက်သည်မှာ . . .

"ငါ ဝန်ခံပါတယ်၊ ငါ့ဘဝမှာ တစ်ကြိမ်တစ်ခါမှ ကောင်းတာတွေ မရခဲ့ပါဘူး၊ ငါ့ကို ကောင်းကောင်းမွန်မွန် မြင့်တင်ပေးခဲ့တဲ့ သူ ဘယ်သူမှ မရှိခဲ့ဘူး၊ အဲဒီလို စော်ကားနှိမ့်ချခဲ့တဲ့ အသိုင်းအဝိုင်း ထဲကို နင့်ကိုချစ်တာတစ်ခုတည်းနဲ့ ဖွတ်တိုးဝင်လိုက်ရင် ငါ ဘာဖြစ် သွားမလဲဟင်၊ ငါ့မှာ စိတ်ဓာတ်ပိုင်းဆိုင်ရာတွေ သိပ်ရှုံးနိမ့်နေခဲ့ပြီ၊





ငါ အရှုံးနိမ့်မခံနိုင်တော့ဘူး နက္ခ၊ ငါ နင့်ကို သိပ်ချစ်ပေမယ့် ငါ မိုက်ရူးရဲမဆန်ဘူး"

နက္ခမျက်လုံးတွေ ရူးသွပ်သွားသလို ပြူးထွက်သွားပြီး မျက်နှာကြီးအထက်ပင့်ကာ 'ဟား ဟား' ဆိုပြီး ဟားတိုက်ရယ်ချလိုက်လေသည်။

အဲဒီဟားတိုက်ရယ်ချနေရင်းမှ ရယ်သံကြီးနှင့် ရက္ခမျက်နှာကို အနီးဆုံး ပူးယှက်မတတ် စိုက်ကြည့်ကာ . . .

"နင် ငါ့ကို တကယ်မချစ်ခဲ့ပါဘူး၊ နင့်ရင်ထဲမှာ အချစ်မရှိဘူး၊ နင့်ရင်ထဲမှာ ယောကျ်ားတွေအပေါ် လှည့်စားမှုသက်သက်ပဲ ရှိတယ်"

ဒီလောက်အထိ မတန်စေး မတန်ရာ ပြောရက်လွန်းသည့် ဒုက္ခကို ဝန်ခံစရာစကားလုံး မရှိလောက်အောင် ဖြစ်သွားခဲ့ပေမယ့် ရင်ထဲကစကားတွေကို သူသိအောင် ဝန်ခံခဲ့မိသည်။

"ငါ နင့်ကို သိပ်ချစ်ခဲ့မိတဲ့ ငါ့ရဲ့နှလုံးသားကို အစိတ်စိတ် အမြွာမြွာ စုတ်ပြတ်ထွက်သွားအောင် ကြမ်းကြမ်းရှရှ ရိုက်ချိုးပစ်ခဲ့တာ နင်ပဲလို့ ငါ စွပ်စွဲချင်တယ် နက္ခ"

"နင့်လို မိန်းမတစ်ယောက်က ငါ့ကို ဒီလိုစွပ်စွဲလာတယ် . . . ဟုတ်လား၊ ဒီမှာ ရက္ခ . . . နင်ဟာ ငါသိပ်ချစ်လို့ လက်ထပ်မယ့် မိန်းမ ဖြစ်နေလို့ ငါ မဝေဖန်ချင်ဘူး၊ ငါ နင့်ကို နားလည်မှုပဲ ပေး မယ်၊ ငါ သိပ်ချစ်တဲ့မိန်းကိုလည်း ဘယ်တော့မှ မဝေဖန်ချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



“ဝေဖန်ပါ ... ရပါတယ်၊ ငါ မကောင်းဘူးလို့ထင်ရင် မကောင်းသလို ဝေဖန်လိုက်ပါ၊ နှင့်မေမေပြောသလိုပေါ့ ... မကောင်းတဲ့သူကို မကောင်းသလို ဝေဖန်ရမှာပေါ့၊ ဒါပေမဲ့ နှင့်မေမေ ငါ့ကို ဝေဖန်ခဲ့တာ လွဲချော်သွားပြီ၊ ငါ့ကို ဒီလိုအိမ်ကိုခေါ်ပြီး ပြောခဲ့တဲ့ အမှားတွေဟာ ဘာနဲ့မှ ပြင်ဆင်လို့မရတော့ဘူး”

“မင်း မှားနေပြီ ရက္ခ၊ မင်း ဘာဖြစ်လို့ ဒီလောက်ထိ လူတစ်ယောက်ကို အရှုံးမပေးဘဲ အတိုက်အခံ လုပ်ချင်ရတာလဲ ... ဟင်၊ မင်းနဲ့ကိုယ့်ကြားမှာ ဒီလောက်အထိ သွေးဆူပေါက်ကွဲဖို့ မလိုအပ်ဘူး၊ မင်း မေမေ့ကို ပြောခဲ့တဲ့စကားတွေက ကိုယ့်အတွက် ခွင့်လွှတ်စရာတောင် မရှိဘူး၊ မင်း မေမေ့ကို ပြိုင်ပြောလို့ ဘာဖြစ်မှာမို့လို့လဲ၊ တကယ်ဆို မင်း မလိမ္မာတာ”

“နှင်က ငါ့ကို အပြစ်တင်ရှုတ်ချတာလား၊ နှင့်မေမေ အပြစ်တင်ရှုတ်ချတာကို အားမရသေးလို့ နှင်က ထပ်ပြီးအပြစ်တင်လာတာပေါ့ ... ဟုတ်လား”

“ကျစ် ... ခက်ပြီ မင်း ငါ့ကို အထင်လွဲနေတာ၊ ခက်ပါလား၊ မင်း ဘာဖြစ်နေတာလဲ၊ မင်း ငါ့ကို အရှုံ့တိုက်ဖို့ စိုင်းပြင်းနေပြီလား၊ ဒါမှမဟုတ် ခါထုတ်ဖို့ မကောင်းစိတ်တွေ မွေးနေပြီလား ... ပြော၊ မင်းမှာ ယူစရာယောက်ျား မရှားဘူးဆိုတဲ့စကားက ဘာစကားလဲ၊ ဟင် ... ငါ မင်းကိုနားလည်အောင် ကြိုးစားခဲ့ရတယ် မင်းကတော့ ငါ့အချစ်တွေကို ဘာမှနားမလည်ဘူး၊ ငါ့ကို တော်လှန်





ဖို့ ကြိုးစားတယ်၊ ဒါလားကွ ... ငါ့ကိုသိပ်ချစ်တယ်ဆိုတဲ့ မိန်းမတစ်ယောက်၊ ပါးစပ်ကလေးကတော့ သိပ်ချစ်တယ်, သိပ်ချစ်တယ်နဲ့ တကယ့်လက်တွေ့ကျ မင်း ငါ့ဘက်က ဘာမှမဖြည့်ဆည်းခဲ့ဘူး”

တကယ်တော့ နက္ခက သူ့ရဲ့အပြစ်တွေကို လျော့ကျသွားအောင် ရက္ခကို အပြစ်တွေ အလုံးလိုက် အခဲလိုက် တင်ပို့ပေးနေခဲ့တာပဲဖြစ်သည်။

အိုး ... ရယ်စရာပါပဲ။ ဟား ဟား ဟား ... လူတွေဟာ ကိုယ့်မှာ အပြစ်ရှိတာတွေကို သူများအပြစ်အဖြစ် တွန်းပို့တတ်ကြတာ သတ္တိမရှိတဲ့၊ အစွမ်းအစမရှိတဲ့ အတ္တယောင်ယောင်လူစားတွေအဖြစ် သူတို့ကိုယ်သူတို့ အရှက်ရကောင်းမှန်းလည်း မသိ။ အထင်သေးစရာဖြစ်မှန်းလည်း မသိခဲ့။

အဲဒီလို မသိတတ်ကြတာကို ရက္ခက ချက်ချင်းလက်ငင်း ထောက်ပြပစ်လိုက်သည်။

“ဒီမှာ နက္ခ ... ငါ့ကို နားလည်မှုရှိတဲ့ အသိုင်းအဝိုင်းထဲကိုပဲ ငါ တိုးဝင်ချင်တယ်၊ ငါ့ကို အပြစ်တင်ရှုတ်ချတဲ့ လူစားထဲတော့ ဒါ ဘယ်တော့မှ မဝင်ဘူး၊ အဲဒီလူစားတွေဟာ ငါ့ဘဝအတွက် တစ်သက်လုံး ပျော်ရွှင်သာယာမှု ပေးနိုင်မှာ မဟုတ်ဘူး၊ အဲဒါ ငါ အရှင်းဆုံးပြောတာပဲ၊ ထပ်ပြီး ငါ အရှင်းဆုံး ပြောမယ် ... နှင့်အမေရှေ့မှာ ကျရှုံးခဲ့တဲ့ ငါ့ရဲ့ဂုဏ်သိက္ခာကို နှင် ဘာနဲ့ ပြန်ကယ်တင်ပေးမလဲ”

နက္ခမျက်နှာ အပျက်ကြီးပျက်သွားတာကို ရက္ခက ဟား



www.burmeseclassic.com

www.burmeseclassic.com



တိုက်သရော်လိုက်ချင်သေးသည်။

ဒါလား ... ရုက္ခကို လက်ထပ်မယ်ဆိုတဲ့ ယောက်ျားတစ်ယောက်။ ရဲရဲဝံ့ဝံ့ မရှိလိုက်တာ။ (လာဦးမယ် အသံက တိမ်ညှောင်ညှောင်နဲ့။)

ဟား ဟား ... ရယ်တောင်ရယ်ချင်သေးရဲ့ နက္ခရယ်။

ရုက္ခအသံတွေက ရုက္ခရင်ထဲမှာ ပဲ့တင်လှိုင်းရိုက်သွားချိန်မှာ သူက ခေါင်းကြီးငုံ့ချထားရာမှ ဆတ်ခနဲမော့ကာ ရုက္ခခါးကလေးကို သိမ်းဖက်လိုက်သည်တွင် ရုတ်တရက်မို့ ရုက္ခ သူ့ရင်ခွင်ထဲ ဇွတ်ခနဲပါသွားရလေသည်။ အဲဒီအချိန်မှာ ရုက္ခက ယောင်ပြီး မျက်စိမှိတ်မိသည်လား မသိ။

မှိတ်လိုက်တဲ့ မျက်ဝန်းတစ်စုံကို နွေးခနဲ ထိကပ်နမ်းရှိုက်လာတဲ့ သူ့နှုတ်ခမ်းတွေကတော့ မနွေးထွေးဘူးဆိုတာတော့ ရုက္ခ ရင်နာစွာ ခံစားသိရှိလိုက်ရသည်။ ဒီအချိန်မှာ သူက ရင်ထဲက အလှိုက်လှဲဆုံး၊ အနွေးထွေးဆုံးအသံကြီးနှင့် ဆိုလာခဲ့တာ ရုက္ခ ရင်တွေတောင် ပြန်ပြီးနွေးထွေး အသက်ဝင်ခုန်မြန်သွားသလို ခံစားလိုက်ရတာ ရုက္ခ ကိုယ်ရုက္ခ မကျေမနပ်ဖြစ်သွားရပါတော့သည်။

သူပြောလာသည့် စကားမှာ ...

''ကိုယ်နဲ့မင်း နှစ်ဦးသဘောတူ လက်ထပ်ကြတာပေါ့ ရုက္ခရယ်၊ ကိုယ်တို့ လက်ထပ်ပြီးရင် မေမေက ကောင်းမွန်တဲ့မင်္ဂလာပွဲတစ်ခု လုပ်ပေးမယ်လို့ ကိုယ်ယုံကြည်တယ်၊ ရုက္ခ ... မင်း မေမေ့ကို





အထင်မလွဲပါနဲ့၊ မေမေ မင်းကို ဘယ်လောက်အထိ ချစ်ခဲ့တယ်ဆိုတာ ကိုယ် အားလုံးသိတယ်၊ ကိုယ်ထင်တယ် ... မင်းကို မေမေ အဲဒီလို ပြောပြီးကတည်းက စိတ်မကောင်းဖြစ်ပြီး မဖျားရုံတမယ် ဖြစ်သွားတာပဲ''

''တော်ပါတော့ နက္ခ ... ငါ နင်နဲ့ ရန်မဖြစ်ချင်ဘူး။ နင် ငါ့ကို ဒီလိုပုံစံမျိုးနဲ့ လက်ထပ်လို့ကတော့ ဘယ်တော့မှမရဘူး။ ဒီမှာ နက္ခ ... နင် မြဲမြဲမှတ်ထားလိုက်ပါ၊ ငါ့မှာ မိန်းမမာနတော့ ရှိပါသေးတယ်၊ မိဘခွင့်မပြု သဘောမတူတဲ့ နှစ်ဦးသဘောတူ လက်ထပ်ဖို့ကတော့ ဆောရီးပဲ''

''ရုက္ခရယ် ... မင်း ခေါင်းမမာစမ်းပါနဲ့ကွာ''

''ဒီမှာ နက္ခ ... ငါ နင့်ကို လက်ထပ်ခွင့်ပြုနိုင်တဲ့ လက်ထပ်ပွဲတစ်ခုက နင့်အမေကိုယ်တိုင် ငါ့ကိုလာတောင်းတဲ့ လက်ထပ်ပွဲပဲ ငါ အလိုရှိတယ်၊ ယောက်ျားလေးရှင်က သဘောမတူလို့ နှစ်ယောက်ဘက်ကမ္ဘာတည်ထောင်မယ့် ချစ်သူအမျိုးအစားထဲမှာ ငါမပါဘူး။ ကဲ ... နင့်အမေကို ဆွေးနွေးကြည့်ပါဦး ... ဟုတ်ပြီလား၊ အကယ်၍ ဆွေးနွေးလို့မရဘူးဆိုရင်တော့ နင်နဲ့ငါဟာ ငယ်ငယ်တုန်းကခင်တဲ့ သူငယ်ချင်းပေါ့ဟာ၊ အခု သိပ်ချစ်တဲ့ သူငယ်ချင်းတော့ မဟုတ်တော့ဘူးပေါ့ ... ဟုတ်လား''

ဒီစကားတွေ ငါ ပြောသာပြောလိုက်ရတာပါ တကယ် စိတ်ခံစားရတယ် နက္ခလို့ ငါက နင့်ကို ဗိုပြီး ဘယ်တော့မှ မပြောတော့ဘူး



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလောက်အထိ ရက္ခ . . . နက္ခကို နာကြည်းသွားခဲ့တာဖြစ်သည်။ ရက္ခနာသလို နက္ခကလည်း ရက္ခရဲ့ဒီစကားတွေကို နာလုံးပေါက်သွားမှာပါလေ။

အဲဒါကိုပဲ ရက္ခက ကျေနပ်ခဲ့မိသည်။

## ⟪ ၇ ⟫

သူငယ်ချင်းတစ်ယောက်ရဲ့ Birthday ကို သွားမယ့်ဆဲဆဲ ခန်းလှေကားအဝမှာပဲ သူနှင့် တည့်တည့်တိုးပြီး ပြုံးသနာက သွားခဲ့တာဖြစ်သည်။

ဖြစ်ချင်တော့ ရက္ခ လှေကားထစ်တွေကို ဆင်းဆင်းချင်းပင် လက်မောင်းတစ်ဖက်ကို ခပ်ကြမ်းကြမ်း ဆွဲကိုင်ခါယမ်းပြီး ပြုံးသ လာတော့ နက္ခကို ရက္ခက စိတ်ပျက်လက်ပျက် စိုက်ကြည့်ရင်း င်းတစ်ဖက်ကို ဖိကိုက်ပစ်လိုက်သည်။

အဲဒီအချိန်မှာပဲ သူကတော့ ရှုံးရှုံးသွပ်သွက်ကို ပေါက်ကွဲ ခဲ့လေသည်။

"ဒါက ဘယ်လဲ ရက္ခ"

ရွှေမင်းနီတာပေ

www.burmeseclassic.com

www.burmeseclassic.com



စကားသံကအစ ကြမ်းရှနေသည့်သူ့ကို ဘာမှပြန်ပြောချင်စိတ် မရှိပေမယ့် ဦးကိုကိုဇော် လာကြိုသည့်အချိန်ကို နောက်မကျစေချင်လို့ ရက္ခ သူ့ကို မဖြေချင်ဘဲ အဖက်လုပ်ပြီး ဖြေလိုက်ရသည်။

''ငါ့မိတ်ဆွေဖွေးနေ့ သွားမလို့''

''ဘယ်သူနဲ့ သွားမှာလဲ''

သူက ရက္ခလက်ကို ဆွဲကိုင်ပြီး ကျဉ်းမြောင်းသည့်မျက်လုံးတွေနှင့် မေးလာတော့ ရက္ခ ပိုပြီး အခံရခက်သွားသည်။

ဟွန်း . . . သူ့ကိုယ်သူများ ဆရာကြီးယောင်ယောင်၊ သမားကြီးယောင်ယောင် ဂိုက်ဖမ်းလို့။ မုန်းဖို့ကောင်းလိုက်တာ။

''ဟော့ . . . မေးနေတယ်လေ''

''နင် ဘာလုပ်မလို့လဲ၊ ငါ့ကို နင် လိုက်ပြီး ချုပ်ချယ်ပိုင်ခွင့်မရှိပါဘူး။ ငါဘာသာ ဘယ်သူနဲ့သွားသွား . . . နင် အကြောင်း လုံးဝမပါဘူး''

သူ့ကို အရေးမစိုက်ဘဲ လက်တခါခါနှင့် ကျောခိုင်းလှည့်ထွက်သွားသည့် ရက္ခကို သူ ဖြစ်နိုင်ရင် နားရင်းသာ ဆွဲတီးပစ်လိုက်ချင်သည်။

ဘယ်လောက် ပခန့်လေးစား ပမာမခန့်နိုင်လိုက်တဲ့ မိန်းမလဲ တောက် . . . စိတ်ရှိတိုင်းသာ ဆွဲလုပ်လိုက်ရရင် ပြဿနာက ကျော်မကောင်းကြားမကောင်း ဖြစ်သွားဦးမည်။

ပတ်ဝန်းကျင်မှာ ကျော်မကောင်းကြားမကောင်း ဖြစ်ရုံမက





သူ့ပါ အဆစ် ထောင်ကျဦးမလားမသိ၊ အခုတလောမှာ ရက္ခရဲ့သတင်းတွေကို သူ နားမဆံ့ကြားခဲ့ရတာ ကြိတ်မှိတ်သည်းခံပြီး လာခဲ့ခါမှ အခု ပြဿနာနှင့် တည့်တည့်တိုးရသည့်အဖြစ် ရောက်ခဲ့ရသည်။

အခုလို ပြဿနာဖြစ်တာကိုပဲ သူက အခဲမကြေသည့် မျက်လုံးတွေနှင့် စိုက်ကြည့်ကာ သူ့မလက်မောင်းတစ်ဖက်ကို ဆောင့်ဆွဲလိုက်ပြီး သူ့ရင်ဘတ်နှင့် ထိကပ်မတတ် ဆွဲလှည့်ပစ်လိုက်ကာ . . .

“ဒီမှာ”

“ပြော”

“တောက် . . . ငါကွာ လုပ်ရရင် သက်သက် ထောင်နန်းစံရဦးမယ်”

“ဟာ . . . ဘာဆိုင်လဲ၊ နင်နဲ့ငါ ဘာမှမဆိုင်တော့ဘူးနော်နက္ခ”

“မဆိုင်ဘူး၊ ဟား ဟား . . . မဆိုင်ရအောင်ကွာ နင်နဲ့ငါက ဘာလဲ၊ ကဲ . . . ပြောစမ်း၊ ဒီမှာ ရက္ခ . . . နင်ဟာ ခွေးမြီးကောက်ပဲ၊ ကျည်တောက်စွပ်ထားတဲ့အချိန်ကတော့ ဖြောင့်နေပြီး ကျည်တောက်ဖြုတ်လိုက်တဲ့အချိန်မှာ အကောက်က အကောက်အတိုင်းပဲ ဒါ နားလည်သွားပြီ၊ မင်း ယောက်ျားတွေကို တစ်ယောက်ပြီးတစ်ယောက် လှည့်စားနေတဲ့အထဲမှာ ငါ ဘယ်တော့မှ မပါစေရဘူးကွ”

“အိုး . . . ဝမ်းသာပါတယ် နက္ခ၊ ကဲ . . . နင်ပြောချင်တာ ဒါ အကုန်ပဲလား”



www.burmeseclassic.com

www.burmeseclassic.com



သူမက သူမကို လာကြိုသည့်ကား ဖြစ်ဟန်တူသည့် ကားကို တစ်ချက်ကြည့်ပြီး အေးစက်စက်ပြောလိုက်တော့ သူ့ရင်ထဲမှာ ဘာမှမကျန်အောင် မှောင်မည်းတိတ်ဆိတ်သွားတော့သည်။

သွားပါပြီ . . .။ သူ့မှာ ဘာမျှော်လင့်ချက်မှ မရှိတော့ ဗလာအတိ ဖြစ်သွားရပါပြီ။ (ကြယ်တာရာတွေ ကြွေပြုန်းကုန်ပြီး)

ဒီအချိန်မှာ သူ နားလည်လိုက်သည်မှာ ရက္ခ သူ့ကို အသုံးချ လှည့်စားသွားပြီဆိုတာကိုပဲ ဖြစ်သည်။

သူမ ဘယ်လိုပဲ လှည့်စားအသုံးချချ မိန်းမတစ်ယောက် (ရက္ခ) လှည့်စားတဲ့အထဲကို မိုက်မိုက်မဲမဲ တိုးဝင်ခဲ့မိသည့် ယောကျ်ား ထဲမှာ သူ လုံးဝမပါဘူးဆိုတာကိုတော့ ရက္ခဆိုတဲ့မိန်းမကို အပြတ်သားဆုံး ပြောရမည်ဖြစ်သည်။

"ကောင်းပြီ ရက္ခ . . . နင် ဘာလဲဆိုတာ ငါ အသေအချာ နားလည်သွားပြီ၊ နင်ဟာ ယောကျ်ားတွေကို တစ်ယောက်ပြီးတစ်ယောက် လှည့်စားကစားနေတဲ့ တန်ဖိုးမဲ့မိန်းမ၊ အောက်တန်းကျတဲ့ မိန်းမ၊ အလေ့စိမ"

"အို . . . စွပ်စွဲလှချည်လား"

"စွပ်စွဲတာ မဟုတ်ဘူး။ အရှိ အရှိအတိုင်းပြောတာ၊ နင့်လို မိန်းမကို ချစ်သူတော်ခဲ့တဲ့ ငါ့ဂုဏ်သိက္ခာတွေကို ဒီနေ့ ရေနွေးနဲ့ ဆေးကြောပစ်မယ် . . . မှတ်ထား ရက္ခမေ၊ နင်ဟာ ငါနဲ့ လုံးဝမထိုက်တန်တဲ့ မိန်းမပဲ၊ ဒီမှာ နင့်ကို ငါ စွန့်ပစ်ပြီး ဒီနေ့ကစပြီး နင့်ကို စွန့်ပစ်လိုက်ပြီ"





"ကောင်းလိုက်တာ . . . အခုမှ လွတ်လပ်သွားပြီ"

"တောက်ကွာ . . . နင့်ကိုချစ်ခဲ့မိတဲ့ ငါ့ရင်ဘတ် ရင်နာတယ်၊ အေပရယ်ပဲ"

အမယ်လေး . . . သူကပဲ တစ်ပြန်ကြီး ရင်နာတယ် အေပရယ် ပြောရသေး။ တကယ်တမ်း ရင်နာတယ်အေပရယ် ဖြစ်ခဲ့ရတာက ရက္ခပါ။

ဒါပေမဲ့ ရက္ခက ဟန်ဆောင်ကောင်းသူပီပီ ဣန္ဒြေမပျက် မျက်နှာကို တစ်ချက်မညှိုးစေရဘဲ ရက္ခကို အဆင်သင့်လာကြိုသည့် ဦးကိုကိုဇော်ရဲ့ Land Cruiser ကြီးပေါ် ဖျတ်ခနဲ တက်ထိုင်လိုက်သည်ဆိုရင်ပဲ ဦးကိုကိုဇော်ရဲ့ စူးစမ်းအကဲခတ်သည့်အကြည့်တွေက ရက္ခမျက်နှာပေါ် ခပ်ဝဲဝဲကျရောက်လာခဲ့သည်။

သူ့အကြည့်တွေကို ရက္ခက မသိချင်ယောင်ဆောင်ပြီး ဆံပင်အိအိလေးကို ကျောဘက် တစ်ချက်သိမ်းကာ ကားပြတင်းကို ငေးကြည့်ရင်းမှ သူ စိတ်ကျေနပ်သွားအောင် တောင်းပန်လိုက်ရသည်။

"ရက္ခ နည်းနည်း နောက်ကျသွားတယ် . . . ခွင့်လွှတ်နော် ဦးကိုကိုဇော်"

"အင်း"

သူ ခေါင်းညိတ်ပြီး ပြုံးကြည့်လိုက်သည့် အကြည့်တွေက နော်ရှိုင်းလွန်းသဖြင့် ရက္ခ သူ့ဘေးမှာထိုင်ရတာ အနေကျဉ်းကျပ်



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့ရသည်။ ပြီးတော့ ရင်မောသလိုကြီးလည်း ခံစားလိုက်ရသည်။

ပိုပြီးရင်မောသွားရတာက ဦးကိုကိုဇော်က ကားမောင်းထွက်ရင်းကနေ ရက္ခလက်ကလေးကို ခပ်တင်းတင်း ဖျစ်ဆုပ်ကိုင်လိုက်တာပဲ ဖြစ်သည်။

ပြီးတော့ ရက္ခဆံပင်လေးကိုလည်း သပ်တင်ပေးလိုက်တာက ရက္ခကို ပိုပြီးအနေခက်သွားစေခဲ့သည်။

❀

သူနှင့်လမ်းခွဲပြီးသည့် အချိန်ကစပြီး ဦးကိုကိုဇော်နှင့် ရင်းနှီးသွားခဲ့သည့် ရက္ခမှာ အခုဆိုရင် ဦးကိုကိုဇော်ရဲ့ကုန်တိုက်မှာ မန်နေဂျာအဖြစ် ခန့်အပ်ခံရပြီး လခကောင်းကောင်း ရထားသူအဖြစ် နေရာရခဲ့သည်။

အဲဒီလို သူဌေးနဲ့ရင်းနှီးသွားပြီး နေရာအပေးခံခဲ့ရတာကို ပတ်ဝန်းကျင်က ဘယ်လိုသမုတ် သမုတ် ရက္ခက ဂရုမစိုက်တတ်ပါ။

ဂရုမစိုက်လို့လည်း နက္ခနှင့် လမ်းခွဲပြီးနောက်ပိုင်းမှာ ဦးကိုကိုဇော် ရက္ခကို ရုံးသွားရုံးပြန် အကြိုအပို့လုပ်တာကို လက်ခံခဲ့မိတာပဲ ဖြစ်သည်။ အဲဒီလို လက်ခံလိုက်မိတော့လည်း ...

ဦးကိုကိုဇော်က ရုံးသွားရုံးပြန် ကြိုပို့လုပ်သည့်အပြင် တစ်ခါတစ်ခါ ရက္ခတိုက်ခန်းကို အလည်လာတတ်သေးသည်။





အခုလည်းပဲ ရက္ခ မဖိတ်ခေါ်ရပါဘဲနှင့် သူက ရက္ခတိုက်ခန်းကို ပေါက်ချလာရပြီဖြစ်သည်။

ရက္ခ မဖိတ်ခေါ်ဘဲ ရက္ခဆီသို့ စတိုင်အပြည့်ဖြင့်ရောက်လာသည့် ဦးကိုကိုဇော်ကို ရက္ခက အကြည့်နွေးနွေးတွေနှင့် ဖိတ်ခေါ်ပြီး သာ်ခနဲ ပြုံးလိုက်မိသည်။

"ဟော့ ... ဘာပြုံးတာလဲ"

ဦးကိုကိုဇော်က လူပါးဝဝ ရက္ခ သူ့ကိုကြည့်ပြီး တစ်ဖက်လှည့်ပြုံးလိုက်တာကို တန်းမြင်သွားပြီး မျက်ခုံးပင့်ဆိုလိုက်တော့ ရက္ခမှာ ဟင်းခနဲ ရယ်လိုက်မိသည်အထိ စိတ်ထဲမှာ လွတ်လပ်ပေါ့ရွှင်သွားရသည်။

"အဟား ... ရယ်တယ်ဟေ့၊ ကိုယ့်ကိုကြည့်ပြီး ရယ်တာ ဘာဖြစ်လို့လဲ၊ ဟင် ... ပြော"

"အဟင်း ဟင်း ... ဦးကိုကိုဇော် အသက်ဘယ်လောက်ရှိပြီလဲ"

"သုံးဆယ့်ခုနစ်"

"လေးဆယ်နီးပြီပေါ့နော်"

"နီးဦးမလားကွ၊ သုံးနှစ်, လေးနှစ်ကြီး လိုသေးတာ"

ရက္ခအပြောကို မကျေနပ်သည့် မျက်နှာပေးကြီးနှင့် ရက္ခကို တည်တည်ကြည့်လာသည့် ဦးကိုကိုဇော်ကို ရက္ခက ဖက်ကလေးပု



www.burmeseclassic.com

www.burmeseclassic.com



ပြီး ချစ်စဖွယ်မျက်နှာပေးနှင့် အကြာကြီး စိုက်ကြည့်လိုက်သည်။

အင်း . . . ဒီလူကြီးဟာ အသက်သုံးဆယ့်ခုနစ်လို့ မထင်ရအောင် နုပျိုပြီးခန့်ညားတာ သူ့ဒွေးဆိုသည့် အရှိန်အဝါကြီးကြောင့်လား။ ဝတ်ထားသည့် အဝတ်အစားတွေကလည်း တကယ့်အမိုက်စား။

အရွယ်နဲ့တောင် ပိုပြီး နုနေ၊ လွင့်နေသေးသည်။ သူဝတ်ထားသည့် နုံ့သာရောင် ရှပ်လက်ရှည်အစင်းကျားကြီးဟာ ဘယ်လောက်အထိ တန်ဖိုးကြီးသလဲ မသိပါ။ သူ့ကိုယ်ခန္ဓာပေါ်မှာ ဝင့်ဝင့်ကြွားကြွား တလက်လက်နေရာယူထားတာက သူ့ရဲ့ခန့်ညားတဲ့ ရုပ်သွင်ကြီးနှင့် ထည်ဝါလွန်းသလို သူဝတ်ထားသည့် စတိုင်လ်ဘောင်းဘီ ကော်ဖီရောင်ကလည်း တလက်လက်ထနေကာ တကယ် ကြည့်ရသည်မှာ စတိုင်လ်အပြည့် မိလှသည်။

အပြန်ပြန်ကြည့်လို့ မသိရင် သူ့ကို အသက်သုံးဆယ်ပြုံရုံကလေးပဲ ရှိလောက်မည်ထင်တာမို့ ရုက္ခက သူ့ကိုကြည့်ပြီး ပြုံးမိသွားတာကို သူက ဘယ်လိုအတွေးမျိုး တွေးသွားသည် မသိ။ ရုက္ခနှင့် မျက်နှာချင်းဆိုင်ဆိုဖာမှာ ထိုင်နေရာမှ ရုက္ခနှင့်ယှဉ်လျက် နှစ်ယောက်ထိုင်ဆိုဖာကြီးမှာ ဝင်ထိုင်လိုက်တာကို ရုက္ခက တစ်ဖက်၊ ကိုယ်လုံးလေး မသိမသာရွှေ့လိုက်ပေမယ့် သူက ရဲတင်းဖျတ်လတ်စွာဖြင့် ရုက္ခခါးကို သိမ်းဖက်လိုက်ကာ မျက်နှာချင်း ပူးမတတ်ကပ်ပြီး . . .

"ဘာလို့ ကိုယ်လုံးရွှေ့သွားတာလဲ"





ဆိုပြီး နူးညံ့လေသံဖြင့် အတိုးဆုံး မေးလာခဲ့သေးသည်။

"ဟာ . . . ဦးကိုကိုဇော်နော်"

"အင်း . . . ဘာဖြစ်လဲ . . . ပြော"

"ဘာမှမပြောဘူး"

ရုက္ခ လည်ပင်းလိမ်ပြီး တစ်ဖက်လှည့်လိုက်တာကို သူက တအိအိ သဘောကျစွာရယ်ပြီး ရုက္ခလက်ကလေးကို ခပ်တင်းတင်း ဆုပ်ကိုင်ရင်းက သူ့မျက်နှာကြီးမှာ ပွေ့အပ်လိုက်လေသည်။

သူ့အပြုအမူကြီးက ရုတ်တရက်မို့ ရုက္ခမျက်နှာတစ်ခုလုံး ထူခနဲပူတက်သွားသလို ရင်ခုန်သံတွေ အတိုင်းအဆမရှိ မြည်ဟည်းသွားချိန် သူက ရုက္ခမျက်နှာနှင့် သူ့မျက်နှာကြီးကို အနီးဆုံး ပူးယှက်လုလုကို ကပ်ပြီး . . .

"မင်း ပြောစရာမရှိပေမယ့် ကိုယ့်မှာ ပြောစရာရှိတယ် . . . နားထောင်နော်၊ အင်း . . . မင်းအိမ်ကို ညှိသည်လာလုပ်ပြီး ရည်းစားစကားပြောတယ်လို့တော့ မထင်နဲ့နော်၊ ကိုယ် ရုက္ခကို ချစ်နေတယ်လို့ ရုက္ခ နည်းနည်းမှ မရိပ်မိဘူးလားဟင်"

"ဟာ . . . ဦးကိုကိုဇော်ကလည်း ဘာတွေလျှောက်ပြောနေမှန်းမသိဘူး"

ရုက္ခ ရင်ထဲမှာ နက္ခကို ဘယ်လိုကြီး သတိရသွားမှန်းမသိ ခံစားလိုက်ရတာမို့ သူ့အနားကနေ ဖျတ်ခနဲထပြီး ဝရန်တာမှာ ထွက်ရပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်မှာ ရက္ခ ရင်ထဲမှာ ဘာတွေခံစားနေရတယ်ဆိုတာကို သူက မသိဘဲ သူက သူ ရည်းစားစကားပြောလိုက်လို့ ရက္ခ ရှက်သွားတယ်လို့ပဲ အဓိပ္ပါယ်ကြည့်ပြီး ရက္ခ အနောက်ကနေ လိုက်လာသည့်တွင် ရက္ခက သူ့ကို တစ်ချက်ကြည့်ပြီး စိတ်ပျက်လက်ပျက် လှမ်းပြောလိုက်မိသည်။

"ဟာ . . . ဘာလို့လျှောက်လိုက်လာတာလဲ၊ အဲဒီမှာပဲ ထိုင်နေ့ပါ"

"ဟာ . . . ရက္ခကလည်းကွာ၊ ကိုယ် ရည်းစားစကားပြောတာကို ရှက်စရာလား။ ဒါ ရှက်စရာမလိုပါဘူးကွာ၊ တကယ်ပြောတာ၊ ဒီလောကမှာ ကိုယ်သိပ်ချစ်ခဲ့ရတဲ့ မိန်းမဟာ ဒီကမ္ဘာလောကမှာ တစ်ယောက်တည်းပဲ မွေးသေးတယ်၊ အဲဒါ ရက္ခပဲဆိုတာ ရက္ခ ယုံစေချင်တယ်"

ရက္ခပခုံးနှစ်ဖက်ကို အနောက်ကနေ ဆွဲကိုင်ပြီး သူနှင့်မျက်နှာချင်းဆိုင် ဆွဲလှည့်လိုက်ကာ စူးနစ်ရီဝေသည့် မျက်လုံးအကြည့်တွေနှင့် ရင်ဖွင့်လာသည့် သူ့ကို ရက္ခ ဘာမှပြန်ပြောနိုင်သည့်အင်အားမရှိတော့ပြီမို့ မျက်လွှာကလေးကိုပဲ သိမ်းချထားလိုက်သည်။

ဒီအချိန်မှာ . . . သူ ဘာတွေ ရင်ဖွင့် ရင်ဖွင့် ရက္ခကတော့ ငြိမ်သက်စွာဖြင့် နားထောင်ပေးလိုက်မယ်လို့ပဲ ဆုံးဖြတ်ထားလိုက်သည်။

"ဟင် ရက္ခ . . . ကိုယ် မင်းကိုသိပ်ချစ်တယ်ဆိုတာ မင်း





လက်ခံအတည်ပြုပေးပါနော်၊ ကိုယ့်အသက် သုံးဆယ့်ခုနစ်နှစ်ရောက်ပြီ ကိုယ့်တစ်သက်မှာ ကိုယ့်ကို လက်ထပ်ချင်စိတ်ဖြစ်အောင် ရင်ခုန်မက်မောမှုပြည့်တဲ့ မိန်းမဟာ မင်းပဲ၊ မင်းကို ကိုယ် လက်ထပ်ချင်တယ် ရက္ခ"

"ဟင်"

ဒီစကားတွေကို နက္ခ ပြောတာတွေလို့ပဲ ရက္ခက သတ်မှတ်ပြီး ဦးကိုကိုဇော်မျက်နှာကြီးဟာ နက္ခမျက်နှာအဖြစ် ကူးပြောင်းသွားတော့သည်။ အို . . . နက္ခက ငါ့ကို နူးညံ့တဲ့အပြုံးတွေ၊ နားလည်မှုရှိတဲ့အပြုံးတွေနှင့် ပြုံးပြနေသလို ငါ ခံစားရတယ်။

"ဟင် ရက္ခ . . . မင်း ဘာဖြစ်နေတာလဲ၊ ကိုယ်ပြောတာကြားရဲ့လားဟင်"

"ရှင် . . . အင်း၊ ဟုတ် . . . ဟုတ်ကဲ့၊ ကြားပါတယ် ဦးကိုကိုဇော်"

ရက္ခရင်ထဲမှာ နက္ခကို သတိရစိတ်တွေ ပြင်းသွားတာကို ချိုသိပ်ပြီး သူ့ကိုကြည့်လိုက်တော့ သူက မျက်မှောင်ကုတ်ကာ ရက္ခခေါင်းကလေးကို ဖိအုပ်ရင်းက . . .

"ဘာတွေဖြစ်နေတာလဲ မင်း"

"ဟင့်အင်း . . . ဘာမှမဖြစ်ပါဘူး"

"ဘာမှသာ မဖြစ်ဘူးဆိုတယ်ကွာ၊ မျက်နှာကြီးက တစ်မျိုးပဲ၊ အဓိပ္ပါယ်မလည် ရှိလိုက်တာ၊ ရက္ခ . . . မင်း ဘာတွေရင်ခံနေသလဲ . . .



www.burmeseclassic.com

www.burmeseclassic.com



ဟင်၊ မင်း တစ်ခုခုခံစားနေရတာကို ကိုယ့်ကို မျှဝေခံစားပေးလိုက်စမ်းပါကွာ''

''ရက္ခခံစားချက်ကို ဦးကိုကိုဇော် မျှဝေခံစားလိုက်ရင် ဦးကိုကိုဇော် ရင်ဘတ် ထိသွားလိမ့်မယ်''

''ဦးကိုကိုဇော်တဲ့လားကွာ၊ သူစိမ်းဆန်လွန်းပါတယ် ရက္ခရယ်၊ မင်း ကိုယ့်ကို တခြားနာမ်စားပြောင်းခေါ်ဖို့ စိတ်ကူးမရှိဘူးလားဟင်''

ဟင်း . . . ဒီလူကြီးဟာ လိပ်ဘိုးဘိုးကြီးပဲ။ သူ့ဘက် သူ ယက်တတ်သည့် လူတစ်ယောက်ကို ရက္ခ ခင်မင်ရတာ နည်းနည်းတော့ သတိထားရလိမ့်မည် ထင်သည်။

သတိထားရမလို့ သူ့ကို အတည်ချစ်ဖို့ ဆုံးဖြတ်ခဲ့တာ မဟုတ်တာမို့ သူ လျှောက်မယ့်လမ်းကြောင်းကို သတိကြည့်ရှောင် လုပ်ရမည် ဖြစ်သည်။

အခုလောလောဆယ်တော့ သူ စိတ်ကျေနပ်နိုင်မည့် စကားမျိုးကို ရွေးပြောလိုက်ရသည်။

''ရက္ခ နောက်တော့ စဉ်းစားပေးပါ့မယ်၊ အခုလောလောဆယ်တော့ ဒီလိုပဲ ခေါ်သွားပါဦးမယ်''

''အိုခေ ရတယ် . . . ရတယ်၊ ဒါနဲ့ မင်းကို ကိုယ် တစ်ခုမေးချင်တယ်၊ မင်း ချစ်သူရှိဖူးခဲ့သလား''

''ရှင်''





ရက္ခ လန့်သွားတာကို သူက နားလည်သည့်မျက်လုံးတွေနှင့် အနူးညွှံဆုံး ပြုံးကြည့်ကာ ခေါင်းတစ်ချက်ဆတ်ပြီး . . .

''ခြော် . . . မင်းမှာ ချစ်သူရှိခဲ့ဖူးလားလို့ မေးတာပါ၊ မင်းတို့အရွယ်တွေက ချစ်သူထားတတ်ကြတယ် မဟုတ်လား''

''ဟုတ် . . . ရှိခဲ့ဖူးပါတယ်၊ အခုတော့ ပြတ်သွားပါပြီ''

''ဟာ . . . တော်သေးတာပေါ့၊ ဘာပဲဖြစ်ဖြစ် မင်းမှာ ချစ်သူရှိသည်း ကိုယ်ကတော့ ကြိုးစားရမှာပဲ၊ မင်းကို ကိုယ် အသည်းအသန်ချစ်တယ်ဆိုတာ မင်းသိထားရင် ကိုယ်ကျေနပ်တယ်''

သူ့စကားကြီးက ရက္ခအတွက် အင်မတန်မှ ကြက်သီးထစရာ ဖြစ်ခဲ့သည်။

အမယ်လေး . . . ဒီလူကြီးဟာ ကြောက်စရာပါကလား။

ရက္ခ ကြောက်လန့်စိတ်တွေနှင့် သူ့ကို မှုန်ဝါးဝါး ငေးကြည့်ပြီး ဆိုဖာကြီးဆီ ပြန်ပြီးလျှောက်လာခဲ့သည်။ အဲဒီအချိန်မှာ သူက ရက္ခနှင့်အတူ ဆိုဖာကြီးဆီ ပြန်လျှောက်လာပြီး ဆိုဖာကြီးမှာ ခြေပစ်လက်ပစ် မှီချလိုက်ကာ ရက္ခ မပြောချင်သည့်စကားကိုပဲ တခွေးတနွေး ထွက်လာခဲ့ပြန်သည်။

''မင်းတို့ ဘာဖြစ်လို့ ကွဲကြတာလဲ၊ မင်းကို သူက စွန့်လွှတ်လိုက်လို့လား''

''ဟင့်အင်း . . . မဟုတ်ပါဘူး''

''ဒါဆို မင်းက အရင်စွန့်လွှတ်တာလား''



www.burmeseclassic.com

www.burmeseclassic.com



''အင်း ... ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး၊ ရက္ခ သူ့ကို အရင်စွန့်လွှတ်ခဲ့တယ်၊ ဒါပေမဲ့ သူက လက်မခံခဲ့ဘူး၊ သူ ရက္ခကို နှစ်ဦးသဘောတူလက်ထပ်ဖို့ တောင်းဆိုတယ်၊ နောက်တော့လည်း ...''

ရက္ခပြောရင်းနှင့် ဝမ်းနည်းလွန်းလို့ စကားတစ်ဝက် ပြတ်သွားတော့သည်။ မျက်ရည်တွေကလည်း သူစိမ်းယောကျ်ားတစ်ယောက်ရှေ့မှာ မငိုသင့်မှန်း သိသိကြီးနှင့် ဘယ်လိုမှထိန်းလို့မရအောင် ကိုကျပြီး ရက္ခ မျက်နှာလေးကို ငုံ့ချပြီး တိတ်တဆိတ် ကျိတ်ငိုချလိုက်မိသွားတော့သည်။

''ဟာ ... ငိုနေတယ်၊ ကိုယ် ဘာလုပ်ရမလဲ၊ ကိုယ့်ကိုစွမဟုတ်တော့လည်း ကိုယ်မချော့တတ်ဘူး၊ ဒီမှာ တစ်သျှူး ... မျက်ရည်တွေသုတ်လိုက်ပါ ရက္ခ၊ ဟင် ... မငိုတော့နဲ့နော်၊ မျက်ရည်သုတ်လိုက်နော်၊ ကိုယ် နားလည်တယ်၊ ရှင်းမပြတော့နဲ့နော် ... ဟုတ်ပြီလား''

ဦးကိုကိုဇော်ပေးလာသည့် တစ်သျှူးကို မယူဘဲ ရက္ခ မျက်ရည်တွေကို လက်ခုံကလေးနှင့် ပွတ်သုတ်ပြီး သူ့ကို ခေါင်းခါပြလိုက်သည်။

''ရပါတယ် ... ရက္ခကြောင့် ဦးကိုကိုဇော် စိတ်အနှောင့်အယှက်ဖြစ်သွားရင် ခွင့်လွှတ်ပါနော်''

''ရတယ် ရတယ် ... ဒီလိုပဲ ချစ်သူတွေ ကွဲခါစဆို ဒီအ





တိုင်းပဲနေမှာ၊ ကိုယ် နားလည်တယ်၊ ကိုယ်က မင်းထက် ဆယ်စုနှစ်တစ်စုကြီးတာပဲ ... သည်းခံရမှာပေါ့၊ ကိုယ် မင်းကို ဘယ်လိုမှမထင်ပါဘူး ...၊

မင်း ကိုယ့်ကို ဒီကိစ္စနဲ့ ရှက်ပြီးအမ်းစရာ မလိုဘူးနော်၊ ကိုယ့်ကိုလည်း ရှောင်ဖို့ မကြိုးစားပါနဲ့၊ ကိုယ် မင်းကို တစ်နေ့မတွေ့ရင် မနေနိုင်ဘူး၊ နေ့တိုင်း ရုံးပို့ရုံးကြိုကို မငြင်းရဘူးနော် ရက္ခ''

''ဟုတ်ကဲ့''

''ဟား ... မင်းကို ကိုယ် အသေအလဲ ချစ်တယ်ကွာ၊ မင်းကရော ကိုယ့်ကို ဘယ်လိုတုံ့ပြန်မလဲ၊ ကဲ ... ပြောပါဦး''

သူက အန္တုညံ့ဆုံး မျက်ဝန်းတွေဖြင့် မေးလာသည်တွင် ရက္ခ ရှက်ကိုးရှက်ကန်း ခေါင်းကလေးငုံ့ချရင်းမှ ခပ်တိုးတိုးကလေး သူ့ကို ပြန်ဖြေလိုက်မိတော့သည်။

''အင်း ... ရက္ခကတော့ ဦးကိုကိုဇော်ကို လေးစားပါတယ် ဆိုတဲ့ စကားလေးကို လက်ဆောင်ပေးချင်တယ်''

''အိုခေ ... ကြိုက်သွားပြီ၊ မင်း ကိုယ့်ကို လေးစားတယ် ဆိုတဲ့ တစ်လုံးတည်းနဲ့ ကိုယ် ကျေနပ်တယ်၊ ကဲ ... မင်းလည်း မောပင်ပန်းနေပြီ၊ အနားယူလိုက်ဦးနော်၊ ကိုယ်လည်း ပြန်လိုက်ဦးမယ်''

ဆိုပြီး ဆိုဖာမှ ထရပ်ကာ ရက္ခပါးကလေးကို ချစ်စနိုးနှင့် ဆိတ်ချက်ပုတ်လိုက်သည့် သူ့ကို ရက္ခ ဘာစကားမှ မဆိုနိုင်တော့သလို



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့အင်အားကြီးတဲ့ သံယောဇဉ်က နိုင်ခန့်သွားသည်လား မသိ။

တကယ်ကိုပင် ရက္ခ ဘာဖြစ်သွားမှန်းမသိအောင်ကိုပင် သူ့ရဲ့ ဂုဏ်ဓနတွေက လွှမ်းမိုးသွားခဲ့တာဖြစ်သည်။

ကမ္ဘာလောကကြီးမှာ
နေမင်းကြီး
လင်းလင်းတောက်ပပြီး
နွေးထွေးချိုမြိန်ခဲ့ပေမယ့်
ကျွန်တော့် ရင်ဘတ်ထဲက
နလုံးသားကတော့
ကြယ်တာရာလေးလို
လင်းလက်အား မရှိတော့သလို
နွေးထွေးချိုမြိန်မှုတွေလည်း
မရှိတော့ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com

# ၈

ခြောက်လတာကာလအတွင်းမှာ ချစ်ခဲ့သည့်မိန်းမတ
ယောက်ကို မေ့နိုင်အောင်ကြိုးစားခဲ့ပေမယ့် မေ့မပစ်နိုင်ခဲ့သည့်ရင်
အခုလို သူမ,ရှိသည့် Super Market ကိုရောက်လာရသည်အခါ
စိတ်ခံစားချက် နင့်သွားရတာဖြစ်သည်။

သူ ဒီကုန်တိုက်ထဲ လှမ်းဝင်ဝင်ချင်း ရင်ထဲမှာ ဘယ်လို
ခံစားလိုက်ရမှန်း မသိပေမယ့် သူ့ကို ကောင်တာကနေထွက်ပြီး
နှုတ်ဆက်သည့် သူမကိုတော့ နည်းနည်းအလွမ်းပြေ တစ်ချက်နှင့်
ကြည့်မိသွားသေးသည်။

အဲဒီလို သူကြည့်လိုက်သည့် အကြည့်နက်နက်တွေကို
က မချိုမချဉ်မျက်နှာပေးနှင့် စိုက်ကြည့်လာပြီး သူ့ကို မေးတစ်





ဆတ် နှုတ်ဆက်လာသည်မှာ ဖြစ်နိုင်ရင် သူ ဆွဲလွဲသာ ကိုင်ဆောင့်
ဆစ်လိုက်ချင်သည်အထိ ဒေါသထွက်သွားရလေသည်။

"နက္ခ ... ရုပ်အကျီ လာဝယ်တာလား၊ ငါ ဒီရုံးခန်းမှာ
အမြဲထိုင်တယ်၊ နောက်လည်း ဒီလိုပဲ အမြဲလာအားပေးနော်"

ဆိုပြီး သူ့အနောက်ကနေ သူ့ကို ဖျတ်ခနဲ ကျော်တက်ပြီး
မိုးမခန့်မျက်လုံးတွေနှင့် သူ့မျက်နှာကို စိုက်ကြည့်ပြောလာသည့်
ကောင်ကို သူ အံတစ်ချက် ခဲကြည့်လိုက်သည်။

တောက်ကွာ ... လုပ်ရရင်လည်း ကျော်မကောင်းဖြစ်သွား
ဦးမည်။ (စိတ်မထင်တိုင်း ပါးရိုက်မိပြန်ရင်လည်း တစ်မှုပတ်ဦးမည်)

အင်း ... ဘယ်လိုပဲဖြစ်ဖြစ် သူ ဒီလိုလုပ်ချင်တာကို ကျိတ်
မှိတ်ပြီး သူမကို အနိုင်ပိုင်းဖို့ဆုံးဖြတ်ချက်ဖြင့် သူမကို ချာခနဲ ကျော
ခိုင်းပစ်လိုက်ကာ အံကြိတ်သံကြီးနှင့် ...

"ဒီမှာ ... မင်းရှိတဲ့နေရာကို ငါ ဒီတစ်ကြိမ်ပဲ မျက်စိလည်
လမ်းမှားပြီး ရောက်လာတာ ဖြစ်ရစေမယ်၊ နောက်နောင် မင်းနဲ့ပတ်
သက်တဲ့အရိပ်မှာ ငါ ဘယ်တော့မှ မပတ်သက်စေရဘူး၊ အဲဒါ မင်း
မှတ်လည်ပါ၊ အေး ... တစ်ခါတည်း သတိပေးထားရဦးမယ်၊ နောက်
ဆို မင်း ငါ့ကို ဘယ်လိုနေရာမျိုးမှာကြုံကြုံ စကားပြောဖို့ မစဉ်းစားနဲ့၊
မင်းနဲ့ငါကြားမှာ ဘာမှစပ်ဟပ်မှုမရှိဘူး"

"ကောင်းပြီလေ ... နင့်ဘက်ကသာ ငါ့အပေါ်ကို ပတ်သက်
ဖို့ မကြိုးစားမိပါစေနဲ့၊ ငါ့ဘက်ကလည်း နင့်ကို နောက်နောင် ဘယ်



www.burmeseclassic.com

www.burmeseclassic.com



တော့မှ မပတ်သက်စေရဘူး၊ ငါ့ဘဝထဲကို နင် ဘာမှပတ်သက်စရာ မလိုဘူးလို့ တာဝန်ယူရင် ငါ့ဘက်ကလည်း စိန်လိုက်ပဲ''

''အိုခေ . . . မင်း ငါ့ကို စိန်ခေါ်စရာမလိုဘူး၊ ကောင်းပြီ မင်းက ငါ့ကို စိန်ခေါ်တယ်ဆိုတော့ စိတ်ချ . . . မင်းကို ငါ တစ်သက်လုံး ကျောခိုင်းထားမယ်၊ မင်းနဲ့ လုံးဝမပတ်သက်စေရဘူး . . . မှတ်ထား ရက္ခမေ''

''အိုး . . . မှတ်ပါတယ်၊ မှတ်ပါတယ်၊ နင်သာ နင့်စကားကို နင် လုံးဝမမေ့မသွားနဲ့''

''တောက် . . . မုန်းဖို့ကောင်းလိုက်တဲ့ မိန်းမကွာ''

သူ့ကို အစိမ်းကားဆုံးမျက်လုံးတွေနှင့်ကြည့်ပြီး တောက် တောက်ခါးခါးပြောလာသည့် တစ်ချိန်တုန်းက သူ အသည်းနှင့်အောင် ချစ်ခဲ့ရသည့်မိန်းမကို သူ နောင်ဘယ်တော့မှ ဆုံစည်းဖို့ မကြိုးစား တော့ဘူးဆိုသည့် နာကျင်သည့်ဆုံးဖြတ်ချက်ဖြင့် လှည့်ထွက်လာခဲ့ လိုက်သည်။

သူ ချာခနဲ သူမရှေ့က လှည့်ထွက်လိုက်သည်နှင့် တစ်ပြိုင် နက် တိုက်ဆိုင်လှစွာဖြင့် ကက်ဆက်သီချင်းသံက သူ့နှလုံးသားကို ပိုပြီးကြေကွဲပူလောင် ခံစားလိုက်ရတော့သည်။

ဩော် . . . တိုက်ပဲတိုက်ဆိုင်လွန်းတယ်ကွာ။

သီချင်းက စာမျက်နှာတစ်ဆယ့်ငါးတဲ့ကွာ။

♫ အတိတ်တွေက မှုန်ဝါးပေမယ့် ငါတို့နှစ်ဦးဖတ်လင်း





ခဲ့ချိန်နေရာက အကောင်းအတိုင်း ရှိနေဆဲပါပဲ ××× ဟိုတစ်ကွက် ဒီတစ်ကွက် ပိတ်ကားထက် အရင်လို ကြည့်မကောင်းပေမယ့် မြင် ရတယ် ♫

ဆိုတဲ့ သီချင်းသံက သူ့ကို ရူးမူးစေရတယ်ဆိုရင် သူ အမှား ကြီး မှားသွားပြီလား။ ဒါမှမဟုတ် ကျွန်တော် ရူးများ သွားပြီလား။

ဟင့်အင်း . . . ကျွန်တော် မရူးခဲ့ပါဘူး။ (တကယ်ပါဗျာ)။ ဒါပေမဲ့ ကျွန်တော့်အတိတ်တွေက လေးဖြူဆိုတဲ့ သီချင်းလေးလို လွမ်းနေခဲ့ဆဲပါပဲဗျာ။

❀

''ဟာ . . . ဟိတ်ကောင် နက္ခ . . . ဟို မဒီချောချောလေးက မင်းကို အကြာကြီးစိုက်ကြည့်နေတာ ငါတောင် ကြက်သီးထတယ်''

''ဟင် . . . ဘယ်သူလဲ''

စားပွဲတစ်လုံးမှာ သူ့သူငယ်ချင်းတစ်ယောက်နှင့် ဝိုင်းကျနေ သည့်သူက ရုတ်တရက် ကိုင်ထားသည့် လက်ဖက်ရည်ခွက်ကို ဖျတ် ခနဲချပြီး သူ့သူငယ်ချင်းပြသည့် ရက္ခတို့စားပွဲဝိုင်းသို့ လှည့်အကြည့် မျက်လုံးချင်း တွေ့သွားကာ မျက်လုံးတွေ ခဏအံ့သြသွားပြီးမှ ဖျတ်ခနဲ မျက်နှာကြီး ပြုတ်ထွက်မတတ် ပြန်လှည့်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာမှ ခနိုးခနဲ့ လည်အစ်သံကြီးနှင့် သူ့မျက်နှာဝင်တိုတိုကို ပိုပြီးပုဝင်သွားအောင် ပြောလိုက်သည်မှာ . . .

"အလကားပါကွာ . . . ရူးနေတဲ့ မိန်းမတစ်ယောက်ပဲဖြစ်ရမယ်၊ ယောကျ်ားတစ်ယောက်ကို အကြာကြီးစိုက်ကြည့်တယ်ဆိုတော့ မင်းစဉ်းစားကြည့် . . . ရူးနေလို့နေမှာပေါ့၊ သနားစရာကောင်းပါတယ်ကွာ . . . အပြစ်မတင်လိုက်ပါနဲ့၊ ဟိတ်ကောင် ဖေယျ . . . ဒီတစ်ပတ်ဂျပန်သွားရင် ငါလည်း ဖေဖေတို့နောက်ကို တစ်ခေါက်လိုက်ကြည့်ဦးမယ်၊ ဟိုမှာ အလုပ်ကိစ္စအဆင်ပြေတော့လည်း အပြီးနေဖို့ ဆုံးဖြတ်ရတာပေါ့"

"အေးပါ . . . မင်း ဒီမှာ သံယောဇဉ်မရှိတော့ဘူးလား"

"အရင်တုန်းကတော့ သံယောဇဉ်မပြတ်လို့ မေမေက ဖေဖေနောက်ကို လိုက်ချင်တာတောင် ငါက ခေါင်းမာခဲ့တယ်၊ အခုတော့ ငါ့မှာ ဘာသံယောဇဉ်မှ မရှိတော့ဘူး၊ ရင်ထဲမှာ အရှင်းအလင်းဆိုတော့ သွားဖို့ဆုံးဖြတ်ရမှာ လွယ်ကူသွားပြီ"

"ဟာ ဟိတ်ကောင် . . . မင်းကို အခုထိ ကြည့်တုန်းကွ . . . ဘယ်လိုကြီးလဲ"

"အရူးမ မိန့်မ်းမကို ကြည့်မနေစမ်းပါနဲ့ကွာ"

နက္ခစကားက ရက္ခရင်ကို တစ်ရှိန်ထိုး ထွင်းဖောက်ဝင်ရောက်သွားပေမယ့် ရက္ခ ဘာမှပြန်မပြောဘဲ ဒီအတိုင်း ခေါင်းငုံ့သည်းခံလိုက်သည်။ ရက္ခ သည်းခံလိုက်ပေမယ့် အခုနောက်ပိုင်းမှာ အလုပ်အဖွဲ့





လုပ်သည့် တိုက်ခန်းတစ်ခန်းထဲနေ သူငယ်ချင်းနီနီက ရက္ခကိုယ်စား ဆတ်ဆတ်ထိမခံ ဖြစ်သွားကာ . . .

"ဟင် . . . ကြားလား ရက္ခ၊ နင့်ကိုများ အရူးလို့ပြောနေတာ ကြည့်စမ်းဟာ . . . ရုပ်ရည်နဲ့စိတ်ဓာတ်နဲ့က တခြားစီပဲ၊ စိတ်ဓာတ်သိမ်ငယ်ယုတ်ညံ့လိုက်တာ၊ နင် ဘာငြိမ်နေတာလဲ၊ ဒါ သက်သက် ရန်စတာ၊ ဒါမျိုး လုံးဝအကြောမပေးနဲ့ ရက္ခ"

"နေပါစေ နီနီ . . . သူ လူ့အသိမရှိလို့ ပြောတာပဲကွယ်၊ တစ်ချိန်ချိန်မှာ သူတစ်ပါးကိုစော်ကားတဲ့သူဟာ ကိုယ့်ကိုယ်ကိုယ်ပဲ ပြန်ခံရမယ်လို့ ငါ ယုံကြည်ထားတယ်၊ ငါ မရူးပါဘူး၊ အဲဒီလို စော်စော်ကားကားပြောတဲ့သူသာ ရူးကျန်ခဲ့မှာ"

"အမယ်လေး ရက္ခရယ် . . . ငါတော့ ဒီလိုလိုးမယ့်သက်သက်စော်ကားတာ သည်းမခံနိုင်ဘူး၊ ရုပ်က ပေတေတေ ကြွစောင်းစောင်းနဲ့ အမောက်ထောင်နေတယ်၊ တောက် . . . ရုပ်ကိုက ပင်လယ်ဓားစာသေမယ့်ရုပ်နဲ့၊ ရက္ခကိုများ သူက . . . သူ့ရုပ်သာ အရူးရုပ်၊ မျက်လုံးက ပြူးကြောင်ကြောင်ကြီး"

"လာပါ နီနီရယ် . . . ဒီလိုကောင်စားကို တုပြောမနေပါနဲ့၊ ငါတို့ ဝေးဝေးရှောင်ကြစို့"

နီနီ့လက်ကိုဆွဲပြီး ရက္ခ လက်ဖက်ရည်ဆိုင်ထဲက ထွက်လာချိန်မှာ ရက္ခရင်တစ်ခုလုံး တင်းကျပ်ခံစားခဲ့ရသည့်အဖြစ်ကို တိုက်ခန်းပြန်ရောက်မှပဲ နီနီက သိခွင့်ရတော့သည်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ဘုရားရေ . . . နက္ခရွေဆိုတဲ့ သူ . . . ဟုတ်လား ရက္ခ"

တိုက်ခန်းကို ပြန်ရောက်ရောက်ချင်း နီနီ့ကို ပြောပြလိုက်တော့ ရက္ခအကြောင်း အကြောင်းစုံသိထားသည့် နီနီက မျက်လုံးပြူးကြီးနှင့် ရင်ဘတ်ကြီးကိုဖိပြီး ထအော်လိုက်လေသည်။

ရက္ခက နီနီအံ့ဩသွားတာကို မချိပြုံးကလေး စိုက်ကြည့်နေမိဆဲ နီနီက မဲ့မဲ့ရွဲ့ရွဲ့နှင့် အပြစ်တင်လာခဲ့ပြန်သည်။

"အမယ်လေး ရက္ခရယ် . . . နင် ဒီထက်တောင် နာကျင်[...] ကောင်းသေးတယ်၊ သူ့ကို စကားထဲ ထည့်မပြောတော့နဲ့ ဒီလိုလူ[...] နဲ့ နင့်ကို ငါ လုံးဝသဘောမတူဘူး၊ သူ့ဘာသာ ဘာကြီးဖြစ်နေနေ ရုပ်က ပေတေတေ, စောင်းတောင်းတောင်းနဲ့၊ နင့်ကိုများ အကြော[...] ကြီးနဲ့ ချိုးချိုးဖဲ့ဖဲ့ပြောလိုက်တာ၊ ရုပ်က ယောက်ျားဖြစ်ပြီး မျက်နှာ[...] နဲ့ မျက်လုံးကလည်း အိုက်တင်နဲ့ပြူးသေး၊ ဟား . . . တကယ်မုန်း[...] ကောင်းလိုက်တာ"

"ငါ သူ့ကို ဖုန်းဆက်မယ်၊ သူ့ကိုပြန်ပြီး တုံ့ပြန်ရမှ [...] နေသာထိုင်သာရှိမယ် နီနီ"

"မဆက်နဲ့၊ ဒီကောင် ပိုပြီး ရောင့်တက်မယ်၊ ပိုပြီး အထ[...] ကိုင်မယ်၊ တော်ကြာ နင်က သူ့ကို ငမ်းငမ်းတက်ဖြစ်နေတယ် ထ[...] လိမ့်မယ်၊ လုံးဝမဆက်နဲ့၊ ဟိုမှာ မျက်နှာချင်းဆိုင်တည့်တည့် အရှ[...] ခံရပြီးမှ အခုမှ မခံချင်ဖြစ်မနေနဲ့၊ နင်ပဲ ရှုံးမှာ"

"ငါ့ဘဝမှာ ဘယ်တုန်းကမှ အနိုင်ဆိုတာ မရခဲ့ပါဘူး [...]





အရှုံးထဲက ထိထိနာနာ အရှုံးတွေချည်းပါပဲ၊ သူနဲ့ပတ်သက်ပြီး ရှုံးနိမ့်ခဲ့တဲ့ ရှုံးနိမ့်မှုတွေက ငါ့နှလုံးသားထဲမှာ စွဲငြိသွားပြီ၊ ဘယ်တော့မှ မေ့တော့ဘူး၊ ဒါပေမဲ့ ငါ သူ့ကို တစ်နေ့မှ မေ့မရခဲ့ဘူး နီနီ၊ အဲဒါ ငါ မှားသလားဟင်၊ သူ ငါ့အပေါ်မှာ ကောင်းခဲ့တာတွေ အများကြီး ရှိတယ်လို့ ငါ့နှလုံးသားက လက်ခံထားခဲ့တယ်"

"အေး . . . ကြပ်ကြပ်လက်ခံ၊ ငါတော့ စိတ်ဆင်းရဲတယ်၊ နင် သူ့ကိုတော့ ဖုန်းမဆက်နဲ့နော်"

ရက္ခ ဘာစကားမှ ဆက်မပြောနိုင်တော့ဘဲ နီနီ့ရှေ့မှာပင် ဝမ်းနည်းမျက်ရည်များ စီးကျသွားခဲ့ရပါပြီ။

နီနီကတော့ ရက္ခလို ယောက်ျားတစ်ယောက်အတွက်နဲ့ မျက်ရည်ကျ ပေးဆပ်နေတာကို မခံစားဖူးတော့ မဲ့မဲ့ရွဲ့ရွဲ့နှင့် တစ်ဖက်ကို လှည့်ထွက်သွားလေသည်။

အဲဒီခဏအတွင်းမှာပဲ ဧည့်ခန်းစားပွဲဘေးက ဗီရိုပေါ်ကနေ ဖုန်းကလေးက တတူတူမြည်လာတော့သည်။

"ဟဲ့ . . . သူ့ဖုန်းထင်တယ် မကိုင်နဲ့"

"သူ ငါ့ကို အရင်အရှုံးမပေးပါဘူး၊ တခြားဖုန်းပဲ ဖြစ်မယ် ထင်တယ်"

ရက္ခက ဗီရိုပေါ်က လက်ကိုင်ဖုန်းကလေးကို ကောက်ကိုင်ပြီး နားထောင်သည့်အချိန်မှာ ထင်မှတ်မထားသည့် ဦးကိုကိုဇော်ဖုန်း ဖြစ်နေခဲ့သဖြင့် ရက္ခ မျက်နှာကလေး မဲ့ကျသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟွန်း . . . ဒီသူဌေးကလည်း အမြဲတမ်း ရက္ခကို အချိန်ပြည့် လိုလိုကို စကားပြောချင်နေတာ တကယ် စိတ်ပျက်မိသည်။

စိတ်ပျက်ခဲ့ပေမယ့် သူက ကိုယ့်ကျေးဇူးရှင်၊ အလုပ်ရှင်မို့ တော့လည်း ရက္ခက အဆင်ပြေပြေလေး အသံကိုနှိမ့်ပြီး အချိုသာဆုံး ပြောလိုက်ရသည်။

"ဟုတ်ကဲ့ ဦးကိုကိုဇော် . . . အဟင်း ဟုတ်ကဲ့၊ အင်း . . . အဲဒီကိစ္စကတော့ ရက္ခ စဉ်းစားပါရစေဦးနော်၊ စိတ်မရှိပါနဲ့ ဦးကိုကို ဇော်ရယ်၊ ရက္ခဘဝနဲ့ဆိုင်လို့ ရက္ခကို အချိန်လေး ထပ်ပေးပါဦးနော် ဩော် . . . ဦးကိုကိုဇော်က ဘာမှငြင်းစရာ မရှိပါဘူး၊ အဲဒီလို ရက္ခကို အကျပ်မကိုင်ပါနဲ့၊ ဟုတ် . . . ပြောပါ၊ ဟုတ်ကဲ့ . . . ဒါဖြင့်လည်း ပြီးရော၊ နီနီ့ကိုပါ ခေါ်လာမှာ၊ ဟာ . . . ခေါ်မှာပဲ၊ ဟုတ်ကဲ့ ဟုတ်ကဲ့ . . . ဒါပဲနော်"

ရက္ခ စိတ်အညစ်ကြီး ညစ်သွားပြီး ဖုန်းပိတ်လိုက်တဲ့အချိန် မှာ နီနီကတော့ ထခုန်မတတ် ဝမ်းသာသွားကာ . . .

"Boss ဖုန်းဟာ၊ ငါကတော့ နင့်ကို Boss နဲ့ပဲ ဖြစ်စေချင် တယ်၊ Boss က သဘောလည်းကောင်းတယ်၊ နင့်ကိုလည်း အလိုလိုက်တယ်၊ သိပ်ချစ်တယ်၊ အရွယ်ကလည်း ကွာတော့ နင် ဖြစ်စေ ချင်တဲ့ဆန္ဒချည်း နင့်ကို အလိုလိုက်ခဲ့တာ၊ နင် တလွဲမတွေးနဲ့နော် . . . အုံးစားမနေနဲ့၊ Boss ကိုသာ လက်ထပ်မယ်လို့ အဖြေပေးလိုက် တော့ဟာ"





"တော်စမ်းပါဟာ၊ ပြောချင်တာတွေ လျှောက်ပြောနေ၊ ဒီမှာ ငါ တကယ်အုံးစားနေပြီဟ၊ လူကြီးက လူပါးကြီး၊ လှစ်နေတာ၊ ငါ့ ကို Sedona မှာ Lunch စားဖို့ ဖိတ်တယ်၊ ငါက နင့်ကိုပါ ခေါ်လာ မယ်ပြောတော့ အင်တင်တင်နဲ့၊ သူနဲ့ နှစ်ယောက်တည်းပဲ သွားစေ ချင်တဲ့ပုံစံ၊ ဟင်း . . . မသွားရဲပါဘူး၊ ကြောက်တယ်"

"မသွားရဲလည်း လိုက်ရမှာပဲ၊ အေး . . . နင် မူဖို့တော့ မပြင်နဲ့၊ ဒီလောက် ထိတ်ထိတ်ကြဲချမ်းသာတဲ့ ဟိုင်းဘော့စ်ကိုမှ နင် လက်မခံရင် နင် ရူးလို့ပဲ၊ ဟိုဆင်ကန်းတောတိုးကောင်ကို မေ့ပစ် လိုက်စမ်းပါဟာ၊ ငါနဲ့သာ လဲပစ်လိုက်ချင်တယ်"

"လဲချင်ရင်လည်း မနက်ဖြန် သူ လာခေါ်ရင် နင်လိုက်သွား လိုက်"

"ဟဲ့ . . . ငါ့ကိုမကြိုက်လို့ မခေါ်လို့ပေါ့ဟဲ့၊ ကြိုက်လို့က တော့ ကြာသလား မမေးနဲ့"

တကယ်တမ်း နီနီ ပြောသာပြောလိုက်ပေမယ့် စိတ်ဓာတ်ရိုး တာ သိထားတာမို့ ရက္ခက ခပ်သာသာပဲ ပြုံးပြီး ပခုံးတစ်ဖက်တွန့် ကာ အိပ်ခန်းထဲကို လှမ်းဝင်လာလိုက်တော့သည်။

ဒီအချိန်မှာ ရက္ခရင်ထဲမှာ ကွက်လပ်ကြီးဖြစ်နေလို့ ဘယ်သူနဲ့ မှ စကားမပြောချင်ပါ။

တစ်ယောက်တည်းပဲ အေးအေးဆေးဆေး အိပ်ရာထဲမှာ ခေါင်းခြုံပြီး ကွေးကွေးလေး ဆွေးနေလိုက်သည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အတွေးဆွေးတွေနှင့် တစ်ယောက်တည်း စိတ်ထဲကနေ စကားပြောနေခဲ့မိသည်။

တကယ်တော့ နက္ခရယ် ... ငါ နှင့်ကို ဘယ်လိုမှ မေ့ပစ်လို့ မရပါဘူး။ နှင့်နှလုံးသား ထက်ခြမ်းကွဲသွားအောင် ငါ ရိုက်ပုတ်လိုက်ရုံ သက်သက်ပါပဲ။

အဲဒီလို နှင့်ကို ထိခိုက်စေတဲ့ ခံစားမှုတွေက ငါ့ကိုပဲ ပြန်ပြီး *ခံစားခဲ့ရတယ်ဆိုတာ အခု ငါ ပြင်းပြင်းထန်ထန် သိရှိနေရပြီ။*

ရက္ခအတွေးတွေက ရက္ခကို ဒီညတစ်ညလုံး ဘယ်လိုမှ အိပ်မပျော်နိုင်တော့မှာမို့ ရက္ခ နီနီအိပ်ပျော်နေသည့်အချိန်မှာပဲ နက္ခကို ဖုန်းခေါ်လိုက်ပါတော့သည်။

ရက္ခ သူ့ကို အရင်ဖုန်းခေါ်လို့ ကျရှုံးရင် ကျရှုံးပါစေ ... မမှု ပါဘူး။ အခုချိန်မှာ သူ့ကို ရက္ခပြောချင်တဲ့စကားကို ပြောလိုက်ရမှ ရက္ခ ကျေနပ်နိုင်မည်ဖြစ်သည်။

ဒီအချိန်မှာပဲ ဖုန်းထဲကနေ ကြောက်စရာကောင်းလောက်အောင် ထွက်လာသည့် သူ့အသံက ရက္ခနားထဲ ခပ်ပြင်းပြင်း ရိုက်ခတ်ဝင်ရောက်လာခဲ့သည်။

"ဟော့ ဒီမှာ ရက္ခမ ... မင်း ဘာသဘောနဲ့ ညဉ့်နက်သန်းခေါင် ငါ့ဆီ ဖုန်းဆက်ရတာလဲ၊ မင်း သိပ်ပြီး မာယာမများနဲ့ ရက္ခမေ မင်း သတိထားနေပါ"

"နေပါဦး ... နှင်က ငါ့ကို မာယာများတယ် ပြောရအောင်





ငါ မာယာများတာ နှင် ဘယ်နှခါ ကြုံခဲ့ဖူးလို့လဲ၊ ဒီမှာ နက္ခ ... ငါ နှင့်ကို ဖုန်းဆက်တာ ငါ့အကြောင်း ပြောပြချင်လို့၊ နှင် ငါ့အကြောင်း စိတ်ဝင်စားရင် နားထောင်"

"စိတ်မဝင်စားဘူးဟေ့ ... စိတ်မဝင်စားဘူး"

"ဒေါသမကြီးနဲ့ဦးလေ၊ စိတ်မဝင်စားရင် ဝါသနာတော့ ပါမှာ အမှန်ပဲ"

"တောက် ... မင်း ဘာပြောမှာလဲ"

"အိုခေ ... **ဒီလို**လုပ်စမ်းပါ၊ ငါ ငါ့မန်နေဂျာလုပ်တဲ့ ကုန်တိုက်ပိုင်ရှင် ဦးကိုကို**ဖော်ကို** မနက်ဖြန် ဆယ့်နှစ်နာရီ Sedona မှာ Lunch စားရင်းနဲ့ **လက်ထပ်**ဖို့ အဖြေပေးတော့မယ်၊ ဒါပဲနော်"

ဆိုပြီး **ဖုန်းကို** ဖျတ်ခနဲ ပိတ်ပစ်လိုက်သည့် ရက္ခရင်ထဲမှာ သူ့ကို အခုလို **စကားလုံး**နှင့်ရိုလိုက်ရသဖြင့် အကျေနပ်ကြီး ကျေနပ်သွားပါတော့သည်။

အိုကွယ် ... အခုလောက်ဆိုရင် ရက္ခပြောတဲ့စကားနဲ့ သူ့နှလုံးသွေးတွေ တဆိန်းဆိန်းမြည်ပြီး ဒေါသမောင်းထနေလောက်ပြီ ဖြစ်သည်။

ကဲ ... နှင် ငါ့ကို ဘယ်လိုရင်ဆိုင်မလဲ။

ငါကတော့ နှင့်ကို စစ်မြေပြင်ဖွင့်ပြလိုက်ပြီ၊ နှင်သာ ငါခင်းတဲ့လမ်းကြောင်းကို လျှောက်နိုင်အောင် ကြိုးစားလိုက်။

ဟုတ်ပြီလား နက္ခ။



www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်မှာ ရက္ခဆိုတဲ့ မိန်းမကတော့ တစ်ပြိုင်နက်တည်းမှာပင် ယောက်ျားနှစ်ယောက်ကို လှည့်စားမှုတွေနှင့် အသုံးချလိုက်မိပြီ ဖြစ်သည်။

အဲဒီအတွက် ရလဒ်အဖြေကတော့ အဘယ်သို့ လာဦးမည် မသိ။

❀

## ( ၉ )

"ရက္ခ ... ကိုယ်တို့ ဟိုစားပွဲမှာ ထိုင်ကြမယ်"

"ဟင့်အင်း ... ဒီစားပွဲမှာပဲ ထိုင်ကြရအောင် ဦးကိုကိုဇော်၊ ဒီနေရာလေး အဆင်ပြေပါတယ်"

ရက္ခတို့ဝင်လာသည့် အဝင်ဝကို မျက်နှာချင်းဆိုင်ပြီး ရက္ခတို့အလာကို လာစောင့်ကြည့်နေသည့် နက္ခနှင့် မလှမ်းမကမ်းစားပွဲမှာပဲ ရက္ခက ထိုင်ဖို့ ဦးကိုကိုဇော်ကို ခပ်နွဲ့နွဲ့လေး ပြောလိုက်တော့ ဦးကိုကိုဇော်က အူမြူးသည့်အသံကြီးနှင့် ရက္ခအလိုကျ ဖြစ်စေခဲ့သည်။

"အိုခေ ... ကောင်းပြီ၊ မင်း သဘောလေ"

သူ့ရှေ့စားပွဲတည့်တည့်မှာ ရက္ခက သူနှင့်မျက်နှာချင်းဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်အောင် ဝင်ထိုင်လိုက်ပြီး သူ့ကို ခနိုးခနဲ့အပြုံးတွေနှင့် သရော်လိုက်သေးသည်။

ကဲ . . . ဘယ့်နှယ်ရှိစ နက္ခ။ နင် မနေနိုင်တော့ဘူး မဟုတ်လား။ ဟား ဟား . . . ရယ်ရသေး။ ဒါလား မာနကြီးတဲ့ယောက်ျား။ ဟင်း ဟင်း . . . သူကြီးတဲ့မာနက အတော့်ကို ရယ်စရာကောင်းပါသည်။ (ဖွတ်ချေးမာန)။

ဒီအချိန်မှာ သူ့မာနဟာ အလကားမာန ဖြစ်သွားရပြီဖြစ်သည်။

“ရုက္ခ . . . မျက်နှာကို ချိုကြည်နေတာပဲ၊ ကိုယ့်နဲ့စိတ်ပါလက်ပါ လိုက်ခဲ့ရလို့ အရမ်းစိတ်ကြည်လင်နေတယ်ပေါ့လေ”

ရုက္ခတို့နှစ်ယောက် စစ်အေးတိုက်ပြီးနေတာကို သူက မသိဘဲ ရုက္ခရဲ့အနိုင်းမဲ့ပြုံးတွေကို သူက အပြုံးနုနုဖြင့် မေးလာတော့ ရုက္ခက ရှက်ကိုးရှက်ကန်း ဟန်ဆောင်ပြီး ခေါင်းကလေးညိတ်လိုက်ကာ သံယောင်လိုက်လိုက်သည်။

“အဟင်း . . . ဟုတ်တယ်၊ ရုက္ခ ဒီနေ့စိတ်ထဲမှာ အရမ်းဆန်းသစ်ပြီး တက်ကြွနေတယ် ဦးကိုကိုဇော်ရဲ့”

“ဟုတ်လား၊ ဒါဆို ကိုယ့်အတွက် Good Luck ဖြစ်နေပြီပေါ့နေဦး . . . မင်း ကိုယ့်ကို ဦးကိုကိုဇော်လို့ ခေါ်တာကြီးက နားဝင်မချိုလိုက်တာကွာ၊ ကိုယ့်ကို ကိုကြီးလို့ ခေါ်ပါလား”

“ကိုကြီး . . . ဟုတ်လား”





ရေ့စားပွဲမှာ ရှိနေသည့် သူက ရုက္ခတို့စကားကို အတိုင်းသား ကြားနေရပြီး ဒေါသခေါင်ခိုက်နေတာကို ရုက္ခက ခေါင်းကလေးတယမ်းယမ်း သဘောကျစွာ ရယ်လိုက်တာကို ဦးကိုကိုဇော်က သူ့ကို သဘောကျတယ်ထင်ပြီး ရုက္ခလက်ကလေးကို သူ့လက်ဖဝါးကြီးနှင့် ဖျတ်ခနဲ ထပ်အုပ်လိုက်လေသည်။

“အိုး . . . အဟင်း ဟင်း”

“မရယ်နဲ့ကွာ . . . ကိုယ် အသည်းယားတယ်”

“ဟုတ်မှာ . . . ဒါဆို ရှင့်အသည်းကိုထုတ်ပြီး ဆားပက်”

“အင်း . . . ပက်မယ်၊ မင်းက ကိုယ့်ရင်ဘတ်က အသည်းကို ဆုတ်ပေး၊ နုနုရွရွလေး ထုတ်ပေးနော် . . . ဟေ့”

သူက ပြောပြောဆိုဆို ထိုင်နေရာမှထရပ်ပြီး ရုက္ခမျက်နှာနား အနီးဆုံး ခေါင်းငုံ့ကြည့်လိုက်သည်တွင် ရုက္ခမျက်လုံးတွေ ပြာသွားပြီး သူ့လက်မောင်းကြီးကို ဖမ်းဆုပ်ထားလိုက်ရသည်။

(သူ ဒီအချိန်မှာ နမ်းလို့မဖြစ်။)

“ဟိုး . . . ဟိုး . . . ဟိုးထား ဆရာရေ”

“ဘယ်လိုလဲကွာ . . . ကိုယ့်ကို ကိုကြီးလို့ ခေါ်စမ်းပါ”

သူက အထိုင်ပြန်ကျပြီး ရုက္ခကို မကျေမနပ်ပြောလိုက်သည်တွင် ရုက္ခက မျက်ဝန်းလေးကို ခဏမှိတ်ထားပြီး ပြုံးစိစိမျက်နှာပေးကို လက်ညှိုးကလေးယမ်းကာ . . .

“အိုကေ . . . သုံးမိနစ်ပဲ စောင့်”



www.burmeseclassic.com

www.burmeseclassic.com



"အိုခေ ... သုံးမိနစ်ပြည့်ရင် ကိုကြီးခေါ်ရမယ်နော်"

"အင်းပါ ... ဘယ်လိုဖြစ်နေမှန်းကို မသိဘူး၊ တကတဲ ... သူ့ဒွေးအင်္ဂါရပ်နဲ့လည်း မညီဘူး၊ ဘာကြီးမှန်းကို မသိဘူး"

"သူ့ဒွေးမှာလည်း အသည်းနဲ့လေ"

"အဟင်း ဟင်း ... ဟုတ်ပါတယ် ဟုတ်ပါတယ် ကိုတတ်ပကြီးရယ်"

ရက္ခက သူ ပိုပြီးမခံနိုင်အောင် ရယ်သံကလေးကို ပိုပြီးလွင့်အောင် ရယ်ချလိုက်သည်တွင် သူက ထိုင်နေရာမှ 'ဝုန်း'ခနဲထရပ်လိုက်ပြီး ခြေလှမ်းကျဲတွေနှင့် ရက္ခဆီ လျှောက်လာကာ ရက္ခမျက်နှာကို အမုန်းဆုံးမျက်လုံးတွေနှင့် စိုက်ကြည့်လာရင်းက အံကြိတ်ပြောလာခဲ့လေသည်။

"ဒီတစ်ခါတော့ ... ဘယ်သူမှမသုံးတဲ့ အဘိုးကြီးကို ပြောင်းသွားပြန်ပြီ၊ မင်း သိပ်ပြီးမာယာများဖို့ မကြံနဲ့၊ ငါ့အကြောင်း ကောင်းကောင်းသိစေရမယ်"

သူကပြောပြီး ချာခနဲ လှည့်ထွက်သွားချိန် ရက္ခကတော့ ကျေနပ်တဲ့ခံစားချက် ပြည့်သွားရသည်။ ရက္ခရင်ထဲမှာ ကျေနပ်ခဲ့မိပေမယ့် ဦးကိုကိုဖော်ကတော့ ရက္ခကို မျက်နှာတည်ဖြင့် တစ်ချက်ကြည့်ပြီးမှ သကာဖုံးလိုက်သည့် နှုတ်ခမ်းတွေနှင့် စီးပွားရေးသမားပီပီ အယောင်ဆောင် ဖုံးကွယ်လိုက်တာက ရက္ခရင်ကို တစ်မျိုးကြီး ခံစားလိုက်ရသည်။





ဒီအချိန်မှာ ရက္ခက သူ့ကို တောင်းပန်ရကောင်းမလားလို့ ...းဆဲ သူက နှုတ်ခမ်းတွေနှင့် ရက္ခကို ခေါင်းတစ်ချက် ဆတ်ကြည့် ... ...

"သူက ဘယ်သူလဲ ရက္ခ ... ရိုင်းလိုက်တာကွာ၊ လူကြီးလူ...ာင်းအဝတ်အစားတွေ ဝတ်ထားပြီး လူကြီးလူကောင်းအရေခြုံ...တဲ့သူပဲ ဖြစ်ရမယ်"

"ဟုတ်တယ်၊ သူက အရှုံးသမားဖြစ်နေတော့ သည်းခံလိုက် ... ဦးဖော်၊ ဦးဖော်လို့ပဲ ရက္ခ ခေါ်မယ်နော်"

"ဘယ်လိုခေါ်ခေါ်ပါ ... ခေါ်တာက အရေးမကြီးပါဘူး"

"ဘာက အရေးကြီးလဲ"

"အချစ် = ရင်ဘတ်၊ ရင်ဘတ် = နှလုံး"

"အင်း ... စောစောက စကားကို ဆက်လိုက်ဦးမယ်၊ သူက ... စွန့်ပစ်ထားခဲ့တဲ့သူလေ၊ ရက္ခကိုမရလို့ မဲနေတာ ထင်ပါရဲ့၊ ...ော်ကို ရိသွားတာ ကြည့်ပါလား၊ ရက္ခကိုတော့ အမြင်ရှင်းပါတယ် ...် ဦးဖော်"

"အေး ... ရှင်းပါတယ်ကွာ၊ ကိုယ် မင်းကို စတွေ့ကတည်း ... ဘယ်မိန်းမနဲ့မှမတွေ့တဲ့ Attraction ရှိလို့ စိတ်ဝင်စားတာ၊ ကိုယ်က ...ာလေးကို အဲဒီလို သွက်လက်ထက်မြက်မှ ကြိုက်တာ၊ မြို့စိစိ ...န်းတွေကို မကြိုက်ဘူး၊ အခြေကြီးတဲ့မိန်းမတွေကိုလည်း မနှစ် ...ဘူး။ မင်းကျ ဒီလိုမဟုတ်ဘူး။ ကိုယ် စိတ်ဝင်စားပြီး အခွင့်အရေး

www.burmeseclassic.com



ပေးတာတောင် မယူခဲ့ဘူးလေ၊ တချို့မိန်းမတွေဆိုရင် ဒီလို ကိုယ့်ရဲ့ အရှုံးအမှုးချစ်ခြင်းကိုသိရင် ကိုယ့်ဆီက ဘာတန်ဖိုးကြီးပစ္စည်းတောင် ရမလဲလို့ ချောင်းနေတာ''

ဦးဇော်စကားက ရက္ခကို အတော့်ကိုမလုံနိုင်အောင် မျက်နှာတစ်ခုလုံး ထူပိန်းသွားရပြီး ရင်ထဲမှာ မလုံမလဲလည်း ခံစားလိုက်ရသည်။

အဲဒီလို ရက္ခ မလုံမလဲဖြစ်သွားရတာကတော့ ဟိုတုန်းက လင်းထန်နဲ့ ပြဿနာဖြစ်ခဲ့သည့်ကိစ္စကို သတိရသွားလို့ပင် ဖြစ်သည်။ အဲဒီကတည်းက သင်ခန်းစာရပြီး နက္ခရဲ့ သွန်သင်မှုတွေနှင့် လိမ္မာသွားသည့် ရက္ခက အခုဆိုရင် ဦးဇော်ရဲ့ အထင်ကြီးမှုစာရင်းဝင် မိန်းမတစ်ယောက် ဖြစ်သွားခဲ့ရသည်မှာ နက္ခကို ဘယ်လိုကျေးဇူးတင်ရမှန်းမသိ ခံစားလိုက်ရသည်။

နက္ခကို ကျေးဇူးတင်ခဲ့မိသည့် ရင်ထဲက စကားသံက တစ်ခဏအတွင်းမှာပဲ သတိလက်လွှတ် ဦးဇော် အရှေ့မှာ ထွက်ကျသွားရလေသည်။

''နက္ခ . . . အဲ''

''ဟင် . . . ဘယ်သူ . . . နက္ခဆိုတာ မင်းအစ်ကိုလား။ နာမည်တူဆိုတော့''

''မဟုတ်ပါဘူး၊ ဟို . . . ဦးဇော်ကို မေးမယ်နော်၊ ဦးဇော် စိတ်မဆိုးနဲ့''





''ဘာမေးမှာလဲ မင်းက''

''ဦးဇော်က Lady တော်တော်များများကို အတွေ့အကြုံရှိဖူးတယ်ပေါ့ . . . ဟုတ်လား''

ရက္ခ စကားလွှဲသွားတာကို ဦးဇော်က မကျေမလည် တစ်ချက်ကြည့်ပြီး ဟစ်ခနဲ ရယ်ချလိုက်သည်။

ခဏကြာမှ လျှာဖြင့် နှုတ်ခမ်းကို တစ်ချက်သပ်ကာ . . .

''အဲဒါကတော့ ကိုယ့်အသက်ပိုင်းနဲ့ မိန်းကလေးတွေက ကိုယ့်ကို ကပ်ခဲ့ဖူးတာ ရှိခဲ့တာကို၊ ကိုယ့်ကိုယ်ကျင့်သိက္ခာပိုင်းကိုတော့ မင်း ယုံကြည်စိတ်ချပါ၊ စိတ်ချ . . . ကိုယ် ဂျင်သူဌေးမဟုတ်ဘူး၊ ကိုယ် ဂျင်မဟုတ်သလို, ကိုယ်ယူတဲ့မိန်းမကိုလည်း ပန်ကာ မဖြစ်စေချင်ဘူး။ ကိုယ်ကတော့ မင်းကို ယုံကြည်တယ်၊ ယုံလို့လည်း အထင်ကြီးတယ်၊ အထင်ကြီးလို့လည်း Propose လုပ်ပြီး လက်ထပ်ဖို့ ဆုံးဖြတ်တာပေါ့၊ ကိုယ့်ဘဝမှာ မင်းဟာ အရေးပါဆုံးပဲ၊ မင်း အဖြေပေးပြီး သိပ်မကြာခင် ကိုယ် မင်းကို လက်ထပ်မယ်လို့ စဉ်းစားထားတယ်''

''ဟင် . . . ဒါဆို အဖြေပေးပြီး သိပ်မကြာခင်မှာ လက်ထပ်တော့မှာပေါ့''

''အေးလေ . . . ဘာထူးဆန်းသလဲ၊ တစ်ခုတော့ ရှိတယ် ကိုယ်နဲ့ လက်ထပ်လိုက်ရလို့ မင်း ဘယ်တော့မှ အနာဂတ်မှာ အကြောင်းအရာမှ စိတ်ဆင်းရဲစရာမရှိဘူး၊ ကိုယ်နဲ့လက်ထပ်ရင် မင်း ဘ်အကောင်းဆုံး ဖြစ်စေရမယ်''



www.burmeseclassic.com

www.burmeseclassic.com



“ဦးဇော်က တစ်ဖွတ်ထိုးသမားတော့ မဟုတ်တန်ကောင်းပါဘူးနော်၊ ရက္ခက တစ်ဖွတ်ထိုးသမားဆိုရင် သိပ်မုန်းတယ်”

ဦးဇော်မျက်နှာက အနူးညွတ်ဆုံးအပြုံးတွေ ထင်ဟပ်သွားသည့်တွင် ရက္ခ ရင်ထဲမှာ စိုးရိမ်မှုအလုံးတစ်ခုက ဖြတ်ပြေးသွားတော့သည်။

တစ်ဆက်တည်းပင် ရက္ခ ယောက်ျားနှစ်ယောက်ကို လှည့်စားခဲ့မိတာ အမှားကြီးမှားသွားပြီလားဆိုသည့် စိုးရိမ်သံသယစိတ်က ရက္ခရင်ထဲက ရင်ခုန်သံကို ရပ်တန့်မတတ် တွေဝေငေးမောသွားရပါတော့သည်။

“ရက္ခ ဘာတွေ စဉ်းစားနေတာလဲ၊ မင်းကြည့်ရတာ တစ်မျိုးဖြစ်နေတယ်”

“အင်း . . . ဟင် . . . ဘာမှမဖြစ်ပါဘူး။ စဉ်းစားနေတာပါ”

“စဉ်းစားတဲ့အထဲမှာ ကိုယ်ပါလား”

“ထိပ်ဆုံးကပေါ့၊ ဦးဇော်က တစ်ဖွတ်ထိုးသမားများ ဖြစ်မလားလို့”

ရက္ခကလည်း မိန်းမလည်လေးပီပီ သူ့ကိုအကြည့်ရှန်းရှန်းတွေနှင့် စိုက်ကြည့်ပြောလိုက်တော့ သူ့စိတ်လှုပ်ရှားသွားသည် ထင်သည်။

ရက္ခကို ခပ်နက်နက် စိုက်ကြည့်နေရာမှ ပါးရေကြောတွန့်သွားအောင် နှုတ်ခမ်းတွန့်ပြုံးလျက်က ရက္ခလက်ကလေးကို သူ့ရင်





ခွင်ထဲ ဆွဲပွေ့ကာ . . .

“ကိုယ်က တစ်ဖွတ်ထိုးသမားတော့ မဟုတ်ဘူး ရက္ခ၊ ဒါပေမဲ့ ကိုယ့်ဘဝမှာ လိုချင်တာကို မရတာ မရှိဘူး။ အဲဒီလို မရှိခဲ့တဲ့အတွက် ကိုယ်က လိုချင်တာကို ရအောင်ယူတတ်တယ်”

ဦးဇော် ရက္ခကို စိန်ခေါ်လိုက်ပြီဆိုတာ သိလိုက်ရပြီမို့ ရက္ခ ကြက်သီးထသွားခဲ့ပေမယ့် ဘာမှမသိသလို ဟန်ဆောင်ကာ ဦးဇော် ကျေနပ်အောင် အနူးညွတ်ဆုံးအသံလေးနှင့် ကိုယ့်ကိုယ်ကိုယ် နှိမ့်ချပြောလိုက်သည်။

“ဦးဇော်တို့ဘဝက လိုချင်တာ ရခဲ့တယ်ဆိုပေမယ့် ရက္ခဘဝကတော့ လိုချင်တာ ဘယ်တော့မှ ပြေပြေညီညီ မရခဲ့ဘူး၊ မလိုချင်တာတွေပဲ ရလာခဲ့တယ်၊ ဘဝပေးက တစ်မျိုးစီပေါ့ ဦးဇော်ရယ်၊ ရက္ခ ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်နော်၊ ရက္ခ ဦးဇော်ကို အထင်ကြီးလေးစားတာပဲရှိတယ်၊ ချစ်လို့မရသေးဘူး။ ဦးဇော်ကို ချစ်လို့ရတဲ့နေ့မှ ရက္ခ တိတိကျကျ အဖြေပေးပါရစေနော်”

“ဟာကွာ . . . ဒါ ကိုယ့်အတွက် လုံလောက်တဲ့အဖြေမဟုတ်ဘူး၊ ရက္ခပဲ ဒီနေ့ ကိုယ့်ကို အဖြေပေးမယ်ဆို၊ ရပါတယ် . . . မင်း လေးစားအထင်ကြီးတယ် ဆိုတာနဲ့ပဲ ကိုယ်ကျေနပ်တယ်၊ မင်း ကိုယ့်ကို လက်ထပ်ပြီးရင် ချစ်လာမှာပါ၊ မင်း ကိုယ့်ကို လက်ထပ်ဖို့ပဲ အရေးကြီးတယ်၊ ကိုယ့်ရဲ့စည်းစိမ်မှန်သမျှ မင်းအတွက်ချည်းပဲ၊ မင်း ကိုယ့်ကိုသာ လက်ထပ်ခွင့်ပေးလိုက်ပါနော်”



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ... ရက္ခ လက်ထပ်မယ့်ကိစ္စကို အချစ်နဲ့ပဲ ရွေးချယ်မယ်"

ရက္ခ ခေါင်းကလေးငုံ့ပြီး သူ့ကို တစ်ချက်ခိုးကြည့်လိုက်မိသေးသည်။

အဲဒီအချိန်မှာ စိမ်းနက်သွားသည့် သူ့မျက်ဝန်းတစ်စုံက ရက္ခမျက်နှာပေါ်မှာ အကြာကြီး ငြိမ်စိုက်ကြည့်နေတာကို တွေ့လိုက်ရသဖြင့် ရက္ခရင်ထဲမှာ ငါတော့ အကြီးအကျယ်မှားပြီဆိုတာကို စိုးထိတ်တုန်လှုပ်စွာ သိလိုက်ရပြီး ငုံ့နေတဲ့ ရက္ခခေါင်းကလေး ပိုပြီး ငိုက်ကျသွားတော့သည်။

ရင်တစ်ခုလုံး လဲပြိုမတတ် ရက္ခ ခေါင်းကလေး ငိုက်ကျသွားချိန်မှာ သူက တိကျပိုင်နိုင်သည့်လေသံဖြင့် ဆိုလာခဲ့သည်က ရက္ခအတွက် ရင်ပိုမွန်းသွားရသည်။

"ရက္ခကို ကိုယ် တစ်ခုတော့ ကြို ပြောထားမယ်နော် ... မင်း ကိုယ့်လို လူစားမျိုးကို ကြိုးရှည်ရှည်တော့ လှန်ထားလို့ မရဘူးနော်"

"ဟင့်အင်း ... ရက္ခ အဲဒီလို မိန်းမအမျိုးအစား မဟုတ်ဘူး"

ရက္ခ အကြီးအကျယ် ငြင်းဆန်လိုက်ရပေမယ့် ရင်ထဲမှာ ပြောင်းဆန်အောင် လှုပ်ရှားသွားခဲ့သည်။

ပြီးတော့ ရင်တစ်ခုလုံးလည်း နိမ့်ခနဲ တုန်လှုပ်ခံစားလိုက်ရလေသည်။





ဒီတစ်ဆက်တည်းမှာ ရက္ခ တုန်လှုပ်ချောက်ချားစွာ သိနားလည်လိုက်သည်ကတော့ ရက္ခ ကျားကြီးကို သွားကစားလိုက်မိတယ်ဆိုသည့် အသိက ကိုယ့်ကိုယ်ကိုယ် ဘယ်လိုမှ ဖြေလို့မရအောင် နောင်တကြီးစွာ ရသွားတော့သည်။

ရက္ခဆိုတဲ့ မိန်းမဟာ အဆိပ်ရှိသည့် ယောကျ်ားတစ်ယောက်ကို သွားကစားမိသွားရပြီး twist လုပ်ခဲ့မိပြီဖြစ်သည်က ရက္ခကို ဘယ်လိုမှ သူ့အရှေ့မှာ ရပ်တည်လို့မရအောင် လုံခြုံမှုမရှိတော့အောင် စိတ်တွေ ကစဉ့်ကလျားဖြစ်သွားရကာ အကြည့်တွေကအစ ကြောက်စိတ်တွေ လွှမ်းမိုးသွားရလေသည်။

ဒါကို ဦးဇော်က အထာညက်ကာ ပြုံးထေ့ထေ့စိုက်ကြည့်ပြီး ရက္ခလက်ကလေးကို တစ်ချက်ဖျစ်ကိုင်ရင်းက ...

"ဘယ်လိုဖြစ်နေတာလဲ မိန်းကလေးရယ်၊ ကဲ ကဲ ... ဘာမှ စိတ်မရှုပ်မလင်း ဖြစ်မနေပါနဲ့ကွာ၊ ကိုယ် မင်းကို နားလည်ပါတယ်၊ ကိုယ်တို့ ပြန်ကြစို့ ရက္ခ"

ပြန်ကြစို့ဆိုပြီး ရက္ခလက်ကလေးကိုဆွဲပြီး ထရပ်လိုက်သည့် ဦးဇော်ကို ရက္ခ ဘာမှပြန်မဖြေရှင်းတော့ဘဲ ဦးဇော်အလိုကျ သူနှင့်အတူ ပြန်လာခဲ့လိုက်သည်။

ဦးဇော် ပြန်သွားသည့်အချိန်မှာတော့ ရက္ခကို ဖုန်းတစ်လုံးကအဆင်သင့် စောင့်ကြိုလိုက်လေသည်။

တတွတ်တူမြည်လာသည့် ရက္ခ ဟန်းဘက်အိတ်ထဲက ဖုန်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးဟာ ဘယ်သူ့ဆက်တာလဲဆိုတာ မေးစရာတောင် မလိုတော့အောင် ရက္ခက သိရှိပြီးပြီမို့ စိတ်ထဲမှာ မကျေနပ်နိုင်ပေမယ့် ဖုန်းကလေးကို ဆောင့်ဆောင့်အောင့်အောင့် ကောက်ကိုင်ပြီး နားထောင်ပြီးသား ဖြစ်သွားရလေသည်။

"ဟယ်လို"

"...."

"ဟယ်လို ... ဘယ်သူလဲ၊ ဖုန်းခေါ်ပြီး စကားမပြောဘဲနေတာ သိပ်အနှောင့်အယှက်ပေးလှချည်လား"

ရက္ခ စိတ်ဆိုးနေတာကို သူက အတန်ကြာ အရသာခံပြီး နားထောင်ပြီးမှ ...

"မိန်းမလည် သိန်းကြွယ်မ"

"ဘာ"

"မာယာနက်တဲ့ မိန်းမ"

"နင် ... နင် ... စော်ကားလွန်းနေပြီနော် နက္ခ"

"ဟား ဟား ... အေး စော်ကားတယ်၊ ငါဆိုတဲ့ကောင်ကပါးစပ်ကလေးနဲ့ပဲ စော်ကားမော်ကား ပြောရင်ပြောမယ်၊ ဘယ်တော့မှ ကိုယ်ထိလက်ရောက် မစော်ကားဘူး"

"ဘယ်သူကရော ကိုယ်ထိလက်ရောက် စော်ကားလို့လဲ"

"မင်း အသိဆုံး"

"နက္ခနော် ... နင် မမိုက်ရိုင်းနဲ့၊ နင် လူပီပီ စကားပြော





စကားပြောတာ မမိုက်ရိုင်းနဲ့၊ နင်နဲ့ ငါနဲ့ ဘာဆိုင်လို့ နင်က ငါ့ကို လာပြောနေရတာလဲ၊ နင် ရှုးတိုင်း လာမပြောနဲ့၊ လုံးဝ လက်မခံဘူး"

"မင်း စကားထပ်မပြောတော့နဲ့နော်၊ မင်း ငါ့အကြောင်း သိတယ်မဟုတ်လား၊ မင်း နားလည်ထားဖို့ ငါ တစ်ခွန်းပဲ ပြောမယ် ... မင်း အဲဒီလူနဲ့ ဆက်မတွဲပါနဲ့၊ ငါ အလိုမရှိဘူး၊ အေး ... မင်း ဆက်တွဲနေတယ်ဆိုရင်တော့ ငါ လက်ပိုက်ကြည့်မနေတတ်ဘူး"

အိုး ... ဒါ နက္ခရဲ့ ပေါက်ကွဲမှုတဲ့လား။ ရက္ခ သူ့ဆီက လိုချင်တာ ဒီအချက်ပဲဖြစ်သည်။

ရက္ခ လိုချင်သည့်ပုံစံအတိုင်း တစ်ထပ်တည်းဖြစ်လာတာကို ရက္ခ ကျေနပ်မဆုံးဖြစ်သွားချိန်မှာ တစ်ဖက်က နက္ခကတော့ ဖုန်းကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ပြီး နားတစ်ဖက်နှင့်တစ်ဖက်ကို ပြောင်းကာ မျက်လုံးပြူး မျက်ဆန်ပြူးနှင့် သူ့ရဲ့လက်တစ်ဆစ်သာသာလောက်ရှိသည့် ဆံပင်တွေကို ကုတ်ဖွနေမှာ သေချာသည်။

ပြီးတော့ ကုန်းကုန်းကွကွနှင့် ရှေ့တိုးနောက်ဆုတ်ဖြစ်လျက် သိုင်းကွက်နင်းနေမှာ သေချာသည်။

"ဘယ်လိုလဲ ဒေါ်ရက္ခ ... freedom မဟုတ်တော့လို့ စိတ်ပျက်သွားပြီလား"

"ဘာကိစ္စ ငါက freedom မဖြစ်ရမှာလဲ၊ ငါ့စိတ်နဲ့ ငါ့ကိုယ် ဘယ်သူမှ ငါ့ကို ချုပ်ချယ်ပိုင်ခွင့် မရှိဘူး၊ ဒီမှာ ... နင့်အမေစကားနားထောင်တဲ့ သားပီပီ ဆက်လိမ္မာပေးလိုက်စမ်းပါ နက္ခရယ်၊ ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com



တော့ ဆက်မျှော်လင့်ဖို့ စိတ်မကူးစမ်းပါနဲ့၊ ငါက နင့်ထက် အများကြီးသာတဲ့ လူတစ်ယောက်ကို လက်ထပ်ဖို့ Choice လုပ်ပြီးပြီကွဲ့"

ဆိုပြီး ရုက္ခ ဖုန်းကလေးကို ဖျတ်ခနဲ ပိတ်ပစ်လိုက်ကာ သူ့ကို အကဲစမ်းလိုက်တာ ဖြစ်သည်။

ဒါကို သူက အထာပေါက်စွာဖြင့် ရုက္ခ ဖုန်းကိုထပ်ခေါ်ပြီး ကြိမ်းလာခဲ့သည်မှာ ရုက္ခကို ကြက်သီးတကယ်ဖိန့်တက်သွားရသေးသည်။

သူ့ကိုလည်း ပိုပြီး မြတ်နိုးသွားသလို ခံစားလိုက်ရကာ သူ့စကားသံလေးကို နားဖိမ်ရှိစွာ နားထောင်လိုက်မိသည်။

"ရုက္ခ . . . မင်း အပြုအမူတွေ ရပ်တန်းကရပ်"

"မရပ်တော့ နင်က ဘာလုပ်ချင်သလဲ"

"စောင့်ကြည့်လိုက်လေ"

"အိုခေ . . . စောင့်ကြည့်ရုံပေါ့၊ နင့်ရဲ့မဟာကျရှုံးခန်းကြီးကို စောင့်ကြည့်ရမှာ၊ အိုး . . . ဘယ်လောက်ဖိမ်ရှိသလဲကွယ်"

"ရုက္ခမေ, ရုက္ခမေ . . . မင်း တစ်ဆိတ်လွန်နေပြီနော်၊ မင်းသိထားဖို့က နက္ခရွှေဟာ ဘယ်တော့မှ, ဘယ်သူ့ကိုမှ အရှုံးမပေးဘူး ကိုယ်က အရင်စွန့်ပစ်တာပဲရှိတယ်၊ မစွန့်ပစ်နိုင်တဲ့ပစ္စည်းကို ပြန်ကောက်ပြီးသိမ်းထားရင် သိမ်းထားမယ်"

"မသိမ်းပါနဲ့ ရုက္ခရယ်၊ ပြန်ကောက်ရတဲ့ပစ္စည်းက နင့်အတွက် အသစ်ဖြစ်ချင်မှ ဖြစ်တော့မှာ မဟုတ်လားကွယ်"

ဓိဋ္ဌမင်းနီတာပေ



"ရုက္ခ"

တစ်ဖက်မှ နက္ခအသံက ယဲ့ယဲ့ပေါက်သွားချိန် ရုက္ခကတော့ ဖုန်းကို စက်ပိတ်လိုက်မိပြီးဖြစ်သည်။

ကဲ . . . နင် တစ်ယောက်တည်းပဲ ဆက်ရန်တွေ့တော့၊ ငါ ာတော့ နင့်ကို တာ့တာပဲဟေ့ . . . တာ့တာ။

www.burmeseclassic.com

www.burmeseclassic.com

{ ၁၀ }

ဒီကနေ့မှာတော့ ဦးဇော်ရဲ့ ဖိတ်ခေါ်မှုကို မဖြစ်မနေ လ...
လိုက်ရတာ ဒါ နောက်ဆုံးပဲလို့ ဆုံးဖြတ်ချက်ဖြင့် သူနှင့်အတူ အ...
ယားကန်ကို လိုက်လာခဲ့ရတာဖြစ်သည်။

"ဒါ နောက်ဆုံးပါပဲ ... နောက်ဆုံးပါပဲ နက္ခရယ်၊ ဦ...
ခွင့်လွှတ်ပါဟာ"

လို့ နက္ခကို ရက္ခရင်ထဲက တိတ်တဆိတ် တောင်းပန်...
သည့် အချိန်မှာပဲ ဦးဇော်က ရက္ခကို သူ့ရင်ခွင်ထဲ ဆွဲသွင်းဖို့ လ...
နှစ်ဖက် ရှေ့သို့ဆန့်လာပြီမို့ ရက္ခက သူ့လက်ကြီးကို ပုတ်ထုတ်လို...
ပြီး နှုတ်ခမ်းလေးကိုက်ကာ ဟန့်လိုက်ရသည်။

"ဟင်း ... ဦးဇော်နော်"





"အင်း ... ဘာဖြစ်လဲ မကြိုက်ဘူးလား"

"ဘယ်ကြိုက်မလဲ"

"ဟား ဟား ... နမ်းလိုက်လို့ကွာ၊ ကဲကဲဆတ်နေလိုက်တာ"

"ဦးဇော်နော်"

အပြောကြမ်းလွန်းသည့် ဦးဇော်ကို ရက္ခ မော့မကြည့်ပံ့... ကောင် ကိုယ့်မျက်စိကိုပဲ ငုံ့ချထားရင်းမှ သူ့စကားသံကို ရင်ခုန်သံ ...ကျဲနှင့် နားထောင်နေလိုက်သည်။

ရက္ခ နားစွင့်ထားသည့်အချိန်မှာပဲ သူက ရက္ခပခုံးလေးကို ...က်ပြီး သူ့ရင်ခွင်ထဲ ဆွဲသွင်းကာ ရက္ခမျက်နှာနှင့် သူ့မျက်နှာကြီး ... အပူးဆုံးဖြစ်မတတ် နီးကပ်ငုံ့ချကာ ...

"ရက္ခ ... မင်း ကိုယ့်ကို ရှောင်နေတယ်မဟုတ်လား"

"ဘာဖြစ်လို့ ရှောင်ရမှာလဲ ဦးဇော်ကလည်း ... ဒါပေမဲ့ ..."

"ဟာ"

"ဟင် ... ဘာတွေလဲ"

ရုတ်တရက်ကြီး ရက္ခကိုယ်ပေါ်ကို ပစ်ကျလာသည့် အေး... အထုပ်တစ်ထုပ်ထဲက ရေတွေ ထွက်ကျလာချိန် ရက္ခ နား...လိုက်သည်မှာ ဒါ တစ်ယောက်ယောက်က ရက္ခကို အနောက်က ...ယ်ထုပ်နှင့် ပစ်လိုက်တာကို သိလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို သိလိုက်ရတာနှင့် တစ်ပြိုင်နက် ရက္ခ သူလိုပဲ အပြီးသိလိုက်တာမို့ အနောက်ကိုလှည့်အကြည့် ရက္ခကို မျက်လုံး စိမ်းတွေနှင့် ကြည့်နေသည့်သူ့ကို တွေ့လိုက်ရသဖြင့် ရက္ခ တစ်ကိုယ်လုံး ကျင်စိမ့်တက်သွားသည်အထိ ရင်တစ်ခုလုံး နိမ့်ကျသွားတော့သည်။

မျက်လုံးတွေထဲမှာလည်း မီးပွင့်သွားသလို ချက်ချင်းကြီး ဘာလုပ်ရမှန်းမသိ ခေါင်းခဲသွားချိန်မှာ ဦးဇော်က တစ်စခန်းထလာခဲ့လေသည်။

''ဒါ . . . အအေးနဲ့ လှမ်းပေါက်လိုက်တာပဲ၊ ဒါ ဘယ်သူလဲကွ၊ သတ္တိရှိရင် ပြောင်စိန် ပစ်ပေါက်ရတယ်၊ ယောကျ်ားဖြစ်ပြီး အခုလို သူခိုးကျင့် သူခိုးကြံ ကြံပြီး ချောင်းပစ်တာ မကောင်းပါဘူး''

ဦးဇော်ကလည်း သူ့ကို တည့်တည့်စိုက်ကြည့်ပြီး ရွပ်ရွဲလိုက်လေသည်။ ဒါကို သူက အခံရခက်သွားကာ ဦးဇော်မျက်နှာကို စိမ်းတောက်တောက် စိုက်ကြည့်လျက် လက်ညှိုးငေါက်ငေါက်ထိုးပြီး . . .

''ခင်ဗျားက ဘယ်သူ့ကို ပြောတာလဲ''

''ဟ . . . မင်း အသားလွတ်ကြီး ရန်မစနဲ့နော် ဟိတ်ကောင်''

သူက ပြောပြောဆိုဆို ရက္ခဆီကို လျှောက်လာနေပြီမို့ ရက္ခ ကြောက်အားလန့်အားဖြစ်သွားကာ သူ့ကို မျက်လုံးအပိုင်းသားနှင့် မော့ကြည့်ဆဲ ဦးဇော်က ထိုင်နေရာမှ ဆတ်ခနဲ ထရပ်လိုက်လေသည်။





ဦးဇော် ထရပ်လိုက်တာနှင့်တစ်ပြိုင်နက် ဦးဇော် သူ့ကို တစ်ခုခုလုပ်တော့မည်ဆိုတာ သိထားသည့် ရက္ခက ဦးဇော်လက်မောင်းကြီးကို ဖမ်းဆွဲထားပြီး တားမြစ်လိုက်ရသည်။

''ဦးဇော် တော်ပါတော့ . . . ရက္ခ လူတွေရှေ့မှာ အရှက်မကွဲချင်ဘူး''

''မဟုတ်ဘူး ရက္ခ၊ ဒါ စော်ကားတာပဲ၊ လူကြီးလူကောင်းလုံးဝမဆန်တဲ့ ကြံစည်မှုပဲ၊ မိန်းကလေးတစ်ယောက်ကို ကာလ္လဒြေပျက်အောင် အအေးထုပ်နဲ့ ပစ်ပေါက်တဲ့အဆင့်အထိ အဆင့်အတန်းနိမ့်တာ ရိုင်းလွန်းပါတယ် ရက္ခ''

''နေစမ်းပါဦး . . . ခင်ဗျားက ရက္ခဖေဒတွေ, သတ္တဗေဒတွေ ထုပ်ပြီး ရှေ့က ကာကွယ်ရပ်တည်ပေးနေရအောင် ခင်ဗျားက ဘာကောင်မို့လို့လဲ၊ ဒီမှာ ခင်ဗျားမှတ်ထား . . . ရက္ခရှေ့မှာ မားမားမတ်မတ် ရပ်တည်ပေးမယ့်သူဟာ သူ့ချစ်သူတစ်ယောက်တည်းပဲ ရှိစေမယ် . . . တခြား ဘယ်သူမှ မရှိစေရဘူး၊ ခင်ဗျားနဲ့လည်း ပြဿနာရှာလက်ချင်ဘူး၊ ယှဉ်လည်း မယှဉ်ချင်ဘူး။ ခင်ဗျား သွားကျိုးတဲ့အရွယ်ရောက်နေပြီ''

''ဘာကွ''

''ဟာ . . . ခင်ဗျားပါးစပ် ပိတ်ထားနော်၊ မပိတ်ရင် ကျုပ်ကြီးဦးက နေရာရွေးမှာ မဟုတ်ဘူး''

နက္ခမျက်လုံးတွေက ကြောက်စရာကောင်းလောက်အောင်

www.burmeseclassic.com

www.burmeseclassic.com



မာကျောခက်ထန်သွားသည်တွင် ရက္ခ ယောင်ယမ်းပြီး မျက်ဝန်းအစုံကို တင်းတင်းမှိတ်ချပစ်လိုက်မိတော့သည်။

တစ်ခဏအတွင်း မှိတ်ချလိုက်သည့် ရက္ခမျက်လုံးတွေ ပွ လောင်သွားချိန်နှင့် တစ်ပြိုင်နက် နက္ခ လက်ကြမ်းတွေကလည်း ရက္ခပခုံးသားလေးပေါ် အကြမ်းပတမ်း ဆုပ်ခါယမ်းလိုက်တာကို သိလိုက်ရပါသည်။

''ဒီမှာ မင်းကို ဒီတစ်ခါတော့ အအေးနဲ့ပဲ နမူနာပေးလိုက်မယ်၊ နောက်တစ်ခါ ဒီအဖြစ်မျိုးကြုံရင် အအေးမဟုတ်ဘူး၊ အပူနဲ့ပက်မယ်၊ မင်းနှလုံးသားတည့်တည့်ကိုမှ အပူနဲ့ပက်ပြမယ် . . . နားလည်လား ရက္ခမေ၊ ကဲ ပြောစမ်း . . . မင်းနဲ့ အဲဒီလူနဲ့က ဘာလဲ ငါ့ကို အရွဲ့တိုက်ပြီး ယောကျ်ားတစ်ယောက်ကို အသုံးချနေတာကတော့ကွာ မိန်းမကောင်းမပီသပါဘူး''

ရက္ခ တစ်ကိုယ်လုံး လေထဲလွင့်မြောသွားသလို ခံစားလိုက်ရချိန် ဦးဇော်အသံကြီးက ရက္ခနားထဲကို တစ်ရှိန်ထိုး ဝင်ရောက်တိုက်ခိုက်သွားတော့သည်။

''ရက္ခ . . . မင်းတို့က ဘယ်လိုလဲ၊ ကိုယ့်ကို ဓားစာခံတာတော့ မကောင်းပါဘူးကွာ၊ ကိုယ် ရှောင်ထွက်သွားရမှာလား''

''ထွက်သွားဗျာ ထွက်သွား''

''ရက္ခ . . . မင်း ဘယ်လိုလဲ၊ နောက်မှ ဆွေးနွေးမယ် ကိုယ် လူကြီးလူကောင်းဆိုတာ မင်း သိတယ်နော်၊ ကိုယ့်မှာ ဂုဏ်





ကွာတွေ အပြည့်ရှိတယ်၊ ကိုယ် မိုက်မိုက်ကန်းကန်းကောင်နဲ့ စကားပြောချင်ဘူး''

ဦးဇော်စကားကို နက္ခက ဟားတိုက်ရယ်ချလိုက်ပြီး ဦးဇော် က်နာကြီးကို လက်ညှိုးငေါက်ငေါက်ထိုးကာ . . .

''ဒီမှာ . . . ခင်ဗျားလိုကောင်ကိုလည်း ကျုပ်က လေကုန်ခံ မပြောဘူး၊ ခင်ဗျား ကိုယ့်ကိုယ်ကိုယ် ကိုယ်ရည်မသွေးနဲ့၊ ကိုယ့် ကိုယ် မှန်ထဲပြန်ကြည့်၊ ဖရာထောင်းနေပြီနော်၊ ဖရာထောင်းနေပြီ တိုကြီးဖြစ်ပြီး ကိုယ်ရည်မသွေးစမ်းပါနဲ့ဗျာ၊ ရှက်ဖို့ကောင်းပါတယ်၊ . . . ခင်ဗျား ရှက်တတ်မယ်ဆိုရင် ကျုပ်ချစ်သူကိုလုဖို့ စိတ် နဲ့ အေးအေးဆေးဆေး နောက်ဆုတ်လိုက်ပါ . . . ဟုတ်ပြီလား''

ဒေါသတကြီး ဦးဇော်မျက်နှာကို စေ့စေ့စိုက်ကြည့် ကြိမ်းဝါး က်သည်။ သူ့ကို ရက္ခ အံ့ဩထိတ်လန့်သည့် မျက်လုံးဝိုင်းတွေနှင့် ကြည့်နေဆဲ ရက္ခ ချိုင်းတစ်ဖက် မြောက်တက်ကာ သူ့လက်ထဲ င် ပါသွားရပြီဖြစ်သည်။

ရက္ခကို ချိုင်းကနေ ခပ်ကြမ်းကြမ်းပင် မြှောက်လိုက်သည့် ကို ရက္ခ ဘာမှမပြောနိုင်ခင်မှာဘဲ သူက စကားလုံးကြမ်းတွေနှင့် မျက်နှာကို စေ့စေ့စိုက်ကြည့် ပြောချလိုက်သည်။

''မင်း သိပ်ပြီး မာယာများမယ် မကြံနဲ့၊ မင်းကို သတ်ပစ် မှာ အဆင်သင့် ဓားတစ်လက်ဆောင်ထားတယ် . . . မှတ်ထား



www.burmeseclassic.com

www.burmeseclassic.com



အဲဒီစကားကိုပြောပြီး မျက်နှာထားမာမာနှင့် ချာခနဲလှည့်ထွက်သွားသည့် သူ့နောက်ကျောပြင်ကြီးကို ရက္ခ ရက်လန့်တကြားမျက်လုံးတွေနှင့် လိုက်ငေးကြည့်နေသည့် ခဏအတွင်းမှာပဲ ဦးဇော်ရက္ခမျက်လုံးတွေကို ကွယ်ရပ်ပစ်လိုက်တာမို့ ရက္ခ သတိရသွားကာ ဦးဇော်ကို တောင်းပန်တိုးလျှိုးသွားသည့် မျက်လုံးတွေနှင့် မော့ကြည့်တောင်းပန်လိုက်ပါသည်။

"ဦးဇော် . . . ရက္ခ **ဦးဇော်ကို** ဝန်ချတောင်းပန်စရာတွေရှိတယ်"

"အင်း"

သူက ခေါင်းညိတ်ပြီး အပြုံး**ချိုချိုနှင့်** ရက္ခကို ခေါင်းညိတ်ပြလာသည့်တွင် ရက္ခ ရင်တစ်ခုလုံး **ပိန်းသွား**သလို ကျင်ထုံတက်သွားတော့သည်။ ရင်ထဲမှာ သူ ဟန်ဆောင်ကောင်းတာကို အအံ့ဩဆုံး ဖြစ်သွားရသည်။

"မင်း ကိုယ့်ကို ဘာမှဝန်ခံမနေတော့နဲ့၊ ကိုယ် အားလုံးသိပြီးပြီပဲ၊ ကဲ . . . မင်း ဘာဖြစ်ချင်သလဲ၊ ကိုယ် **မင်းကို** ခွင့်မလွှတ်ချင်ပေမယ့် ခွင့်လွှတ်ရမှာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ **ကိုယ့်အချစ်က** မင်းအပေါ်မှာ အမြဲတည်တံ့နေတယ်လေ၊ မင်း ပြန်ချစ်ချစ်, မချစ်ချစ် ကိုယ်ကတော့ မင်းကို တစ်သက်လုံး ချစ်နေရရင် ကျေနပ်တယ်"

အခုလို နားလည်ခွင့်လွှတ်ပေးလာသည့် ဦးဇော်ရဲ့အပြောချိုချိုတွေကို ရက္ခ အအံ့ဩဆုံးမျက်လုံးတွေနှင့် စိုက်ကြည့်လိုက်ပြီး





ခေါင်းမိုတ်တောင်းပန်လိုက်ရပါတော့သည်။

"ရက္ခ . . . သူ့ကို သိပ်ချစ်တယ် ဦးဇော်၊ ဦးဇော်ကို ရက္ခပြန်မချစ်နိုင်တာကို ခွင့်လွှတ်ပါနော်၊ အခုလို ရက္ခကြောင့် ဦးဇော်ရုတ်သိက္ခာတွေ ကျဆင်းသွားခဲ့တဲ့အတွက် ရက္ခကို ခွင့်လွှတ်နားလည်ပေးပါနော်၊ သူ့ရဲ့ရိုင်းစိုင်းရင့်သီးတဲ့စကားတွေကိုလည်း ခွင့်လွှတ်ပေးပါလို့ တောင်းပန်ပါတယ်"

ဦးဇော်က **နှုတ်ခမ်းတစ်ချက်**တွန့်ပြီး ပြုံးလိုက်ရင်း ခပ်ဟက်ဟက် ရယ်လိုက်လေသည်။

အတန်ကြာ ရယ်ပြီးမှ မျက်နှာကြီးတည်သွားကာ . . .

"မင်းချစ်သူက အရာရာ ကံကောင်းပါတယ်"

"ရက္ခ နဂိုတုန်းက သူ့ကို ယှဉ်ပြိုင်နိုင်ခဲ့ပေမယ့် အခု ရက္ခသူ့ကို အလွယ်တကူ အရှုံးပေးလိုက်ရပြီ၊ ရက္ခကိုယ်ရက္ခလည်း နားလည်တော့ဘူး၊ ဒါပေမဲ့ . . . ရက္ခ သူ့ဩဇာကို မလွန်ဆန်ဝံ့ဘူး၊ သူက ရက္ခကို အမြဲတမ်း ကြီးစိုးချုပ်ချယ်နိုင်ခွင့်ရှိတယ်၊ အဲဒါကို ရက္ခ ကျေနပ်တယ် ဦးဇော်"

"မင်းကလည်း ကိုယ့်လိုဖြစ်နေပြီ၊ မင်း ဘယ်လောက်ဆိုးဆိုး, မင်း ဘယ်လိုလှည့်စား, လှည့်စား . . . ကိုယ် မင်းကို ခွင့်လွှတ်ပြီးချစ်နေခဲ့တာပဲ၊ ဒီလိုပဲ သူ မင်းကို ဘယ်လိုပဲအနိုင်ယူယူ မင်း ခွင့်လွှတ်သည်းခံပြီး ချစ်တယ်ပေါ့ . . . ဟုတ်လား"

ဦးဇော်စကားကြီးက ရက္ခရင်ကို အထိခိုက်ဆုံး ခံစားလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရပြီး ရက္ခ သူ့ကို ထိတ်လန့်တကြား မော့ကြည့်လိုက်မိသည်။

"ဦးဇော်က ရက္ခကို ဆိုးသွမ်းတဲ့၊ လှည့်စားတဲ့မိန်းမလို့ ဆိုလိုတာပေါ့နော်၊ ရက္ခ သိပ်ဝမ်းနည်းပါတယ်၊ ရက္ခ အလုပ်ရှင်ရဲ့ အလိုဆန္ဒကို ကြည်ဖြူလက်ခံခဲ့တာဟာ လှည့်စားမှု ဆိုးသွမ်းမှုတဲ့လား ဦးဇော်"

ဦးဇော်မျက်လုံးတွေ အနည်းငယ် ရီဝေသွားပေမယ့် အရောင်မှိန်မသွားဘဲ ရက္ခကို ခေါင်းတစ်ချက်ဆတ်ကြည့်ကာ ...

"အေးလေကွာ ... အကြောင်းအမျိုးမျိုးကြောင့် ဖြစ်သွားတာပဲ၊ မင်းက ကြွေကြွေရှိတယ်၊ ဂုဏ်သိက္ခာရှိတယ်၊ တစ်ခါတစ်ခါကျ လူတွေဟာ အချစ်ကြောင့် မှားယွင်းတဲ့လုပ်ရပ်တွေကို လုပ်ခဲ့ကြတယ်၊

ကဲ ... ကဲ ... ကိုယ်တို့ စကားစခန်းသိမ်းကြစို့၊ ကိုယ် မင်းကို ပြန်ပို့မယ်၊ မင်းနဲ့ကိုယ်ကြားမှာ မိတ်ဆွေအဖြစ်တော့ အသိအမှတ်ပြုလို့ ရပါသေးတယ်နော် ရက္ခ"

"ဟုတ်ကဲ့၊ ဦးဇော်နဲ့ရက္ခဟာ ချစ်သူတွေ မဖြစ်နိုင်တော့ပေမယ့် ဦးဇော်ဟာ ရက္ခရဲ့အရင်းနှီးဆုံးမိတ်ဆွေတွေတော့ ဖြစ်ခွင့်ရှိပါတယ်၊ ဦးဇော် ရက္ခကို မေ့လိုက်ပါတော့နော်"

"မေ့ရမယ် ... အဟား"

"ဦးဇော်"

"အင်း ... ဟုတ်ပါပြီ၊ ဟုတ်ပါပြီ၊ မင်း မေ့နိုင်းတော့လည်း ကိုယ်က မေ့ပေးရတာပေါ့ကွာ၊ ရပါတယ်၊ မိန်းမတစ်ယောက်ကို





မေ့တယ်ဆိုတာ သိပ်မခက်ပါဘူး၊ လွယ်လွယ်လေးပါ"

"ဦးဇော် ရက္ခကို စိတ်ဆိုးတာလား"

"မဆိုးပါဘူး ... ရတယ် ရတယ်၊ မင်းသာ ကိုယ့်ကို အစ်ကိုကြီးတစ်ယောက်လို ရင်းနှီးနွေးထွေးမှုပေးရင် ကိုယ် အားလုံး ကျေနပ်တယ်"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ် ဦးဇော်"

"အေး အေး ... ဘာမှစိတ်မကောင်းမဖြစ်နဲ့၊ ရက္ခ ကိုယ် မင်းကို အားလုံး ခွင့်လွှတ်တယ်"

ဒီလောက်အထိ ရက္ခအပေါ် နားလည်မှုပေးသည့် ဦးဇော်ကို ရက္ခ နောက်ပိုင်းမှာ ဘယ်လိုရှောင်ရှားရမလဲဆိုတာကိုပဲ ရင်ထဲမှာ တိတ်တိတ်ကလေး တွေးလိုက်မိပါတော့သည်။

ဒီအချိန်မှာ ဦးဇော်ကတော့ သွက်လက်သည့်ခြေလှမ်းတွေနှင့် ရက္ခအရှေ့ကနေ ထထွက်သွားခဲ့ပြီဖြစ်သည်။

သူ ထထွက်သွားသည်နှင့် တစ်ပြိုင်နက် ရက္ခကလည်း သူ့အနောက်ကနေ တိတ်တိတ်ကလေး လိုက်ပါလာခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## ❮ ၁၁ ❯

"မင်းဟာ ငါထင်ထားတဲ့ အတိုင်းအတာထက်တောင် ဘောင်ကျော်ပြီး လည်နေပါလား ရက္ခ၊ ကဲ ပြောစမ်းပါဦး ... ဦးကို ကိုဇော်နဲ့ လေးငါးခြောက်လ ရည်းစားဖြစ်လိုက်ရတဲ့ ရလဒ်က ဘာလဲ"

"နင် ငါ့ကို အဲဒီလောက်အထိ ပျစ်ပျစ်နှစ်နှစ် မပြောပါနဲ့ ငါ ဘာကြောင့် ဒီလို အရွဲ့တိုက်ခဲ့တယ်ဆိုတာ နင်အသိဆုံး"

"အေး ... အရွဲ့တိုက် ကြပ်ကြပ်တိုက်၊ မင်းကွာ ... ဒီလို လူစားကို ယုံကြည်ကိုးစားပြီး နှစ်ယောက်တည်း သွားသွားနေတာ ဒီမှာ မျက်နှာကို လုံးဝလွှဲမထားစမ်းနဲ့၊ မင်း ငါ့မျက်နှာကိုကြည့်ပြီး စကားပြောစမ်း"

နက္ခ ဒေါသသံ ကျိတ်ကျိတ်က ဟာနေသည့် ရက္ခရင်ထဲ





ဝန်လန်းခံစားလိုက်ရတော့သည်။ ဒီအသံဟာ ရက္ခကို ခွင့်လွှတ်နားလည်လိုက်သည့် အသံဆိုတာကိုလည်း ရက္ခ ယုံကြည်နားလည်လိုက်ပါသည်။

တစ်ဆက်တည်းပင် ရက္ခကို ရဲရဲကြီး စိုက်ကြည့်နေသည့် နက္ခအကြည့်နက်နက်တွေကို ရက္ခက ရင်ခုန်ယစ်မူးသွားရကာ သူ့ရင်ခွင် ပခုံးထက်သို့ ခေါင်းကလေး ပစ်မှီချလိုက်ပြီး သူ ပိုပြီးခွင့်လွှတ်ကြည်ဖြူအောင် ခပ်နော့နော့လေး လေချိုသွေးလိုက်ပါတော့သည်။

"အလည် ... လည် ... ဒါ အိုင်ကို စိတ်ဆိုးနေတဲ့ မျက်နှာကြီးပေါ့၊ မျက်နှာကြီးကြည့်ရတာ မမိုက်လိုက်တာ"

"မမိုက်ရအောင် ငါ့မျက်နှာက ဘာထွက်နေလို့လဲ"

"ဘုတွေ ဗင်တွေ"

"ဘာ"

"အား ... နားအုံတောင် ထပေါက်မယ်၊ ဘယ်လိုဖြစ်နေတာလဲ၊ စလို့မှန်း မသိ၊ နောက်လို့ နောက်မှန်းမသိတဲ့ယောကျ်ား"

"မစနဲ့ မနောက်နဲ့ ... ကိုယ် မကြိုက်ဘူး၊ အရွဲ့တိုက်တာဆို ပိုပြီးမကြိုက်ဘူး"

"အင်း ... အင်း ... မကြိုက်တာမှန်သမျှ အကုန်ပြင်မှာဆရာသဘော၊ ဆရာ့စိတ်ကြိုက်"

"ရက္ခ ... မင်း ပျက်ချော်ချော် မပြောနဲ့၊ ကိုယ် လုံးဝမကြိုက်ဘူး၊ မင်းအမူအကျင့်တွေ ဒီနေ့ကစပြီးပြင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

ရက္ခက ခေါင်းကလေးယမ်းပြီး တညိတ်ညိတ် ခေါင်းညိ
ပြလိုက်တော့ သူက စိတ်ဆိုးဒေါသထွက်မနေနိုင်တော့ဘဲ ရက္ခမျ
နာကို လက်နှစ်ဖက်နှင့်ပင် မော့ကာ တစ်ချက်ငုံနမ်းလိုက်ပြီး ...

"အင်း ... ကိုယ် မင်းဆိုးခဲ့, မိုက်ခဲ့တာတွေကို ခွင့်လွှ
လိုက်ပြီ"

"အင်း အဟင်း ... မူတော့င် မမူတော့ဘူးပေါ့"

"မမူတော့ဘူးကွာ၊ ဆောင်းဦးက ပေါက်တော့မှာလေ၊ နှ
လခွဲလောက်ပဲ လိုတော့တာ၊ ကိုယ်က ဒီဆောင်းဦးပေါက် အချမ်းအေ
မခံနိုင်တော့ဘူး"

"ဟင် ဘာဖြစ်လို့လဲ ... အဆုတ်အအေးပတ်လို့လား"

"မဟုတ်ဘူး၊ မင်းနဲ့ နှစ်ယောက်သား နွေးနွေးထွေးထွေ
အိပ်၊ ဟဲ ဟဲ ... လက်ထပ်ချင်ပြီ၊ ကိုယ်တစ်ယောက်တည်း ပျင်း
တယ်၊ ညဘက်ဆို သိပ်ပျင်းတယ်ကွာ"

"ပျင်းရင် ရေချိုး နှင်းတောတိုးပေါ့"

"တကယ်ပြောတာနော်၊ ဒီသီတင်းကျွတ်ရင် ကိုယ် မင်းကို
လက်ထပ်တော့မှာ"

"အင်း ... အင်း"

ရက္ခရင်ထဲက အပျော်တွေက ရက္ခမျက်လုံးတွေမှာ နွေးနွေး
လေး ထင်ဟပ်သွားရသည်။





ဒီအချိန်မှာ သူကလည်း ရက္ခမျက်လုံးလေးတွေကို သူ့နှုတ်ခမ်းသားဖြင့် မြတ်နိုးစွာ ငုံနမ်းလိုက်ပြီးသား ဖြစ်သွားရသည်။

အတန်ကြာမှ ရင်ထဲက လှုပ်ခတ်နေသည့်အသံဖြင့် ...

"ချစ်လေး ... ကိုယ့်ကို ချစ်တယ်လို့ ပြောဦးကွာ"

"ဟာ ... အခါတစ်ရာရှိပြီ၊ မပြောချင်တော့ဘူး"

"အင်း ... လုပ်ပြီ, လုပ်ပြီ၊ ကြားချင်လို့ နားဆင်ပါတယ် ဆိုခါမှကွာ"

သူက မူမူမင့်မင့်ကြီး မကျေမနပ်ဆိုလိုက်လျှင် ရက္ခ စိတ်မချမ်းမြေ့သွားကာ သူ့မျက်နှာကြီးကို လက်ကလေးဖြင့် ဖွဖွပွတ်ကာ

"ကဲ ... ကြားချင်ရင် နားဆင်၊ ချစ်တယ် Choice တယ်၊ ပြီးတော့ နှင့်ကို ငါ အရာရာ အရှုံးပေးပါတယ်၊ ဘယ်အရာဖြစ်ဖြစ် နှင် ငါ့အပေါ် အနိုင်ယူနိုင်ပါတယ် နက္ခ၊ ကဲ ... နှင် ငါ့ကို အံ့သြသွားပြီလား ... အထူးသဖြင့် ငါ့စိတ်ဓာတ်ပေါ့"

"မအံ့သြပါဘူး ... ငါက နည်းမှန်လမ်းမှန်တာပဲ၊ နှင်သာ ရှုပ်ရှုပ် ရှုပ်ရှုပ် လိုက်လုပ်နေတာ"

ခေါင်းငုံ့မငြိမ်လို့လည်း မဖြစ်တော့။ ဒီအချိန်က ရက္ခ ခေါင်းငုံ့ပြီး နားထောင်ရချိန် ဖြစ်သလို ရက္ခကို သူ ဒီထက်ပြင်းထန်သည့် စကားလုံးတွေနှင့် မရိုက်နက်တာကိုပဲ ရက္ခ ကျေးဇူးတင်ရသေးသည်။

"နှင် ငါ့ကို အထင်သေးလား"

သူ့ကိုတော့ သွေးတိုးစမ်းစကား မေးကြည့်လိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို မေးလိုက်တော့ နက္ခက မျက်နှာကြီးတစ်ချက် တည်သွားပြီး

"မင်းက အထင်ကြီးစရာ လုပ်ထားတာမှ မဟုတ်တာ။ အထင်သေးတာပေါ့ကွာ၊ ဒါပေမဲ့ ကိုယ် တအားချစ်တဲ့ ချစ်သူဆိုတော့လည်း ခွင့်လွှတ်ပေးရမှာပေါ့၊ မင်း လုပ်ထားတဲ့ လုပ်ရာလုပ်ကွက်တွေက အထင်ကြီးစရာ တစ်ကွက်မှမရှိဘူး၊ ကိုယ့်ကို လှည့်စားတယ်၊ မင်းရဲ့အလုပ်ရှင်ကို လှည့်စားတယ်၊ မင်း ယောကျ်ားနှစ်ယောက်ကို twist လုပ်တာ နည်းတဲ့ပရိယာယ်လား"

သူက မျက်နှာတည်တည်နှင့် ဆိုလာတော့ ရက္ခစိတ်ထဲ ဝမ်းနည်းသလို ခံစားလိုက်ရသည်။

"အဲဒီအတွက် ငါ့ကို တစ်သက်လုံး ပြစ်ချက်ယူသွားမယ်ပေါ့ . . . ဟုတ်လား။ တစ်သက်လုံး ခန့်သွားမယ်ပေါ့ . . . ဟုတ်လား"

ပြောရင်းနှင့် ရက္ခ မျက်ရည်တွေ လိမ့်ခနဲ ပါးပြင်ပေါ်သို့ စီးကျသွားလေသည်။

"ဟာ . . . မငိုနဲ့လေ၊ ဒါ ငိုစရာလား၊ မင်းကို ကိုယ်နားလည်အောင် ပြောနေတာပါ၊ နောက်နောင် ယောကျ်ားတစ်ယောက်ကို အသုံးမချနဲ့၊ ရိုးရိုးစင်းစင်းကလေး စိတ်ထားမွေးစမ်းပါ၊ အရွဲ့တိုက်တယ်ဆိုတာ ကောင်းတဲ့အလုပ် မဟုတ်ဘူး၊ နောက် ဒါမျိုးလုပ်ဖို့ ဘယ်တော့မှ စိတ်မကူးနဲ့"

"နင်က ငါ့ကိုပဲ ဖိဆူနေတာ၊ နင်ကရော ဒီခြောက်လအတွင်း ငါ့ကို ဘာဂရုစိုက်သလဲ၊ လျစ်လျူရှုထားခဲ့တာ မဟုတ်လား၊ ငါကသာ





နင့်ကို သတိရစိတ်နဲ့ သေလုမြောပါး ခံစားခဲ့ရတာ၊ မခံစားနိုင်တော့တဲ့အဆုံး အခု ငါတိုက်ခန်းမှာ အတူလာနေတဲ့ သူငယ်ချင်းကို အမြဲ ရင်ဖွင့်နေခဲ့တာ၊ နင်က ဒီခြောက်လအတွင်း တခြားမိန်းမတွေနဲ့ ပျော်စရာတွေ့ရင် တွေ့နေမှာ"

"တော်စမ်းကွာ၊ မင်းလိုမှတ်ပြီး ငါ့ကို မခန့်နဲ့၊ ငါ သိပ်စိတ်တိုနေတာ၊ ဘယ့်နှယ်ကွာ . . . ငါနဲ့ ပြန်နီးစပ်ဖို့ ကြံရည်ဖန်ရည်က ကောင်းလိုက်တာ"

"နက္ခနော် . . . ပြော၊ ပြော . . . သေအောင်ပြော"

နောက်ဆုံးတော့ ရက္ခ သူ့ကို အရှုံးပေး မျက်ရည်ကျသွားတော့သည်။ မျက်ရည်တွေနှင့် သူ့ကို မော့ကြည့်လိုက်တော့ သူက ခေါင်းတညိတ်ညိတ်နှင့် မျက်လုံးနွေးနွေးတွေက အရောင်ပြောင်းသွားလေသည်။

အဲဒီနောက် ရက္ခ ကိုယ်လုံးကို ခပ်တင်းတင်းပွေ့ဖက်ပြီး ရင်ထဲကစကားကို ပြတ်ပြတ်သားသား ဆိုခဲ့သည်။

"ကိုယ်တို့ ဒီဆောင်းဦးပေါက်ကို လက်ထပ်ဖို့ မေမေက ခွင့်ပြုလိုက်ပြီ၊ မေမေကတော့ ကိုယ် ဖွဲ့မလျှော့မှန်းသိလို့ မင်းကို လက်ခံလိုက်ပြီ၊ မင်းကိုလည်း မေမေက သမီးတစ်ယောက်လို ချစ်တာဆိုတော့ ဘာမှ အာဃာတမထားပါဘူးကွာ၊ ရက္ခရော မေမေ့ကို ခွင့်လွှတ်လားဟင်"

ရက္ခ မျက်နှာကို တည့်တည့်ကြည့်ပြောလာသည့် နက္ခကို



www.burmeseclassic.com

www.burmeseclassic.com



ရက္ခ အရောင်မှိန်မှိန်မျက်လုံးတွေနှင့် စိုက်ကြည့်ပြီး . . .

"အန်တီ့မှာ အပြစ်မရှိပါဘူးကွယ်၊ ငါကသာ အန်တီ ကြည့်ဖြူရင် ပြီးတာပဲ၊ ငါလေ အရင်တုန်းကစိတ်တွေ ဘယ်ရောက်သွားပြီလဲ မသိဘူး၊ ဘယ်သူ့အပေါ်မှာလည်း အနိုင်မယူချင်ဘူး၊ ငါ့ဘဝမှာ တစ်ခါမှလည်း အနိုင်ဆိုတာ မရခဲ့ပါဘူး နက္ခရယ်၊ ငါ့ဘဝမှာ အနိုင်မရတာနဲ့စာရင် အနိုင်မယူတာက ကောင်းတာပေါ့နော်"

"အင်း အင်း . . . ထားပါကွာ၊ ဘာမှစိတ်ဆင်းရဲခံစားမနေပါနဲ့ကွာ၊ အတိတ်အကြောင်းတွေ အားလုံးမေ့ပစ်လိုက်တော့"

"အဲဒါ အကောင်းဆုံးပါပဲ"

ရက္ခ ဒီတစ်ကြိမ်တော့ နက္ခကို ဘာမာန် ဘာမာနမှ မထားဘဲ ရင်ထဲက တကယ့်ကို လှိုက်လှိုက်လှဲလှဲ အရှုံးပေးလိုက်မိပြီ ဖြစ်သည်။

အဲဒီလို အရှုံးပေးလိုက်တော့လည်း နက္ခက အကျေနပ်ကြီး ကျေနပ်တာပေါ့လေ။



《 ၁၂ 》

ညဆယ့်တစ်နာရီ လူခြေတိတ်ဆိတ်ချိန်မှာ ရက္ခတို့ ချစ်သူနှစ်ယောက် ရှေ့အနာဂတ်ကို ဖုန်းတစ်လုံးနှင့် အစီအစဉ်ရေးဆွဲရင်း နက္ခက သူ့ရဲ့အကြင်နာတွေကို ကျေနပ်ခံစားခဲ့မိသည်။

"ကိုယ် မင်းကို ဒီလူ့အလုပ်မှာ ဆက်ကိုမလုပ်စေချင်ဘူးကွာ၊ မင်း အလုပ်ထွက်ရင် ကောင်းမယ်"

သူမကို ဦးဇော်နှင့် သဝန်အတိုလွန်ပြီး ပြောလာသည့် နက္ခရဲ့ စကား၊ ပူကျိုအသံတွေကို စိတ်ညစ်ရပေမယ့် ရက္ခ ရင်ထဲမှာ သူ ရက္ခကို သဝန်တိုတာတွေအတွက် ကျေနပ်ပျော်ရွှင်မိပါသည်။

ဒါပေမဲ့ . . .

သူ ကျေနပ်အောင်တော့ ဖုန်းထဲကနေ ခပ်နွေးနွေးအသံ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ရက္ခ ချော့ရ မော့ရနှင့် ပြေရာပြေကြောင်း ပြောရသေးသည်။

"အဲဒီလို ဖွတ်တရွတ်လုပ်လိုက်လို့ ဘယ်ဖြစ်မလဲ နက္ခရယ်၊ မန်နေဂျာအလုပ်နဲ့ရတဲ့ ဝင်ငွေက ငါ့ဘဝအတွက် လုံလောက်နေခဲ့ပြီပဲ၊ လျှောက်ပြီး သဝန်မတိုနဲ့ကွာ၊ အဲဒီလူဟာ လူကြီးလူကောင်းပါ၊ ငါ့ကိုလည်း ခွင့်လွှတ်နားလည်ပေးထားတယ်၊ သဝန်မတိုစမ်းပါနဲ့ကွာ ... နော်၊ ငါ အနေမကျပ်ချင်ဘူး"

"အနေမကျပ်ချင်ရင် အလုပ်ထွက်"

"ဟာ ... နက္ခကလည်း ကလေးမဆန်စမ်းပါနဲ့"

"ဩော် ... ငါက ကလေးဆန်တယ်၊ ဟိုကောင်ကြီးက လူကြီးလူကောင်းပေါ့"

"ဟာ ... ကလေးကလားစကားတွေ မပြောစမ်းနဲ့ နက္ခရာ၊ ကိုယ့်ရာထူး, ကိုယ့်အဆင့်အတန်းနဲ့ ပြီးတော့ ငါ့လခကလည်း သိန်းချီရတာ၊ ကဲ ... ရှင် မကျေနပ်ဘူးလား"

"ဒါဆို ... မြန်မြန်လက်ထပ်မယ်"

"ဟာ ... ဝါမကျွတ်သေးဘူး၊ ဘာစကားတွေ ပြောနေတာလဲ"

"မြန်မာပီပီသသ ပြောနေတာ၊ ဒီလူ့ကုန်တိုက်မှာ မင်း မန်နေဂျာလုပ်တာကိုပဲ ကိုယ်က မကျေနပ်နိုင်တာ၊ မင်းအတွက် ဒီထက်အဆင့်မနိမ့်တဲ့ အလုပ်တစ်ခုခု ရှာဦးမယ်၊ အလုပ်ရပြီးရင် ဒီဆောင်းဦးပေါက်တာနဲ့ လက်ထပ်မယ်"





"လက်ထပ်ဖို့ကိစ္စကို မနက်ဖြန်မှ ဆွေးနွေးကြတာပေါ့ နက္ခရယ်၊ လက်ထပ်တယ်ဆိုတာ ချစ်သူတွေအဖို့ လွယ်တယ်၊ ဒါပေမဲ့ ငွေကြေးပမာဏက ရှိသေးတယ်၊ နှင့်ဘက်က အရမ်းကြီး ပြည့်စုံနေပြီး ငါ့ဘက်က သိပ်လိုနေသေးတော့ သိမ်ငယ်တာပေါ့ဟာ"

"ဒါတွေကိုသာ အချိန်လိုက်ဆွဲနေရင် မင်းနဲ့ငါ ဒီတစ်သက် လက်ထပ်ရမှာ မဟုတ်တော့ဘူး၊ နေစမ်းပါဦး ... မင်း ဘာဖြစ်လို့ ဒီလောက်အထိ အချိန်ဆွဲနေချင်ရတာလဲ၊ မင်း ကိုယ့်ကို တကယ်ချစ်တာမှ ဟုတ်ရဲ့လား"

"ဘာတွေလျှောက်မေးနေတာလဲ နက္ခရာ၊ သိပ်စိတ်ညစ်ဖို့ကောင်းတယ်၊ မချစ်ဘဲ နေမလား။ ဒီလောက် သူ့ကို တုန်နေအောင်ချစ်တာတောင် ဘာလိုသေးလဲ"

"မသိပါဘူးကွာ ... မင်းက ကိုယ့်ထက်များ ပိုက်ဆံကို ပိုချစ်သလားလို့၊ ပိုက်ဆံကို ပိုချစ်ရင်တော့ ကိုယ်တော့ Go ပြီ Go ပြီ ဖြစ်ပြီ"

"ပိုက်ဆံကို ပိုမချစ်ဘူး ... ရှင့်ကိုချစ်တယ်၊ နက္ခကို ချစ်တယ်၊ နက္ခရွှေကို ချစ်တယ်၊ ကဲ ... ကျေနပ်ပြီလား၊ တော်ပြီနော်၊ နာရီဝက်ကျော်သွားပြီ၊ အိပ်ချိန်လည်း ရောက်ပြီ"

"ဘာလဲ ... အိပ်ချင်ပြီလား"

"အင်း ... အိပ်ချင်ပြီပေါ့"

"ဒါဆိုလည်း အိပ်တော့၊ အိပ်တော့ ကိုယ် သီချင်းဆိုသိပ်



www.burmeseclassic.com

www.burmeseclassic.com



ပေးရမလား''

''အဟင်း ဟင်း ... အင်း ... ကောင်းသား''

သူမအသံကလေးက နုနုလေး။ သူ့အပေါ် နွဲ့သလို ပေါ်လွင်သွားချိန်မှာ သူက အတန်ကြာ တိတ်ဆိတ်သွားပြီးမှ လေထဲကနေ ရက္ခကို နမ်းမွှေးလိုက်သည့် အသံကလေးဖြင့် ချိုကြည်ရွှင်ပျစွာ ပြောလာခဲ့သည်မှာ ကြားရသည့် ရက္ခရင်ကို ကြည်နူးရင်ခုန်စွာဖြင့် ဆန်းသစ်နွေးထွေး ခံစားခဲ့ရသည်။

သူပြောသည့် စကားမှာ ...

''ရက္ခ ... ခုတင်ပေါ်မှာ အိပ်နေတာလား''

''ဟင့်အင်း ... ခုတင်တန်းမှာ ခေါင်းအုံးချပြီး မှီနေတာ''

''ဒါဆို ချစ်လေး ဖုန်းနားမှာ ကပ်ထားရင်းနဲ့ စောင်ခေါင်းမြီးခြုံပြီး ကွေးကွေးလေး မျက်စိမှိတ် နားထောင်လိုက်''

''အင်း''

''အားလုံး ပြင်ဆင်ပြီးပြီလား''

''အင်း''

''အိုကေ ... feel သွင်းပြီး ကိုယ်ဆိုပြတဲ့ သီချင်းလေးကို နားထောင်ပြီး အိပ်တော့၊ ဘာမှထပ်မပြောတော့နဲ့၊ အင်းလည်း မလုပ်တော့နဲ့''

ခြောက်လလုံးလုံး ကွဲကွာပြီးမှ ကဗျာဆန်လာသည့် သူ့ရဲ့ အကြင်နာတွေကို ရက္ခကလည်း အကြင်နာတွေပိုပြီး မြတ်နိုးသွားရ





တော့သည်။

သူဆိုမည့် သီချင်းလေးကိုလည်း ခံစားချက်အပြည့်နှင့် သူပြောသလို မျက်စိလေးမှိတ်ပြီး နားထောင်လိုက်ပါတော့သည်။

ဒီအချိန်မှာ ...

သူ ဆိုလိုက်သည့် ဟဲလေးရဲ့ 'ညီမလေးရယ် စိုးရိမ်တယ်' သီချင်းလေးက ရက္ခနားစည်ထဲမှ နှလုံးသားထဲကို ပူရှိန်းနွေးရှိစွာ ခံစားသက်ဝင်သွားခဲ့တော့သည်။

♪ စိုးရိမ်တယ် ညီမလေးရယ် စိုးရိမ်တယ် xxx စိုးရိမ်တယ် ညီမလေးရယ် စိုးရိမ်တယ် xxx ညီမလေးရေ xxx ညီမလေးရေ ♪

''ဟဲ့ ... ဘာသီချင်းကြီးလဲ၊ အတိတ်နိမိတ် မရှိ''

''အား ... ဟုတ်သားနော်''

''တော်ပြီ၊ တော်ပြီ ... တကတဲ အသုံးကလည်း မကျသေးဘူး၊ အိပ်တော့မယ်၊ ဘာမှမပြောတော့နဲ့''

ရက္ခ စိတ်ပေါက်ပေါက်နှင့် အော်ပြီး ဖုန်းကလေးကို စိတ်ဆိုးမာန်ဆိုး ပိတ်လိုက်ချိန်မှာ သူကလည်း ဘာမှမကြိုးစားတော့ဘဲ ငြိမ်သက်တိတ်ဆိတ်သွားတော့သည်။

❁



www.burmeseclassic.com

www.burmeseclassic.com



ရက္ခ အခန်းထဲမှာ ဆံပင်ဖြီးပြင်ဆင်နေတုန်းမှာပဲ တိုက်ခန်းရှေ့ဆီက တပွမ်ပွမ် ကားဟွန်းသံက ဝတ်လက်စပိုးသားဂါဝန်လေးကို ကိုယ့်ကိုယ်ကိုယ် လှ,မလှ ပြန်တောင်ငုံ့မကြည့်အားတော့ဘဲ အပြေးအလွှား အခန်းထဲက ထွက်လာခဲ့ရတော့သည်။

အခန်းအပြင်ရောက်တော့ နီနီက ရှုံ့ရှုံ့မဲ့မဲ့မျက်နှာကြီးနှင့်

''ဟယ် ... စိတ်ညစ်ဖို့ကောင်းလိုက်တာ၊ နင့်ကို နင့်ချစ်သူက သိပ်နိုင်စားတာပဲနော်၊ ဟင်း ... ငါတော့ သည်းမခံနိုင်ပေါင်''

နီနီ စိတ်ပျက်လက်ပျက်ပြောလာတာကို ဖက်ကလေးပု လျှာကလေးထုတ်ပြီး ...

''ဟိ ဟိ ... မကြုံဖူးတော့လည်း ဒီလိုပဲ ကျယ်နိုင်သေးတာပေါ့ကွယ်၊ ငါလို ကြုံသွားတော့မှ နင်က ငါ့ထက်ပိုပြီး နင့်ချစ်သူအပေါ် ကြောက်ရမယ်''

ဟု ဆိုပြီး နီနီ့ကို လက်ကာနှုတ်ဆက်ကာ ရက္ခ တိုက်ခန်းလှေကားထစ်ကနေ မပြေးရုံတမယ် ခြေလှမ်းတွေနှင့် သူ့ကားဆီသို့ ရောက်သွားခဲ့တော့သည်။

သူက ရက္ခ သွက်သွက်လျှောက်လာတာကို မျက်မှောင်ကုတ်ကြည့်ပြီး ကားတံခါး ဖျတ်ခနဲ ဖွင့်ပေးကာ ...

''ဘယ်လိုပုံစံ ဖြစ်လာတာလဲ ... ဒရောသောပါးနဲ့''

''အဲဒီလို မေးရမှာက ငါ၊ ဟွန်း ... ခဏလေးတောင် သည်းမခံနိုင်ဘူး၊ ဟိုမှာ သူငယ်ချင်းလည်း ရှိတယ်၊ ရှင် အဲဒီလို





ကြပ်ကြပ်စိတ်တိုပြ၊ သူ့ကို သူငယ်ချင်းက လက်ဖက်ရည်ဆိုင်မှာ ကတည်းက မျက်မုန်းကျိုးနေတာ''

''သူ မျက်မုန်းကျိုးတာ ငါက ဂရုစိုက်စရာလား၊ နေပါဦး မင်းက ဘာဖြစ်လို့ ဒီအဝတ်အစားမျိုးကို ဝတ်လာရတာလဲ၊ ဒီဂါ က ကလေးလည်းဆန်တယ်၊ ကြည့်ရတာ ကလက်လည်း လက်တယ်၊ ရုံးကို ဒီလိုပဲဝတ်သွားလား၊ နောက်တစ်ခါ အဲဒီလို ကဲ့ အဝတ်အစားတွေကို ရုံးသွားရင် မဝတ်မိစေနဲ့''

''ဟင် ... အဝတ်အစားဝတ်တာကအစ ရှင်က လျှောက် နေတယ်၊ မာ့ကတ်သွားတော့ ဒီဂါဝန်မဝတ်ပါဘူး၊ ထဘီနဲ့ စကတ် ဝတ်တာပါ၊ ကဲ ကဲ ... အဝတ်အစား ဝတ်တာကအစ လျှောက် ယ်တယ်၊ ပြော ... ရှင်က ဘယ်အဝတ်အစားကို ဝတ်စေချင် ပဲ ဒီဂါဝန်မျိုး နောက်မဝတ်ရတော့ဘူးလားဟင်''

''မာ့ကတ်မှာ မဝတ်ရင် ပြီးတာပဲ၊ ဘာမဝတ်နဲ့, ဘာမစား တော့ မပိတ်ပင်ပါဘူး ... ဘာဝတ်ဝတ် ရပါတယ်၊ စိတ်ထဲမှာ က သိပ်လှနေတော့ မာ့ကတ်မှာက ဟိုခွေးသူခိုးကြီးနဲ့ မဟုတ် ဒီကောင်ကြီး မျက်စိပသာဒ ခံနေမှာစိုးလို့ ... အဲဒါကြောင့်ပါ၊ လှတာပဲ ... ကိုယ့်ချစ်သူလေးက''

''မပိုပါနဲ့၊ လျှောက်ပြီးပြောနေတာ၊ လူတောင် နေစရာမရှိ ဘူး၊ ဝတ်တော့လည်း ဝတ်လို့, စားတော့လည်း စားလို့ ပါဦး ကျေနပ်ပါတယ်နော် ... ရှင်မကြိုက်ရင် ဒါမျိုးဝတ်စုံ မဝတ်



www.burmeseclassic.com

www.burmeseclassic.com



တော့ပါဘူး''

''ဝတ်ပါ ... လှသားပဲ၊ ဒါပေမဲ့ စကတ်ကျပ်ကျပ်တွေ နောက်ကွဲတွေ, ဘောင်းဘီအသားကပ်တွေ, အင်္ကျီလည်ဟိုက် ကျယ် ကျယ်တွေ, အတွင်းကြိုးပေါ်တွေ လုံးဝမဝတ်နဲ့ကွာ''

''အင်းပါ အင်းပါ ... အခု ဘယ်ကိုသွားကြမလဲဟင်''

''ဘုရားကို အရင်သွားမယ်၊ ပြီးတော့မှ စားသောက်ဆိုင် မှာ လက်ထပ်မယ့်ကိစ္စ ဆွေးနွေးမယ် ... ဟုတ်ပြီလား''

နက္ခက အနွေးထွေးဆုံးမျက်လုံးတွေနှင့် ရက္ခကို ပြုံး ခေါင်းညိတ်ပြပြီး ကားကို ကျေကျေနပ်နပ် မောင်းထွက်လာခဲ့တော့ သည်။ ဒီအချိန်မှာ ရက္ခက နက္ခရင်ခွင်အစပ်မှာ ခေါင်းကလေးမှေး ပြီး နက္ခနှင့်လက်ထပ်ဖို့ ဆွေးနွေးရမယ့်ကိစ္စကို ကြိုတင်စိတ်လှုပ်ရှား နေခဲ့ရပြီး သူ့ကို ဒီနှစ်ထဲမှာပဲ လက်ထပ်ဖို့ ဆုံးဖြတ်လိုက်ရမလား ဒါမှမဟုတ် ရှေ့နှစ်မှ လက်ထပ်ရမလားဆိုသည့် အတွေးတွေ[...] ဘုရားရောက်တာတောင် မသိလိုက်ရသည်အထိ သတိလွတ်သွား[...] သည်။

''ကဲ ... ဘုရားကိုရောက်ပြီဗျာ၊ ဘာတွေများ ယဉ်နေတာ လဲ''

''ဟင် ... ဘာမှမယဉ်ပါဘူး၊ ဘုရားကိုရောက်တော့လည်း စိတ်တွေ လန်းဆန်းသွားလိုက်တာနော်''

''အင်း ... ဘုရားရင်ပြင်ပေါ်ရောက်ရင် လိုရာဆုတောင်း''





''ဘယ်ဆုလဲ''

''ယောက်ျားမြန်မြန်ရပါစေဆု''

''သွား ... နက္ခနော်''

''အင်း ... ဓာတ်လှေကားနဲ့ မတက်ဘူး၊ ဒီအတိုင်း တက် မယ် ဒါမှ သဘာဝကျတာ''

စကားတပြောပြောနှင့် နက္ခက ရက္ခလက်ကိုဆွဲပြီး ဘုရား ရင်ပြင်ကို တက်လာကြချိန်မှာ ဘုရားရင်ပြင်ကနေ ပြန်ဆင်းလာသည့် လူတစ်ယောက်ကို ရုတ်တရက် တွေ့လိုက်ရသဖြင့် ရက္ခမျက်လုံးတွေ ပြူးကြောင်သွားသည်အထိ ရင်ခုန်ထိတ်လန့်သွားရသည်။

မြတ်စွာဘုရား ...

တိုက်ပဲ တိုက်ဆိုင်လွန်းလေရဲ့ ...။

ဦးဇော်နှင့် မထင်မှတ်ဘဲ အခုလို ဘုရားပေါ်အဆင်း ဘုရား ရင်ပြင်ပေါ်အတက် မျက်နှာချင်းဆိုင် ပက်ပင်းတိုးသွားသည့်အဖြစ်က တော့ကို ဘယ်လိုမှ ရှောင်လွှဲလို့မရတော့ပြီမို့ ရက္ခက ရက္ခကို အပြုံး [...] မျက်လုံးတွေနှင့် နှုတ်ဆက်လာသည့် ဦးဇော်ကို သူကြိုက်သည်၊ [...]ကြိုက်သည် အပထား၊ အပြုံးတစ်ခုနှင့် နှုတ်ဆက်လိုက်ရပါတော့ သည်။

''ဦးဇော် ... ဘုရားကို လာတာလား''

''အေး ... မင်းတို့ရော ဘုရားလာဖူးတာလား''

''ဟုတ်ကဲ့''



www.burmeseclassic.com

www.burmeseclassic.com



ရက္ခစကားကို ဆုံးအောင်တောင် ပြောခွင့်မရလိုက်
နက္ခက ရက္ခကို မျက်နှာတည် မျက်နှာထားနှင့်ကြည့်ပြီး ရက္ခ လ
မောင်းကို ပြုတ်ထွက်မတတ်ဆွဲပြီး တက်သွားတာက ရက္ခရင်
နှင့်ခနဲ ခံစားကြေကွဲသွားခဲ့ရလေသည်။

ရင်ထဲမှာ ဘယ်လိုမှ ကြည်လင်ကျေနပ်မှု မရှိတော့။
လူရှေ့သူရှေ့မရှောင် ရက္ခကို အနိုင်ကျင့်ပြတာ ရက္ခစိတ်ထဲမှာ
တော်အခံရခက်သွားခဲ့တာမို့ ဘုရားကို တစ်ပတ်ပတ်ပြီး စားသော
ဆိုင်မှာ ထိုင်သည့်အချိန်အထိ သူ့ကို ဘာစကားတစ်ခွန်းမှ မပြော
တော့။

အဲဒီလို ရက္ခ စိတ်ဆိုးသွားပြီး သူ့ကို ဘာစကားတစ်ခွန်း
မပြောတော့ သူက ခနိုးခနဲ့ ပြောလာသေးသည်။

"ဟ … နှုတ်ဆိတ်လှချည်လား၊ ဘာလဲ … ပြန်တွေ့လို့
ရလို့ အလွမ်းပိုသွားပြီထင်တယ်"

"ငါ့ကို မခနဲ့ပါနဲ့ နက္ခရာ၊ ငါလေ နင့်ကို အရင်က စိတ်
ဆို နင်နဲ့ငါ ခဏခဏ ရန်ဖြစ်နေမိမှာပဲ"

"ဒါကတော့ မင်းအပြစ်နဲ့မင်း ခေါင်းငုံ့ခံနေရတာပဲ၊ ငါ
အပြစ်ဆိုလို့ မြူတစ်မှုန်တောင် လုပ်မထားခဲ့ဖူးဘူး"

ရက္ခ သူ့ကို နာကျင်စွာ မော့ကြည့်လိုက်မိသည်။

"စကားကောင်းကောင်း ပြောကြစို့ နက္ခ၊ ဒီမှာ နက္ခ …
ကို ငါ သိပ်ချစ်တယ်၊ ဒါကြောင့် ငါ့မှာ အပြစ်ရှိတယ်လို့လည်း ခံ





ပြီး နင့်ကိုလည်း သည်းခံသလို သိပ်ချစ်တာတွေလည်း ပါတယ်၊

ဒါပေမဲ့ နက္ခ … ငါတို့နှစ်ယောက် ရှေ့ဆက်မယ့်ခရီးဟာ နားလည်မှု ရှိမှနေ၊ တစ်ယောက်နဲ့တစ်ယောက် နားမလည်ဘဲ အရင်က အပြစ်ကို လက်ထောက်ပြပြီး အထင်သေးနေမယ်ဆိုရင် နင်နဲ့ငါ လမ်းခွဲကြမှာပဲ၊ အဲဒီလို လမ်းခွဲမယ်ဆိုရင် နင် ဘာလုပ်မလဲ"

"ဟ … မင်းက ငါ့ကို စိန်ခေါ်တာလား"

"မခေါ်ပါဘူး"

"အင်း … ဘာပဲဖြစ်ဖြစ် မင်း twist ငါ့ကိုလုပ်ဖို့ ရည်ရွယ်ချက်ရှိပြီ ထင်တယ်၊ အေး … မင်းက သိချင်တယ်ဆိုတော့ ကိုယ်ဘာလုပ်မလဲဆိုတာကို ပြောပြရတာပေါ့ကွာ၊ တကယ်လို့ မင်းက ကိုယ်မကြိုက်တဲ့ ပြစ်ချက်တစ်ခုကို လုပ်လို့ ကိုယ် မင်းကို အရမ်းမုန်းတီးသွားခဲ့မယ်ဆိုရင်၊ ပြီးတော့ မင်းနဲ့ လုံးဝမပေါင်းရမယ့်အဖြစ်အထိ နာကြည်းသွားခဲ့မယ်ဆိုရင်"

သူ့မျက်လုံးတွေ ပြောရင်းနှင့် စိမ်းကားအေးစက်သွားသည်မှာ ရက္ခ နှလုံးသားတစ်အုံလုံး ကြွတက်သွားမိသလို ခံစားလိုက်ရသည်။

ရက္ခ ရင်နင့်ကြေကွဲ ခံစားလိုက်ရချိန်မှာ သူ ဆက်ပြောလာသည့် စကားက …

"ကိုယ် မင်းကို လူ့လောကမှာ အရှင်ပေးမထားဘူး မင်းကို လူ့လောကထဲကနေ ငါ့အသက်နဲ့ထပ်တူ နုတ်ယူပစ်မယ်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် မင်းကို မုန်းမယ်ဆိုတဲ့နေ့ရဲ့ အဖြေပဲ''

သူ့စကားသံထဲတွင် သူ တကယ်ရဲရဲဝံ့ဝံ့ လုပ်ဆောင်မည်ဆိုသည့် အားပါသဖြင့် ရက္ခ သူ့ကို ထိတ်လန့်တုန်လှုပ်စွာ အကြာကြီး စိုက်ကြည့်လိုက်မိသည်။

အဲဒီအချိန်မှာ သူက ရက္ခကို စူးရှစွာ ပြုံးပြလိုက်လျှင် ရက္ခ ငိုင်တွေ ငေးမောသွားရသည်။

သူ့ကိုလည်း ရင်ထဲက စကားတွေကို အရေးသံနှင့် ပြောမိသွားခဲ့သည်။

''ဒါဆို ... နင်က သိပ်ရက်စက်တဲ့သူပဲ၊ ငါ အခုပြောတာက မမြင်ရတဲ့ကံကြမ္မာကြောင့် တို့နှစ်ယောက် အဆင်မပြေ ထပ်ဖြစ်ဦးမယ်ဆိုရင် ပြောတာပါ။ ငါက ချစ်သူအပေါ်မှာ ဘယ်တော့မှ မရက်စက်တတ်ဘူး၊ နင်သာ ရက်စက်တာ''

''ရက်စက်တယ်ပဲပြောပြော၊ ဘာပြောပြော ... ငါကတော့ ငါ့ကိုစွန့်ပစ်ဖို့ ကြိုးစားမယ့်ချစ်သူကို အရှင်မထားဘူး''

ရက္ခ သူ့ကိုကြည့်ပြီး ခေါင်းနားပန်းကြီးသွားရသည်။ သူက တကယ့်ကို စိတ်ဆိုးမာန်ဆိုး ပြောနေတာပင်။ သူ့စိတ်ဆိုးမာန်ဆိုး ဖြစ်အောင်လည်း သူမက အတိတ်နိမိတ်မရှိ ပြောခဲ့ပြီးပြီဖြစ်သည်။

ဟား ... ဒီပါးစပ် ဘာဖြစ်လို့ နိမိတ်မရှိတာတွေ မေးမိပါလိမ့်။

မေးမိပြီးခါမှ ကိုယ့်ပါးစပ်ကိုယ် အပြစ်တင်ပြီး နှုတ်ခမ်းကို





…က်ဖဝါးနှင့် ခပ်ဖိဖိအုပ်ကာ ...

''အမယ်လေး ... ကြောက်လိုက်တာ၊ နင် ကြိမ်းဝါးပုံကြီး …ို နင် ဘာဖြစ်လို့ ဒီလောက် ကြိမ်းတာလဲ၊ ငါ ကြောက်လိုက်တာ၊ …ကျ အိပ်မက်တောင် မက်မယ်၊ ငါလေ နင့်ကိုသိပ်ချစ်တာပဲ၊ နင် …ယ်လောက်ပဲ ချိုးနှိမ်ပြောပြော၊ ငါ့ကို ဘယ်လိုပဲ ထိခိုက်ပြောပြော …င့်လွှတ်ပါတယ်၊ ရှင်ကရော ငါ့လိုချစ်ရဲ့လား''

''လူလည်မလေး၊ ကျုပ်မှာ အပြစ်မရှိဘူးနော်၊ မင်းမှာသာ …ပြစ်ရှိတာ၊ ကြပ်ကြပ်သတိထား ... ကိုယ် မင်းကို သိပ်ချစ်တယ်၊ …ိုယ့်ချစ်သူကို သိပ်ချစ်ခဲ့တဲ့အတွက် ထွက်လာတဲ့ ရင်ထဲကအဖြေ …တော့ နံပါတ်တစ် ရက္ခမေကို သဝန်တိုခြင်း၊ နံပါတ်နှစ် ရက္ခမေ …ို ချုပ်ချယ်လွှမ်းမိုးခြင်း၊ နံပါတ်သုံး ရက္ခမေကို ဒီနှစ်လအတွင်း …က်ထပ်လိုခြင်းပဲ ဖြစ်ပါတယ်ခင်ဗျာ''

''ဟယ် ... ဆိုင်ထဲမှာ အာလုတ်သံကြီးနဲ့ အော်ပြောနေ…ာ နင် မရှက်ဘူးလား''

သူ့အသံကျယ်ကျယ်ကြီးကို သူကတော့ မပြောတတ်၊ ရက္ခ…တော့ လူတွေကွက်ကြည့် ကွက်ကြည့် ကြည့်လာခဲ့တာကို အရှက်…ီးပြီး မျက်နှာလေးကို ဆံပင်ဆွဲအုပ်ကွယ်ပစ်ပြီး သူ့ကိုလည်း …ရှက်သည်းစွာ ပြောလိုက်မိတော့သည်။

သူကတော့ ရက္ခ ရှက်သွားတာကို ဂရုမစိုက်ဘဲ ...

''ဘာလို့ ရှက်ရမှာလဲ ... ကိုယ့်ချစ်သူကို ကိုယ်ပြောတာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ဆို လက်ထပ်ဖို့ကြိုးစားတာ ဒုတိယမြောက်နော်၊ ဒုတိယမြောက် ရင်ခုန်သံပေါ့၊ ဟား ဟား ... ကဲ ပြော ... ဒီနှစ်လအတွင်းမှာ လက်ထပ်ဖို့ကိစ္စကို ကျွန်မ သဘောတူပါတယ်လို့''

''အင်း ... ဒီနှစ်လအတွင်း လက်ထပ်ဖို့ကိစ္စကို ကျွန်မ သဘောတူပါတယ်''

သူမက စားပွဲပေါ် လက်ထောက်ပြီး မျက်လုံးကလေး မှိတ်ချပြီးမှ ပြောလိုက်တော့ သူ့အမူအရာကို မမြင်ရတော့ဘဲ သူ့စကားသံကိုပဲ ခံစားသိရှိလိုက်ရသည်။

''အိုခေ ... ဒါဆို ကိုယ်တို့ နေ့ကောင်းရက်သာရွေးပြီး အိမ်မှာပဲ မင်္ဂလာဆောင်လိုက်ကြမယ်နော်၊ ဟိုတယ်တို့, ဘာတို့ ကိုယ့်အနေနဲ့ အဲဒီလောက်ကြီး မမေ့ကို မပူဆာရဲတော့ ရုက္ခ နားလည်ပေးပါနော်၊ ဟင် ... ရုက္ခ''

သူက အသနားခံသည့် အသံလေးနှင့် တောင်းခံလာသော်လည်း ရုက္ခက နဂိုကတည်းက သူ ဘာပြောပြော ခေါင်းညိတ်လက်ခံချင်နေသည့် မိန်းမပီပီ သူ့ကို ခေါင်းညိတ်လက်ခံလိုက်မိပါတော့သည်။

''အင်းပါကွယ် ... မောင့်သဘော၊ မောင့်စိတ်ကြိုက်''

''ဘယ်လို, ဘယ်လို ... ပြန်ခေါ်ပါဦး၊ နားအရသာရှိလိုက်တာ''

''မောင်''





''အင်း ... ထပ်ခေါ်ဦးကွာ၊ မဝသေးဘူး''

''မြောင်း''

''ဟားကွာ ... ဟား ဟား၊ ကဲ ... မြောင်းဦး''

''အား ... နက္ခ''

ရုက္ခ နားတစ်ဖက်ကို ခပ်နာနာ လိမ်ဆွဲလိုက်သည်။ **နက္ခ** လုပ်ရပ်တွေက ဆိုင်ထဲက ချစ်သူစုံတွဲတွေကို ပြုံးစိစိဖြစ်သွား**သည်**အထိ နက္ခလုပ်ရပ်ကို သဘောကျသွားပေမယ့် ရုက္ခကတော့ **အရှက်**ကြီးရှက်ပြီး မျက်နှာလေးကို လက်ဝါးနှစ်ဖက်နှင့် အုပ်ကာ ခေါင်းလေး ငိုက်ချပစ်လိုက်မိပါတော့သည်။

ဒီအချိန်မှာ သူကတော့ ရုက္ခကိုကြည့်ပြီး ဟဟားဟား ရယ်မဆုံး သဘောကျသွားခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ၁၃

ဒီတစ်ခါတော့ လမ်းဘေးက ထီးအမိုးလေးနှင့် မိုးထားသည့် အအေးဆိုင်ကလေးမှာထိုင်ပြီး နှစ်ယောက်သား တစ်လခွဲလောက် လိုသေးသည့် မင်္ဂလာကိစ္စအတွက် လေ့ရိုက်ဖို့ အားယူလိုက်ကြသည်။

အဲဒီအချိန်မှာ မောင်က အအေးပုလင်းတွေမှာပြီး ပိုက်တံလေးနှင့် ရက္ခပါးစပ်နားတော့ကာ စုပ်သောက်စေလိုက်ပြီး ပြုံးစိစိ မျက်နှာပေးနှင့် မချိုမချဉ်ကြည့်ကာ ပခုံးနှစ်ဖက်တွန့်လိုက်သဖြင့် ရက္ခက မကျေမနပ် နှုတ်ခမ်းစူသွားရလေသည်။

သူ့ကိုလည်း မကျေမနပ် မျက်စောင်းထိုးကြည့်လိုက်ရင်းက

"အဲဒီ အအေးဆိုတဲ့အသံ ကြားတာနဲ့ ငါ မောင့်ကို အမြင်ကတ်တယ်၊ ငါ့ကိုများ လူတွေကြားထဲမှာ အရှက်ခွဲရက်လိုက်တာ၊





ကိုယ်ချစ်နေတဲ့ မိန်းကလေးတစ်ယောက်ကို အဲဒီလို အရှက်ခွဲတာ၊ မောင် ဘာတွေအရသာတွေ့သွားလဲ၊ ကဲ ... ပြော"

"မင်းက အဲဒီကိစ္စအတွက် မကျေနပ်ဘူးပေါ့"

"ဟုတ်တယ်၊ ကျေနပ်မလား"

"ဒါဆို မင်းလုပ်ရပ်ကရော ပုံစံကျလို့လား"

တစ်လုံးချင်း ရိုက်စစ်သလို မေးလာသည့် မောင့်စကားကို ရက္ခ ဘာမှပြန်မဖြေမိဘဲ နှုတ်ခမ်းကိုပဲ တင်းတင်းစေ့ပစ်လိုက်သည်။

"ဒါ ပထမဆုံးအကြိမ်မို့လို့ အဲဒီလောက်အထိ ပညာပြတာ၊ နောက်ကို ကိုယ် မကြိုက်ဆုံးက မိန်းမဂုဏ်သိက္ခာမရှိ၊ အနိမ့်ကျဆုံး ဖြစ်အောင် ကိုယ့်တန်ဖိုးကိုယ် ပစ်စလက်ခတ် လွှင့်မပစ်ပါနဲ့၊ နောက်ပြီး ကျားကိုလည်း သွားပြီး မကစားပါနဲ့၊ ကိုယ်က သားကောင်ဖြစ်နေရင် ဘယ်သူ့ကိုမှ သွားကစားလို့ မရဘူးကွာ၊ ကဲ ကဲ ... ကိုယ်တို့ ဒီအကြောင်းတွေ ဆက်မဆွေးနွေးတော့ဘူးကွာ၊ လုပ်ပတဲ့ ခေါင်းစဉ်ကို ပြောင်းတမ်းကြစို့"

"မောင်က ဘာခေါင်းစဉ်တပ်ချင်သလဲ"

"ရင်ခုန်မြူးကြွ သံစဉ်ကမ္ဘာ"

ပြောပြောဆိုဆို မောင်က ရက္ခသောက်တဲ့ ပိုက်တံလေးနှင့် ယှဉ်လျက် သူ့ပိုက်တံလေးကို ဆွဲယူပြီး ရက္ခကိုလည်း ပိုက်တံနှုတ်ခမ်းတော့စေကာ တစ်ပုလင်းတည်းနှင့် ပိုက်နှစ်ချောင်းနှင့် မျက်နှာချင်း ရိုက်သွားကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာချင်းကပ်မတတ် ဖြစ်သွားသလို ရင်ခုန်မြူးကြွသွားသည့် ခံစားချက်ရီရီ မျက်လုံးတွေနှင့် တစ်ယောက်မျက်နှာကို တစ်ယောက် ရင်ခုန်မက်မောစွာ စိုက်ကြည့်နေကြပြီး အတော်ကြီးကြာမှ မောင်က ရုက္ခပါးလေးကို တစ်ချက်ဆွဲဖျစ်ကာ ဟက်ခနဲ ရယ်လိုက်သည်။

ပြီးတော့ ပါးစပ်ကလည်း ရှက်စဖွယ် ပြောလိုက်သေးသည်။

"ကောင်းလိုက်တာ"

"အို ... ဘာကောင်းတာလဲ"

"ဟဲ ဟဲ ... ရင်ခုန်လို့"

"ဟင်းနော် ... စကားပြောတာ ကြည့်ပြော၊ ငါ ယောက်ျား ဆိုပြီး အသားယူမယ် မကြံနဲ့"

"ဟာ ... အသားတော့ ဘယ်ယူတော့မလဲကွ"

"ဘာလဲ ... မောင်နော်"

"ဟွန်း ... တစ်ကိုယ်လုံးယူ အား ... သေပါပြီဗျ ... ဟီး ဟီး"

"ဟယ် ... အရှက်မရှိလိုက်တာ၊ လူတွေ ကိုပေါ်ရဲ့"

"အင်း ... ကိုပေါ်တို့အချစ်တွေဟာ အဲဒီလိုပါပဲကွာ"

သူက သူ့စည်းချက်နှင့်သူ ခေါင်းတယမ်းယမ်းလုပ်ပြီး ရုက္ခမျက်နှာကို အချစ်ခိုးတွေဝေစွာ စူးရှရှကြီး စိုက်ကြည့်လိုက်တာကို ရုက္ခက ရင်ခုန်ရှန်းကြွရကာ မျက်ဝန်းတွေကို ခေါင်းငုံ့မျက်နှာလွှဲပစ်





ဆိုက်တော့သည်။

အဲဒီလို ခေါင်းငုံ့ချလိုက်သည့် အချိန်မှာပဲ သူက ကြည်လင်ရွှင်ပျသည့် အသံမြူးမြူးကြီးနှင့် ...

"ဝေး ... နံပါတ်မှာတစ် လက်ထပ်ချင်တာ၊ အချစ် ... အချစ်ကြောင့် မောင်တို့နှစ်ယောက် နောက်တစ်လခွဲလောက်ဆို လက်ထပ်တော့မယ် ... ဟုတ်တယ်နော် ရုက္ခ"

"ဟုတ်ပါတယ် ဟုတ်ပါတယ် ... တကတဲ ဘယ်လိုဖြစ်နေမှန်းကို မသိဘူး"

"ဘယ်လိုဖြစ်ရမလဲ ... ပျော်ဖို့ကောင်းလို့ပါကွယ်"

"ပျော်ပါ ပျော်ပါ ... နေစရာမရှိအောင် ပျော်ပါ"

"ပျော်တယ် ပျော်တယ် ... နေစရာမရှိအောင် ပျော်တယ်၊ ဒါပေမဲ့ ဟိုခွေးသူခိုးကြီးဆီမှာ ဒီနေ့ကစပြီး အလုပ်မလုပ်ရတော့ဘူး။ ဒီ မင်းကို အဲဒီလူကြီးနဲ့ လုံးဝစိတ်မချဘူး"

"ဟာ"

"မဟာနဲ့ ... ငါပြောတာကို လက်ခံ၊ မနက်ဖြန်ကစပြီး မင်း အလုပ်ထွက်တော့"

"လက်ထပ်ဖို့ တစ်လခွဲလောက် လိုသေးတာပဲ မောင်ရယ်"

"လိုလိုက္ခာ ... ငါ့ကို လျှောက်လွှဲချက် မပေးနဲ့၊ ငါပြောတဲ့ စကားကို Yes (or) No"

ခပ်တည်တည်မျက်နှာထားနှင့် မေးလာသည့် မောင့်ကို ဒီ



www.burmeseclassic.com

www.burmeseclassic.com



တစ်ကြိမ်တော့ ဘယ်လိုမှ ဗီလာလုပ်လို့ရမှာ မဟုတ်တော့ပြီမို့ ရက္ခ ခေါင်းညိတ်လက်ခံလိုက်ရတော့သည်။

"အင်း ... Yes ... Yes ပါသတဲ့ရှင်"

"ရော့"

မထင်မှတ်ဘဲ မောင်က သူ့လက်ခုံကြီးကို ရက္ခနှုတ်ခမ်း ထိကပ်လာခဲ့တာမို့ ရက္ခက အံ့ဩသွားကာ ...

"ဟဲ့ ... ဘာလဲ"

"Yes လေ၊ လျှာနဲ့"

"ငါ့မျှား ဘာအောက်မေ့နေသလဲ"

"ခွေးသူခိုးမလေးရဲ့ မအောက်မေ့ပါဘူးကွ ... ဟား ဟား"

မောင်က အလွတ်လပ်ဆုံး မျက်စိနှစ်လုံးပိတ်အောင် အော် ရယ်လိုက်တဲ့အချိန်မှာ မထင်မှတ်ဘဲ ရက္ခတို့နှစ်ယောက် အပျော်ကို ဖျက်မယ့် လူတစ်ယောက် ရက္ခတို့အရှေ့ကို တည့်တည့်ရောက်လာတာဖြစ်သည်။

"ဟာ ... ကမ္ဘာပေါ်မှာ အပျော်ဆုံးစုံတွဲပါလား"

"ဟင် ... ဦးဇော်"

ဦးဇော်က အကြင်နာမျက်လုံးတွေနှင့် နွေးထွေးစွာ ပြုံးပြီး နှုတ်ဆက်လိုက်လျှင် ရက္ခက အိုးတိုးအမ်းတမ်းဖြစ်သွားပြီးမှ ဦးဇော်ကို နှုတ်ဆက်လိုက်သည်။

"ဦးဇော် ... ဘယ်ကလှည့်လာတာလဲ"





"ဒီလိုပါပဲ၊ ကိုယ်လည်း မင်းတို့ချစ်သူနှစ်ယောက်ကို ကြည့် ... တော်တော်ပျော်သွားတယ်၊ မင်းတို့နှစ်ယောက် အခုလို သင့်သင့် ...မြတ် ပြန်ဖြစ်သွားတော့ ကိုယ်ကျေနပ်ပါတယ်၊ ကိုယ့်ကို မင်း ...သူနဲ့ မိတ်ဆက်ပေးပါဦး"

ဦးဇော် တောင်းဆိုလိုက်တော့မှ ရက္ခ မောင့်ကို အလန့်တ... မော့ကြည့်လိုက်မိသည်။ အဲဒီအချိန်မှာ အေးစက်စက် မခိုးမခန့် ...င့်မျက်လုံးတွေက ဦးဇော်ကို တစ်ခုခု အနိုင်ယူပြောပစ်တော့မည့် ...တာကို ရက္ခ အသက်မရှူမိဘဲ သိနားလည်လိုက်ချိန် ... ထင် ...အတိုင်းပင် မောင်က အကြမ်းဆုံးစကားလုံးတွေ သုံးချပစ်လိုက်ပြီ ...သည်။

"ရက္ခ ... ကိုယ် အလိုမရှိဆုံး အရာက လူကြီးလူကောင်း ...ဆောင် မျက်နှာဖုံးစွပ်နဲ့ စကားပြောဖို့ပဲ နားလည်လား"

မောင်ပြောလိုက်တဲ့စကားကို ...

"ဟာ ... အသားလွတ်ကြီးပါလား ကိုယ့်ညီရာ၊ လူလူချင်း ... လူမှုရေးရှိတယ်လေ၊ မင်းက တယ်ပြီး ဆက်ဆံရေးခက်ပါလား။ ...လေ ... လူငယ်ဆိုတော့လည်း ချစ်သူအပေါ် သဝန်တိုစိတ် ...က ဖုံးလွှမ်းပြီး အမှားတွေ ဖြစ်တတ်ကြတယ်၊ ကိုယ်က ကမ္ဘာ ...မှာ မင်းတို့ချစ်သူနှစ်ယောက်ကို အလိုက်ဖက်ဆုံးလို့ ဂုဏ်ယူပေး ...တာ၊ မင်း ရက္ခအချစ်ကို ရတဲ့အတွက် သိပ်ကံကောင်းတယ် ...ယ်ညီ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီထက်ပိုပြီး ကုသိုလ်ကောင်းတာကို ခင်ဗျား သိချင်သေး လား။ မကြာခင်ပဲ ကျွန်တော်တို့နှစ်ယောက် လက်ထပ်တော့မယ် ကျွန်တော်တို့ချစ်သူနှစ်ယောက်အတွက် ဂုဏ်ယူတယ်ဆိုတဲ့ ခင်ဗျား ကို Thank"

"အေးကွာ . . . ကွန်ဂရက်ကျူလေးရှင်း"

မောင်က ဦးဇော်ထံ လက်ကမ်းပေးလိုက်သဖြင့် ရက္ခ မယုံနိုင်အောင်ဘဲ အံ့သြသွားရပါသည်။

ဒီအချိန်မှာပဲ ဦးဇော်က ကမ်းပေးသည့် မောင့်လက်ကို ပြန်လည်ဆုပ်အကိုင် ဦးဇော်ဆုပ်ကိုင်လာသည့်လက်ကို မောင်က ရိုင်းပျစွာ ခပ်ကြမ်းကြမ်း ဆွဲဖြုတ်လိုက်ပြီး မျက်အိမ်တစ်ဖက် စုကာ ပစ်ကာ . . .

"ဆောရီးပဲ"

ဟုဆိုပြီး ရက္ခကို လက်ဆွဲကာ ကားပေါ်တက်ပြီး ကား တရကြမ်း မောင်းထွက်သွားပါတော့သည်။

မထင်မှတ်ဘဲ အခုလို ရိုင်းပျလွန်းသည့် မောင့်အပြုအမူ တွေကို ရက္ခ အံ့သြလွန်းလို့ ဘာစကားမှကို ဆက်မပြောနိုင်တော့ပေ။

ရက္ခက အံ့သြပြီး ဘာစကားမှမပြောနိုင်ခဲ့ပေမယ့် ဦးဇော် ကတော့ ကျားကြီးပီပီ ကျွမ်းတိုပြီး အမြီးတယမ်းယမ်းဖြစ်ကျန်ခဲ့ တော့ သေချာသွားပါသည်။



၁၄

ဦးဇော်ထိုင်သောရုံးခန်းသည် လေးလွှာမြောက် အပေါ်ဆုံး ထပ်ဖြစ်ကာ အခန်းတစ်ခုလုံးကို ရုံးခန်းအဖြစ် သုံးထားသဖြင့် အတော် ကျယ်ပြန့်ပါသည်။

ဒီရုံးထဲကို သုံးလေးခါလောက် ရောက်ဖူးခဲ့သဖြင့် ရက္ခ အတွက် ဒီရုံးခန်းအပြင်အဆင် တောက်ပသစ်လွင်ပုံက မဆန်းကြယ် တော့ပါ။

သူဌေးရုံးခန်းပီပီ စပါယ်ရှယ်ခင်းထားသည့် မြစိမ်းရောင် ကော်ဇောက ရက္ခ မှန်တံခါးဘုသီးကို ဖွင့်ဝင်လိုက် သည်ဆိုရင်ပဲ အေးမြစွာကြိုဆိုလိုက်သလို နိုင်ငံခြား တီးလုံးသံမြူး မြူးက ရက္ခစိတ်ကို ဘယ်လိုကြီးဖြစ်သွားမှန်းမသိအောင် ဆွဲဆောင်



www.burmeseclassic.com

www.burmeseclassic.com



ခံစားလိုက်ရလေသည်။

ဒီအချိန်မှာ ရက္ခ စိတ်ကို အတည်ငြိမ်ဆုံးဖြစ်အောင် ထိန်းချုပ်ပြီး ရက္ခဝင်လာတာကို ရီဝေဝေမျက်ဝန်းတစ်စုံနှင့် တစူးတစိုက်ကြည့်ပြီး စီးကရက်ကို စိတ်လှုပ်ရှားစွာ မဲဖွာနေသည့် ဦးဇော်ကို ငေးအကြည့် . . . မတည်မငြိမ်မျက်နှာထားကြီးနှင့် ခေါင်းညိတ်ကြိုး လိုက်သည်က ရက္ခရင်ကို မွန်းခနဲ ခံစားလိုက်ရသည်။

''ကဲ . . . ထိုင် . . . ဘယ်လိုဖြစ်တာလဲ ရက္ခ''

ရက္ခကို သူနှင့် မျက်နှာချင်းဆိုင် ဆိုဖာရှည်ကြီးမှာ လက်ညှိုးညွှန်ထိုင်စေပြီး ခပ်တည်တည်မေးလာသည်ကို ဦးဇော်ကို ရက္ခ အားနာသွားရကာ ခေါင်းကလေးငုံ့ပြီး ခပ်တိုးတိုးလေး ပြန်ပြောလိုက်သည်။

''ဦးဇော်က ကျွန်မခွင့်ယူတာကို ခွင့်မပြုနိုင်ဘူးလားဟင်''

အတန်ကြာ ငြိမ်နေပြီးမှ . . .

ဦးဇော်ကို အားကိုးသည့်မျက်လုံးတွေနှင့် မော့ကြည့်လိုက်တော့ ဦးဇော်က ခေါင်းတစ်ချက်ဆတ်ပြီး ဝေခွဲရခက်သော အပြုံးမျိုးပြုံးကာ . . .

''ခွင့်မပြုဘူး၊ ခွင့်ပြုတာထက် ကိုယ်သိချင်တာ မေးမလို့ဘာဖြစ်လို့ ခွင့်ရက်ရှည်ယူရတာလဲ''

''ကျွန်မ . . . ကျွန်မကို သူက ဦးဇော်မှာ့ကတ်မှာ အလုပ်မလုပ်ခိုင်းတော့ဘူး။ ကျွန်မနဲ့သူကလည်း နောက်တစ်လခွဲလောက်ဆို





လက်ထပ်တော့မယ်ဆိုတော့ သူ ထွက်ခိုင်းစေချင်သလို ကျွန်မက မထွက်သေးဘဲ ကျွန်မ လက်မထပ်ခင် တစ်လခွဲကို ခွင့်ယူကြည့်လိုက်တာပါ၊ လက်ထပ်ပြီးရင် အလုပ်ပြန်ဆင်းမယ်လို့ ရည်ရွယ်ထားပါတယ်။ ဦးဇော်က ခွင့်မပြုဘူးဆိုရင်တော့ ကျွန်မ အလုပ်ကနေ အပြီးထွက်ရပါလိမ့်မယ်''

''ဩော် . . . မင်းချစ်သူက ကိုယ့်မှာ့ကတ်မှာ မင်းကို အလုပ်မလုပ်စေချင်တော့ဘူးပေါ့ . . . ဟုတ်လား''

ဦးဇော်က စိတ်မကောင်းဖြစ်သွားပုံဖြင့် ခေါင်းငိုက်စိုက်ချ မတ်တတ်ထရပ်ပြီး သောက်လက်စ စီးကရက်ကို ဆေးလိပ်ပြာခွက်ထဲ ထိုးချေကာ ရက္ခထိုင်သည့် ဆိုဖာခုံကြီးအနားမှာ တိုးရပ်လိုက်သည်တွင် ရက္ခ ဦးဇော်ကို အားနာလွန်းလို့ ဘာစကားမှ မပြောတော့ဘဲ မျက်လွှာချ ခေါင်းငုံ့လိုက်တာက သူ့အတွက် ခွင်ကြီးကြီးမိသွားရလေတော့သည်။

ရုတ်တရက် ရက္ခနှာခေါင်းဆီသို့ မွှေးပွတဘက်ကြီးဖြင့် ပိတ်ချလိုက်တာကိုပဲ နောက်ဆုံးသိလိုက်ရကာ နှာခေါင်းထဲသို့ စိမ်းရွှေရွှေအနံ့ကြီး တိုးဝင်သွားတာကို နောက်ဆုံးသိလိုက်ရပြီး ရက္ခ အမှောင်ကမ္ဘာထဲသို့ ပစ်ကျသွားလေတော့သည်။

အဲဒီအမှောင်ကမ္ဘာကြီးက ဦးဇော်ရင်ခွင်တစ်ခုဆိုရင် ရက္ခ သည်းခြေပျက်မတတ် ရူးသွားရတော့မှာဖြစ်သည်။

❁



www.burmeseclassic.com

www.burmeseclassic.com



ရက္ခ ကောင်းကောင်းသတိရလာသည့်အချိန်မှာတော့ ရက္ခကို သားမယားတစ်ယောက်လို ပိုင်ပိုင်နိုင်နိုင် စိုက်ကြည့်နေသည့် သူ့ကို ရက္ခ သွေးရူးသွေးတန်း ဆေးလိပ်ပြာခွက်နှင့် ကောက်ပေါက်ပြီး …

"လူယုတ်မာ … ရှင့်ကို ကျွန်မ သတ်ပစ်မယ်"

ဟု ကြိမ်းကာ သူ့ရုံးခန်းထဲက ကမူးရှူးထိုး ပြေးထွက်လာသည့် ရက္ခသည် တိုက်ခန်းကို ပြန်ရောက်တဲ့အချိန်မှာတော့ နီနီ မသိအောင် စိတ်ကို အတည်ငြိမ်ဆုံးထိန်းချုပ်ပြီး ကိုယ့်အခန်းထဲ ကိုယ် ဣန္ဒြေရရ ဝင်လာခဲ့လေသည်။

ရက္ခ ဘဝတစ်ခုလုံး ညစ်နွမ်းစုတ်ပြတ်သွားတာကို နီနီ သိလို့မဖြစ်။ ရက္ခဘဝကို ဟိုတစ္ဆေကြီး ဖျက်ဆီးလိုက်ပြီဆိုတဲ့ စကားကို ရက္ခ ဘယ်လိုမှ မပြောရက်အောင် ရင်တစ်ခုလုံး ပိတ်မှောင်မွန်းကျပ်ကာ ရက္ခ တစ်ညလုံး အရူးတစ်ယောက်လို ဆောက်တည်ရာကင်းမဲ့သွားပြီး မျိုသိပ်ထားခဲ့သမျှ ပွင့်ထွက်သွားပါတော့သည်။

အဲဒီနောက် ရက္ခ ကိုယ့်ကိုယ်ကိုယ် ပြန်ငုံ့မကြည့်ချင်လောက်အောင် ကိုယ့်တဝကိုယ် အနာကြည်းဆုံး မုန်းတီးသွားရကာ ဆင်ရိုင်းမကြီးတစ်ကောင်လို အခန်းထဲ ကမူးရှူးထိုး လျှောက်ပြေးပြီး စားပွဲပေါ်မှာ အဆင်သင့်တင်ထားသည့် သနပ်ခါးတုံးကြီးနှင့် မှန်တင်ခုံကို





ပေါက်ချလိုက်ချိန်မှာတော့ …

'ခလွမ်း'

ဆိုသည့် ကွဲရှသံများက ရက္ခနားထဲမှာ စည်မြိုင်သွားလေသည်။

"မှတ်ထား ဦးကိုကိုဇော် … ရှင့်ကို ဒီမှန်စအချွန်နဲ့ကို ထိုးသတ်ပြမယ်"

ရက္ခ တကယ်ရူးသွားရပါပြီ။

သနပ်ခါးတုံးနဲ့ ပစ်ခွဲလိုက်လို့ လဲကျသွားသည့် မှန်စအရှည်စခုကို ဆတ်ခနဲကောက်ယူပြီး ရက္ခက သိုင်းမင်းသမီးလေးလို ကျားကျားယားယား တစ်ယောက်တည်း စိန်ခေါ်လိုက်သည်။

အား … ဟား … ငါ ရူးသွားပြီ။

မောင်ရေ … ငါ့ကို ကယ်ပါဦး။ ငါ့ဘဝကို ကယ်ပါဦးလို့ ရက္ခ မိုးပေါ်တက်ပြီး အာခေါင်ခြစ်၍ အော်ပစ်လိုက်ချင်သည်။

"အား"

ရူးသွပ်စွာဖြင့် မျက်စိကို စုံလုံးမှိတ်ချကာ မျက်နှာကို အထက် ပြီး အာခေါင်ခြစ်အော်လိုက်သည့်အချိန်မှာပဲ အခန်းတံခါးခေါက်သံ အတူ ဘွားခနဲ အခန်းတံခါးပွင့်လာပြီး နီနီ ရပ်လာသည့်အရိပ်က ကို သေရာသွားတဲ့နေရာကနေ ပြန်အသက်ရှင်လာသလို ခံစား ကိုက်ရတော့သည်။

အဲဒီခံစားချက်မျက်လုံးတွေနှင့် နီနီ့ကို မျက်လုံးအပြူးသား



www.burmeseclassic.com

www.burmeseclassic.com



ေးအကြည့် ...

''ဟဲ့ ... ဘာဖြစ်တာလဲ၊ အခန်းထဲမှာလည်း မှန်ကွဲစတွေ နဲ့၊ အော်လိုက်တဲ့အသံကြီးကလည်း နက်လိုက်တာ၊ ဘာဖြစ်တာလဲ ရက္ခ''

''ဟင် ... ဘာဖြစ်တာလဲ''

''ဟယ် ... ရက္ခ ဘာဖြစ်တာလဲ''

''ဟင်''

အခုမှ ရက္ခ အိပ်မက်က လန့်နိုးသွားသလို ကယောင်ကတမ်းဖြစ်သွားပြီး နီနီ့ကို မျက်လုံးကြောင်ကြောင်တွေနှင့် မော့ကြည့်လိုက်သည်။

နီနီက ရက္ခ ကြောင်နေတာကိုကြည့်ပြီး ရက္ခပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ကာ ...

''ရက္ခ ... နင် ဘာဖြစ်နေတာလဲ၊ ဒီမှာ နင့်လူ ဖုန်းဆက်နေလို့ ငါလာပြောတာ၊ နင့်ဖုန်းလေ ဗီရိုပေါ်မှာမို့ ငါ ယူလာတယ်''

''ဟင် ... ဟင် ... ဘာ''

နင့်လူဆိုတာ ဘယ်သူလဲ။ (ဟိုခွေးသူခိုးကြီးလား)

''ဘယ် ... ဘယ်သူဆက်တာလဲ''

''ဟာ ... ရူးတော့မှာပဲ၊ ဘယ်သူရှိရမှာလဲ ... နက္ခပေါ့''

''ဪ ... အင်း''

အခုမှပဲ ရက္ခ အစာနင်နေသည့် ခဲလုံးကြီး ဝမ်းတွင်းသို့





ပြုတ်ကျသွားကာ ပိုပြီး ရင်နင့်ကြေကွဲသွားရသည်။ ရင့်နင့်ကြေကွဲသွားသည့် ရက္ခရင်ထဲက ခံစားချက်တွေကို နီနီ့အရှေ့မှာ မပေါ်လွင်အောင် ဟန်ဆောင်ထိန်းချုပ်ပြီး ဝိုသံမပါအောင် နီနီ ယုံကြည်လက်ခံအောင် ဟန်ဆောင်လိမ်ညာလိုက်ရသည်။

''ငါ ... ငါ ... အိပ်မက်မက်နေတာ၊ အိပ်မက်ထဲမှာ မောင်က ... မောင်က ငါ့ကို မချစ်တော့ဘူးတဲ့၊ အဲဒါကြောင့် ငါ ပေါက်ကွဲပြီး ယောင်ပြီး မှန်ကြီးကို သနပ်ခါးတုံးနဲ့ ပစ်ခွဲလိုက်တာ''

သွားပါပြီ။

ရက္ခဆိုသည့် မိန်းမသည် မုသာဝါဒီတွေကိုလည်း ပြောင်ကျကျပင် မျက်နှာပြောင်တိုက်ပြီး ချစ်သူကို လှည့်စားပြီး လိမ်ညာလိုက်သေးသည်။

ဘာကြောင့်များ ရက္ခ ဒီလို လိမ်ညာလှည့်စားမှုကို ခံမင်ခဲ့ရပါသနည်း။

အဲဒီလို လိမ်ညာခဲ့တာကို ခုံမင်ခဲ့လို့ အခု ယောကျ်ားတစ်ယောက်က ရက္ခဘဝကို ရစရာမရှိအောင် အနိုင်ပိုင်းရယူသွားပြီဖြစ်သည်။

အဲဒီလို အနိုင်ပိုင်းခဲ့တဲ့ ယောကျ်ားကို ကျောခိုင်းပြီး ရက္ခ သိပ်ချစ်သည့်ချစ်သူကို ပြန်လက်ထပ်ဖို့ဆိုတာ ရက္ခရင်ထဲမှာ ဘာသန့်ရှင်းမှုမှ မရှိတော့သလို ရက္ခသည် အပျိုစင်မိန်းမတစ်ယောက် မဟုတ်ခဲ့သည်က မောင်နှင့်ရက္ခတို့ကြားကို စည်းတစ်ခု ခြားသွားခဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြီဖြစ်သည်။

မောင်က သန့်စင်မွန်မြတ်တဲ့ လုလင်ပျိုယောကျ်ားတစ်ယောက်၊ သူမက ညစ်နွမ်းသွားတဲ့ အပျိုမဟုတ်တော့သည့် မိန်းမတစ်ယောက်။

"ဟဲ့ ရုက္ခ . . . ဘာတွေ အူကြောင်ကြောင်ဖြစ်နေတာလဲ၊ ရော့ . . . ဒီမှာ ဖုန်း"

"ဟင် . . . အင်း"

အခုမှ လက်ရှိအနေအထားကြီးကို သတိရသွားကာ နီနီ့လက်ထဲက ငွေမှင်ရောင်ဖုန်းကလေးကို ကြည့်ပြီး အတော်ကြီးကို တုန်လှုပ်သွားရသည်။

ရင်ထဲမှာ ဘယ်လိုနင့်သွားမှန်းမသိသည့် ခံစားချက်တွေနှင့် ရုက္ခက နီနီ့မျက်နှာကို မကြည့်တော့ဘဲ နီနီ့ကို ကျောခိုင်းကာ ပြောလိုက်မိပါတော့သည်။

"ငါ မဆက်တော့ဘူး၊ အိပ်မက်ထဲမှာ သူက ငါ့ကို ပါးရိုက်ထားတာ၊ ငါ သူ့ကိုနာတယ်"

"ဟယ် . . . ပေါက်ကရ အိပ်မက်တွေမက်နေတာ၊ ဟိုက ဖြင့် သည်းသည်းလှုပ် ချစ်နေတာ၊ သွားပြောလိုက်တဲ့ . . . ဆယ်မိနစ်ကြာလို့ ဖုန်းဖွင့်နားမထောင်ရင် ကျုပ်တို့တိုက်ခန်းကို အခုချက်ချင်း လာခဲ့မယ်တဲ့၊ အမယ်လေး . . . ကြောက်စရာကြီးနော်၊ နင့်လူ နင့်ကို သိပ်နိုင်စားတာပဲဟာ၊ လက်ထပ်ပြီးရင်တော့ နင်ဟာ သူ့လက်ထဲက အရုပ်တစ်ခုပဲ"





"လက်ထပ်ပြီးရင်"

ဆိုသည့် စကားတစ်ခွန်းက ရုက္ခနှလုံးသားကို အကြေအကျဆုံး ခံစားချက်ပြင်းသွားရကာ ရုက္ခ အရူးတစ်ယောက်လို မျက်လုံးကလယ်ကလယ်နှင့် ကူရာကယ်ရာမဲ့ ဖြစ်သွားရသည်။

နီနီ့ကိုလည်း ခေါင်းတယမ်းယမ်းနှင့် ဆက်ပြောင်းလိုက်မိသည်။

"ငါ . . . ငါမောင်နဲ့ စကားမပြောချင်ဘူး၊ ငါ ခေါင်းကိုက်ထို့ စကားမပြောနိုင်ဘူးလို့သာ ပြောလိုက်ဟာ"

"ဟဲ့ ရုက္ခရဲ့ . . . ခေါင်းမမာနဲ့ နင်ဟာလေ နင့်လူအကြောင်းနှင့်အသိဆုံး၊ ညသန်းခေါင်ကြီး မိန်းကလေးနှစ်ယောက်တည်းနေတဲ့ တိုက်ခန်းကို ပေါက်ချလာရင် ဘယ့်နှယ်လုပ်မလဲဟင်၊ အိပ်မက်ကိုများ စိတ်ကောက်တယ်လို့နော်"

အိပ်မက်တဲ့ . . . သွားပြီ။

ရုက္ခလောက် သူတစ်ပါးကို ယုံအောင်လှည့်စားတတ်သည့် မိန်းမက ဒီတစ်ကြိမ်မှာတော့ ကိုယ့်ချစ်သူကို ဘယ်လိုလှည့်စားမှုတွေနှင့် ယုံကြည်အောင် လှည့်စားရမလဲ။

စဉ်းစားစမ်း ရုက္ခမေ . . . စဉ်းစားစမ်း။

ရုက္ခက ဖိုးရိုးဖားရားဖြစ်နေသည့် ဆံပင်တွေကို တစ်ချက်ကြမ်းကြမ်းသပ်ချလိုက်ပြီး စဉ်းစားခန်းဖွင့်လိုက်သည်။

ဆံပင်ကိုသပ်ချပြီး နီနီထွက်သွားသည့် တံခါးပြင်ကြီးကို ဆိုဟယ်မဲ့ စိုက်ကြည့်ကာ မောင့်ဖုန်းသံကို နားစွင့်ထားတုန်းမှာပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းလေးက တတွတ်တူမြည်လာတာကို ရက္ခက ချက်ချင်း ဖွင့်နားထောင်လိုက်ပြီး မောင့်ကို အသံဆွေး အသံမြည့်သံမပေါက်အောင် ထိန်းပြီးပြောလိုက်ရပါသည်။

''ဟယ်လို ... မောင် ... ငါ ပြောနေပြီ''

''ဟင် ... မင်း ဘာဖြစ်နေတာလဲ၊ ဒီမှာ ဆယ့်တစ်နာရီ မိနစ်နှစ်ဆယ်ရှိသွားပြီ၊ ဟင်း ... ဘာလဲကွာ ... မင်းအချိုးက ရက်စက်မှုတစ်စက် ပါပြီလား''

''မောင်''

ရက္ခ နှလုံးသားတစ်ခုလုံး တိုးလျှိုပေါက်ပွင့်ထွက်သွားတော့သည်။ ရင်ထဲမှာ ဘယ်လိုမှ ဟန်ဆောင်ထိန်းထားလို့မရတော့အောင်ကို နင့်ခနဲ ခံစားလိုက်ရတာဖြစ်သည်။

နင့်စကားက ငါ့ကို ဘယ်လိုမှ မျက်ရည်မကျမိအောင် ထိန်းလို့မရတော့ဘူး မောင်ရဲ့။

''ဟင်း ... ဘာလဲ ... မင်းအသံက တစပြင်အဝေးတစ်နေရာက လှမ်းခေါ်လိုက်သလိုပဲ၊ မင်း ဘာဖြစ်နေတာလဲ၊ ငါ့ကိုပြောစမ်း''

''ငါ ... ငါ မိုးပေါ်ရောက်နေတယ်''

တကယ်ပြောချင်တာက ငါ့စိတ်နဲ့ငါ့ဝိညာဉ် မကပ်တော့ဘူးလို့ မောင့်ကို တင်ပြချင်တာပါ။

တကယ်ပြောဖြစ်ခဲ့တာက ဒီစကားလုံးပင်။ အဲဒီလို အဆက်အစပ်မရှိ ပြောလိုက်တဲ့ ရက္ခရဲ့စကားကို သူက အရမ်းအံ့ဩသွားပြီ





ဖြင့် ငြိမ်သွားပြီးမှ အံ့ဩမှုတွေ လုံးထွေးနေသည့်အသံကြီးနှင့် ...

''ဟင် ... ဘာ ... ဘာ မိုးပေါ်ရောက်နေတယ်လဲ''

''မောင် ... အခု ဘယ်က စကားပြောနေတာလဲ''

''ဟင် ... မောင့်အခန်းထဲက''

''ဒါဆို မောင် ဝရန်တာကို ထွက်လိုက်၊ ငါလည်း ဝရန်တာကို ထွက်မယ်၊ အခုထွက်လိုက်နော် မောင်''

''အင်း ... အင်းပါကွာ၊ ဘာတွေဖြစ်နေမှန်း မသိဘူး၊ ဒီမိန်းမလေးတော့နော်''

'မောင်ရယ်'လို့ပဲ ရင်ထဲမှာ မချိတင်ကဲ ရေရွတ်ပြီး စီးကျနေသည့်မျက်ရည်တွေကို ခပ်ကြမ်းကြမ်း သုတ်ပစ်ကာ အိမ်ရှေ့ဝရန်တာဆီသို့ ထွက်ရပ်လိုက်သည်။

ဒီအချိန်မှာ မောင်လည်း ဝရန်တာကိုရောက်ပြီလား။

ငါကတော့ ရောက်နေပြီ၊ ညသန်းခေါင်ယံအချိန်မှာဆိုတော့ သာပြည့်ညလည်းဖြစ်တော့ မိုးကောင်းကင်က ကြယ်ကလေးတွေက တလက်လက်ပေါ့။

အဲဒီကြယ်လေးတွေထဲက အလှဆုံး အတောက်ဆုံး ရှုဝံကြယ်ကြီးက ဘယ်သူလို့ နင်ထင်သလဲ မောင်။

အလှဆုံး အတောက်ဆုံး ရှုဝံကြယ်ကြီးက ငါပဲပေါ့။

''ရက္ခ''

''ဟင်''



www.burmeseclassic.com

www.burmeseclassic.com



ရက္ခ အတွေးတွေက နက္ခရဲ့ခေါ်သံအောက်မှာ နစ်မြုပ်ပျောက်ကွယ်သွားသလို ခံစားလိုက်ရပြီးမှ ရက္ခက မမေ့မလျော့ သတိရသွားကာ စီးကျလာသည့် ပိုးတဝါးမျက်ရည်များနှင့် မြောက်ဘက်ထီးထီးမှာ တစ်ပွင့်တည်းပြူးပြီး လင်းနေသည့် ရှုဝံကြယ်ကြီးကို မော့ကြည့်ကာ ရင်ထဲက စကားလုံးတွေကို တစ်လုံးချင်း ပြောချလိုက်သည်။

''မောင်''

''ဟင်''

''ဝရန်တာမှာ ရောက်နေပြီ''

''အင်း''

''ဒါဆို မိုးကောင်းကင် မြောက်ဘက်အရပ်ကို မော့ကြည့်လိုက်စမ်းပါ''

''အင်း ... ကြည့်နေပြီ''

''ဘာတွေလဲဟင်''

''ကြယ်တွေ''

''အင်း ... မောင် ရှုဝံကြယ်ကြီးကို တွေ့လားဟင်''

''အင်း ... တွေ့တယ်''

''ဟော ... ဟို မြောက်ဘက်ထီးထီးအရပ်မှာ ရှုဝံကြယ်ကြီး အမြဲလင်းလက်တောက်ပနေလို့ သူ့မှာ ပူပင်သောကမရှိဘူး မထင်ပါနဲ့ မောင်၊ သူလည်း မျက်ရည်ကျပြီး ငိုတတ်ပါသေးတယ်''





''ဟင် ... မင်း ဘာတွေပြောနေတာလဲ၊ မင်းပြောတဲ့ စကားတွေက ကိုယ့်ကို ဘယ်လိုကြီးခံစားရမှန်း မသိဘူးကွာ၊ ရက္ခ ... မင်း ဘာဖြစ်နေတာလဲဟင်၊ မင်း ငါ့ကို မကျေနပ်နေတာလား''

''ဟင့်အင်း ... ကျေနပ်ပါတယ်၊ မောင့်အစီအစဉ်အတိုင်း ငါ အလုပ်ထွက်လိုက်ပြီ၊ မောင် ကျေနပ်ရဲ့လား''

''ကျေနပ်ပါတယ်၊ မင်းအတွက် အလုပ်တစ်ခု ကိုယ်ရှာနေတုန်းပဲ၊ မင်း ဘာမှအားမငယ်နဲ့၊ ဒါပဲ ကိုယ်လိုချင်တာ၊ ကိုယ်တို့ မနက်ဖြန်ကစပြီး မင်္ဂလာဖိတ်စာအပ်ဖို့ အစီအစဉ်လုပ်ရင် ကောင်းမလား၊ ကိုယ်ကတော့ ဒီမှာ မင်္ဂလာဖိတ်စာကို Computer နဲ့ စိတ်တိုင်းကျ စီနေတာ၊ သိပ်ပျော်ဖို့ကောင်းတာပဲကွာ၊ မင်းနဲ့ တစ်အိမ်တည်းသာဆို ဘာမှမလိုအပ်တော့ဘူး၊ မင်းကို အရမ်းချစ်တာပဲ ... သိလား''

''ဘာပြောတယ် မောင်''

ရက္ခ မခံစားနိုင်တော့အောင် ရင်ပွင့်သွားတော့သည်။ ရင်ထဲမှာ ဘယ်လိုမှ မခံစားနိုင်လွန်းလို့ မျက်ရည်တွေနှင့် ဝရန်တာလက်တန်းကနေ ရှုဝံကြယ်ကြီးကို မော့အကြည့် ... ရှုဝံကြယ်ကြီးက ရက္ခကို လှောင်နေသည်လား၊ ဒါမှမဟုတ် သူကိုယ်တိုင်ပဲ ရက္ခနည်းတူ လိုက်ပြီးငိုနေပြီလား။

ရှုဝံကြယ်ကြီးရယ် ... နင်လည်း ရင်နင့်မတတ် ခံစားရရှာပါလို့ မျက်ရည်ကျမှာပေါ့နော်။



www.burmeseclassic.com

www.burmeseclassic.com



ရက္ခရင်ထဲမှာ ဘာမှစုစည်းလို့မရအောင် ကြေကွဲမျက်ရည်များနှင့် ရှုပ်ကြယ်ကြီးကို အဖော်စပ်နေသည့်အချိန်မှာပဲ သူ့ရဲ့ လိုက်ယင်တုန်ခါသည့် အသံကြီးက ရက္ခကို ပိုပြီး ရှုးဖျသွားတော့သည်။

''မင်းကို သိပ်ချစ်တာပဲလို့ပြောတာ ကိုယ့်အနားမှာ အခုမင်းရှိရင် သိပ်ကောင်းမှာပဲကွာ၊ နွေးနွေးထွေးထွေးဖက်ထားချင်လို့ သိလားဟေ့၊ နောက်တစ်ခု ထပ်ပြောဦးမယ် ... အသေအချာနားထောင်နော် ရက္ခ၊ ကိုယ်တို့ လက်ထပ်ပြီးရင် ရက္ခနဲ့ တစ်ထေရာတည်းတူတဲ့ သမီးချောကလေး ကိုယ်လိုချင်တယ်ကွာ''

ဒီတစ်ခါတော့ ရက္ခ တကယ်ကို နားပင်းသွားရပြီဖြစ်သည်။

''အို မောင်ရယ် ... ဒီစကားမျိုး နောက်တစ်ခါ မပြောတော့နဲ့၊ မပြောပါတော့နဲ့နော်''

ရက္ခ မျက်စိမှိတ်တောင်းပန်ပြီး အသက်ရှုရပ်သွားကာ အရုပ်ကြိုးပြတ်ပစ်ကျသွားသလို ဆောင့်ကြောင့်ထိုင်ချလိုက်မိသည်အထိ ရက္ခ ပစ်စလက်ခတ် ကိုယ်ခန္ဓာကြီး လွတ်ကျသွားခဲ့တာကို မောင်က မသိဘဲ ပျော်ရွှင်ကြည်နူးသံကြီးနှင့် ပြောခဲ့လေသည်။

''ဟင် ... လက်ထပ်ပြီး တစ်နှစ်လောက်ဆိုရင် ပေးနိုင်မှာပေါ့နော်၊ ဟား ဟား ... ဒီကောင်က လောဘခပ်ကြီးကြီး''

ဘာခံစားမှုမှမရှိဘဲ အပျော်ရွှင်ဆုံးရယ်မောနေသည့် မောင့်စိတ်ဝိညာဉ်ထဲသို့ ရက္ခ ခဏဝင်ရောက်ခံစားကြည့်ချင်သည်။

အခုလို ပျော်ရွှင်နေတဲ့ မောင့်ဘဝထဲသို့ ရက္ခရဲ့ ညစ်နွမ်း





စုတ်ပဲ့လှသည့်ဘဝကို သမားရိုးကျဖွင့်ပြောလို့ ဘယ်နည်းနဲ့မှ မပြောရက်နိုင်ပါ။ (ငါ နင့်ကို ဘယ်လိုပြောရပါ့မလဲ မောင်ရယ်)

''ဟင် ... ငြိမ်သွားလိုက်တာကွာ၊ ပီတိနဲ့ လုံးထွေးပြီး ရင်ခုန်သွားပြီထင်တယ် ... ဟုတ်လား၊ ကိုယ့်ကို သမီးလေး အရင်ဆုံးမွေးပေးမယ် မဟုတ်လားကွာ''

မပြောပါတော့နဲ့ ...

မပြောပါတော့နဲ့ မောင်ရယ် ...

ငါ အသက်ထွက်သွားတော့မယ်။

''ရက္ခ ... ဟာကွာ ... ကိုယ် စိတ်တိုလာပြီ''

ရက္ခ မျက်လုံးကို စုံမှိတ်ပစ်ပြီး မျက်ရည်တွေ တရဟောစီးကျသွားတော့သည်။

''ဟာ ... ဒုက္ခ''

''အင်း ... အင်း''

''ဘာ ... အင်းတာလဲ''

''မောင် ဖြစ်စေချင်သလို ဖြစ်လာမှာပေါ့၊ ဖြစ်လာရမှာပေါ့၊ အိပ်ချိန်ရောက်နေပြီ မောင်၊ နင် မအိပ်ချင်သေးပေမယ့် ငါ အိပ်ချင်ပြီ အခုတောင် ဖုန်းပြောရင်းနဲ့ တစ်ချက် တစ်ချက် ငိုက်သွားလို့ နေည်းထိန်းထားရတယ်''

''အေးပါကွာ ... မင်းက ကိုယ့်အနာဂတ်အတွက် ပျော်ရွှင်ရွှင် ဆွေးနွေးပွဲဝင်တာကို ငိုက်တယ်ဆိုတော့ ကိုယ့်အပေါ်



www.burmeseclassic.com

www.burmeseclassic.com



တန်ဖိုးထားမှန်း သိသာသွားပါပြီကွာ''

''မဟုတ်ပါဘူး မောင်ရာ၊ ဂျီမကျပါနဲ့၊ ဒီမှာ ဘာဖြစ်မှန်း
မသိဘူး၊ ခေါင်းထဲ အရမ်းမူးပြီး အိပ်ချင်နေတာ၊ ကဲ ကဲ ... မော
ဆန္ဒအတိုင်း ရစေရမယ်''

''ဘာကို ရစေရမှာလဲ''

''သမီးလေး''

''ဟေး ... ပျော်သွားပြီကွ၊ ကတိနော် ... ကတိ
တယ်ကွာ၊ ပျော်ပါတယ်နော် နက္ခ ပျော်တယ်နော်၊ ဟော့ကောင်မ
ဖုန်းမပိတ်နဲ့ဦး၊ ကောင်မလေးကို မွေးမွေးပေးမလို့ ဟော့ သိုသ
သိသလိုနော်''

မောင် အပျော်လွန်ပြီး အာရွှင်နေတာကို ရက္ခရင်ခုန်
မရှိတော့။ သူ့ရဲ့အကြင်နာ အနမ်းတွေကိုလည်း လေနဲ့ဖမ်းပြီး
မကြည်နူးနိုင်တော့ပါ။

အခုချိန်မှာ ရက္ခဘဝက မောင်နှင့် အကွာကြီးကွာခြား
ခဲ့ပေပြီ။ မောင်ပျော်နေသည့်အပျော်တွေကို ကြေကွဲစွာ နားထော
ရင်းနဲ့ပဲ တိတ်ဆိတ်ကြေကွဲစွာ ဖုန်းပိတ်လိုက်တော့သည်။





# ( ၁၅ )

''နေစမ်းပါဦး ... သူက ဘာဖြစ်လို့ ကျွန်တော့်ကို ထွက်
မတွေ့ရတာလဲ၊ သက်သက် စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်
နေတာ''

မောင့်အသံက စိတ်ရှုပ်ထွေးမှုတွေ လုံးထွေးပျော်ဝင်နေတာ
ကို ရက္ခက နာကျင်ငေးမောစွာ ငြိမ်သက်နားထောင်နေမိသည်။

မောင့်ကို ဒီအချိန်မှာ ထွက်တွေ့ဖို့ စိတ်ကူးလည်းမရှိဘဲ
ဒီအတိုင်းကြီး ငုံ့စုံပစ်နှုတ်ခမ်းသားနုနုကို ဖိကိုက်ပြီး ကြေကွဲခံစားနေ
သည့် အချိန်မှာပဲ နီနီအသံက စိတ်ရှုပ်ထွေးသလို ပေါ်လာခဲ့ပြန်သည်။

''ညကလည်း ကျွန်မ ပြောရဦးမယ်၊ ရှင့်ကို အိပ်မက်ထဲမှာ
စိတ်ဆိုးပြီး သနပ်ခါးတုံးကြီးနဲ့ မှန်ကိုပစ်ပေါက်လိုက်တာ မှန်ကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်စစီဖြစ်သွားပြီ၊ ရှင်က အိပ်မက်ထဲမှာ သူ့ကို မချစ်တော့ဘူးလို့ ပြောလို့တဲ့၊ ညကတည်းက သူ စိတ်ကောက်နေတာ၊ ကျွန်မတော့ ရက္ခကိုကြည့်ပြီး ရယ်ပဲရယ်နေချင်တော့တယ်''

''ဘယ်နှမိနစ် အရှူးထချင်နေမှန်းမှမသိတာ၊ အရှူးကျနေတာပဲ၊ အိပ်မက်ကလည်းကွာ၊ နေဦး . . . ကျွန်တော် သူ့အခန်းဆီ လျှောက်သွားလိုက်မယ်''

''ဟင်''

ရက္ခ ဒီနေရာမှာတင် အသက်ထွက်သွားရင် ဘယ်လောက် ကောင်းလိုက်မလဲ။

အို . . . မောင်ရယ် ငါ့ဆီမလာပါနဲ့။

မလာပါနဲ့ . . . မလာပါနဲ့ . . . လို့ ငါ တားမြစ်ပါရစေမောင်။

ရက္ခ စိတ်ထဲကနေ လှမ်းတောင်းပန်နေဆဲမှာပဲ ရက္ခ အိပ်ခန်းတံခါးခေါက်သံနှင့်အတူ ညစ်နေသည့် မောင့်အသံကြီးက သြဘာကြီးစွာ ထွက်လာခဲ့သည်။

''ရက္ခ . . . မင်း ဘာကိစ္စ ငါ့ကို ဒီလို ကလန်ကဆန်လုပ်ချင်ရတာလဲ၊ ဒီမှာ ဖိတ်စာစီဖို့ ကွန်ပျူတာရိုက်ပြီး ဖိတ်စာအပ်တော့မယ့်ဆဲဆဲကို အလကားသက်သက်လျှောက်ပြီး ကလေးကလား ဆန်နေတာ၊ အိပ်မက်မက်ပြီး ငါ့ကို စိတ်ကောက်နေရတယ်လို့ ဒါကြောင့် ညက အသံသိပ်မကြည်တာ၊ ရက္ခ . . . ပြောနေတယ်ကွာ၊ တံခါးဖွင့် ကိုယ် သိပ်စိတ်မရှည်ချင်တော့ဘူး''





ဘယ်လိုမှ အခန်းထဲမှာ နေလို့မရတော့ပြီမို့ ရက္ခသည် ပွရောင်းရောင်းဖြစ်နေသည့် ဆံပင်တွေကို လက်ဖြင့် တစ်ချက်နှစ်ချက် သပ်ပြီး မျက်နှာကို အဆွေးအပူရုပ်မပေါ်အောင် ကရင်ပတ်ကလေး တစ်ချက်နှစ်ချက် ရိုက်လိုက်သည်။

တံခါးဖွင့်လိုက်သောအခါ ရီဝေဝေအပြုံးတွေနှင့် နွေးထွေးစွာ ပြုံးပြလာသည့် မောင့်မျက်နှာက ရက္ခရင်ကို အတိုင်းအတာမဲ့ နာကျင်လှိုင်းရိုက်သွားရလေသည်။

''ဘယ်လိုဖြစ်နေတာလဲ ရက်ကိုမရှက်ဘူး၊ ကိုယ်က မိန်းကလေးအိပ်ခန်းရှေ့ကနေ စောင့်နေရတယ်၊ ကိုယ့်သိက္ခာကို နည်းနည်းမှ ပြန်မထောက်ဘူး၊ မင်းလုပ်ချင်တာသာ စွတ်ရွတ်လုပ်နေတတ်လား၊ လာခဲ့ အဲဒီညဉ့်ဆိုးက ဘယ်ကဘယ်လို ရောက်လာတာလဲ''

မောင်က ရက္ခလက်ကိုဆွဲပြီး ဧည့်ခန်းဆီသို့ လျှောက်လာခဲ့သည်။ ရက္ခက မောင်ဆွဲခေါ်ရာ ဧည့်ခန်းဆီသို့ မောင်နှင့် ယှဉ်လျက် ကျေတကျ လိုက်ပါရင်းမှ နွေးထွေးစွာ ဆုပ်ကိုင်ထားသည့် မောင့်လက်ကို ငုံ့ကြည့်ရင်း ရင်ကွဲနာကျသွားရပြီဖြစ်သည်။

''ကော်ဖီ သောက်ပြီးပြီလား''

''ဟင့်အင်း''

''ဒါဆိုလည်း ဆိုင်ကျမှပဲ သောက်တော့''

မောင်က ရက္ခ အူလည်လည်ဖြစ်နေတာကို စိတ်မရှည်ပြစ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ရက္ခဆံပင်တွေကို လက်နှင့်ထိုးဖွကာ နှုတ်ခမ်းကိုက်ပြီး ပြော လိုက်တော့ နီနီက ပြုံးစိစိ ဖြစ်သွားတော့သည်။

နီနီ့မျက်နှာ ပြုံးစိစိဖြစ်သွားတော့မှ မောင်က ရှက်သွားသည့် မျက်လုံးတွေနှင့် ခပ်ဝါးဝါး ပြောလိုက်ပြန်သည်။

''ဘာဖြစ်နေမှန်းကို မသိဘူးကွာ''

ဆိုတဲ့ စကားက ရက္ခကို အထိနာသွားရသည်။ ရင်ထဲမှာ နာလွန်းလို့ သူ့ကို ဘာမှပြန်မပြောတော့ဘဲ နီနီ့ကို မျက်နှာခပ်လွှဲလွှဲ ပြုကာ . . .

''နီနီ . . . ငါ မောင်နဲ့ လိုက်သွားလိုက်ဦးမယ်''

ဟု နှုတ်ဆက်ပြီး မောင့်ကားနှင့် လိုက်ပါလာခဲ့သည်။

''ဟိုထိပ်က Cafe ဆိုင်လေးမှာပဲ ထိုင်ကြရအောင်နော်''

မောင်ညွှန်ပြသည့် ဆိုင်ကလေးကို မကြည့်ဘဲ ရက္ခ ခေါင်း ညိတ်ပြလိုက်သည်။

ရက္ခ ရင်ထဲမှာ ဘာတွေဖြစ်နေလို့ သူ့ကိုမကြည့်တယ်ဆို တာ သူက မသိဘဲ တက်တက်ကြွကြွဖြစ်နေတာ ရက္ခကြည့်နေရင်း နှင့် ဘယ်လိုငိုချင်သွားမှန်းမသိ ခံစားချက် ပြင်းသွားရသည်။

ဩော် မောင်ရယ် . . . နင်ကတော့ ငါ့အဖြစ်ကို ဘာမှမသိ ရှာဘူး။ ငါ့မှာတော့ နင်နဲ့ဝေးရမယ့်ဘဝကိုတွေးပြီး ဘယ်လိုမှဖြည့် ဆည်းလို့ရမှာ မဟုတ်တော့ဘူး။

''ရက္ခ . . . မင်း ဘာဖြစ်နေတာလဲ''





ဆိုင်ရောက်သည့်အချိန်အထိ အာစီးမိနေသည့် ရက္ခကို မောင်က မျက်မှောင်ကုတ်ပြီး ဆိုလိုက်တော့ ရက္ခ ဘာမှမဖြစ်သလို မျက်နှာလေးကို ဆတ်ခနဲ မော့ပစ်ကာ ပြောင်ညာပစ်လိုက်သည်။

''ဟင့်အင်း . . . ဘာမှမဖြစ်ပါဘူး''

မျက်နှာကို ကြည်လင်အောင် ပြင်ဆင်ရင်း မောင့်ကို ပြုံးပြ လိုက်တော့မှ မောင်က ခေါင်းတစ်ချက်ညိတ်ကာ . . .

''အဲဒီလိုလေး လန်းစမ်းပါ အချစ်ရာ၊ ကိုယ် ညက မင်္ဂလာ ဆောင်စာအတွက် Computer စာစီနေတာ၊ ဒီမှာ ကြည့်ပါဦး''

Computer ရိုက်ထားသည့် စာရွက်ကလေးကို မောင်က လှမ်းပေးလာတော့ ရက္ခက စာရွက်ကိုမယူဘဲ မောင်ဖြန့်ပြထားသည့် စာရွက်ထဲက စာသားတွေကို မျက်ရည်များနှင့် ဆို့နင့်စွာ စိုက်ကြည့်ပြီး မျက်ရည်မကျအောင် စိတ်ကို အောင့်ထိန်းကာ စာကိုမဖတ်ဘဲ ဆံပင် နှင့်မျက်နှာကို ခပ်ကွယ်ကွယ်ပြုလိုက်သည်။ မျက်နှာကို မောင်မမြင် အောင် ကွယ်ထားခဲ့ပေမယ့် လက်ကိုတော့ နောက်ကိုပစ်ပြီး မောင် ပြသည့်စာရွက်ကို လုံးဝကိုင်မကြည့်ခဲ့ပါ။ (အသားတွေ တုန်နေတာ ကို မောင် လက်တွေ့ကျကျ တွေ့မြင်မှာ စိုးရိမ်လို့ပါ။)

''ဟာ . . . ဒီလက်နှစ်ဖက်က ဘာဖြစ်လို့ နောက်ပစ်ထားရ တာလဲ၊ စာရွက်ကို ကိုင်ဖတ်လေ''

''မြင်နေရတာပဲ မောင်ရယ်၊ ရတယ် . . . ကောင်းပါတယ်''

Computer ရိုက်ထားသည့် စာရွက်ကို ဖတ်လိုက်ရသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း မျက်ရည်များ ပြည့်လျှံနေသဖြင့် ဘာတစ်ခုမှ သဲသဲကွဲကွဲ မမြင်ရတော့ချေ။

အား . . . ငါ ရှုံးသွားတာပဲကောင်းတယ် မောင်ရဲ့။

နင်နဲ့ငါ မပေါင်းရတော့ဘူး။ တို့နှစ်ယောက် ဝေးပြီ၊ ဝေးပြီ (အချိန်မီ ပြင်ဆင်ခွင့် မရတော့ဘူး။)

မောင် . . . ငါ့ရဲ့မိုက်ပစ်တွေကို ခွင့်မလွှတ်ပါနဲ့၊ ခွင့်မလွှတ်ပါနဲ့။

ရကွ တစ်ယောက်တည်း ရင်ထဲမှာ ဘယ်လိုမှ မခံစားနိုင်တော့သည့်အဆုံး ရင်ဘတ်ထဲက အဆွေးတွေကို မျက်ရည်တွေအဖြစ် ကျရှုံးစွာ ပေးဆပ်လိုက်ပြီး မောင့်ရင်ခွင်ထဲမှာ မျက်နှာအပ်ပြီး ငိုချင်စိတ်တွေက စားပွဲပေါ်မှာပဲ မျက်နှာအပ်ပြီး ရှိုက်ကြီးတငင် ငိုချလိုက်ပါတော့သည်။

"ဟင် ရကွ . . . မင်း ဘာဖြစ်လဲ၊ ပြောပါဦး"

မောင့်အသံက အံ့ဩမှုတွေ လုံးထွေးပျော်ဝင်သွားသလို အေးစက်စက် မောင့်လက်ဖျားတွေက ရကွပခုံးကို တနင့်တနဲ ဆုပ်ကိုင်လာသည်တွင် ရကွ အရှုံးအမူး ရင်ပွင့်သွားရလေတော့သည်။

ငါ ရှုံးပြီ ရှုံးပြီ မောင်။

ငါသေချင်တယ်၊ မောင် ငါ့ကို ကယ်ပါဦး၊ ကယ်ပါဦး မောင်ရဲ့။

"ရကွ . . . ငါ့ကို ရှုံးအောင်မလုပ်စမ်းနဲ့၊ ငါ့ကိုပြောစမ်း





မင်း ငါ့ကိုပြောစမ်း၊ ငါ့ရင်ထဲမှာ ရှုံးသွပ်တော့မယ်၊ ပြောပါ . . . ပြောင်းပါ၊ ငါ ပေါက်ကွဲတော့မယ်"

မောင်က ပြောရင်းနှင့် ရကွမျက်နှာကို ဆွဲပင့်လိုက်ပြီး ရင်နှင့်နေသည့် (ကူရာကယ်ရာမဲ့) မျက်လုံးကြီးတွေက ဒီဆိုင်ထဲမှာ တစ်ပုံတစ်ခု ဖြစ်မသွားဘူးလို့ ပြောလို့မရတာမို့ ရကွက ဆတ်ခနဲ ထရပ်ပစ်လိုက်ကာ . . .

"မောင် . . . ငါတို့ တစ်နေရာရာမှာ အေးအေးဆေးဆေး စကားပြောကြစို့"

ဆိုပြီး မောင့်အရှေ့ကနေ မျက်နှာမော့ အသက်အောင့်ပြီး လူတွေကို ဘယ်သူ့မှ ဂရုမစိုက်ဘဲ လှည့်ထွက်ကာ ရပ်ထားသည့် ကားပေါ်မှာ တက်ထိုင်လိုက်သည်။

ရကွ ကားပေါ်တက်လိုက်တော့ . . .

မောင်ကလည်း စိတ်လှုပ်ရှားနေသည့် ခံစားချက်တွေကို အံကြိတ်ထိန်းပြီး ကားကို လူရှင်းသည့် လမ်းမတော်ဘက်သို့ မောင်းလာခဲ့ပြီး သစ်ပင်အရိပ်ကြီးကြီးအောက်မှာ ထိုးရပ်လိုက်တော့သည်။

အဲဒီနောက် ဘာမပြော ညာမပြောနှင့် ကျောက်ရုပ်မယ်ဖြစ်နေသည့် ရကွကို အနောက်ကနေ ခပ်တင်းတင်းဆွဲဖက်ပြီး အရှူးအမူး အနမ်းတွေ ခြွေလာခဲ့သည်တွင် ရကွက ရင်ခုန်အားမရှိတော့ဘဲ သူ့ရဲ့ အနမ်းနွေးနွေးတွေကို တွန်းလွှတ်ပစ်လိုက်မိသည်။

ရုတ်တရက် ပြုမူလိုက်သည့် ရကွအပြုအမူကြောင့်မောင်က



www.burmeseclassic.com

www.burmeseclassic.com



မခံစားနိုင်သည့် မျက်လုံးသေတွေနှင့် အံ့ဩမှုဝေစွာ စိုက်ကြည့်လာချိန်မှာ ရက္ခက အံတစ်ချက်ဖိကြိတ်ပြီး မျက်နှာကို အထန်ဆုံး မော့တင်းကာ တစ်လုံးချင်း ပြောချလိုက်ပါသည်။

"ညက အိပ်မက်ထဲမှာ မောင်က ငါ့ကို လက်ညှိုးငေါက်ငေါက်ထိုးပြီး မင်းကို ငါ မချစ်နိုင်တော့ဘူးတဲ့၊ မင်းလို မာယာများတဲ့ မိန်းမကို ငါ တစ်သက်လုံး လက်မတွဲနိုင်ဘူးတဲ့၊ မောင် ... နင်ငါ့ကို အဲဒီလိုပဲ စိတ်ထဲက ထားနေမှာပါ၊ ဒါကြောင့် အိပ်မက်ထဲမှာ နင့်စိတ်က လာပြီးပေါ်နေတာ၊ ငါ နင့်ကို ချစ်ခဲ့ရတာ ရင်နာတာပဲ အဖတ်တင်တယ်၊ ဘာမှတန်ဖိုးမရှိဘူး"

"ဘာ ... မင်း ရူးနေသလား၊ အဓိပ္ပာယ်မရှိကွာ ငါက၊ ကျုတ် ... အိပ်မက်မက်ပြီး မင်းမုန်ကို ပစ်ခွဲခဲ့တာ ဒါလား၊ ကြားမကြားဖူးပါဘူး။ မင်း စကားဆင်ခြင်ပြောပါ၊ ဘယ့်နှယ်ကွာ ... မကြာခင် လက်ထပ်ရမယ့်ငါ့ကို စော်စော်ကားကား စိတ်ထဲကနေ အငြိုးတွေထားပြီး ည,ညအိပ်မှာပေါ့၊ ငါက လူရမ်းကားကြီးဆိုပြီး"

"ဘာမှမတွေးဘူး။ မောင့်စိတ်က ရန်လိုပြစ်မှားနေလို့၊ ဒီမှာ အိပ်မက်အဖြစ် လာထင်တာ၊ မောင် နားလည်လား။ ငါကတော့ ကိုယ့်ကို မချစ်လို့ စွန့်သွားတဲ့လူကို ဘယ်တော့မှ မလွမ်းဘူး၊ သူ့ကို ကိုယ်က ဆက်ပြီးချစ်နေခဲ့ရင် ရူးသွပ်ရာ ကျမှာပေါ့၊ လုံးဝပဲ၊ နင်ငါ့ကို မချစ်တဲ့နေ့၊ ငါကလည်း နင့်ကို စွန့်ပစ်ဖို့ ဝန်မလေးတဲ့နေ့ပဲ"

"နေစမ်းပါဦး၊ မင်းက ကိုယ့်ကို ခြိမ်းခြောက်ပြောနေရအောင်





...ခုဂိုတဲ့ကိစ္စက အဲဒါကြောင့် ဟုတ်လား။ သွားပြီး သေလိုက်စမ်း...ယ်ခါပြန် သွားသေလိုက်၊ ရတယ် အရူးမ,ကျနေတာပဲ"

"မောင် ငါ့ကို မအော်နဲ့"

"တောက် ... ကက်ကက်လန် ရန်တွေ့နေတာ ငါးစိမ်းသည်...ျ ... တော်ပြီကွာ၊ ကားထဲက ဆင်းတော့၊ လက်ဖက်ရည်ဆိုင်မှာ...က်မယ်၊ မင်း အရူးထတိုင်း ငါလိုက်မထနိုင်ဘူး။ ဒါကိုများ အူလှိုက်...သည်းလှိုက် ငိုနေလိုက်တာ၊ သားသေမအေ ကျနေတာပဲ"

သားသေမအေထက် ဆိုးတယ် မောင်လို့၊ ဘယ်တော့မှ ...ပြောခွင့်မရှိသည့် ရင်ထဲက အနက်ရှိုင်းဆုံး ခါးသီးမှုတွေနှင့် ရင်တွေ...ှင့်တွက်မတတ် ခံစားလိုက်ရသည်။

နောက်ထပ် ဘယ်လို စကားလုံးမျိုးနှင့် မောင့်ကို လမ်းခွဲ...့ စကား ပြောရမှာပါလိမ့်။

ငါ နင့်ကို လိမ်ရမှာ စိတ်တွေနင့်နေပြီ ရင်တွေကွဲနေပြီ...ာင်ရယ်။

ရက္ခ ရင်ထဲက ကြေကွဲခံစားမှုတွေကို ... နက္ခကို ရင်နင့်...ကြေကွဲစွာနဲ့ပဲ ကြေကွဲသံတွေ မပါအောင် ရက္ခ ထိန်းပြီးပြောလိုက်ပါ...တော့သည်။

"ငါ မေမေတို့ကို အရမ်းသတိရတယ် မောင်၊ အခုဆိုရင်...မေနဲ့ငါ မတွေ့တာ နှစ်တွေကြာပြီ၊ ဖေဖေကတော့ ရှမ်းပြည်နယ်...က်မှာလို့ ကြားပေမယ့် သူမှ ငါ့ကို လာမတွေ့တာပဲ၊ မေမေတော့



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကို အမြဲ ဆက်သွယ်ခဲ့တယ်၊ ငါပြောချင်တာက ငါ မေမေတို့ဆီမှာ နင်နဲ့ လက်မထပ်ခင် တစ်နှစ်လောက် သွားနေချင်တယ်၊ နင်နဲ့ငါ လက်ထပ်လိုက်ရင် မေမေ့ဆီမှာ တစ်နှစ်လောက် အလွမ်းပြေ ဘယ်နေဖြစ်တော့မလဲ၊ လက်မထပ်ခင် မေမေတို့နဲ့ အတူနေချင်သေးတယ်"

"ဟာ ... လုံးဝမဖြစ်နိုင်တဲ့စကားကို မပြောစမ်းနဲ့၊ ပြန်ပြင်ပြောစမ်း၊ မင်းစကားကို"

"ပြန်ပြီး မပြင်နိုင်ဘူး မောင်၊ ငါ့ကို ဒေါ်သမဖြစ်ဖို့ ကြိုပြောထားတယ်နော်၊ ငါ မေမေတို့ဆီ တစ်နှစ်လောက် ပြန်နေပြီးမှ နင့်ကို လက်ထပ်မယ်"

"ရက္ခ"

မောင့်အသံက ကျားတစ်ကောင်လို ဟိန်းထွက်သွားတာကို ရက္ခက အံကြိတ်မျက်နှာလွှဲပြီး ...

"နက္ခ ငါ ဆုံးဖြတ်ပြီးပြီ"

"ရက္ခ ... မင်း အဓိပ္ပာယ်လုံးဝမရှိတဲ့ စကားကိုမပြောနဲ့ ငါ ပါးရိုက်မိတော့မယ်"

"လက်မခံလို့ကို မဖြစ်ဘူး မောင်၊ ငါ ဆုံးဖြတ်ပြီးပြီ"

"ဟာကွာ ... သေတော့မှာပဲ"

အံကြိတ်သံကြီးနှင့် ရင်မချိစွာ ရေရွတ်လိုက်သည့် မောင့်အသံက ဝုန်းဝုန်းဒိုင်းဒိုင်း ပွင့်ထွက်သလို မောင့်လက်သီးကလည်း ကားတံခါးပေါင်ကို ဒိုင်းခနဲ ဒိုင်းခနဲ ပစ်ဝင်သွားလေသည်။





အို ... မောင် အခုလို အစွမ်းကုန် ပေါက်ကွဲသွားတာကို ရက္ခ ဒီအတိုင်း မကြည့်ရက်တော့ဘဲ မောင့်လက်ကို ဖမ်းဆွဲထားရင်း

"မောင် ... မောင် ... မလုပ်ပါနဲ့၊ လက်တွေ ... မောင့်လက်တွေ အနာတရဖြစ်ကုန်ပြီ၊ မောင့်ကို ဘယ်လိုနေရာမျိုးမှာမှ အနာတရ မရစေချင်ဘူး၊ ငါ ... ငါ ..."

မောင့်ကို သိပ်ချစ်တယ်ဆိုသည့် စကားသည် ရင်ထဲမှာပဲ ပျောက်ကွယ်သွားတော့သည်။

အို ... ငါ ဒီစကားကို မပြောသင့်တော့ဘူး။

ဒီအချိန်မှာ ဒီစကားတွေ မပြောသင့်တော့ဘူး။

ရက္ခ မောင့်ကို ရူးသွပ်စေမယ့် အရာတွေ ထိုးမပေးရက်နိုင်တော့ပါ။

"ဘယ်လိုနေရာမျိုးမှာမှ အနာတရ မဖြစ်စေချင်ဘူး ... ဟုတ်လား၊ အသုံးမကျတဲ့စကား၊ အသုံးမကျတဲ့ စော်ကားမှု နေပါဦးကွ ... ဒီတစ်နှစ်လုံးလုံး မင်းက မင်းအမေနဲ့ ပြန်နေမယ်ဆိုတော့ တစ်သက်လုံး မင်းအမေကို မင်းက မတွေ့ရတော့ဘူးလားကွ၊ ဘာအခုမှ ပလီပြီး လာပြောတာလဲ၊ မင်း ငါ့ဆန္ဒကိုကျော်ပြီး ဘာတစ်ခုမှ မလုပ်ရဘူး၊ ငါ ခွင့်မပြုဘူး"

"မဟုတ်ဘူး၊ မောင် ... ငါပြောတာက"

"ဟော့ ... မင်း ဘာမှထပ်မပြောတော့နဲ့၊ မင်းမှာ အဲသိုင်းအဝိုင်း ဒီမှာမရှိဘူး၊ အဲဒီတော့ မင်းလုပ်ချင်တိုင်း အခုလာငါထပ်မယ်၊



www.burmeseclassic.com

www.burmeseclassic.com



အခု လက်မထပ်ဘူး၊ နောက်နှစ်မှ မရဘူးကွ၊ ငါက ဒီမှာ ဂုဏ်အသိုင်း အဝိုင်းနဲ့နေတာ၊ ငါ့တန်ဖိုးကို မင်း နားလည်ပါ၊ ပြီးတော့ မင်းနဲ့ တစ်နှစ်လုံးလုံးကြီး ငါက ဘယ်လိုလုပ် ခွဲနေနိုင်မှာလဲဟင် . . . ဟင် ရကွရဲ့၊ ကလေးချစ်သူလုပ်တိုင်း ကစားနေတာ မဟုတ်ဘူးကွ၊ မကြာ ခင် လက်ထပ်ကြမယ့် ချစ်သူတွေလေ''

ရကွ ဘာစကားမှ မပြောနိုင်တော့။ ပြောနိုင်ခွင့်လည်း မရ အောင် သူက ချုပ်ကိုင်လွှမ်းမိုးလိုက်ပြီဖြစ်သည်။

ဩော် မောင်ရယ် . . . နှင်ရဲ့ နွေးထွေးတဲ့ အနမ်းတွေဟာ ငါ့ဘဝမှာ အသည်းပေါက်တာပဲ ဖြစ်တော့မယ်။ (ငါနဲ့မတန်တော့ ဘူး။)

ငါ . . . ငါ . . . နှင့်အနမ်းတွေကို မခံယူရဲတော့ဘူး။ ငါဟာ စစ်မှန်တဲ့မိန်းမ မဟုတ်တော့ဘူး။

ငါက နှင့်အတွက် (မနမ်းထိုက်တဲ့ပန်း) ဖြစ်သွားပါပြီ။
နှင် မနမ်းထိုက်တာ ငါ မြင့်မားလွန်းလို့ မဟုတ်ဘူး။
ငါ ညစ်နွမ်းလွန်းလို့ပါ မောင်။





( ၁၆ )

မောင်နှင့်ပြဿနာဖြစ်ပြီး တစ်လကြာတဲ့ နေ့တစ်နေ့မှာတော့ ရကွရင်ကို ရူးသွပ်စေသည့်ဖုန်းက ရကွကို နှလုံးသားတွေ တိုးယို ပေါက် ပွင့်ထွက်သွားအောင် ထိုးမွှေလိုက်ပါတော့သည်။

''ရကွလား . . . ကိုယ် မင်းနဲ့ စကားပြောစရာရှိတယ်၊ ဖုန်း မပိတ်ပစ်နဲ့နော်၊ မင်း ဖုန်းပိတ်ရင် ကိုယ် မင်းတိုက်ခန်းကိုလာပြီး အခုပြောမယ့် စကားတွေကို ပြောရလိမ့်မယ်၊ နားလည်နော်၊ မင်း ကိုယ့်စကားကို နားထောင်ပါ''

အမိန့်သံနှင့် ပြောလာပြီဖြစ်တဲ့ ဦးကိုကိုဇော်အသံကို ရကွ နားခါးလွန်းလို့ 'ဝူး'ခနဲ အော်ဟစ်ဆန့်ကျင်ပစ်လိုက်ပြီး ပက်ပက်စက် ဆဲပစ်လိုက်ချင်သည်။ စိတ်ထဲကနေပဲ ပယ်ပယ်နယ်နယ် ဆဲပစ်လိုက်

www.burmeseclassic.com



ပြီး ရက္ခ သူ့ဖုန်းကို မပိတ်ရဲအောင် စိုးရိမ်စိတ်တွေ ငယ်ထိပ်ကို ပြေးဆောင့်သွားရလေသည်။

အတန်ကြာသည်အထိ ရင်ထဲမှာ ဘောင်ဘင်ခတ်တုန်လှုပ်သွားပြီးမှ သူ့ရဲ့ဩဇာသံယောင်ယောင်နှင့် နာခေါင်းသံကြီးက ရက္ခ နားထဲကို ခါးခါးသီးသီး ပြေးဝင်လာခဲ့သည်။

"ရက္ခ . . . ကိုယ်ပြောတာ နားထောင်ပါ၊ ကိုယ် မင်းတစ်ယောက်တည်းကလွဲပြီး ဘယ်သူ့ကိုမှ ဂရုစိုက်တတ်တဲ့ကောင် မဟုတ်ဘူးနော်"

"မပြောနဲ့ . . . မကြားချင်ဘူး၊ မကြားချင်ဘူး၊ ရှင်နဲ့ ဘာစကားမှ မပြောဘူး"

ရက္ခ အသိစိတ်လွတ်သွားသလို မျက်စိစုံလုံးမှိတ်ချပြီး အာခေါင်ခြစ် အော်ပစ်လိုက်သည်။ (သေချင်လိုက်တာ၊ ငါ သေချင်တယ်)

"စိတ်ကို ငြိမ်ငြိမ်ထားပါ ရက္ခ၊ ကိုယ်ပြောတာ သေချာနားထောင်ပါ၊ မင်း ဒီထက် မိုက်မိုက်ကန်းကန်း ဆုံးဖြတ်ရင် ကိုယ် ဘာဂုဏ်သိက္ခာမှ မထောက်တော့ဘူး၊ ကိုယ် မင်းကို လက်ထပ်ဖို့ စီစဉ်နေပြီ၊ မင်း ဘာမှငြင်းဆန်ဖို့ မကြိုးစားပါနဲ့၊ အေး . . . ငြင်းခဲ့ရင်လည်း ကိုယ် ဘယ်နည်းနဲ့မှ လက်မခံဘူး"

"ဟင်"

ရက္ခရင်ထဲမှာ ကျက်လပ်မည်းကြီး ဖြတ်ပြေးသွားပြီး မျက်ရည်ပူစီးကြောင်းတို့ စီးကျလာချိန်မှာ သူ ဆက်ပြောလာသည့် စကားတွေကို ရင်ပူစွာ ကြားလိုက်ရပြန်သည်။

"ကိုယ့်ဘဝမှာ ကိုယ်အချစ်ဆုံး မိန်းမတစ်ယောက်ကို ပိုင်ဆိုင်ရလိုမှုတစ်ခုအတွက် အစွန်ဆုံး ဂုဏ်သိက္ခာကျခဲ့ပြီးပြီ၊ နားလည်ဘယ်နော်၊ မင်းနဲ့ကိုယ်ဟာ ဘယ်အဆင့်လဲဆိုတာ ရှင်းတယ်နော်၊ အေး . . . မင်းစိတ်ထဲမှာ ကိုယ့်ကို ခါးသီးမုန်းတီးနေလည်း ရတယ်၊ ကိုယ်ကတော့ မင်းကို အမြဲတမ်းချစ်ပြီး အလိုလိုက်နေမှာပဲ၊ အခုလောက်ဆို မင်းဆီမှာ ကိုယ့်ရင်သွေးလေး"

"အို . . . ဘာမှမကြားချင်ဘူး၊ ဘာမှမကြားချင်ဘူး၊ ရှင့်ကိုလည်း ဘယ်တော့မှ လက်မထပ်ဘူး၊ ရှင် ကျွန်မဒူးကိုဖက်ပြီး ခယယယတောင်းပန်တောင် ဘယ်တော့မှ ရှင့်ကို ကျွန်မ မယူဘူး၊ မယူဘူး၊ ရှုပ်လောက် ယုတ်မာတဲ့ယောက်ျား၊ စုတ်ပဲ့တဲ့ယောက်ျား အစုတ်အပြတ်ကောင်ကြီး၊ ရှင့်ကိုမုန်းတယ်၊ သိပ်မုန်းတယ်"

ရက္ခ သွေးပျက်တုန်လှုပ်စွာဖြင့် လက်ထဲက ဖုန်းကို ဖျတ်ခနဲပိတ်ပြီး အခန်းနံရံမှာ ပစ်ပေါက်လိုက်တာကို အစအဆုံး တွေ့မြင်သွားသည့် နီနီက တအံ့တဩ ရင်ဘတ်ဖိပြီး ရက္ခဆီကို လျှောက်လာခဲ့လေသည်။

"ရက္ခ . . . ဘယ်လိုဖြစ်တာလဲ၊ နင့်ကြည့်ရတာ သွေးပျက်ဆုန်လှုပ်စရာကြီး၊ နင့်လူနဲ့ ဘယ်လိုအိုးစားကွဲပြန်ပြီလဲဟာ၊ လက်ထပ်ခါနီးမှ ညစ်လိုက်တာ"

"ဟင် . . . မောင်က . . . ဟုတ်လား"







www.burmeseclassic.com

www.burmeseclassic.com



မောင်ရယ် . . . ငါ့အသည်းနှလုံးတွေ ကြေကျမြေမြုပ်ကုန်ပါပြီ။ နင့်လို ဖြူစင်မွန်မြတ်လွန်းတဲ့ ယောကျ်ားတစ်ယောက်နဲ့ ငါ့ရဲ့ မစင်ကြယ်တော့တဲ့ မိန်းမဘဝ မထိုက်တန်တော့လို့ ငါ့ကို ဒီလိုလိမ်လည်ခွင့်လေးတော့ ပေးသနားပါနော်။

ဒီလို တောင်းပန်နေသည့်အသံတွေ၊ အခုလိုပြောလိုက်သည့် ရက္ခစကားတွေကို မောင်သာ ကြားခဲ့ပါလျှင်ဆိုသည့် အတွေးက ရက္ခကို ပိုပြီးရင်နင့်ကြေကွဲသွားသည်။

''အလကားပါ၊ ယောကျ်ားတွေက သိပ်အကြံပက်စက်တယ် ကြောက်ဖို့လည်း ကောင်းတယ်၊ ငါ အခု ခံစားနေရပြီ နီနီ၊ နင် ချစ်သူမထားတာ သိပ်ကောင်းတယ်၊ ဘာခံစားချက်, ဘာကြေကွဲမှု ဘာအနာတရမှ မရှိဘူး၊ ငါလေ . . . ငါ သူ့ကို အဲဒီလိုလူလို့ လုံးဝ မထင်ခဲ့မိဘူး။ သူ . . . သူ . . . ငါ့အပေါ် လုံးဝသစ္စာမရှိဘူး၊ သူ . . . သူ အခြားမိန်းမတစ်ယောက်နဲ့ ဖြစ်နေတယ် နီနီ''

''ဟာ . . . မဟုတ်နိုင်တာ၊ ဘယ်နည်းနဲ့မှ ကိုနက္ခရွှေဟာ အဲဒီယောကျ်ား မဟုတ်ဘူး၊ လုံးဝမဖြစ်နိုင်ဘူး၊ နင်ကိုက လျှောက်ပြီး အထင်မှားနေတာ၊ အမယ်လေး . . . နင်တို့ လက်ထပ်ကြတော့မယ် လေ ရက္ခရဲ့၊ သေလိုက်စမ်း''

မောင့်စိတ်ဓာတ်ကို အပြီးသိထားသည့် နီနီက မောင့်ဘက်က ကာကွယ်ပေးလိုက်တော့ ရက္ခ ဘာပြောရမှန်းမသိ ဆွံ့အ,သွားပြီးမှ ဖွတ်မိုတ်ငြင်းလိုက်သည်။





''မဟုတ်ဘူး . . . မဟုတ်ဘူး၊ မောင်ကလေ ငါ့ကို မချစ်တော့ပါဘူး၊ ငါကလည်း မောင့်ကို မချစ်နိုင်တော့ဘူး။ စိတ်ကုန်ခမ်းသွားပြီ၊ ငါ့အချစ်တွေ သူ့ကို ဘယ်လိုမှ ပေးလို့မဖြစ်တော့ဘူး၊ ငါတို့နှစ်ယောက် လမ်းခွဲမှဖြစ်တော့မယ်၊ လက်မထပ်ခင် သဘောထားမတိုက်ဆိုင်လို့ ကွဲလိုက်တာ၊ အလပ်မဖြစ်ဘူးပေါ့ဟာ''

''ဟာ . . . အဓိပ္ပာယ်မရှိတာ၊ လက်ထပ်ခါနီးရက်ပိုင်းလိုမှ ဒီလိုကောက်ဖြစ်တာ ငါမယုံဘူး၊ ငါ နက္ခရွှေကို မေးကြည့်မယ်''

''အို . . . နင် ဘာမှဝင်ပါစရာ မလိုဘူး၊ ငါ့ကိစ္စ ငါ အပြတ်ရှင်းမယ်''

ရက္ခ နီနီအရှေ့မှာ ဘယ်လိုမှ ဟန်ဆောင်ရပ်တည်လို့ မရတော့ချေ။ ဒီထက် ဟန်ဆောင်နေရင် ရက္ခ ရင်ထဲက ခံစားချက်တွေကို နီနီ အားလုံးရိပ်မိသိရှိသွားတော့မှာ သေချာတာမို့ နီနီအရှေ့ကနေ ဂရုမစိုက်သည့်စတိုင်လ်ဖြင့် ချာခနဲ ကျောခိုင်းလှည့်ထွက်လာခဲ့ပါသည်။

ရက္ခ အခုလို ပြောင်းလဲသွားတာကို နီနီကတော့ အမှန်းကြီး မှန်းသွားမှာ သေချာသွားလေသည်။

❀

''ကဲ . . . လာ . . . အင်းယားကန်ရောက်မှ ပြဿနာရှင်းကြ



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့''

ရက္ခ လက်နှစ်ဖက်ကို ခပ်ကြမ်းကြမ်း ဆွဲကိုင်ပြီး ကားထဲကို အကြမ်းပတမ်း ဆွဲသွင်းလိုက်သည့် မောင့်ကို ရက္ခက အာခံဖို့စိတ်ကို အတင်းဆုံးထားကာ မျက်လုံးကို ပြူးသထက် ပြူးအောင် ပြူးတင်းထားလိုက်သည်။

ဒီအချိန်မှာ မောင်ကတော့ ရက္ခ ရင်ထဲ ခံစားချက်တွေကို ဘာမှမသိဘဲ ဒေါသအလုံးလိုက်ရင်ဖြင့် ကားကို တရကြမ်းမောင်းကာ အင်းယားကန်စောင်း တစ်နေရာမှာ တိခနဲ ထိုးရပ်ပစ်လိုက်သည်။

အဲဒီနောက် နက္ခ ကားတံခါးကို ဖျတ်ခနဲ ဖွင့်ပေးကာ ရက္ခကို ကားပေါ်ကနေ ခပ်ကြမ်းကြမ်းဆွဲချပြီး ဒေါသမိုင်ကုန် ထွက်တော့မည့် မျက်လုံးနီနီတွေနှင့် ...

''ကဲ ... မင်း ... မင်းဇာတ်ထုပ် မင်းနိုင်အောင် က,စမ်း။ တောက် ... အသုံးမကျတဲ့ မိန်းမကွာ၊ ငါက ဘယ်မိန်းမနဲ့ ဖောက်ပြန်နေသလဲ၊ မင်းကို ငါ ဘယ်တုန်းက ... ဟာ ပြောစမ်း၊ ဒီမှသာ ဂါဒီတွေ ဘယ်ကလေနဲ့ ဝင်လာတာလဲ၊ အဖိုးမတန်တဲ့ အစုတ်အပဲ့ စကားတွေ ဘယ်က ဘယ်လိုတတ်လာခဲ့ရတာလဲ၊ ဟေ ... လက်ထပ်ခါနီးမှ ခေါင်းအမျိုးမျိုးကွဲအောင်''

မောင့်အသံက ဒေါသနှင့် ကြေကွဲမှုတွေ လုံးထွေးနေသလို ရက္ခကတော့ မောင် ဆုပ်ကိုင်ခါယမ်းနေသည့် လက်နှစ်ဖက်အောက်မှာ အရုပ်တစ်ရုပ်လို အရုပ်ကြိုးပြတ် ပစ်လဲကျသွားတော့သည်။





ငါ့ရင်ထဲမှာလည်း အရုပ်ကြိုးပြတ် ပုံကျသွားအောင် ရင်ကွဲနာကျသွားပါပြီမောင်လို့ ရက္ခ ဘယ်တော့မှ မပြောတော့ဘဲ မောင့်ကို အစိမ်းကားဆုံးဖြစ်အောင် ရက်ရက်စက်စက် ကျောခိုင်းပစ်ဖို့ ဆုံးဖြတ်ချက်ဖြင့် အစိမ်းဆုံးစကားလုံးကို မောင့်မျက်နှာတည့်တည့်စိုက်ကြည့်ပြီး ပြောချလိုက်ပါသည်။

''ဟုတ်တယ် ... ငါ နင့်ကို ဘယ်နည်းနဲ့မှ လက်မထပ်နိုင်လို့ နီနီယံ့လောက်အောင် နင့်ကို အပြစ်ချလိုက်တာ၊ ငါ နင့်ကို မလိုအပ်တော့တဲ့အဆုံးမှ ဒီစကားမျိုး ပြောတာပါ၊ ဘာဖြစ်လို့လဲဆိုတော့ ငါ့အပေါ် တစ်သက်လုံး ဩဇာလွှမ်းမိုးပြီး အနိုင်ယူတတ်တဲ့ ယောကျ်ားမျိုးကို ငါ သိပ်မုန်းတာ၊ ငါ နင့်ကို လုံးဝဆက်ချစ်လို့ မရသလို လက်ထပ်ဖို့ဆိုတာ အဝေးကြီး ခြားသွားပြီ''

''ကဲ ... အဲဒါ လက်ထပ်ဖို့ အဝေးကြီးခြားဦး''

'ဖြောင်း'ခနဲ မြည်သံနှင့်အတူ သူမ ကိုယ်လုံးလေး အခန်း သို့ ဟပ်ထိုး ဟပ်ထိုး ပစ်ကျ...ချိန်မှာ သူက ရက္ခကိုယ်လုံးကို အနောက်ကနေ ဖမ်းဆွဲပြီး ...က်ကို ဆွဲလှည့်ကာ ရင်ချင်းအင်မတတ် ဆွဲကပ်စေပြီး ပြူးကြောင်ကြောင် မျက်လုံးတွေနှင့် ...

''ပြောစမ်း ... ထပ်ပြောစမ်း၊ လက်ထပ်ဖို့ကိစ္စ အဝေးကြီး ခြားသွားပြီလို့လေ''

အို ... အရှင်ဘုရား။ ကျွန်မ မျက်လုံးထဲမှာ ဘာမှမမြင်ရတော့ပါလား။ ကျွန်မ ဘာစကားမှ မောင့်ကို ပြောလို့မရတော့ပါလား။



www.burmeseclassic.com

www.burmeseclassic.com



ငါ ဘာကြောင့် ဒီလို နှင့်ကို ရက်စက်စကားပြောရတယ်၊ ဘာကြောင့် မုသားသုံးရတယ် ဆိုတာကို ငါ မောင့်ကို ဘာမှပြောခွင့် မရှိတော့ပါဘူး။

ပြောခွင့်လည်း မရတော့ပါဘူး မောင်ရယ်။

❁

သစ်ပင်ကြီးကိုဖက်ပြီး အားရပါးရ ရှိုက်ငိုနေသည့် မောင့်ကို ကြည့်ပြီး ရက္ခ ဟန်မဆောင်နိုင်တော့ဘဲ မောင်ဖက်ထားသည့် သစ်ပင်ကြီးမှာ မျက်နှာကလေး အပ်ချကာ ကလေးလေးတစ်ယောက်လို အားရပါးရ တနင့်တနဲကြီး ငိုချလိုက်ပါတော့သည်။

အို . . . မောင်ရယ်။

ငါ ရှုံးပြီ . . . ရှုံးပြီကွယ်။

လို့ပဲ အော်ပစ်ချင်သည်။

ပြီးတော့ မောင့်ရင်ခွင်ထဲမှာ လွမ်းချင်းညည်းပစ်ချင်ပါသည်။ အို . . . မောင်လည်း ငါ့လိုပဲ ထပ်တူခံစားနေရလို့ ယောကျ်ားကြီးတန်နဲ့ ရှိုက်ကြီးတငင် ငိုချလိုက်တာပေါ့။

'ခင်ဗျားဖနီးမှာ ကိုယ်ဝန်ရှိနေပြီ' ဆိုသည့် ဆေးခန်းက ဆရာဝန်ရဲ့စကားက မောင့်ကို ကမ္ဘာပြိုကျသွားစေခဲ့သလို ရက္ခကို





လည်း အမှောင်ကမ္ဘာထဲ ပစ်ကျသွားတော့သည်။ (အမှောင်ကမ္ဘာကြီး ထဲမှာ ရက္ခ)။ ဗလာနတ္ထိ မှောင်မည်းတိတ်ဆိတ်သွားရပြီဖြစ်သည်။ မှောင်သွားသည့်ရင်ထဲက ခံစားချက်တွေနှင့် မောင်နှင့်အတူ ဆေးခန်း ထဲက ထွက်လာပြီးမှ အခု မောင်က သစ်ပင်ကြီးကိုဖက်ပြီး ငိုနေသည့် မောင့်ပုံရိပ်က ရက္ခကို သွက်သွက်ခါ ရှုံးသွားရပါတော့သည်။

ဒီအချိန်မှာ ငါ့ကိုယ်ခန္ဓာကြီး ပျောက်ကွယ်သွားပြီး သေဆုံး သွားရင်ကောင်းမှာ။

သိပ်ကောင်းမှာပါ။ ဆိုပြီး ရက္ခ ကိုယ့်ဘာဝကိုယ် ကျိန်ဆဲနေ သည့် ခဏအတွင်းမှာပဲ မောင့်ရဲ့အသည်းအူပြတ်မတတ် ဆွေးကြွေ နေသည့် အသံကြီးက ရက္ခနှလုံးသားကို ညှို့ယူ (အလွမ်းညှို့) သိမ်း ပိုက်လိုက်လေသည်။

"ဟင် . . . ဒီကိုယ်ဝန်၊ ကိုယ်ဝန်က . . . ဟိုခွေးသူတောင်း စားဟာ၊ ဟား . . . ငါ . . ငါ သွားပါပြီ၊ ငါက လူမဟုတ်တော့ဘူး၊ အရှင်လတ်လတ် ငရဲမီးအလောင်ခံနေရတဲ့ ငရဲသားဖြစ်နေပြီ၊ ငါ့ရင် ဘတ်ထဲကို ဝင်ကြည့်ပါဦး၊ ငါ့ကို ကိုယ်ချင်းစာကြည့်စမ်းပါဦး။ ငါ . . . ငါ မင်းကို သိပ်ချစ်တယ်၊ ငါ ဘာလုပ်ရမလဲ၊ ဘာလုပ်ရမလဲ ရက္ခ၊ မိုက်လိုက်တာ . . . မိုက်လိုက်တာ၊ ငါ ယုံတောင် မယုံဘူးကွာ၊ ဒီ သေပစ်လိုက်ချင်တယ်"

မောင်က ရက္ခ မယုံနိုင်လောက်အောင် ဒေါသကို မျိုသိပ်နိုင် ခဲ့တာ ရက္ခ အံ့ဩလွန်းလို့ မောင့်ကို သစ်ပင်ကြီးမှာ မျက်နှာအပ်



www.burmeseclassic.com

www.burmeseclassic.com



ငိုရှိုက်နေရာမှ ဆတ်ခနဲ မော့ကြည့်လိုက်သည်။ အဲဒီခဏအတွင်းမှာ မောင်က ရက္ခ ကိုယ်လုံးကို သူ့ရင်ခွင်ထဲ သိမ်းပွေ့ပြီး တိုးညှင်းသော ကြေကွဲဆို့နင့်သံဖြင့် ရက္ခ အံ့ဩမယုံနိုင်အောင် မေးလာခဲ့လေသည်။

"ငါတို့ ဒီကိစ္စကို ဘာလုပ်ကြမလဲဟင်"

"ငါ မသိဘူး၊ ငါ သေချင်တာပဲ ရှိတယ်"

"သေလို့ရမလား၊ မင်း ဖြစ်ပြီးသမျှကို ဖြေရှင်းရမယ်၊ ဒီကောင် မင်းကို အရကြံတာ၊ တောက် ... ငါသတ်ပစ်ချင်တယ်၊ ဟောဒီကမ္ဘာလောကကြီးမှာ ငါချစ်တဲ့မေမေရယ်၊ ငါချစ်တဲ့ မိန်းမရယ် သာ မရှိဘူးဆိုရင် ငါ ဒီကောင်ကိုသတ်ပြီး ထောင်ကျခံတယ်"

"မပြောပါတော့နဲ့ မောင်ရယ်"

ရက္ခ မောင့်ကိုကြည့်ပြီး ရင်ထဲမှာ ဝမ်းနည်းစရာမကျန်အောင် ဝမ်းနည်းကြေကွဲသွားပါသည်။

"အခုမှ ငိုမနေစမ်းနဲ့၊ မျက်ရည်သုတ်စမ်း၊ အကြောင်းအရာကို ရှင်းစမ်း၊ ဘယ်လိုအစီအစဉ်လုပ်မလဲ၊ ဘာပုံစံချမလဲ စဉ်းစား၊ မင်း ငါ့ကို အစ်ကိုတစ်ယောက်လိုသဘောထားလိုက်တော့၊ မင်းနဲ့ ငါနဲ့ဖာတ်လမ်းက ပြီးဆုံးသွားပြီ၊ အားလုံး ပြီးဆုံးသွားပြီ"

ပြောရင်းနှင့် မောင်က အရမ်းဝမ်းနည်းသွားလို့ ၂င်သည်။ မျက်နှာကြီးကို ထက်သို့ပင့်မော့ပြီး အံကြိတ်သွားလေသ ၂်။

အဲဒီလို ဝမ်းနည်းချက်တွေ တနင့်တပိုး ဖြစ်း ၂းသည့် မောင့်ကိုကြည့်ပြီး ရက္ခလည်း ဘာတွေပြောမိလို့ ပြောမိမှန်းမ ၁ိအောင်





သတိလွတ်သွားရပြီဖြစ်သည်။

ရက္ခ ဘာတွေပြောလို့ ပြောမိမှန်း **မသိတော့။**

"အားလုံး ပြီးဆုံးသွားပြီလို့ သဘော**ထား**လိုက်ပါ မောင်၊ ငါ့ကိစ္စ ငါဆက်ရှင်းမယ်၊ ဒါပေမဲ့ မောင် ... **ငါ မောင့်**အပေါ်ကို ဘယ်တော့မှ သစ္စာမဖောက်ခဲ့ဘူးဆိုတာ သစ္စာ**ဆိုပြီး ကျိန်**ရဲပါတယ်"

ဆိုသည့်စကားသံက ရက္ခနားထဲမှာ **ပိုးတဝါးကြား**လိုက်ရပေမယ့် မောင့်မျက်နှာကြီး ညိုမှိုင်းသွားတာကို **အထင်းသား** တွေမြင်လိုက်ရပါသည်။

"အဲဒီစကားတွေ ပြောရမယ့်အချိန် မဟုတ်**တော့**ဘူးလေ၊ မင်းကိစ္စ ဘယ်လိုဖြေရှင်းမလဲ၊ အဲဒီတစ်ခွန်းပဲပြော"

"ငါ သူ့ကို လက်မထပ်ဘူး"

"လက်မထပ်တော့ မင်းက ဘာလုပ်မလဲ"

"သူနဲ့လွတ်ရာ၊ မောင်နဲ့ဝေးရာ မေမေရှိတဲ့ **နိုင်ငံခြား**ကို သွားနေမယ်"

"မဖြစ်နိုင်တာ၊ မင်းက ကလေးကို မင်းလိုဘ**ဝမျိုး**ကို ရောက်စေချင်လို့လား၊ မိစုံဖစုံတဝကိုမရောက်ရင် မင်းကလေး ဘာ**ဖြစ်**သွားမလဲ၊ မင်းထက် အခြေအနေဆိုးသွားမယ်"

"တော်ပါတော့ မောင်၊ ငါ မကြားချင်ဘူး၊ လုံးဝမကြားချင်ဘူး၊ နင် ငါ့ကို ဘာမှမပြောပါတော့နဲ့၊ ငါ့ကို ငဲ့ညှာရင် တိုက်ခန်းကို ပြန်ပို့ပါနော်၊ ငါ့ရဲ့ဒီခံစားချက်တွေက အိပ်မက်တွေပါ"



www.burmeseclassic.com

www.burmeseclassic.com



"အေး . . . မင်းက အိပ်မက်ထင်ပေမယ့် အိပ်မက်မဟုတ်ဘူးကွ၊ တကယ့်လက်တွေ့ဘဝ၊ လက်တွေ့ဘဝမှာ မင်းနဲ့ငါ နှစ်ယောက်စလုံး ဘဝပျက်ခဲ့တာ . . . နားလည်လား၊ ဒီမှာ မင်းကို ငါ စကားတစ်ခွန်း အပြတ်ပြောမယ်၊ မင်း သူ့ကို လက်ထပ်ရမယ်"

ရက္ခ မောင့်ကို ယောင်ပြီး မော့ကြည့်ကာ အံကြိတ်မျက်နှာလွှဲပစ်လိုက်သည်။

"လုံးဝ လက်မထပ်နိုင်ဘူး မောင်၊ ငါကလည်း နှင့်ကို အပြတ်ပြောတာပဲ၊ ငါ့ကိုစွ ငါရှင်းမယ်၊ ငါ တော်ပြီဟာ"

ရက္ခ ပြောရင်းနှင့် အသံတိမ်ဝင်ကာ ဝမ်းနည်းမျက်ရည်များကို မောင့်အရှေ့မှာ မောင်ပိုပြီး စိတ်မကောင်းဖြစ်သွားအောင် ဆက်မကျနိုင်အောင် အံကြိတ်ထိန်းပြီး မောင့်အရှေ့ကနေ ချာခနဲလှည့်ကျောခိုင်းပစ်လိုက်တော့သည်။

ဒီအချိန်မှာ မောင်ကလည်း ရက္ခကို ရက္ခနည်းတူ ကျောခိုင်းပစ်လိုက်သည် ထင်ပါသည်။





## ၁၅

"ရက္ခ . . . နှင့်ကို ဒီလောက်အထိ မာယာများတဲ့မိန်းမလို့ မထင်ခဲ့မိတာ ငါမှားတာပဲ"

"ဟင် . . . ဘာလဲ နီနီ၊ နင် ငါ့ကို ဘာပြောလိုက်တယ်"

ရုတ်တရက် ရက္ခ အသက်ရှူရပ်သွားကာ နီနီ့ကိုလည်း ကယောင်ကတမ်း မော့ကြည့်လိုက်မိသည်။

နီနီက ခပ်မဲ့မဲ့အပြုံးတစ်ခုနှင့် ရက္ခကို အထင်သေးစွာကြည့်နေတာကို မြင်တော့မှ နီနီ ဘာကိုဆိုလိုမှန်း ရက္ခ တန်းသဘောပေါက်သွားတော့သည်။

"နင့်ကို အစတုန်းက မိန်းမရိုးလေးလို့ သတ်မှတ်ခဲ့တာ အခုတော့ ရှင်က လက်ထပ်ခါနီး ချစ်သူကို ရမယ်ရှာပစ်ခဲ့ပြီး Ross

www.burmeseclassic.com



နဲ့ လက်ထပ်တော့မယ်ပေါ့ ... ဟုတ်လား၊ လက်ထပ်ပါ့မယ်ဆို ယောက်ျားတစ်ယောက်နဲ့ ဖိတ်စာအပ်ပြီးမှ တခြားယောက်ျားတစ် ယောက်ကို လက်ထပ်ခဲ့တာ ဒါ မိန်းမကောင်းအလုပ်မှ မဟုတ်တာ"

အို ... နီနီက ငါ့ကို စွပ်စွဲပြောဆိုရက်ပြီပေါ့။

ငါက သံစွာမရှိတဲ့ မိန်းမ၊ သူဌေးကို အပိုင်လိုချင်တဲ့မိန်းမ ငွေမက်တဲ့မိန်းမလို့ နင် စွပ်စွဲချင်တာ စွပ်စွဲလိုက်စမ်းပါ။ စွပ်စွဲလိုက်စမ်း ပါ နီနီ။

ငါ ရင်ကော့ပြီး ခံမယ် နီနီလို့ ... စိတ်ထဲက ဟစ်ကြွေးနေ သည့် ရက္ခ သံစဉ်များနှင့်အတူ ရက္ခရဲ့ ဝမ်းနည်းခြင်းတွေက မျက်ရည် များအဖြစ် ကူးပြောင်းသွားရလေသည်။

ဒီအချိန်မှာ ရက္ခ ဘာကိုမှ ဟန်ဆောင်ထိန်းချုပ်နိုင်သည့်အင် အား မရှိတော့ဘဲ နီနီ့ကိုယ်လုံးလေးကို ပြေးဖက်ပြီး ရှိုက်ကြီးတင် ငိုချလိုက်ပါတော့သည်။

နီနီ့ကို ခပ်တင်းတင်းဖက်ပြီး ငိုရှိုက်နေရင်းမှ ငိုရှိုက်သံ ဗလုံး ဗထွေးဖြင့် ...

"နီနီ ... နင် ငါ့ဘဝကို ဘာမှနားမလည်ဘူးနော်၊ နင် ... နင် ငါ့ကိုစွတ်ပြီး အထင်မသေးပါနဲ့၊ ငါ မောင့်ကိုမချစ်လို့မဟုတ် ဘူး၊ ငါ့မှာ ဟိုတိရစ္ဆာန်ကြီးရဲ့ Pregnant ရှိနေပြီ၊ သူ ငါ့ကို အရယူ ခဲ့တာ"

"ဘုရားရေ ... Boss က နင့်ကို အရယူခဲ့တာ ဟုတ်လား





ဘုရား ... ဘုရား မယုံနိုင်စရာပဲ၊ Boss ဟာ အမယ်လေး ... ငါ ထင်တယ်၊ Boss နင့်ကို ဘယ်လိုမှ လက်လွှတ်မှာ မဟုတ်ဘူးဆိုတာ၊ ရက်စက်လိုက်တာ၊ ငါ ... ငါ နင့်ကို အထင်လွဲခဲ့တာတွေကို တောင်း ပန်ပါတယ် သူငယ်ချင်းရယ်"

ရက္ခ ဘာစကားမှ မဆိုနိုင်တော့ဘဲ အူပြတ်မတတ် ငိုကြွေး ပြီး နီနီ့ကို တင်းသထက်တင်းအောင် ဖက်ထားလိုက်သည်။

နီနီကလည်း ရက္ခကို ပြန်လည်ဖက်ထားပြီး စိတ်မကောင်း သည့် ကြေကွဲဆို့နင့်သံကြီးနှင့် ...

"အေးဟာ ... ဖြစ်ပြီးမှတော့ ဘာတတ်နိုင်မှာလဲ၊ ငါထင် တယ်၊ Boss နင့်ကို တအားချစ်တယ်ဆိုတာ"

"တော်စမ်းပါဟာ"

"အေးဟာ ... နင်တို့ ချစ်သူနှစ်ယောက်ရဲ့ ကံကြမ္မာက ထည်း လက်ထပ်ခါနီးမှ"

နီနီက ကြေကွဲသံကြီးနှင့် ဆိုလာလျှင် ရက္ခ ပိုပြီး ဝမ်းနည်း သွားပါသည်။ ဝမ်းနည်းလွန်းလို့ မျက်နှာကြီးကို လက်ဝါးနှစ်ဖက်နှင့် အုပ်ပြီး ...

"မောင်လေ ... မောင် ငါ့အကြောင်းတွေ အကုန်သိသွား ပြီ သူ ငါ့ကို မခွဲခွာရက်ဘဲ ခွဲခဲ့ရပြီ၊ ငါ ဘာလုပ်ရမလဲ နီနီ၊ ငါ သူ့ကို လုံးဝလက်မထပ်နိုင်ဘူး၊ သက်ကြားအို ကြောတာတော့ ငါ လုံးဝလက်မခံဘူး၊ ငါက သူ့ကို လက်မထပ်မယ့်မိန်းမဆိုတာ သက်



www.burmeseclassic.com

www.burmeseclassic.com



ကြားအိုကြီး သိစေရမယ်မှတ်''

''ဟင် ... အဲဒီလိုလည်း စိတ်လိုက်မာန်ပါ မလုပ်နဲ့လေ သူ့ဒွေးက နင့်ကို လက်ထပ်ဖို့ စိစဉ်ပြီလား''

''စီစဉ်နေပြီ Sedona မှာ နောက်တစ်ပတ်အင်္ဂါနေ့ ညေ့ခံပွဲ တယ်လို့ ဟိုတစ်နေ့က ဖုန်းနဲ့ ပြောလာတယ်''

''နင်တို့ လူချင်းတွေ့သေးလား''

ရက္ခ မျက်နှာတစ်ခုလုံး သပြေသီးမှည့်ရောင် ပြေးသွား ဖြစ်သည်။ နီနီမေးတဲ့ လူချင်းတွေ့သေးလား စကားကိုလည်း ဘာ ပြေရမှန်းမသိ ရင်ထဲမှာ ကျုံးရှုန်းပြီးပဲ အော်ပစ်လိုက်ချင်သည်။

''မတွေ့ဘူးဟေ့၊ မတွေ့ဘူးလို့''

တကယ်တော့ မနေ့က နေ့လယ်က သူ နီနီမရှိတုန်း တိုက် ခန်းကို ပေါက်ချလာပြီး လက်ထပ်မယ့်အစီအစဉ်နဲ့ ရက္ခကို ခြိမ်း ခြောက်လာတာကို နီနီ့ကို ရက္ခ ဘယ်လိုမှ ဖွင့်မပြောချင်လောက်အောင် အော့နလုံးနာလို့ဖြစ်သည်။

အဲဒီနေ့က ရက္ခကိုများ စိတ်လိုက်မာန်ပါ ဘာဘာညာညာ ခြိမ်းခြောက်လျက် ရက္ခက လက်ထပ်ပွဲကို ကလန်ကဆန်လုပ်ရင် သူက ရက္ခကို ဘယ်လိုချုပ်ကိုင်နိုင်တဲ့အကြောင်း လူသိရှင်ကြားဖြစ် အောင် ကြေညာနိုင်ကြောင်း ကြေညာခဲ့တာ နားထဲမှာ ခါးသီးလျှက် သည်။

''ရက္ခ ... မင်း ကိုယ်စီစဉ်ထားတဲ့ လက်ထပ်ပွဲကို အေးအေး





ဆေးဆေး လက်မခံလို့ ရှုတ်ရှုတ် ရှုတ်ရှုတ် လုပ်မယ်ကြံရင် ကိုယ် မင်းကို တိုင်းသိပြည်သိကို မင်းနဲ့ငါဟာ လင်မယားဖြစ်ကြောင်း သတင်း စာမှာ ကြေညာမှာပဲ''

''ရှင် အရှက်မရှိလို့ ကြေညာတော့လည်း ကျွန်မက ဖျက် ပြရမှာပေါ့၊ စောင့်ကြည့်လိုက်လေ''

''ရက္ခ ... မင်း ငါ့ကို တစ်ကွက်ကြောကြံဖို့ မစဉ်းစားနဲ့နော်၊ အေး ... မင်းကြံထားတဲ့ အကြံထဲမှာ မင်း ငါ့ကို မလိုချင်လို့ ကမ္ဘာ ပတ်ပြေးတောင် ငါက အမိဖမ်းနိုင်တယ်၊ မင်း တန်ခိုးနဲ့ လကမ္ဘာပေါ် တက်ပြေးလည်း ငါက လိုက်တက်နိုင်တယ်''

''မပြောတော့နဲ့ နှာဘူးကြီး၊ နှာဘူးသံနဲ့ ကျွန်မကို ဘာစကား မှ လာမပြောတော့နဲ့''

ရက္ခ သတိလက်လွတ်ဖြစ်သွားပြီး ရက္ခ ကိုယ်လုံးကို သူ့ ကိုယ်လုံးကြီးနှင့် တစ်သားတည်းကပ်အောင် သိမ်းဖက်ထားသည့် သူ့လက်တွေကို ရှိတဲ့အင်အားနှင့် ကုန်းပြီးကိုက်ဆွဲပစ်လိုက်တော့ သည်။

အဲဒီအချိန်မှာ သူက ရက္ခ ကိုက်ဆွဲလိမ်တာကို မနာနိုင်ဘဲ တဟားဟား အော်ရယ်ပြီး ရက္ခနှုတ်ခမ်းကို သူ့နှုတ်ခမ်းကြီးနှင့် အကြာ ကြီး ဖိကပ်ထားပြီးမှ ရင်ထဲက အရမ်းခံစားချက်ပြင်းသည့် အချစ် စွမ်းအင် ပြည့်လျှမ်းသံကြီးနှင့် ပြောလာခဲ့သည်မှာ ...

''အဲဒီလို နှုတ်ခမ်းပါးလေးက ထွာတဲ့စကား ထွက်စမ်းပါ



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအသံ **အဲဒီဟန်**တွေကိုပဲ ကိုယ်က သိပ်ချစ်တာ၊ မင်းကို ငါ အသည်း**အသန် ချစ်**တယ်လို့ ပြောဖူးတယ်လေ၊ အဲဒီလို အသည်း အသန် **ချစ်လို့လည်း** အခုလို အသည်းအသန် အရယူခဲ့တာပေါ့ မိန်းမရယ်''

**သေလိုက်စမ်း** ရက္ခ။

**သွားပြီး** သေလိုက်စမ်း။ ကမ္ဘာအပြင်ဘက်ထွက်ပြီး **ရက္ခ** သေပစ်**ဖို့ပဲ ရက္ခ** တတ်နိုင်ပါတော့သည်။

**ဒီအချိန်**မှာ ရက္ခ သူ့ကို ဘယ်လိုအင်အားမျိုးနှင့်မှ တွန်းလှန် နိုင်**သည့်အား** မရှိတော့သလို သူ့ရင်ခွင်ထဲမှာ မျက်ရည်တွေနှင့် သူ့ကို ပေး**ဆပ်**ရသည့် မိန်းမတစ်ယောက် ဖြစ်သွားရပြီဖြစ်သည်။

စိတ်ဆင်းရဲမှုတွေ များပြားလွန်းသည့် အဲဒီညမှာပဲ တိုက် တိုက်ဆိုင်ဆိုင် ဖုန်းလာခဲ့သည်မှာ ...

''ရက္ခ ... ရက္ခရှိလား။ ငါ ရက္ခကို တွေ့ချင်တယ်၊ ခေါ်ပေး ကြပါ၊ ခေါ်ပေးကြပါ''

ဆိုပြီး ဖုန်းထဲကနေ အရက်တွေ အလွန်အကျွံသောက်ထား သည့် မောင့်အသံကြီးက ရက္ခကို ရင်ကွဲနာကျသွားလေတော့သည်။





ဒီအချိန်မှာ ရက္ခ ဘာခံစားချက်မှ မရှိတော့သလို ရင်တစ်ခုလုံး ဗလာ သက်သက် ဖြစ်သွားပြီးမှ ရေနစ်သူ 'ဘွား'ခနဲ ရေပေါ်တစ်ခါ ပေါ်လာ သလို ကျရာ ကယ်ရာမဲ့ ဖြစ်သွားကာ လှိုက်ဆို့သံ ဗလုံးဗထွေးနှင့် သူ့ကို ပြန်ပြီး သတိပေးလိုက်ရသည်။

''မောင် ... ငါပါ၊ မောင် ဘာတွေဖြစ်နေတာလဲဟင်၊ ငါ စကားပြောနေတယ်လေ''

''ဟား ... ငါ မင်းကို စကားပြောမယ်၊ ပြောမယ်ကွာ၊ ငါ့ နှလုံးသားတွေ အက်ဆစ်ရည်လို ပွက်ပွက်ဆူနေပြီကွ၊ ငါ့ကို ဘယ်သူ့ မှ မသနားကြတော့ဘူးလား၊ ဟား ... လောကကြီး မကောင်းဘူး ကွာ၊ ဒီလိုမကောင်းတဲ့ လူ့လောကကြီးမှာ ငါမနေတော့ဘူး၊ ငါ ထွက်ပြေးမယ်၊ မိုးပေါ် ပြေးမယ်၊ နတ်ပြည်တက်မယ်၊ နတ်တွေနဲ့ပဲ စကားပြောတော့မယ်၊ လူတွေနဲ့ စကားမပြောချင်ဘူး။ ခံစားရလွန်းလို့ ... ခံစားရလွန်းလို့''

မောင့်စကားကို ရက္ခ မျက်ရည်တွေနှင့် အသက်အောင့် နားထောင်နေရင်းမှ ...

''မောင် ... အရက်တွေ အရမ်းသောက်ထားတယ် ဟုတ် လား''

''ဟုတ်တယ်၊ နောက်ဆို ဒီထက်ပိုသောက်ပြမယ် ... မှတ်ထား၊ ဟေ့ ... မင်း မနက်ဖြန် ငါ့အိမ်ကိုလာခဲ့၊ ရှစ်နာရီနော်၊ တစ်မိနစ် မစွန်းစေနဲ့ ဟုတ်ပြီလား''



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက်မှာတော့ ဖုန်းကိုင်ထားသည့် သူ့လက်ကြီး ခေါ်
အုံးပေါ်သို့ အရုပ်ကြိုးပြတ် ဘုတ်ခနဲ ပြုတ်ကျသွားပါတော့သည်

သူ့လက်တင် အရိုးကြိုးပြတ် ဖြစ်ခဲ့တာမဟုတ်။

ဘဝတစ်ခုလုံးချစ်သည့် မိန်းမတစ်ယောက်အတွက် အ
ကြိုးပြတ်ဖြစ်ပြီး ပုံလျက်လဲကျသွားခဲ့တာပင်ဖြစ်သည်။

( ၁၈ )

နောက်တစ်နေ့ နံနက်ရှစ်နာရီ အချိန်မှာတော့ မောင်နှင့် က်နှာချင်း ဆိုင်ဖြစ်လိုက်သည်။ အဲဒီအချိန်မှာ ရက္ခတို့နှစ်ယောက် စ်ယောက်နှင့်တစ်ယောက် ဘာစကားမှ မပြောမိကြဘဲ တွေတွေ ငေးငေးနှင့် သေဆုံးနေသလို တိတ်ဆိတ်နေခဲ့ကြသည်။

နှစ်ယောက်သား ဘာစကားမှ မပြောဘဲ အကြာကြီး တိတ် ဆိတ်နေပြီးမှ အရင်ဆုံး စတင်လှုပ်ရှားသူမှာ ရက္ခပင် ဖြစ်သည်။

"ငါတို့ တွေ့ကြဖို့ လိုသေးလို့လား မောင်"

"လုံးဝမလိုတော့ပါဘူး၊ မလိုပါဘူး၊ ဒါပေမဲ့ စိတ်ဆိုတာ ာ်တယ်၊ ဝေးပြီဆိုတာ သိရက်သားနဲ့ လက်မခံနိုင်ခဲ့ဘူး၊ ပိုပြီး ဘောင်နာကျင်ခဲ့ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ စိတ်ကို အလိုလိုက်ရင် မှားသွားမှာပေါ့ မောင်"

"မမှားပါဘူး၊ ကိုယ် မင်းကို မပြစ်မှားတော့ပါဘူး၊ ဒါပေ ကိုယ်လေ ... ကိုယ် ... ဟာကွာ၊ ကိုယ် မင်းကို စကားပြော သေးတယ်၊ ဒီတစ်ခါ ... ဒီတစ်ခါပါပဲ၊ ဒီတစ်ကြိမ် နောက်ဆုံး ဆုံခြင်းပါပဲ"

ရက္ခ ရင်နင့်ကြေကွဲစွာ မောင့်ကို ငေးကြည့်နေခဲ့မိသည် တကယ့်ကို မယုံနိုင်စရာပါပဲ။

ရက္ခတို့ချစ်သူနှစ်ယောက်ဟာ အသက်ရှင်လျက် သေ သည့် ခံစားမှုတွေနှင့် ရပ်တည်ပြီး မပျော်ပိုက်သည့်ဘဝမှာ အသ ရပ်တည်ရဦးမည်ဖြစ်သည်။

ဘယ်လောက် နာကျင်ခါးသီးစရာ ကောင်းလိုက်သည့် ဘ တစ်ခုလဲ။ အို မောင်ရယ် ... ငါလေ ငါ နင့်ကို ဘာစကားမှ မ နိုင်လောက်အောင်ကို ဆွံ့အ,သွားရပါပြီ။

ဒါပေမဲ့ နင့်ရဲ့နောက်ဆုံးဆိုတဲ့ စကားလေးကိုတော့ ငါ နာနာနဲ့ ဖြေရှင်းပေးရပါဦးမယ်။

"နောက်ဆုံးဆိုတဲ့ စကားကို မပြောပါနဲ့မောင်၊ ဒီလော မှာ မောင်ရော ငါပါ အသက်ရှင် ရပ်တည်နေဦးမယ်ဆိုရင် ငါ မောင့် အခင်ဆုံးသူငယ်ချင်းတစ်ယောက်အဖြစ် ခင်မင်ပါရစေ၊ ငါလေ ... မောင်နဲ့ဝေးရာကို ထွက်သွားမယ်လို့ ဆုံးဖြတ်ခဲ့ပေမယ့် တကယ် မောင့်ကို ငါ ကျောမခိုင်းရက်ဘူး၊ မောင်နဲ့အတူနေရတဲ့ ဘဝတစ်





ခဲ့ပေမယ့် မောင်နဲ့ စကားပြောနေရရင် ငါကျေနပ်တယ်"

ရက္ခ ပြောရင်းနှင့် ဝမ်းနည်းလွန်းလို့ အသံပျောက်သွားကာ က်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာခဲ့သည်။

ရင်ထဲမှာ ဘယ်လိုမှ မခံစားနိုင်တော့အောင် မျက်ရည်တွေ စ်ပေါက်ချင်း ပါးပြင်ပေါ် စီးကျလာချိန်မှာ မောင့်မျက်နှာက ပိန်းခနဲ စ်သွားပြီး ဘာကိုမှလည်း သဲသဲကွဲကွဲ မမြင်ခဲ့တော့ပါ။

ဒါပေမဲ့ ...

မောင့်စကားသံကိုတော့ အတိုင်းသား ကြားနေရသည်။

"မင်း ကျေနပ်တယ်ဆိုပေမယ့် မင်းဟာ သိပ်မကြာခင်မှာ က်ထပ်ရတော့မယ်လေ၊ အဲ့ဒီအကြောင်းကို ကိုယ်ပြောမလို့ ကိုယ် င်းဆီက ကတိတစ်ခု လိုချင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ် က ထွက်မသွားခင် မင်းအတွက် စိတ်ချမ်းသာသွားချင်တယ်"

"ဟင် ... မောင်က ဘယ်ကိုထွက်မှာလဲ"

"မင်းနဲ့ဝေးရာ တစ်နေရာရာပေါ့"

အဝေးတစ်နေရာသို့ မျက်လုံးလွှဲရင်း ဆို့နင့်သံတိုးလျှလျှဖြင့် ပြောလာသည့် မောင့်မျက်နှာကို ငေးကြည့်ရင်း ရက္ခ ရူးမသွားအောင် နည်းထိန်းထားရသည်။

"ဒါဆို တစ်သက်လုံး မတွေ့ရတော့ဘူးပေါ့ ... ဟုတ် ား"

"ဟုတ်တယ်၊ မလိုအပ်တော့ဘူးလေ၊ မင်း ဇွတ်တရွတ်



www.burmeseclassic.com

www.burmeseclassic.com



ရှော့ာက်မဆုံးဖြတ်ပါနဲ့၊ မင်း ဒီကောင့်ကို လက်မထပ်ဘူးဆိုရင် မင်းကလေးလေးဟာ ဥတစ်လုံး တစ်ကောင်ကြွက် ဖြစ်သွားမှာ ပေါ့ . . .၊

နောက်ဆုံး မင်းကလေးဟာ သမီးလေးသာဖြစ်ခဲ့ရင် မင်းလို အဖြစ်မျိုးတက်ဆိုးတဲ့ ဘဝရောက်ခဲ့ရင် မင်း ဘယ်လိုခံစားရမလဲ အဲဒီအတွက် မင်းကို ငါ စိတ်ချချင်တယ်၊ မင်း သူ့ကို လက်ထပ်မှဖြ မယ်''

မောင့်ကို ငေးကြည့်ရင်း ရက္ခ ကျောက်ရုပ်မယ်ကို ခလုတ် နှိပ်လိုက်သလို ဆတ်ခနဲ ဆတ်ခနဲ ခေါင်းခါပြလိုက်သည်။

''ခေါင်းမခါနဲ့ . . . ခေါင်းမခါနဲ့ မင်း ဆက်ပြီးငြင်းနေဦးမယ် ဆိုရင် မင်း ဘာဖြစ်သွားမလဲ''

''ဘာဖြစ်ဖြစ် မောင် . . . ငါ ဒီအရွယ်ရောက်မှ လောက သတ္တိရှိရှိ ရင်ဆိုင်နိုင်ပြီ''

''မင်းက . . . အေးလေ မင်းလိုမိန်းမမျိုးက ဟုတ်တာပေါ့ ဘာဆန်းမှာလဲ၊ နိုင်ငံခြားကို ထွက်သွားမယ်၊ နိုင်ငံခြားမှာပဲ လုပ်ကိုင် စားသောက်ပြီး အပေယှိုဘဲကလေးကို ဘယ်လိုလူရာသွင်းမလဲ၊ အဲဒီ ပေါ့ကွ . . . ဗီဇဆိုတာ ပျောက်လို့မရဘူး၊ မိခင်ဗီဇက မင်းမှာပါလာပြီ

အဲဒါ မျိုးစေ့ပမှန်လို့ ပင်မသန်ခဲ့တာကွ၊ မင်းအမေမျိုးစေ့ မမှန်ခဲ့လို့ မင်း ဒီဘဝရောက်တယ်၊ မင်းက ထပ်ပြီး မင်းအမေအချိုးမျိုး ချိုးခဲ့တယ်၊ အဲဒီတော့ မင်းပျော့တဲ့မျိုးစေ့ကျ ဒီထက်ဆိုးမယ်''





နင့်နင့်သီးသီး ပြောလာသည့် မောင့်စကားကို ရက္ခ အံ့သြ ထွန်းလို့ ရင်ထဲမှာ တိုးလျှိုပေါက် ပွင့်ထွက်သွားလေသည်။

အတန်ကြာ တိတ်ဆိတ်သွားပြီးမှ ရက္ခက ရင်ဘတ်ကို လက်နှင့်ဖိကာ . . .

"မောင် . . . ငို့ကို အဲဒီလောက်အထိ ပြောရက်လိမ့်မယ်လို့ ထောင်ခဲ့မိဘူး။ အခု ငါ ဖြစ်ခဲ့တာတွေကလည်း မျိုးစေ့မကောင်းလို့ ငါ အကျင့်ပျက်ခဲ့တာလို့ ပြောချင်တာလား"

''ပြောချင်တာ မဟုတ်ဘူး။ ပြောကို ပြောခဲ့တာ၊ မင်းပုံစံက အဲဒီပုံစံမဖြစ်လို့ ဘာဖြစ်ဦးမလဲ''

ပြတ်သားလွန်းသည့် မောင့်ကိုလည်း ရက္ခက အပြတ်သား ဆုံး ပြောလိုက်မိပါသည်။

ငါကလည်း ပြတ်နိုင်ပါတယ် မောင်ရယ်။

"ကောင်းပြီ မောင် . . . ဒီလောက် ငါ့အပေါ် စေတနာထား တာကိုပဲ ငါက ကျေးဇူးတင်လှပါတယ်၊ ငါ သူ့ကို လက်ထပ်မယ်၊ နောက်တစ်ပတ် အင်္ဂါနေ့မှာ Sedona မှာ မင်္ဂလာပွဲရှိတယ်၊ မောင် ကျေနပ်ရဲ့လား''

မောင့်မျက်လုံးတွေ ဒေါသရာရ သားကောင်လို စူးရဲနာကျင် ဆိပ်တက်သွားရပြီဖြစ်သည်။

ရုတ်တရက် အဆိပ်မှိန်းသွားသည့် မောင့်ကို ရက္ခ တွေတွေ ကြီး စိုက်ကြည့်နေရင်းမှ သတိရသွားကာ မောင့်ပခုံးကို ဆွဲချက်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အားပေးသလို ဖျစ်ညှစ်နှစ်သိမ့်လိုက်ပြီး . . .

"မင်္ဂလာပွဲကို မောင် လာဦးမလား"

"မင်းက လာစေချင်တယ်လား"

"ဟင့်အင်း . . . ငါ့ချစ်သူကို ငါ အဲဒီလောက်အထိ မရက်စက်စေချင်ပါဘူး၊ ငါလေ ကိုယ့်ခံစားချက်တွေကို သိသိသိပ်သိပ်မျိုသိပ်နိုင်အောင် ထိန်းချုပ်ပါ့မယ်လို့ . . . မောင့်ကို ကတိပေးပါတယ်၊

တစ်ခုတော့ရှိတယ် မောင်၊ နင်နဲ့ငါဟာ အခုသိပ်ချစ်ရတဲ့သူငယ်ချင်း မဖြစ်တော့ပေမယ့် ငယ်ငယ်တုန်းက ခင်တဲ့သူငယ်ချင်းအဖြစ်ကတော့ ဘယ်တော့မှ မပြောင်းလဲနိုင်ပါဘူးနော်"

"ကောင်းပြီလေ၊ ကိုယ်တို့ကံကြမ္မာကြောင့် တစ်ယောက်ကို တစ်ယောက် မမုန်းဘဲ လမ်းခွဲခဲ့ကြတာ၊ ဂုဏ်ယူဖို့တောင် ကောင်းပါသေးတယ်နော်"

မောင့်အသံက လောကကြီးကို သရော်သလိုလိုနှင့် ကြေကွဲဆို့နင့်သံကြီး ပေါက်သွားလေသည်။

"ဪ မောင်ရယ် . . . ငါလို မိန်းမတစ်ယောက်အတွက်နဲ့ နင် ဒီလောက်အထိ မခံစားထိုက်ပါဘူးဟာ"

ရက္ခစိတ်ထဲက ပြောနေသည့်စကားကို ဘာမှမသိသည့်မောင့်ကို ရက္ခ မကြည့်ရက်တော့ဘဲ မောင့်အရှေ့ကနေ ချာခနဲ ကျောခိုင်းကာ မတ်တတ်ထရပ်လိုက်ပြီး မောင့်ကို နှုတ်ဆက်လိုက်ပါသည်။





"ငါ ပြန်တော့မယ် မောင်၊ ငါ နင့်ကို နှုတ်ဆက်ခဲ့ပါတယ်"

ရက္ခ မောင့်အရှေ့ကနေ နတ်တန်ခိုးနဲ့သာ ကိုယ်ပျောက်ပြီး ပြေးထွက်ချင်ပါသည်။

အဲဒီလောက်အထိ ရက္ခ ရပ်တည်ရသည့် ဘဝကြီးကို စိတ်နာမိတာဖြစ်သည်။

❀

"ကမ္ဘာလောကကြီးမှာ နေမင်းကြီး လင်းလက်တောက်ပပြီး နွေးထွေးချိုမြိန်ခဲ့ပေမယ့် ကျွန်တော့်ရင်ဘတ်ထဲက နှလုံးသားကတော့ ကြယ်တာရာလေးလို လင်းလက်အား မရှိတော့သလို နွေးထွေးချိုမြိန်မှုတွေလည်း မရှိတော့ပါဘူး"

ရင်ထဲက စကားတွေနှင့် မိုးကောင်းကင်က တလက်လက်တောက်ပနေသည့် ကြယ်ကလေးတွေကို သူ ငေးကြည့်ရင်း သူ့ရင်ဘတ်မှာ ခေါင်းကလေးမှီရပ်နေသည့်နောက် ငါးရက်ကြာရင် သူတစ်ပါးနှင့် လက်ထပ်ရတော့မည့် ချစ်သူလေးကိုလည်း သူ အပြုံးရိုရိုတွေနှင့် နွေးထွေးစွာ စိုက်ကြည့်လိုက်သည်။

အဲဒီအချိန်မှာ ချစ်သူလေးကလည်း သူ့ကို မော့ငေးအကြည့်နှင့် တည့်တည့်မတ်မတ် တိုးသွားပြီး သူ့မျက်လုံးတွေ သေဆုံးသူလို

www.burmeseclassic.com



အသက်မဲ့သွားချိန် ရက္ခ အသံတိုးဖျော့ဖျော့လေးက သူ့နှလုံးသားကို မီးလောင်တိုက်သွင်းချလိုက်ပြီဖြစ်သည်။

''မောင် . . . ငါတို့ ဒီတစ်ညပဲ ချစ်သူဘဝမှာ အလွတ်လပ်ဆုံး နေရတော့မှာ၊ နင် ငါ့ကို ရင်ထဲက စကားတွေ တစ်လုံးမကျန် ဘာပြောချင်သလဲ''

''ဟင် . . . ငါ . . . ဘာပြောရမှာလဲ၊ ဘာမှမပြောတော့ပါဘူးဟာ''

ဆိုသည့် မောင့်အသံက ရက္ခ မျက်နှာတစ်ခုလုံးကို ရဲဝတောင်းခတ် နီရဲသွားသည်အထိ ရက္ခ ငိုချင်စိတ် ပြင်းပြသွားရသည်။

သို့သော် ရက္ခ မငိုပါ။

ဒီအချိန်က ရက္ခ ငိုရမယ့်အချိန် မဟုတ်တော့။

ရက္ခ ရင်ထဲက ရင်တွင်းစကားတွေကို နက္ခရင်ထဲမှာ တစ်သက်လုံး ပြောမပတ် ဖြစ်ကျန်ခဲ့အောင် ပြောရမည့်အချိန် ဖြစ်နေတော့သည်။

ရင်ထဲက စကားတွေကို ပြောချင်လို့လည်း အခုလို သီတင်းကျွတ် လပြည့်ညမှာ သိမ်ကြီးဈေးကုန်းတံတားကြီးပေါ်မှာ မီးကောင်းကင်ကြီးကို မော့ကြည့်လိုက်၊ ပျပျလေးမြင်ရသည့် အောက်က ကားသွား ကားလာကို ငုံ့ကြည့်လိုက်နှင့် ရက္ခရင်ထဲမှာ ဝမ်းနည်းခြင်း အမှတ်တရတွေ အပြည့်အဝ ယူထားခဲ့သည်။

ဟုတ်တယ်လေ။





ဒီတစ်ညပဲ ရက္ခ ချပ်တဲ့ ချစ်သူရင်ခွင်ထဲမှာ ရက္ခ ခိုဝင်ရတော့မှာ။ ဒီလိုအချိန်မျိုးမှာ ရက္ခ သူ့ကို အပြောသင့်ဆုံး အမှတ်တရစကားတွေကို ရက္ခ ရွေးပြီး ပြောချင်တာ ဖြစ်သည်။

ပြောချင်လို့လည်း သူ့ရင်ခွင်ထဲ ခေါင်းမှီပြီး တံတားပေါင်ကို လက်ထောက်ထားရင်းမှ မိုးကောင်းကင်ကြီးကို မော့ကြည့်ကာ မြောက်ဘက်အရပ်က ရှုံ့ကြယ်ကြီးကို လက်ညှိုးထိုးပြလိုက်ပြီး မောင့်ကို ခပ်တိုးတိုးလေး စကားဆိုလိုက်သည်။

''မောင် . . . ရှုံ့ကြယ်ကြီး လင်းလက်တောက်ပနေတာ အားမကျဘူးလားဟင်''

မောင်က ရက္ခစကားကို သဘောပေါက်ဟာ ရီဝေဝေ မျက်လုံးတွေနှင့် ခေါင်းတစ်ချက်ခါပြီး . . .

''အားမကျပါဘူးကွာ၊ သူလည်း သူ့အကြောင်းနဲ့သူ ငိုရင်ငိုဦးမှာပေါ့''

''ဟုတ်တယ်နော် မောင်၊ ငါ နင့်ကို ပြောခဲ့သလိုပေါ့ ရှုံ့ကြယ်ကြီး အမြဲလင်းလက်တောက်ပနေလို့ သူ့မှာ ပူပင်သောက မရှိဘူးလို့ မထင်ပါနဲ့ သူလည်း မျက်ရည်ကျတက်တယ် ဆိုတာလေး မောင် အဲဒီညကို မှတ်မိလား''

''အင်း . . . မှတ်မိပါတယ်''

''အဲဒီညက ငါ ဘာပျက်တဲ့ည၊ ငါ ငိုတဲ့ညပေါ့ မောင်ရေ''

ပြောရင်းနှင့် ရက္ခ မျက်ရည်တွေ ပါးပြင်ပေါ်သို့ ကြွကျ



www.burmeseclassic.com

www.burmeseclassic.com



သွားရပြန်ပြီ။ ဒီအချိန်မှာ မောင်ကတော့ အသက်မဲ့သည့် မျက်လုံးတွေနှင့် မိုးကောင်းကင်ကြီးကို မော့ငေးကြည့်နေခဲ့လေသည်။

အဲဒီလို မိုးကောင်းကင်ကြီးကို မော့ကြည့်နေပေမယ့် မောင့်မျက်လုံးထဲမှာ မျက်ရည်တွေပဲ ပြည့်နေမယ်ဆိုတာကို ရက္ခ အာရုံခံစား သိရှိထားပြီး ဖြစ်သည်မို့ မောင့်ပခုံးကို ခပ်နွဲ့နွဲ့လေး မှီချပြီး မောင့်ရင်ဘတ်ကြီးကို ခပ်တင်းတင်း ဆွဲဖက်ကာ ရင်ထဲက အပြောချင်ဆုံး စကားတွေကို တစ်လုံးချင်း ပြောချလိုက်သည်။

"ရူဝံကြယ်ကြီး ရှိနေသရွေ့ ငါနဲ့နင် အသက်ရှင်နေသရွေ့ ငါဆိုတဲ့ ရက္ခမေဟာ လောကကြီးကို ငိုကြွေးခြင်းနဲ့ အရှုံးပေးခဲ့ရတဲ့ မိန်းမပါလို့ နင် အမြဲသတိရနေပါ မောင်"

မောင်က ဘာမှမပြော။ ရက္ခကိုယ်လုံးကိုလည်း မပွေ့ဖက်တော့ဘဲ တံတားပေါင်တန်းကိုပဲ အကြောပြိုင်းပြိုင်းထနေသည့် လက်အစုံဖြင့် ဖိဆုပ်ထားသည်။

ဒီအချိန်မှာ မောင်က ဘာစကားမှ မပြောနိုင်အောင် ဝမ်းနည်းခဲ့ပေမယ့် ရက္ခကတော့ မောင့်ဘဝမှာ ပုံပြင်ဖြစ်အောင် ရင်တွင်းစကားတွေကို မောင့်ကို ဝမ်းနည်းဆို့နင့်စွာ ပြောလိုက်ပါသည်။

"ပြီးတော့ . . . ဒီ သိမ်ကြီးဈေး ကုန်းတံတားကြီးပေါ်မှာ ငါတို့ သီတင်းကျွတ်လပြည့်ညက ယော်ကျွမ်းဆွေတွေ ရင်ဖွင့်ခဲ့ကြတယ်ဆိုတာကိုလည်း အမှတ်ရပါ . . .၊

ဒီကမ္ဘာပေါ်မှာ နက္ခရွှေနဲ့ရက္ခမေ အသက်ရှင်နေသရွေ့





ငါတို့နှစ်ယောက်ဟာ နာမည်ချင်းသာ Equality ဖြစ်ပြီး ဘဝချင်းက Equality မဖြစ်ရတဲ့ ဘဝတစ်ခုကိုလည်း သတိရပါ၊

နောက်ဆုံး ပြောချင်တာကတော့ မောင်ရယ် . . . ဒီကမ္ဘာပေါ်ကြီးမှာ မောင် သက်ရှိထင်ရှား ရှိနေသရွေ့ ရူဝံကြယ်ကြီး ရှိနေတယ်ဆိုတာကို မေ့မထားဘဲ မိုးကောင်းကင်ကို အမြဲမော့ကြည့်ပြီး ငါ့ရဲ့စကားသံတွေကို အမြဲအမှတ်ရပါလို့ . . . နော်"

ရက္ခ စကားတွေကို အရှေ့ လေဖြူးဖြူးမှတစ်ဆင့် ကမ္ဘာသူ ကမ္ဘာသားအားလုံး ကြားသွားကြမည်ဆိုလျှင် . . .

အထူးသဖြင့် ချစ်သူတွေကို အရမ်းချစ်တတ်ကြသည့် ချစ်သူစုံတွဲတွေသာ ကြားခဲ့ရပါလျှင် . . .

အဘယ်သို့သော ခံစားချက်မျိုး ခံစားရပါမည်နည်း။ သူတို့ ဘယ်လိုခံစားချက်မျိုးနှင့် ခံစားရ . . . ခံစားရ ရက္ခနှင့်နက္ခကတော့ ဒီကမ္ဘာမြေပြင်ပေါ်မှာ သဘာဝလေကို ရှူရှိုက်နေသရွေ့ကတော့ တနင့်တနဲ့ကို ခံစားနေရတော့မှာဖြစ်သည်။

ဤခံစားချက်နှင့်ထပ်တူ မိုးကောင်းကင်ကြီးကို မောင်နှင့် ပြိုင်တူ မော့ကြည့်ပြီး . . .

တကယ့်ကို အစစ်အမှန် ကျွန်မ ရက္ခ ဝန်ခံပါတယ်။

ဝန်ခံပါသည်။

ရက္ခ . . .

ရင်ထဲမှာ မောင့်ကို တစ်သက်လုံး မေ့လို့မရသည့် အချစ်တွေ



www.burmeseclassic.com

www.burmeseclassic.com



နှင့် ချစ်ခဲ့တဲ့သမို့ ဒီအဖြစ်အပျက် ခံစားချက်တွေဟာ ဘယ်တော့မှ ပျောက်ကွယ်သွားမည် မဟုတ်တော့ပါ။ ဒီခံစားချက်တွေဟာ ရှကွ ရင်မှာ အမြဲရှိပြီး အမြဲခံစားနေရမှာသင် ဖြစ်သည်။

ပရိသတ်အတွက်
အမြဲတမ်း

ရှင်မီထယ်

BURMESE CLASSIC .com

## ရှင်မီထယ် ထွက်ရှိပြီးသော လုံးချင်းဝတ္ထုများ


၁။ မောင့်ကိုမုန်းတယ်
၂။ နှလုံးသားနှင့် အပ်နှင်းပါတယ်
၃။ ချစ်သောညီမ
၄။ ကိုကိုနားလည်ပေးပါ
၅။ စကားကြီးသုံးခွန်းသံယောဇဉ်
၆။ နှလုံးသားထဲကသွေးသစ္စာ
၇။ တို့နှစ်ယောက်ရင်ခုန်ရသောနေ့
၈။ ပဲကိုပဲချစ်တယ်
၉။ သဘောကျကျေနပ်ခြင်း
၁၀။ မင်္ဂလာဝွတ်ဒ်ရှယ်
၁၁။ နှလုံးသားတစ်ဖက်ရင်စွန်း
၁၂။ လက်ခုပ်ထဲကရေ
၁၃။ ဤဥပမာ
၁၄။ ဒွိလိုမှပေါ့
၁၅။ သွက်သေမရှိတဲ့ငါ့နှလုံးသား
၁၆။ ချစ်မီသည့်ရင်
၁၇။ မနွေးထွေးသောရင်ခွင်
၁၈။ ဖူးစာရွေးတဲ့နတ် (ဗွီဒီယို)
၁၉။ ၁၅၀၀ ထက်ပြင်းသော
၂၀။ မိုးပျံချစ်ခြင်း
၂၁။ နတ်သမီးကလေး
၂၂။ တွယ်တာစရာဒီတစ်ယောက်တည်း


www.burmeseclassic.com